ညောင်ကန်ဆရာတော်

ဦးဗုဓ

၅

ဒါနပယုတ္တိကျမ်း

ဝံသာနုဦးမျိုင်၊ သမီးမည့်

သက်နီးပရိကွေးနှင့် ပိဋကတ်စာအုပ်ဆိုင်၊ အမှတ် ၄-၅-၆၊

ရှေတိုဂုံဘုရား ဈေးတော်ရုံ၊ တောင်ဘက် ခေတ်လှေကား အနီး

ဒဂုံစာတိုက်၊ ရန်ကုန်မြို့။

(ဒုတိယအကြိမ်)

စာအုပ်ရှင် စံသာနုဦးမျိုင်

၂၀၄၇ခု

ညောင်ကန်ဆရာတော်

ဦးဇုတ

၏

ဒါနပယုဇဋ္ဌကျမ်း



ဝံသဘုဒ္ဓိုးပျိုင်၊ သမီးမည်နှင့်

သက်နှီးပရိကျွတ်ရုံနှင့် ပိဋကတ်စာအုပ်ဆိုင်၊ အမှတ် ၄-၅-၆၊

ရွှေတိဂုံဘုရား စေ့းတော်ရုံ၊ တောင်ဘက် ခေါတ်လေ့ကား အနီး

ဒဂုံစာတိုက်၊ ရန်ကုန်မြို့။

ဗုဒ္ဓဟင်္သာ

၁၉၉၂ ခု၊ ဧပြီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၁၀၀၀။ တန်ဖိုး-~~ဒ၀၀~~

အဖုံးရိုက်

လုပ်အား

စာအုပ်ချုပ်

ဧကရီ

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၉၁/၉၁(၁၁)

စာမူခွင့်ပြုချက်အမှတ် ၂၂၇/၉၁(၃)

ဒေါ်ညွှန့်၊ ဝံသာနုဦးပျိုင်စာပေ၊ (၀၃၀၀၉) အမှတ် ၄၊ ၅၊ ၆၊ ရွှေတိုဏ် ဘုရားစေ့း၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍ ဦးရွှေထွန်းအောင် (၀၂၀၇) လုပ်အားပုံနှိပ်တိုက်၊ အမှတ် ၅၊ လမ်း ၁၀၀၊ ရန်ကုန်မြို့က ရိုက်နှိပ်သည်။

၂၀၄၇၂

ဓာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁	ပဏာမနိဒါန်း	၁
၂	ပုဆိုးလှူရသည့်အကျိုးကိုပြဆိုသော ဟေရညက ထေရဝတ္ထု	၇
၃	ပံသုကူသက်နှံ့ လှူရသည့်အကျိုးကိုပြဆိုသော သိကြားမင်းဝတ္ထု	၉
၄	သက်နှံ့လှူရသည့် အကျိုးကိုပြဆိုသော နန္ဒိယမင်း ဝတ္ထု	၁၃
၅	သက်နှံ့လှူရသည့် ဒါယိကာမတို့အတွက် ပြဆိုသော ဝိသာခါ ဝတ္ထု	၂၀
၆	ရတနာ ၃-ပါး၊ရတနာ ၁၀-ပါးကို ပြဆိုခြင်း	၃၀
၇	ဆွမ်းလှူရသည့်အကျိုးကိုပြဆိုသော ပတ္တောဒန မထေရ်ဝတ္ထု	၃၀
၈	ဆွမ်းလှူရသည့် အကျိုးငါးပါးကို ပြပေအုံ့	၃၃
၉	ယာဂုလှူရသည့် အကျိုးကို ပြဆိုသော ပုဏ္ဏားဝတ္ထု	၃၈
၁၀	ကျောင်းလှူရသည့် အကျိုးကို ပြဆိုသော ရာဇဂြိုဟ် သေဋ္ဌေးဝတ္ထု	၄၀
၁၁	တံခွန်လှူရသည့် အကျိုးကို ပြဆိုသော သူဆင်းရဲ ဝတ္ထု	၄၈
၁၂	ထီးလှူရသည့် အကျိုးကို ပြ ဆိုသော တပ္ပနိယ မထေရ် ဝတ္ထု	၅၄
၁၃	ညောင်စောင်းအင်းပျဉ် လှူရသည့် အကျိုးကို ပြသော သယဒါယ မထေရ် ဝတ္ထု	၅၆
၁၄	သမိတ်လှူရသည့် အကျိုးကိုပြသော သူကြွယ်ဝတ္ထု	၅၈

မာတိကာ

ဦးရေ	အခြားအရာ	စာမျက်နှာ
၁၅	အပ်လှုရသည့် အကျိုးကို ပြသော သုစိဒါယိက မထေရ် ဝတ္ထု	၅၉
၁၆	ပဲခွပ်လှုရသည့် အကျိုးကို ပြသော ဝါသိဒါယက မထေရ် ဝတ္ထု	၆၂
၁၇	ပရိက္ခရာ အမျိုးမျိုးလှုရသည့် အကျိုးကိုပြသော ပိလိန္ဒဝစ္ဆမထေရ် ဝတ္ထု	၆၃
၁၈	ပုဆိုးလှုရသော အကျိုးကို ပြဆိုပေအံ့	၇၀
၁၉	သပိတ်လှုရသောအကျိုးကို ပြုပေအံ့	၇၁
၂၀	ပဲခွပ်လှုရသော အကျိုးကို ပြုပေအံ့	၇၂
၂၁	ဓားလှုရသော အကျိုးကို ပြုပေအံ့	၇၃
၂၂	လက်သည်းလှီးဓားငယ် လှုရသော အကျိုးကို ပြုပေအံ့	၇၄
၂၃	နှီးယပ်,ထမ်းရွက်ယပ် လှုရသော အကျိုးကို ပြုပေအံ့	၇၅
၂၄	ဥဒေါင်းမြီးယပ်,သားမြီးယပ် လှုရသော အကျိုးကို ပြုပေအံ့	၇၆
၂၅	ဓမ္မကရိုဏ်လှုရသော အကျိုးကို ပြုပေအံ့	၇၆
၂၆	ဆီကြည်လှုရသော အကျိုးကို ပြုပေအံ့	၇၇
၂၇	အပ်ကျည်လှုရသော အကျိုးကို ပြုပေအံ့	၇၈
၂၈	ခါးပန်းလှုရသော အကျိုးကို ပြုပေအံ့	၇၈
၂၉	သပိတ်ခြေလှုရသော အကျိုးကို ပြုပေအံ့	၇၉
၃၀	သောက်ရေအိုး- သုံးဆောင် ရေအိုး လှုရသော အကျိုးကို ပြုပေအံ့	၈၀
၃၁	ခွက်လှုရသော အကျိုးကို ပြုပေအံ့	၈၁
၃၂	ဆေးလှုရသော အကျိုးကို ပြုပေအံ့	၈၁
၃၃	ဘိန်ပ်လှုရသောအကျိုးကို ပြုခဲပအံ့	၈၂
၃၄	ခြေနင်းလှုရသော အကျိုးကို ပြုပေအံ့	၈၃
၃၅	ရေသုတ်ပုဆိုး လှုရသော အကျိုးကို ပြုခဲပအံ့	၈၃

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၃၆	တောင်ဝေးလှုရသော အကျိုးကို ပြပေအံ့	၈၄
၃၇	မျက်စဉ်းဆေးလှုရသော အကျိုးကို ပြဖေအံ့	၈၅
၃၈	သံကောက် လှုရခဲသော အကျိုးကို ပြပေအံ့	၈၅
၃၉	အာယောဂပတ် လှုရသော အကျိုးကို ပြပေအံ့	၈၆
၄၀	အခိုးသောက်ကျည် လှုရသော အကျိုးကို ပြပေအံ့	၈၇
၄၁	မှိုအုံးလှုရသော အကျိုးကို ပြပေအံ့	၈၇
၄၂	ရေဘူး, ကယား လှုရသော အကျိုးကို ပြပေအံ့	၈၈
၄၃	လက်တန်ဆာ လှုရသော အကျိုးကို ပြဖေအံ့	၈၉
၄၄	ဓားငယ်လှုရသော အကျိုးကို ပြခဲပအံ့	၉၀
၄၅	နှာနှပ်တံလှုရသော အကျိုးကို ပြဖေအံ့	၉၀
၄၆	အင်းပျဉ်လှုရခဲသော အကျိုးကို ပြခဲပအံ့	၉၁
၄၇	ဘုံလျှိုလှုရသော အကျိုးကို ပြဖေအံ့	၉၁
၄၈	ခေါင်းအုံးလှုရခဲသော အကျိုးကို ပြပေအံ့	၉၃
၄၉	တစ်နည်း--အင်းပျဉ် လှုရခဲသော အကျိုးကို ပြဖေအံ့	၉၄
၅၀	ခြေဆေးအင်းပျဉ်လှုရခဲသော အကျိုးကိုပြပေအံ့	၉၅
၅၁	နယ်ဆီလှုရခဲသော အကျိုးကို ပြပေအံ့	၉၅
၅၂	ထောပတ်လှုရခဲသော အကျိုးကို ပြခဲပအံ့	၉၆
၅၃	ဒန်ပူလှုရခဲသောအကျိုးကိုပြပေအံ့	၉၇
၅၄	ထောပတ် ပျားရည်လှုရခဲသော အကျိုးကို ပြပေအံ့	၉၇
၅၅	ကျူဖြင့်ပြီးသော ကျောင်းကို လှုရသည့် အကျိုးကို ပြဆိုသော နဋ္ဌာဂါရမဇ္ဈိမ ဝတ္ထု	၉၈
၅၆	ရေလှုရခဲသော အကျိုးကို ပြပေအံ့	၁၀၀
၅၇	ပဒေသာပင်လှုရသည့် အကျိုးကို ပြပေအံ့	၁၀၄
၅၈	ဆင်လှုရခဲသော အကျိုးကို ပြဖေအံ့	၁၀၆
၅၉	မြင်းလှုရသည့် အကျိုးကို ပြခဲသော သြပဝယျ မထေရ် ဝတ္ထု	၁၀၈
၆၀	ဆီမီးလှုရသည့် အကျိုးကိုပြခဲသော ပဠုဒီပက မထေရ် ဝတ္ထု	၁၁၁

(ယ) မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၆၁	ပန်းလျှုရသည့် အကျိုးကိုပြသော သုမနမထေရ် ဝတ္ထု	၁၁၃
၆၂	ကြံဆစ်လျှုရသည့် အကျိုးကိုပြသော ဥစ္ဆုဒါယက မထေရ် ဝတ္ထု	၁၁၅
၆၃	စာရေးရန် ပေရွက်လျှုရသည့် အကျိုးကို ပြသော ပေါတ္ထကဒါယက မထေရ်ဝတ္ထု	၁၁၆
၆၄	ယပ်လျှုရသည့် အကျိုးကို ပြသော ဗီဇဒါန မထေရ် ဝတ္ထု	၁၁၇
၆၅	စကြံ့လျှုရသည့် အကျိုးကိုပြဆိုသော စက်မ ဒါယက မထေရ်ဝတ္ထု	၁၁၉
၆၆	ဗောဓိပင်စိုက်ပျိုးရသည့် အကျိုးကို ပြသော ဗောဓိရောပက မထေရ် ဝတ္ထု	၁၂၂
၆၇	ညောင်ရေသွန်းရသော အကျိုးကို ပြပေအံ့	၁၂၅
၆၈	စေတီဘုရားပျက်ကို ပြုပြင်ရသော အကျိုးကို ပြပေအံ့	၁၂၇
၆၉	စေတီတော်ကို သုဓာသင်ရသည့် အကျိုးကို ပြသော သောဓန မထေရ်ဝတ္ထု	၁၂၉
၇၀	သရဏဂုံဆောက်တည်ရသည့် အကျိုးကိုပြသော သရဏဂမန မထေရ် ဝတ္ထု	၁၃၅
၇၁	ပဉ္စသီလဆောက်တည်ရသည့် အကျိုးကိုပြသော ပဉ္စသီလဒါယက မထေရ် ဝတ္ထု	၁၃၈
၇၂	သက်နှံးကို ရှိခိုးရသည့် အကျိုးကို ပြသော သညိက မထေရ် ဝတ္ထု	၁၄၂
၇၃	ရတနာသုံးပါး၏ ဂုဏ်တော်ကို ဆင်ခြင် အောက်မေ့ လျက် ကြည်ညိုသော စိတ်ဖြင့် ရှိခိုးရသော အကျိုးကိုပြသော သတရံသိ မထေရ်ဝတ္ထု	၁၄၄
၇၄	ကူးတို့ပို့ရသည့် အကျိုးကို ပြသော ဥတ္တိရ မထေရ် ဝတ္ထု	၁၄၇

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၂၅	ဘုရားရှစ်တုတောင်ကို ကိုးကွယ်ရသည့် အကျိုးကို ပြသော ပဒေသနဒီကောသလမင်းကြီး လျှောက်ထားခက်း	၁၅၀
၂၆	သဲလိုဏ်ဂူနှင့်တကွ ဘုရားရှစ်ပွားတော်ပြုစု ရသော အကျိုးကို ပြပေအံ့	၁၆၂
၂၇	စာပေပိဋကတ်ကို ရေးသားပြုစုလျှုဒါန်းရသော အကျိုးကို ပြခပအံ့	၁၆၆
၂၈	ဒါန၏အကျိုးကို ပြပေအံ့	၁၇၄
၂၉	သီ[illegible]၏ အကျိုးကို ပြပေအံ့	၁၇၇
၈၀	ဓမ္မသုန္ဒရမင်းကြီးအကြောင်း	၁၈၄
၈၁	နဝင်္ဂသိုလ ခံယူဆောက်တည်နည်း	၁၈၉
၈၂	နိဂုံး	၁၉၁

ပဏာဝနိဒါန်း

ဇေယျတု။ ။ဗုဒ္ဓါတိလောကဒီပေါ၊ ဗုဒ္ဓါသူရိယော တမောနုဒေါ၊ ဂဗ္ဘဿ ဘဒ္ဒကံ ဘဝတု၊ နတ္ထိမယှံ ဘယံသဒါ။ ။ဂါထာညွှန်းပြ၊ ခွန်းအာရဖြင့်၊ ထွန်းပပြောင်ပြီး၊ တန်ဆောင်မီးသို့၊ ရောင်ညီးလင်းပ၊ အကျဉ်းပြသော၊ လောကဝင်းကျစ်၊ မမြရာဇ်ဥက္ကင့်၊ ဘုရားမြတ်သည်၊ လူ,နတ်,ဗြဟ္မာ ၊သတ္တဝါအဦးဦးတို့၏၊ ညစ်ညူးတိုက်ဆောင်၊ အမိုက်မှောင်ကို၊ဉာဏ်ရောင်ပွားလျက်၊ ထားလက်နက်ဖြင့်၊ ရှားဖျက်ဖောက်ထွင်း၍၊ အလင်းစင်စစ်၊ ဖြစ်တော်မူသဖြင့်၊ မတူအံ့ဘွယ်၊ ကြီးကြယ်သော အရောင်တော်လည်းရှိထသော၊ ဘဝကမ္ဘာ၊ရှည်ကြာမြင့်ပြီး၊ ပါရမီသမ္ဘာ၊ ရင့်မာသန်ကြောင်း၊ ကောင်းစွာဆောက်နှီး၊ စိုက်ပျိုးအပ်သော၊ ဒါန, သီလ, ဘာဝနာ တို့သည် အခါသမယ၊ ကာလသမတ် ပြည့်စုံလတ်မူ၊ ထောက်မအပ်သော၊ဥပထမ္ဘာ၊ ဗလစွမ်းဟုန်၊ လမ်းကုန်အဆုံး၊ ပိုက်ကျုံးမလင့်၊ အခွင့်ဆိုက်လျက်၊ တစ်ပြိုင်နက်ဖြင့်၊ ဂယက်ရိုက်ချည်၊ ပထဝီသိမ့်သိမ့်၊ ငြိမ့်ငြိမ့်ပဲ့တင်၊ လျှင်တော်လဲ၊ ပြိုကဲ့မတတ်၊ ရဟတ်စကြာ၊ ပမာတသီး၊ မီးသဘော်စက်ကြီးကဲ့သို့၊ဟီးဟီးသွက်သွက်၊ ခါတုန်လျက်ဖြင့်၊ အောက်ထက်ဖီလာ၊ ဒီသာဆယ်ရပ်၊ မလပ်ညိုးညံ့၊အရဟံတံဆိပ်၊ရွှေဘွဲ့တော်နှိပ်ရသော၊ ဓမ္မိဿရ၊သဗ္ဗညုတဉာဏ်တော်သည်၊ အနမ္မာင်ဝိဇ္ဇာ၊ပိတ်ကာနှောင်သွင်း၊ လူတစ်သင်းတို့အား၊ အလင်းပြပြီး၊ ရွှေဉာဏ်တော်ဆီမီးတို့ကို၊ ညီးညီးပြောင်ရှန်း၊ တွန်းတော်မူတတ်၊ ဂုဏ်ဒြပ်ကြောင့်၊ သကတ်ဖောက်ထွင်း၊ အလင်းစင်စစ်၊ ဖြစ်တော်မူပြီးထသော၊ ထိုမှတဖန်၊ နှာမိုးမြင့်၊ တန်ခိုးတင့်ဖြိုးစွင့်တောက်လင်း၊ ဒေါင်းပျံင်းသည်၊ ခပင်းလူနတ်၊ ပရိသတ်တို့အား၊ မှောင်ဖြတ်ပယ်ထွင်း၍၊ အလင်းစင်စစ်၊ မဖြစ်နိုင်ရာ၊ ပိတ်ကာဖွဲ့နှောင်၊ မှောင်အတိသား ဖြစ်ချေပါသဖြင့်၊ ရတနာအနှစ်၊ သင်းကျစ်ဥဇေသျှောင်၊ ငါးပွင့်ရိုးအောင်ရှင်တော်ဘုရားသာ၊ သတ္တဝါခပင်းတို့၊ အလင်းစင်စစ်ပြစ်တော်မူ၏။ ယင်းသို့လျှင်၊အလင်းစင်စစ်၊မြေရာဇ်ခေါင်ဖျား၊ မြတ်ဘုရားနှင့်၊ ဝေရားသံဃာ၊ ရတနာသုံးဦး၊ ဂုဏ်အထူးကို၊ ရှိဦးကော်ရော်၊ ပူဇော်ပြီးခါ ဟားပူမ၊ ရဌတိုင်းသား၊ ရှေပြည်ကြီးတို့ကဲ့သို့၊ ချီးမွမ်းအံ့သြ၊ ထောမနာမချို့သော၊ မြို့အင်္ဂါလက္ခဏာ တို့နှင့်၊ မျှားစွာလောက်လုံ၊ ပြည့်စုံဆန်းကြယ်၊ အံ့ဘွယ်နှစ်လို့၊ ရွှေဂုံမြို့တွင်၊ ချို့လုံးစုံ၊

သမာဂုဏ်နှင့်၊ ယုံယုံကြည်ကြည်၊ သဒ္ဓါတည်သော၊ စာအုပ်နှင့် သက်နိုး ပရိကွေ့ရာကုန်သည်ကြီး၊ **ဝံသာနု-ဦး**ပျိုင် သည်၊ လုံးရင်းကြုံဆောင်၊ နောက် နောင်အမျှား၊ အမျိုးသားဘို၊ တိုးပွားဆန္ဒ၊ ပသန္ဒ ဖြစ်ကြစေခြင်းငှာ၊ **အ**ဖြောဖြောသော ကျမ်းကြီးကျမ်းဂန် ဂန္ထဗ္ဗရ သုမ္ဘလက္ခဏာတို့နှင့်တကွ၊ သီလဝုဒ္ဓိရှိတော်မူလှုံသော၊ **စက္ကိန္ဒဝဘိ သိရီဝ**ဇ **မဟာဝမ္မရာဇာဝိရာဇဂုရု**၊ ဘွဲ့ပြုနာမံ၊ တံဆိပ်ခံသော၊ **ဩ**ဘာင်ကန်ဆရာတော်ဘုရားကြီး သည်၊ ရေး သားပြုပြင်၊ စီရင်ဖွဲ့ချုပ်ပြုလုပ်အပ်သော၊ **ဒါနဖလုပ္ပတ္တိကျမ်း** ကို၊ ထောက် လှမ်းသေချာ၊ အကွေ့ရာတို့ဖြင့်၊ သဒ္ဓါဆန်းဂိုဏ်း၊ ကသိုဏ်းပုဒ်ပါ၌၊ အသတ် အရစ်၊ မလစ်စေ့စပ်၊အထပ်ထပ်ပင်၊တည်းပြင်ဆင်၍၊ နောင်အစဉ်ထာဝရ၊ ဝိသေသကျေညာမည့်၊ လောကသညာ နာမဗဒသမိုက် မြို့ရန်ကုန်-ကြည့်မြင် တိုင်မြို့ **ခေတ်-ပုံနှိပ်တိုက်**တွင် စီစဉ်တည်းဖြတ် ကြိုးကြပ်သုတ်သင်၍ စက်တင် **ပို့**ပ်လိုက်ပါပေ သတည်း။

ဒုဂိုနေပလုဗုဒ္ဓဘိုကျမ်း

★

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပုဆိုးလှူသည့်ဖကျိုးကို ပြဆိုသော
ဟေရညကထေရ ဝတ္ထု

ဘဒ္ဒကပ်ဟု မြတ်လှသည်သော ဣကန္တာမှ သခင်္ဂေါအမည် နောက်ဆုတ်ရသော်၊ လွန်လေမျှားစွာ သိန်းကန္တာခန့် သစ္စာပွားငံ့ ရင့်မာခိုန်ကြုံသဖြင့်၊ ပဒုမ္မုတ္တရအမည်ရှိသော မြတ်စွာဘုရားသည် ထင်ရှားဌေးပွင့်တော်မူ၏။ ထိုမြတ်စွာဘုရားသည် ပဒုမ္မုတ္တရဟူသော အမည်ကိုရသည်ကား၊ ရွှေပလွင်သို့ကပ်ရောက်တော်မူသောအခါ လှည်းဘီးမျှလောက်ရှိသော ကြာပဒုမ္မာပွင့်တို့သည် မြေမှာပေါက်၍ ခြေတော် ချတိုင်းချတိုင်း ခံလင့်ကြကုန်၏။ ထိုကိုအကြောင်းပြု၍ ပဒုမ္မုတ္တရဟူသော အမည်တော်သည် ဖြစ်၏။

ထိုမြတ်စွာဘုရား၏ တပည့်သားမြတ်ဖြစ်သော သုဇာတာ အရှင်မြတ်သည် ကထိန်ခေတ်သို့ ရောက်ရှိလတ်သော်၊ ပုံသကူသင်္ကန်းလျှာ ပုဆိုးရှာမည်ဟု သွားသည်ကို ဟံသာဝတီအမည်ရှိသောပြည်၌ သူတပါးတို့၏အမှုကိုသာလုပ်၍ သူတစ်ပါးတို့က အခပေးသော မျိုးရိုက္ခာဖြင့်သာ အသက်မွေးသော သူဆင်းရဲတစ်ယောက်သည်ထိုသခင်ကိုမြင်လေလျှင်၊ ဩဝ-ဝါကဗေး ရှားဘဝက အလှူကောင်းမှုမပြု၍သာ ခုအခါမှ လူဖြစ်ခြင်းတူသော်လည်း၊ သူတို့၏အမှုကိုသာလုပ်ရ၍ သူတို့က အခပေးမှ ဝတ်စားရချေသည်။ ယခုအခါ လူဖြစ်ပါလျက် သဒ္ဓါမတိုးတက် မစ္ဆေရကန့်ကွက်၍ ရှေးက ကဲ့သို့ပင်

မလူရက်သော် သည်ထက်မက ဆင်းရဲရပြန်တော့မည်တကား ဟူ၍ မိမိခါး တွင်ဝတ်သောပုဆိုးဘစ်ပိုင်းကိုဖြတ်၍သခင်ခြေရင်းတွင်စုထားလေ၏။ သခင် ကောက်ဘော်မူမှ၊ သခင်ဘုရား-ဤပုဆိုးသည်ကား သူဆင်းရဲအဝတ် ဟူ၍ မူတ်ဘော်မမူပါနှင့်၊ အကျွန်ုပ်ကို သနားတော်မူသဖြင့် သက်နိုးချုပ်၍ဝတ် တော်မူပါဟူ၍ တောင်းပန်ပြီးမှတစ်ဖန်လျှောက်ပြန်၏။ အရှင်ဘုရား-ဤသို့ တစ်ဆည်ဘည်းသာဖြစ်လျက်တစ်ပိုင်းဖြတ်၍လူရသောအကျိုးအားဖြင့် ဖြစ်လေရာရာ သံသရာ၌ ဆင်းရဲနှင့်ငရဲတင်းသည်သာဖြစ်၍ လူ,နတ် တို့၏ စည်း စိမ် ချမ်းသာကိုခံစားပြီးမှ အဆုံးစွန်သော ကိုယ်၏အဖြစ်၌ သခင်ရှုသော တရားကိုရပါလိုမည်-ဟု ဆုတောင်းပတ္ထနာပြု၏။ ထိုသို့ ဆုတောင်းပတ္ထနာပြု ပြီးလျှင် အသက်အတိုင်းနေ၍ သေခဲ့သည်ရှိသော် နတ်ပြည်၌ ဖြစ်လေ၏။ နတ်ဖြစ်တုံ-လူဖြစ်တုံ ကမ္ဘာတစ်သိန်းတိုင်တိုင်အပါယ်မလားဘဲဖြစ်လေ၏။

ငါတို့ဘုရားလက်ထက်တော်တွင် သာဝတ္ထိပြည်၌ ပဿေနဒီကောသလ မင်းကြီး၏အမှုစိုးဖြစ်သော အမတ်ကြီး၏မယားဝမ်းမှာပဋိသန္ဓေနေလာ၏။ ဆယ်လစေ့လျှင်ဖွား၏။ အဆင်းအဝါနှင့်ပြည့်စုံသောကြောင့် 'ဟေရညက' ဟူသောအမည်ကို မှည့်ကုန်၏။ ဆယ့်ခြောက်နှစ် အရွယ်သို့ ရောက်လျှင် အဘသေခဲ့၏။ မင်းလည်း အဘ၏အရာကိုပေးတော်မူ၏။ ထိုသို့ပေးခြင်း ကြောင့် မင်း၏အမှုကို ကြည့်ရှုရွက်ဆောင်သောအခါ၊ ငါတို့ မြတ်စွာဘုရား ကို အနာထပိဏ်သူဌေးသည် ငါးဆယ့်လေးကုဋေသော အသပြာ တို့ဖြင့် ဇေတဝန် ကျောင်းတော်ကို ဆောက်၍ ကျောင်းတော် လှူသည့်နေ့ပင်၊ ဟေရညကအမတ်သည် ပရိသတ်နှင့်တကွ မြတ်စွာဘုရားထံတော်သို့ တရား နာမည်သွားလေသော်၊ မြတ်စွာဘုရား၏ တင့်တယ်ခြင်းကိုမြင်ရာ၊ ဘုရားသာ သနာတော်ဝယ် ရဟန်းပြုချင်သောစိတ်ရှိ၍ ပရိသတ်တို့ ထကြသောအခါ မြတ်စွာဘုရားသို့ ချဉ်းကပ်ပြီးလျှင် အရှင်ဘုရား-အကျွန်ုပ်ကိုရဟန်းပြုတော် မူပါဟု တောင်းပန်၏။ မြတ်စွာဘုရားက-ဒါယကာ ငါတို့ဘုရား မည်သည် ကား အရှင်သူကြီး, မိခင်-ဘခင်ခွင့်မပြုသော သား, မြေး တို့ကို ရဟန်းမပြု ကုန်ဟူ၍မိန့်တော်မူ၏။ ထိုသို့မိန့်တော်မူလျှင် ဟေရညကအမတ်သည် မင်းထံ သို့သွားလေ၍ အရှင်မင်းကြီး အကျွန်ုပ်အား မြတ်စွာဘုရားသာသနာတော် ၌ ရဟန်းပြုရန် အခွင့်ပြုတော်မူပါဟု တောင်းပန်၏။ မင်းလည်း အားရ တော်မူ၍ ပြုပါ၊လေဟုခွင့်ပြုတော်မူ၏။ မင်းမှခွင့်ရပြီးလျှင် မိမိအိမ်သို့သွား

လေ၍ ရှိသောပရိကွေ့ဆုတို့ကိုသားမယားအားအပ်နှံ၍ခဲ့သည်ပြင်၊ ညီကိုလည်း အရာပေးလွှဲခဲ့၍ မြတ်စွာဘုရားအထံတော်သို့ပြန်လာခဲ့သည်ပြင်၊ မြတ်စွာဘုရား အကျွန်ုပ်ကို ဒကာတော်မင်းလည်း ခွင့်ပြုလေပြီ၊ အကျွန်ုပ်ပိုင်သောပစ္စည်း ပရိကွေ့ရာ တို့ကိုလည်း သား,မယား တို့အား အပ်နှင်းခဲ့ပြီးသည်ပြင် ညီကို လည်း အရာပေးလွှဲခဲ့ပါပြီ ရဟန်းပြုတော်မူပါဧတဝ့ဟု တောင်းပန်သော အခါ၊ မြတ်စွာဘုရားသည် ဤဒါယကာကား၊ ရှေးဘဝ၌ဘုရားအားလည်း ကောင်း၊ ပစ္စေက ဗုဒ္ဓါအားလည်းကောင်း၊ ရဟန္တာအား လည်းကောင်း၊ သီလဝန္တ ဖြစ်သောသူအားလည်းကောင်း၊ ကလျာဏ ပုထုဇဉ်အားလည်း ကောင်း၊ သပိတ်-သင်္ကန်းကိုသော်လည်းကောင်း၊ ပရိကွေ့ရာရှစ်ပါးကိုသော် လည်းကောင်း လှူခဲ့ဖူးပေသလောဟု အတိတ်သ ဉာဏ်တော်ဖြင့် ကြည့်တော်မူသည်ရှိသော်၊ ဤကမ္ဘာမှသည် ကမ္ဘာတစ်သိန်းအထက်၌ ပဒုမ္မုတ္တရ ဘုရားတပည့်သားတော် အရှင်သုဇာတာ မထေရ်အား ပုဆိုးတစ်ပိုင်း လှူဖူး သည်ကို မြင်တော်မူသဖြင့်၊ လယ်ခေါင်ရန်းအဆင့်နှင့် တူသော သင်္ကန်း တော်မှ ဆဒ္ဒန်ဆင်မင်း၏နှာမောင်းနှင့်တူသော လက်ပြာလက်ရုံးကိုထုတ်ဆန့် တော်မူ၍ ရွှေကြာပဒုမ္မာနှင့် တူသော ခံတွင်းကို ဖွင့်တော်မူလျက် ဗြဟ္မာ မင်း၏အသံနှင့်တူသော အသံတော်ကို ဖွင့်တော်မူ၍။ ။ဟေဘိက္ခု ဗြဟ္မ စရိယံ စရ သမ္မာ ဒုက္ခဿ အန္တကိရိယာယ။ ။ဘိက္ခု၊ ရဟန်း။ ဟေ၊ လားလှည့်။ ဒုက္ခဿ၊ ဆင်းရဲကို။ အန္တကိရိယာယ၊ အဆုံးပြုခြင်းငှာ။ ဗြဟ္မ စရိယံ၊ မြတ်သောအကျင့်ကို၊ သမ္မာ၊ ကောင်းစွာ။ စရ၊ ကျင့်လော့။ ဤသို့ မိန့်တော်မူလျှင်၊ မိမိမုတ်ဆိတ်, ဆံတို့သည် ဝေးဖြင့်ရိတ်သကဲ့သို့ အလိုလိုသာ စင်၍ လူဝတ်,လူစားဖြစ်သောပုဆိုးအင်္ကျီတို့သည်ကွယ်ပျောက်၍ ပုဆိုးတစ်ပိုင်း လှူခဲ့ဖူးသော ကောင်းမှုအကျိုးအားဖြင့် ရဟန်းပရိကွေ့ရာရှစ်ပါးသည် ကိုယ် ဝယ် ထက်ကြွပ်ဖြစ်၍၊ ဝါခြောက်ဆယ်ရှိပြီးသော မထေရ်ကြီး၏ တင့်တယ် ခြင်းနှင့်တူစွာ ပဋိသမ္ภိဒါဉာဏ်လေးပါး၊ အဘိဉာဏ်ခြောက်ပါး၊ သမာ ပတ်ရှစ်ပါးတို့နှင့်ပြည့်စုံသော "ဟေဘိက္ခု" ရဟန္တာဖြစ်၍ မြတ်စွာဘုရားကို ရှိခိုးလျက်နေ၏။ ယင်းသို့နေရာ မြတ်စွာဘုရားသည် ငါ၏ချစ်သား မိမိပြု ခဲ့ဖူးသော ကောင်းမှု၏အကျိုးကို ပရိသတ်တို့အား ဟောပေလောဟု တိုက် တွန်းတော်မူသည်ရှိသော်၊ မြတ်စွာဘုရားရှေ့တော်ဝယ် ပရိသတ်တို့အား ဟောတော်မူ၏။

ဒါနဖလုပ္ပတ္တိကျမ်း

ပဒုမ္မုတ္တရသ ဘဂဝတော၊ သုဇာတောနာမ သာဝကော။
ပံသုကူလံ ဂဝေသေန္တာ၊ သက်ာမေ စရတိ တဒါ။ ။

ဟံသာဝတိယာ နဂရေ၊ ပရေသံ ဘဋ္ဌကောအဟံ။
ဥပဓုဒုသံ ဒတ္တာန၊ သက္ကစ္စံ အာဘိဝါဒယိံ။ ။

တေနကမ္မေန သုကတေန၊ စေတနာပဏိဓိဟိစ။
ဇဟိတ္ဝာ မာနုသံဒေဟံ၊ တာဝတိံသံ အာဂစ္ဆိဟံ။ ။

ဆတ္တိံသကၠတ္တုံ ဒေဝိန္ဒော၊ ဒေဝရဇ္ဇ မကာရယိ။
သတ္တဝီသတိကၠတ္တုံ စ၊ ဧကေဝတ္တိ အဟောသိတိ။ ။

ပဒေသရဇ္ဇံ ဝိပုလံ၊ ဂဏနတော အသင်္ခိယံ။
ဥပဓုဒုသဒါနေန၊ ပမောဒါမိ ကုဇောဘယော။ ။

ဣဒ္ဓိမာနော အဟံအဇ္ဇ၊ သကာရဏံ သပဇ္ဇတံ။
ဧခါမဒုဿဟိ ဆာဒေတုံ၊ ဥပဓုဒုသာသိ-ခ်ံဖလံ။ ။

သတသဟဿေ ဣတော ကပ္ပေ၊ ယံကမ္မံ အကရိ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဥပဓုဒုသာသိ-ဒံဖလံ။ ။

ကိလေသာ ဗျာပိတာ မယ္ဟံ၊ ဘဝါသေ ဘမိမဟတာ။
နာဂေါ.ဝ ဗန္ဓနံ ဆေတ္ဝာ၊ ဝိဟရာမိ အနာသဝေါ။ ။

သာဂတံ ဝတမေ အသိ၊ ဗုဒ္ဓေ ဇေဋ္ဌေ သဒ္ဓိကေ။
တိဿော ဝိဇ္ဇာ အနုပ္ပတ္တာ၊ ကတံ ဗုဒ္ဓဿ သာသနံ။ ။

ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခေ စ ပိ အဋ္ဌမေ
ဆဠဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။ ။

ဘန္တေဘဂဝါ၊ ဘုန်းတော် အလွန် ကြီးမြတ်တော်မူလှသော် မြတ်စွာဘုရား။ ပဒုမ္မုတ္တရသ၊ ပဒုမ္မုတ္တိ၏ အမည်ရှိသော။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကော၊ တပည့်သားမြတ် ဖြစ်သော။ သုဇာတောနာမ၊ သုဇာတာအမည်ရှိသောအရှင်သည်။ ပံသုကူလံ၊ ပုံသုကူသင်္ကန်းကို။ ဂဝေသန္တော၊ ရှာမှီးလျက်။ သက်ာမေ၊ မြေအပြင်၌။ စရတိ၊ သွား၏။ ။ ဟဒါ၊ တိုပဒုမ္မုတ္တိ၏ဘုရားဖြစ်တော်မူသောအခါ၌။ အဟံ၊ သည်။ ဟံသာဝတိယာနဂရေ၊ ဟံသာဝတီမှာမည်ရှိသောပြည်၌။ ပရေသံ၊ သူတစ်ပါးတို့

၏။ ဘဋ္ဌကော၊ သူရင်းငှားသည်။ ဝါ၊ သူခစားသည်။ အဟောသိ၊ ဖြစ်ခဲ့ဖူးပြီ။ တဿ၊ ထိုသုဇာတာ အရှင်မြတ်အား။ ဥပဓုဒုဿံ၊ တစ်ပိုင်းသော ပုဆိုးကို။ ဒတ္တွာန၊ လှူဦး၍။ သက္ကစ္စံ၊ ရိုရိုသေသေ။ အဘိဝါဒယိ၊ ရှိခိုးဖူးပြီ။ ။သုကတေန၊ ကောင်းစွာပြုအပ်သော။ တေနကမ္မုနာ၊ ထိုသို့ပုဆိုးတစ်ပိုင်း လှူခဲ့ဖူးသော။ ကောင်းမှုအား ဖြင့်လည်း ကောင်း။ စေတနာပဏိဓိဟိစ၊ စေတနာထက်သောအား ဖြင့် လည်းကောင်း။ မာနုသံဒေဟံ၊ လူ၏အဖြစ်ကို။ ဝါ၊ လူ၌ဖြစ်သော ကိုယ်ကို။ ဇဟိတ္တာ၊ စွန့်ဦး၍။ တာဝတိံသံ၊ တာဝတိံသာနတ်ပြည်သို့။ အဟံ သည်။ အာဂစ္ဆိံ၊ ဖြစ်လေပြီ။ ဒေဝိန္ဒော၊ နတ်တကာတို့ကို အစိုးရသော စသိကြားမင်း၏ အဖြစ်သည်။ ဆတ္တိံ သက္ခတ္တုံ၊ သုံးဆယ့်ခြောက်ကြိမ် တိုင်အောင်။ ဒေဝရဇ္ဇံ၊ နတ်မင်းကြီး၏ အဖြစ်ကို။ ဆကာရယိ၊ ပြုစခဲ့ဘူး၏။ စက္ကဝတ္တိ၊ လေးကျွန်းလုံးကို အစိုးရသော စကြာဝဠာတမင်းအဖြစ်သည်။ သတ္တဝီသတိက္ခတ္တုံ၊ နှစ်ဆယ့်ခုနစ်ကြိမ်တိုင်အောင်။ အဟောသိ၊ ဖြစ်ခဲ့ဘူးပြီ။ ဝိပုလံ၊ ပြန့်ပြောစွာထသော။ ပဒေသရဇ္ဇံ၊ ဧကရာဇ်မင်း, ပဒေသရာဇ်မင်း၏အဖြစ်ကိုကား။ ဂဏနတော၊ ဂဏန်းသင်္ချာဖြင့်။ အသင်္ခ်ယံ၊ မရေတွက်နိုင်သည်။ အဟောသိ၊ ဖြစ်ခဲ့ဘူး၊ ပြီ။ ဥပဓုဒုဿဒါနေန၊ ပုဆိုးတစ်ပိုင်းကို လှူခဲ့ဖူးသော ကောင်းမှု၏ အကျိုးအားဖြင့်။ ကုတောဘယော၊ အဆင်းရဲနှင့်ငရဲကင်းသည်ဖြစ်၍။ ပမောဒါမိ၊ လူ့ပြည်, နတ်ပြည် ၌မွေ့လျော်စံစားရ၏။ အဟံ၊ ငါသည်။ ဣဒ္ဓမာနော၊ အလိုရှိလျှင်မူကား။ အဇ္ဇ၊ ယခုပင်လျှင်။ သကာရဏ္ဏံ၊ အကြောင်းအရာနှင့်တကွ ဖြစ်သော။ သပဇ္ဇတံ၊ ဘောင်နှင့်တကွ ဖြစ်သော။ ဣမံ စက္ကဝါဠံ၊ ဤစကြဝဠာတစ်တိုက်လုံးကို။ ခေါမဒုဿေဟိ၊ ခေါမတိုင်းဖြစ်သော ပိုးချည်ပုဆိုးတို့ဖြင့်။ ဝါ၊ ခေါမ အမည်ရှိသော ပုဆိုးတို့ဖြင့်။ ဆာဒေတုံ၊ ဖုံးလွှမ်းအံ့သောငှာ။ သမတ္ထော၊ စွမ်းနိုင်သောတန်ခိုးနှင့်ပြည့်စုံသည်။ အဟေစသိ၊ ပြီ။ ဣဒံ၊ ဤသို့တန်ခိုးနှင့်ပြည့်စုံခြင်းသည်ကား။ ဥပဓုဒုဿဿ၊ ပုဆိုးတစ်ပိုင်း လှူခဲ့ဖူးသည်၏။ ဖလံ၊ အကျိုးလျှင်တည်း။ ဣတော၊ ဤကမ္ဘာမှ။ သတသဟဿေကပ္ပေ၊ ကမ္ဘာတစ်သိန်းထက်၌။ ယံကမ္မံ၊ အကြင်ပုဆိုးတစ်ပိုင်းလှူခဲ့ဖူးသော ကောင်းမှုကို။ တဒါ၊ ထိုသူဆင်းရဲဖြစ်သောအခါ၌။ အကရိ၊ ပြုခဲ့ဖူးပြီ။ တေနကမ္မုနာ၊ ထိုသို့သော ကောင်းမှု၏ အကျိုးအားဖြင့်။ ဒုဂ္ဂတိံ၊ အပါယ်လေးပါးကို။ နာဘိဇာနာမိ၊ မသိစဘူး။ ဣဒံ၊ ဤသို့ အပါယ်လေးပါး မလားခြင်းသည်။

ဥပစုသဿ၊ တစ်ပိုင်းသောပုဆိုးကိုလှူသည်၏။ ဖလံ၊ အကျိုးရှိလျှင်တည်း။ မမ၊ ငါ၏။ ကိုလေသာ၊ ကိုလေသာတို့သည်။ စျာပိတာ၊ ကုန်ဖျက်ပြီ။ ဝါ၊ မယ့်၊ ငါ၏။ ကိုလေသာ၊ကိုလေသာတို့ကို၊ စျာပိတာ၊ဖုတ်မြိုက်အပ်ကုန်ပြီ။ ဘဗ္ဗောဘဝါ ခပ်သိမ်းကုန်သောဘဝတို့ကို သမ္ဘဟာဘာ၊ ကောင်းစွာ ပယ်အပ်ကုန်၏။ နာဂေဝါ၊ ဆင်ပြောင်သည်။ ဗန္ဓနံ၊ နှောင်ဖွဲ့ခြင်းကို။ ဆေတ္တာ ဣဝ၊ ဖြတ်သကဲ့သို့။ ဗန္ဓနံ၊ ကိုလေသာ၏နှောင်ဖွဲ့ခြင်းကို။ ဆေတ္တာ၊ ဖြတ်၍။ အနာသဝေါ၊ အာသဝေါကင်းသည်ဖြစ်၍။ ဝိဟရာမိ၊ နေရ၏။ ။ဝတ၊ စင်စစ်။ မေ၊ ငါ၏။ အာဂတံ၊ လာခြင်းကား။ သွာဂတံ၊ ကောင်းသော လာခြင်းသည်။ အသိ၊ ၏။ ဗုဒ္ဓသေဋ္ဌသာ၊ မြတ်စွာဘုရား၏။ သန္တိကေ၊ ၌။ တိသောဝိဇ္ဇာ၊ သုံးပါးသော ဝိဇ္ဇာ တို့ကို အနုပ္ပတ္တာ၊ အစဉ်ရောက်၍။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သာသနံ၊ အဆုံးအမတော်ကို။ သတံ၊ လိုက်ရပြီ။ စတသော၊ လေးပါးကုန်သော။ ပဋိသမ္ဘိဒါ၊ ပဋိသမ္ဘိဒါတို့သို့။ အနုပ္ပတ္တာ၊ အစဉ်ရောက်ရာ၏။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ဝိမောက္ခစာပိ၊ ဝိမောက္ခတို့ကို ၎င်း။ ဆဠဘိညာစ၊ ခြောက်ပါးသော အဘိညာဏ်တို့ကို၎င်း။ ကစ္ဆိကတံ၊ မျက်မှောက်ပြုသပ်ပြီ။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သာသနံ၊ အဆုံးအမကို။ ကတံ၊ လိုက်နာရပြီ။ ဤသို့ အရှင်ဟေရညကသည်၊ ပံသုကူသက်နှိုး အကျိုး ကို မြတ်စွာဘုရားရှေ့တော်ဝယ် ပရိသတ်တို့အား ဟောပေ၏။ ထိုသို့သော ဂါထာတို့၏ အဓိပ္ပါယ်သော်ကား၊ ဤကမ္ဘာမှသည် ကမ္ဘာတစ်သိန်းထက်၌ ပဒုမ္မုတ္တိရ်ဘုရားဖြစ်တော်မူ၏။ ။တပည့်သားတော်အရှင်သုဇာတာမထေရ်သည် ကထိန်ခေတ်သို့ရောက်သောအခါ ပံသုကူသက်နှိုးလျှာ ပုဆိုးရှာမည့်သွားသည်ကို၊သူဆင်းရဲတစ်ယောက်သည်ထိုသခင်ကိုမြင်လျှင် သဒ္ဓါကြည်ညိုသောစိတ်ရှိ၏။ မိမိခါးကွင်းတော်သော ပုဆိုးကိုပင် စ်ပိုင်းဖြတ်လျက် ထိုသုဇာတာအရှင်အား လှူ၍ ဆုတောင်းပတ္ထနာပြုပြီးလျှင် (အသက်အတိုင်း နေ၍ ကြေခဲ့သော် နတ်ပြည်၌ဖြစ်လေ၏။ နတ်ဖြစ်တုံ, လူဖြစ်တုံ ကမ္ဘာတစ်သိန်းတိုင်တိုင် အပါယ်လေးပါးမလားဘဲ သိကြားမင်း၏အဖြစ် သုံးဆယ့်ခြောက်ကြိမ်၊ လေးကျန်းလုံးကို အစိုးရသော စကြာဝဠာရတနာ,မြင်းရတနာ,သားကြီးရတနာ, သေဋ္ဌီရတနာ, သမီးကညာရတနာ, ဇော်တွေမြားရတနာ ဟူသော ၇ကနာ၇-ပါးနှင့်ပြည့်စုံသောစကြာမင်းအဖြစ်နှစ်ဆယ့်ခုနှစ်ကြိမ်၊တစ်ကျန်းလုံးကိုအစိုးရသော ကေရာဇ်မင်း၊ တကျန်းတွင်တစိတ်တနိုင်ငံကိုအစိုးရသော

သော ပဒေသရာဇ်မင်း၏အပြစ်မှ မရေတွက်နိုင် များစွာပြုမိ၍ ငါတို့မြတ်စွာ ဘုရား လက်ထက်ဘော်တွင် သာဝတ္ထိပြည်၌ ပဿေနဒီကောသလမင်း၏ အမှုထမ်းသားဖြစ်လာ၍ ဟေရညကအမည်သည်ပြင့် မြတ်စွာဘုရားထံတော် ဝယ် ဆဋ္ဌာဘိညာ ပဋိသမ္ภိဒါပတ္တ ဖြစ်သော ဧဟိဘိက္ခု ရဟန္တာဖြစ်၍ မြတ်စွာဘုရားတို့ကိုတန်းသဖြင့် ဟေရညကမ္မထေရ်ဟောသောတရားတည်း။ (ဤတရားကား သာဝကဟောတည်း။)

ပုဆိုးရှုသောအကျိုး ဟေရညကဝတ္ထု ပြီး၏။

ပုံသဏ္ဌာသက်ိန်း လူရသော အကျိုးကို ပြဆိုသော သိကြားမင်းဝတ္ထု

ဘုရားဟောတော်မူသောတရားကို ဆိုပေအုံ့။ ။ဤကမ္ဘာမှသည် လေးသခြောက်နှင့်ကမ္ဘာတစ်သိန်းမက လွန်လေပြီးသောကမ္ဘာထက်၌ ငါတို့မြတ်စွာဘုရားနှင့်အမည်တော်တူသော ပေါရာဏဂေါတမဖြစ်တော်မူ၏။ ထိုမြတ်စွာဘုရား၏ တပည့်သားဘော် မူတင်ဝေရသကိုဆောင်နိုင်သောအရာ၌ တေဒဂ်ရတော်မူသော အရှင်မဟာကဿပသည် ကထိန်ခေတ်သို့ ရောက်လေသော် ပုံသဏ္ဌာသက်ိန်းရှာမည်သူားသည်ကို သိကြားမင်းသည်နတ်မျက်စိတစ်ထောင်ဖြင့်မြင်လေ၏။ နတ်ပုဆိုးတစ်စုံကို ယူခဲ့ပြီး ပုဇ္ဇားအယောင်ဆောင်၍ လာလတ်သော် သင်ခ်လာမည့်ခရီးအနား၌ နတ်၏ပုဆိုးကို စု၍ ထားပြီးလျှင် မိမိသည်ကွယ်၍နေလေ၏။ အရှင်မဟာကဿပကား ထိုနတ်၏ပုဆိုးကို မြင်လျှင် ကောဝတ္ထော ကောဝတ္ထော ဝတ္ထဿသာမိကော အတ္ထိနတ္ထိ၊ အဘယ်ပုဆိုးနည်း၊ အဘယ်ပုဆိုးနည်း၊ ပုဆိုးရှင်ရှိသလော-မရှိသလောဟု အသံပြုတော်မူ၏။ ပုဆိုးရှင်မရှိသောအခြေကို သိပြီးမှ ထိုနတ်ပုဆိုးကို ကောက်ယူတော်မူ၏။ ထိုသို့ယူပြီးမှ သိကြားမင်းသည် မိမိကွယ်နေရာမှ ထွက်လတ်၍ အရှင်ဘုရား၊ ပုံသဏ္ဌဒါယကာ ရှိသလောဟုမေး၏။ မရှိသည့်အကြောင်းကို သခင်မိန့်တော်မူလျှင် ယင်းသို့သော်ကား အကျွန်ုပ် ပုံသဏ္ဌဒါယကာ ခံပါမည်ဟု တောင်းပန်၏။ သခင်လည်း ခံတော့ဟု မိန့်တော်မူ၏။ အရှင်မဟာကဿပကား ထိုနတ်ပုဆိုးကိုယူ၍သွားလေ၏။ သိကြားမင်းလည်း နောက်တော်သို့ လိုက်လေ၏။ အရှင်မဟာကဿပလည်း ထိုနတ်ပုဆိုးကို မြတ်စွာ

ဘုရားအား ကပ်လေ၏။ မြတ်စွာဘုရားကလည်း ကဿပအတိဉ္ဇာဏ္ဍဟု ချီးမွမ်းတော်မူသည်ကိုသိကြားမင်းကြား၍မြတ်စွာဘုရားကိုနှားတော်လျှောက်၏။ အရှင်ဘုရား တပည့်တော် ပုံသကူသက်နှံးကောက်သည်ကိုကား ချီးမွမ်းတော်မူပြီး ရည်စူး၍ပစ်ပါ၊သော ပုံသကူဒါယကာတို့ကိုကား အဘယ်သို့သောအကျိုးရှိပ မည်နည်းဟု လျှောက်သောကြောင့်ဤသို့ဟောတော်မူ၏။

ပုံသကူလဝတ္ထုံ ဘိက္ခု။ နိယျာဒေတ္တာ မဟာရာဇ။
မဟာပညာ မဟာဇွလာ၊ ပုံသကူလသိ.ဒံဖလံ။ ။
ယော ပုံသကူလံ ဒတ္တာန၊ အဘိရူပေါ မဟိဒ္ဓိကော။
အဂ်ံပစ္စဂ်ံ သမ္ဘုန္နော၊ အာရောဟပရိဏာဟဝါ။ ။
ဝတ္ထုံ သယ်သ ဒတ္တာန၊ အဘိရူပေါ မဟိဒ္ဓိကော။
အဂ်ံပဋ္ဌဂ်ံသမ္ဘုန္နော၊ အာရောဟပရိဏာဟဝါ။ ။
ကောဌ္ဌောဂါရာဒိ သမ္ဘုန္နော၊ ဒါသိဒါသ ပုရက္ခိတော။
ဂဂါမဟိ သာ သုဝဏ္ဏာစ၊ ရဇတာနိ ဗဟူဓနံ။ ။
သဟာသကွတ္ထုံ ဒေဝိန္နော၊ ဒေဝရဇ္ဇံ ကရိသ္သတိ။
ဩသိတိကွုံ စက္ကဝတ္တိယံ၊ ပဒေသရဇ္ဇ ဝိပုလံ၊
ဂဏနတော အသင်္ခ်ယံ။ ။
ပထဝိ သာဂရောမေရုစ၊ ခယံ ယန္တိ အသံသယံ။
ဟပ္ပါနိ သတသဟဿာနိ၊ နတ္ထိ ခယံ ပုံသကူလံ။
ဘဝါဘဝေ သံသရန္တော၊ အမိတဘောဂံ လဘန္တိ။
အမိတဘောဂံ လဘိတ္တာ၊ ဝရံနိဗ္ဗာနံ ပါပုဏိ။ ။

မဟာရာဇာ၊ သိကြားမင်း။ ယောဉပါသကာ၊ အကြင်ဒါယကာတို့သည်။ ပုံသကူလတို့ကို၊ ပုံသကူပုဆိုးကို။ ဘိက္ခု၊ ရဟန်းတို့အား။ နိယျာဒေတ္တာ၊ လှူရသောကြောင့်။ ဟေဉပါသကာ၊ ထိုဒါယကာတို့သည်။ မဟာပညာစ၊ ပညာကြီးကုန်သည် လည်းကောင်း။ မဟာဇွလာစ၊ ခွန်အားကြီးကုန်သည် လည်းကောင်း။ ဘဝေယျုံ၊ ဖြစ်ကုန်ရာ၏။ ယောဉပါသကော၊ အကြင်ဒါယကာသည်။ ပုံသကူလံ၊ပုံသကူသက်နှံးကို။ ဒတ္တာန၊ လှူရသော်ကြောင့်။ အဘိရူပေါစ၊ အလှန်အဆင်းလှသည်လည်းကောင်း။ မဟိဒ္ဓိကောစ၊ တန်ခိုးကြီးသောအဖြစ်သည် လည်းကောင်း။ အဂ်ံပဋ္ဌဂ်ံသမ္ဘုန္နောစ၊ အင်္ဂါကြီးငယ်

လက္ခဏာတို့နှင့် ပြည့်စုံခြင်းသည် လည်းကောင်း။ အာရောဟပရိဏာဟ၀၊ အလုံးအရင်းနှင့်ပြည့်စုံခြင်းသည် လည်းကောင်း။ ဘဝေ၀၊ ဖြစ်ရာ၏။ ဤဒုံ၊ ဤသို့ဖြစ်ခြင်းသည်ကား။ ပုံသကူလဿ၊ ပုံသကူသက်နှုန်းလှုရခြင်း၏။ ဖလံ၊ အကျိုးတည်း။

ဝတ္ထု၂သက်နှုန်းလျားပုဆိုး။ သဃ်ဿ၊သံဃာတော်အား။ ဒတ္တာန၊ ၍။ အဘိရူပေါစ၊ အလှနှင့်အဆင်းလှခြင်းသည် လည်းကောင်း။ ဟိဒ္ဓိကောစ၊ တန်ခိုးကြီးသောအဖြစ်သည် လည်းကောင်း။ အဂ်ပဠဂ်ဘမ္မနှောစ၊ အဂ်ါကြီးငယ်တို့နှင့် ပြည့်စုံခြင်းသည် လည်းကောင်း။ အာရောဟပရိဏာဟ၀၊ အလုံးအရင်းနှင့်ပြည့်စုံခြင်းသည် လည်းကောင်း။ ဘဝေ၀၊ ဖြစ်၏။ ကောဌာ-ဂါရာဒိသမ္ပန္နော၊ ကျီကြီ ဘဏ္ဍာတိုက်နှင့်ပြည့်စုံခြင်းသည်။ ဘဝေ၀၊ ဖြစ်ရာ၏။ ဒါသိဒါသ ပုရက္ခိတော၊ ကျွန်သမီး,ကျွန်ယောကျ်ားတို့ဖြင့်လည်း ခြံရံသည်။ ဘဝေယျ၊ ဖြစ်ရာ၏။ ဂေါမဟိံသာစ၊ နွား,ကျွဲ,ဆင်,မြင်း တို့သည် လည်းကောင်း။ သုဝဏ္ဏာစ၊ ရွှေတို့သည် လည်းကောင်း။ ရဇတာနိစ၊ ငွေတို့သည် လည်းကောင်း။ ဗဟူ၊ မျိုးစုံသော။ ဓနံ၊ ဥစ္စာသည်။ ဘဝေ၀၊ ဖြစ်ရာ၏။ ဤဒုံ၊ ဤသို့ ဖြစ်ခြင်းသည်ကား။ ပုံသကူလဿ၊ ပုံသကူသက်နှုန်းလှုဒါန်းရသည်၏။ ဖလံ၊ တည်း။ ပထဝီစ၊ မြေသည်ရင်း။ သဝဂဇောစ၊ သမုဒ္ဒရာသည်ရင်း။ မေဃရူစ၊ မြင့်မိုရ်တောင်သည်ရင်း။ အသံသယံ၊ ယုံမှားမဲ့။ ခယံ၊ ကုန်ခြင်းသို့။ ယန္တိ၊ ရောက်ကုန်၏။ ပုံသကူလံ၊ ပုံသကူသက်နှုန်း၏ အကျိုးသည်။ ကပ္ပါနိ-သတသဟဿာနိ၊ ကမ္ဘာတစ်သိန်းတို့ပတ်လုံး။ ခယံ၊ ကုန်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဘ၀ါဘ၀ေ၊ ဘ၀ကြီးငယ်တို့၌။ သံသရေန္တာ၊ ကျင်လည်ရသည်ရှိသော်။ အမိတဘောဂ၊ အတိုင်းမသိသော စည်းစိမ်ချမ်းသာကို။ လဘန္တိ၊

ခံစားကုန်၏။ အမိတဘောဂံ၊ အတိုင်းမသိသောစည်းစိမ်ချမ်းသာကို။ လတိ-တ္ဘာ၊ ခံစားပြီး၍။ ပစ္ဆိမဘဝေ၊ အဆုံးစွန်သောဘဝ၌။ ဝရုံ၊ မြတ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပါပုဏိ၊ ရောက်လေ၏။ ဣဒံ၊ ဤသို့ရောက်ခြင်းသည်ကား။ ပုံသကူလဿ၊ ပုံသကူသက်နှီး လူဒါန်းရသည်၏။ ဖလံ၊ အကျိုးတည်း။

ဤသို့ ပုံသကူသက်နှီး အကျိုးကို ပေါ်ရာဏက ဂေါတမဘုရားသည် သိကြားမင်းအား ဟောတော်မူ၏။ ထိုသို့ ဟောတော်မူသော ဂါထာတို့၏ အဓိပ္ပါယ်သော်ကား၊ သိကြားမင်းကြီး....အကြင်ဒါယကာတို့သည် ဘုရား၊ ဘပည်သား သံဃာတို့အား ပုံသကူသက်နှီးကို လှူ၏။ ထိုဒါယကာတို့သည် ဖြစ်တိုင်း, ဖြစ်တိုင်း ပညာကြီးသည်၊ တန်ခိုးကြီးသည်၊ ခွန်အားကြီးသည်၊ အဆင်းလှသည်၊ ဘုန်းပညာနှင့်ပြည့်စုံသည်၊ မျှားသောဥစ္စာ, ပရိက္ခရာ, ရွှေ, ငွေရှိသည်၊ မျှားသော သား, မြေး, ကျေးကျွန်, အခြံအရံရှိသည်၊ မျှားသော ကျွဲ, နွား, ဆင်, မြင်း ရှိကုန်သည်ဖြစ်၏။ မြေကြီး သမုဒ္ဒရာ တောတောင် တို့သည် ကမ္ဘာအသက်ကုန်သဖြင့် ကုန်ခြင်းသို့ ရောက်ကုန်၏။ ပုံသကူသက်နှီး ကား ကမ္ဘာတစ်သိန်းပတ်လုံးသော်လည်း မကုန်ရာ၊ ဘဝဆက်တိုင်း ဆက်တိုင်း လူမင်းစည်းစိမ်, နတ်မင်းစည်းစိမ်ကို အဖန်မျှားစွာခံစားဦး၍ အဆုံးစွန်သော ကိုယ်၏အဖြစ်၌ကား ဘုရားပစ္စေကဗုဒ္ဓါရဟန္တာ တို့၏ ခံစားပျော်မွေ့ရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို ခံစားရရာ၏ ဟု မြတ်စွာဘုရားသည် ဟောတော်မူ၏။ ။ထိုသို့ ဟောသောအခါ သိကြားမင်းသည် ယခုအခါ အနုရုဒ္ဓါ ဖြစ်လာ၏။ ထို့ကြောင့် ယခုအခါ ပုံသကူသက်နှီး လှူသော ဒါယကာ-ဒါယိကာမတို့အားလည်း အလွန်အကျိုးကြီးသည်ကိုသိရ၏။

အထည်အလိပ် ပြီးအောင် လှူရသောအကျိုးကား အဘယ် ဆိုဖွယ်ရာ ရှိအံ့နည်း။ အနုံ, လက်လေးသစ်၊ အလျား, တစ်တောင်ရှိသော အနားပတ် ဆက်စရာလှူရသော နန္ဒိယမင်း၏ ဝတ္ထုတို့ကိုမှီ၍ သိရ၏။

ပုံသကူသက်နှီး လှူရသောအကျိုး သိကြားမင်းဝတ္ထု ပြီး၏။

သကန်းလှူရသည့်အကျိုးကို ပြဆိုသော နန္ဒိယမင်း ဝတ္ထု

ဝတ္ထုကိုဆိုပေအုံ့။ ။ဤကမ္ဘာမှသည် ငါတို့ မြတ်စွာဘုရား မပွင့်မီ အကြား အခြားသော ကမ္ဘာတွင် ဗာရာဏသီပြည်၌ ထို နန္ဒိယမင်းသည် သူကြွယ်၏သားဖြစ်လာ၍ တစ်ထည်သောပုဆိုးကို ဝတ်၍ တစ်ထည်သော ပုဆိုးကို အပေါ်၌ရုံ၍ တောသို့ သွားလေသော် သစ်ပင်တစ်ပင်ရင်းတွင် အရှင်ပစ္စေကဗုဒ္ဓါတို့သည် သက်နှုန်းချုပ်ကြသည်ကိုမြင်၍ချဉ်းကပ်လေ၏။ ထို သူကြွယ်သားချဉ်းကပ်လာသောအခိုက် အရှင်ပစ္စေကဗုဒ္ဓါတို့သည် အနားပတ်ဆက်စရာ မလောက်ငှ၍ ထိုသက်နှုန်းကိုခေါက်ပြီး မချုပ်ဘဲနေရကုန်၏။ ထိုသို့နေသည်ကို သူကြွယ်သား မြင်၍ မေးလျှောက်၏။ အရှင်တို့....ယခင် သက်နှုန်းကိုချုပ်တော်မူကုန်၏၊ ယခု တပည့်တော်လဲလျှင် အဘယ်ကြောင့် မချုပ်ဘဲနေပါကုန်သနည်း ဟု မေး၏။ ထိုအရှင်တို့လည်း မချုပ်ဘဲနေသည်၏ အကြောင်းကိုပြန်ကြားပေး၏။ ယင်းသို့တပြီးကား အရှင်ကောင်းတို့.... အကျန်ပ်ရုံခဲ့သောပုဆိုးကို သခင်တို့ သက်နှုန်းအနားပတ်ဆက်လောက်အောင် ဖြတ်၍ယူပါကုန် ဟု မိမိအပေါ်၌ ရုံသောပုဆိုးကို အရှင်တို့လက်သို့ကပ်လျှင် ပစ္စေကဗုဒ္ဓါအရှင်တို့လည်း အနားပတ် ဆက်လောက်ရုံမျှ ထုတ်၍ယူပြီးလျှင် ထိုပုဆိုးကို သူကြွယ်သားအားပြန်ပေး၏။ ထိုအခါသူကြွယ်သားသည် ဤသို့ ဆုတောင်းပတ္ထနာပြု၏။ (အရှင်ဘုရားတို့မပြည့်စုံလေသည်ကို အကျန်ပ်ပြည့်စုံအောင်ပြုရသောအကျိုးကား နောင်သောအခါ အကျန်ပ်၏ ပရိက္ခရာဥစ္စာ တို့သည် မယုတ်မလျော့သည် ဖြစ်ပါစေသား၊ ပဒေသာပင်လည်း အလိုရှိတိုင်း ပေါက်စေသား၊ အကျန်ပ်၏ဘုန်းကိုမှီ၍ တပြည်လုံး တစ်ရွာလုံး သုံးဆောင်ရသည်ဖြစ်ပါစေသား၊ အကျန်ပ်လည်းအရှင်ဘုရားတို့ ရသော မင်ဖိုလ်တရားထူးကို ရပါလို၏) ဟု ဆုတောင်းပတ္ထနာကို ပြု၏။ အရှင်ပစ္စေကဗုဒ္ဓါတို့သည်လည်း....

ဣစ္ဆိတံ ပတ္ထိတံ တုယ္ဘံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ။ ။
ဣစ္ဆိတံ ပတ္ထိတံ တုယ္ဘံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ မဏိဇောတရသော ထာယာ။ ။

ဟူ၍ ဟောတော်မူကုန်၏။

ထိုသက်ကန်းကိုလည်းပြီးအောင်ချုပ်လုပ်ကုန်၏။ တိုသူကြွယ်သား လည်း အသက်အတိုင်းနေ၍ သေလွန်ခဲ့သော် နတ်ပြည်၌ဖြစ်လေ၏။ နတ်ပြည်မှ စုတေပြန်၍ လူ့ပြည်၌ဖြစ်လာပြန်၏။ မိမိငယ်ငယ်ကလည်းကပင် အဘသေ ခဲ့၍ အမိလက်တွင်း၌ကြီးပြင်း၏။ နန္ဒိယဒေတို့သားဟူ၍ အမည်မှည့်ကုန်၏။ ဘဆယ့်ခြောက်နှစ်အရွယ်ရောက်လာတဲ့သော် နက္ခတ်သဘင်နေ ကြုံကြိုက်၏။ အမိကို ဝတ်ရန်ပုဆိုးတောင်း၏။ အမိလည်းဖြူလွှစ္စာသော အဝတ်ရှည်လွှစ္စာ ထုပ်၍ထားသော ပုဆိုးတစ်စုံကိုပေး၏။ ထိုပုဆိုးကိုဖြေ၍ကြည့်လျှင် အမိ ကျေးဇူးရှင် ဤပုဆိုးကား ကျွန်ုပ်နှင့် ပထိုက်တန်သော၊ သည်ထက်ကောင်း သော ပုဆိုးကိုပေးပါဟုတောင်းပြန်၏။ အမိကျေးဇူးရှင်လည်း သည်ထက် ကောင်းသောပုဆိုးသည် ငါ့တွင် မရှိသေး ဟုဆိုပေ၏။ အမယ် အမိတွင် မရှိသော် ကျွန်ုပ်ဝတ်ရရာ အရှာသွားလိမ့်မည် ဟုဆို၏။ အမိ ကျေးဇူးရှင် လည်း အမောင် ပုဆိုးရသည်ကိုထားဘိ၊ ယခုနေ့ပင် မင်းဖြစ်ပါသော်လည်း ငါဝမ်းမြောက်ဝမ်းသာရှိတော့သည် ဟုဆို၏။

ယင်းသို့ဆိုပြီးမှ အမိကျေးဇူးရှင်ကို ရှိခိုး၍ ဗာရာဏသီမင်း၏ဥယျာဉ်သို့ သွား၍ မင်းလာရှိသော မင်းတို့နေမြဲဖြစ်သောကျောက်ဖျာထက်၌ ပုဆိုးကို ခြုံလျက်အိပ်နေလေ၏။ ထိုနေ့မှကား ဗာရာဏသီမင်း သေလွန်ခဲ့၍ ထို မင်းတွင် သားလည်းမရှိ၊ သမီးလည်းမရှိဖြစ်ရကား မှူးမတ်တို့သည် သ, ငါ, မင်းပြုအံ့ဟူ၍သော အငြင်းအခုံဖြစ်ကြကုန်၏။ ထိုသို့အငြင်းအခုံဖြစ်ကြသည် ကို မင်းဆရာ ပုရောဟိတ်ပုဏ္ဏားသည်ကား အမှူးအမတ်တို့ကို စည်းဝေးပြီး သော် ဤသို့ဆို၏။ အို...အမတ်များတို့ ငါ့စကားကိုနားထောင်ပါကုန်၊ မင်း ပြုထိုက်သော ဘုန်းကံပါရမီရှင်မရှိဘဲဖြင့်မင်းပြုပါသော်လည်း အာဏာဝစက် မရှိ၊ ပြည်သူ လူ, ရဟန်း တို့ကို မအုပ်ချုပ်နိုင်၊ ပြည်ရွာလည်းမစည်ပင်နိုင်၊ မင်းပြုထိုက်သော ဘုန်းကံပါရမီရှိသောသူတို့သည် မင်းပြုသော်တမူကား တန်ခိုးအာဏာဝက်လည်း ကသ်၏၊ ခပ်သိမ်းသော ရန်သူ တို့သည်လည်း ကြောက်ရွံ့ကုန်၏။ ပြည်သူ လူ, ရဟန်းတို့သည် ငြိမ်းချမ်းသာယာကုန်၏။ ကို့ကြောင့် ဖုဿရထားလွှတ်၍ မင်းပြုထိုက်သောသူကို ရှာပါရစေအုံ။ ဖုဿရထား၏ ရဟေတမင်းသည်ကား ငါ့တို့ပြည်ရွာကို မဆိုနှင့်ဦး၊ လေး ကျွန်းလုံးကိုသော်လည်း မင်းပြုထိုက်၏။ ကို့ကြောင့် ငါ့စကားကိုလိုက်နာ ပါကုန်ဟူ၍ ဆို၏။

မှူးမင်းတို့လည်း ကောင်းပေ၏ဟု လိုက်နာကုန်ပြီးသော်၊ ပုရောဟိတ်ပုဏ္ဏားကား မင်္ဂလာရှိသောရထားခွ၌ မင်္ဂလာရှိသော မြင်းလေးစီးကို ကန့်၍ မင်းမြောက်ဘန်ဆာငါးပါးတင်၍ရထားဦးကိုင်း၊ မြင်းကြိုး, လှံတံကိုင်ရေစင်သင်း၍ မင်္ဂလာရှိသော ရထားကိုစီရင်ပြီးမှ အကြင်သူသည် ငါတို့ပြည်ရှာကို မင်းပြုထိုက်သော ဘုန်းပညာလက္ခဏာနှင့်ပြည့်စုံ၏။ ထိုသူရှိရာသို့ သွားစေသောဟူ၍ ဓိဋ္ဌာန်၍ ရထားလွှတ်၏။ ရထားကား မင်းအိမ်တော်ကို လက်ယာရစ်သုံးပတ်လှည့်၍ အရှေ့တံခါးသို့ထွက်လေ၏။ မင်း၏ဥယျာဉ်သို့ ရှေးရှုသွား၏။ အမတ်တို့လည်း ရထားကို နစ်တောဟူ၍ဆိုကုန်၏။ ပုရောဟိတ်ပုဏ္ဏားကား သွားလေသမျှသွားစေဦးဟူ၍ဆို၏။ ဥယျာဉ်သို့ဝင်လေ၍ လုလင်အိပ်သော ကျောက်ဖျာကို ရထား ဦးတိုက်ခါနေ၏။ ပုရောဟိတ်ပုဏ္ဏားသည်အမတ်တို့ကိုခေါ်၍ အမတ်များတို့ကျောက်ဖျာတွင် ယောကျားတစ်ယောက်အိပ်၍ရှိ၏။ စည်မောင်းမတီးနှင့်ဦး၊ ငါးပါးသောလက္ခဏာကို ကြည့်ပါရစေဦးဟု ပုဆိုးကိုလှစ်၍ ဘဝါးကိုကြည့်သည်ရှိသော် အမတ်များတို့ ဤသို့ ဘဝါးလက္ခဏာနှင့် ပြည့်စုံသောသူသည်ကား ငါတို့ပြည်ကိုသာ မဆိုနှင့်ဦး၊ လေးကျွန်းကိုသော်လည်း မင်းပြုထိုက်၏။ စည်မောင်းတီးတော့ဟုဆိုပေ၏။ ထိုစည်မောင်းအသံတို့ဖြင့် နိုးလတ်သော် ပုဆိုးကိုလှစ်၍ကြည့်ပြီးမှ သင်တို့ကား အဘယ်ကိစ္စကြောင့် လာကုန်သနည်းဟု မေး၏။ လုလင်မင်းပြုစိမ့်သောငှာ ခေါ်လာသည်ဟု ဆိုလေလျှင်၊ သင်တို့ သခင်မင်းသည်ကား အဘယ်သို့သွားခဲ့သနည်း ဟုမေး၏။ အကျွန်ုပ်တို့သခင်မင်းသည် နတ်ပြည်သို့သွားခဲ့သည်ဟုပြောကြားပေ၏။ သင်တို့သခင်မင်းဝယ် ညီ,သား မရှိသလောဟုမေးပြန်၏။မရှိကြောင်းကိုပြောကြားပေ၏။ ယင်းသို့သော်ကား ငါမင်းပြုမည်၊ ငါဝတ်ရမည့်ပုဆိုးကား ပါခဲ့သလောဟုမေး၏။ မှူးမတ်တို့သည်လည်း ကာသီကရာဇ်တိုင်းဌာပြစ်သော အလျား-အတောင်နှစ်ဆယ်၊ အနံ လေးတောင်ရှိသော အဖိုးတစ်သိန်းထိုက်သောပုဆိုးတစ်စုံကို ပေး၏။ ထိုပုဆိုးကိုဖြေ၍ကြည့်လတ်သော် ပုဆိုးသည် ငါနှင့် မထိုက်တန်သေး၊ သည့်ထက်ကောင်းသော ပုဆိုးကိုပေးဟုဆို၏။ အမတ်တို့လည်း လုလင် လူ့ပြည်တွင်ဖြစ်သောပုဆိုးသည် သည့်ထက်ကောင်းသောပုဆိုးမရှိ၊ နက်ပုဆိုးသာ လွန်တောမည်ဟုဆို၏။ ဆင်တို့မင်းသည်ကား သည်ပုဆိုးကိုပင်ဝတ်သလောဟုမေးပြန်၏။ ဝတ်သည်အကြောင်းကိုဆိုလျှင်၊ သင်တို့မင်းသည် ရှေးက

အလ္လဒါနုမရှိ၍ ဝတ်သည်ဟုဆိုပြီးလျှင် ရှေကဗားကို ယူခဲ့ဟု စေတော်မှ၍ လက်တော်နှင့်ပင် ငါရှေးဘဝကအင်္ဂါယာသင်မြတ်တို့အား သက်နှံးလှူခဲ့ဖူး မှုကား ပဒေသာပင် ပေါက်စေသော....ပဒေသာပင် ပေါက်စေသော.... ဟု ရေစင်သွန်းလျှင်ပင် ထိုဥယျာဉ်၌ ပဒေသာပင်ပေါက်ပေ၏။ နန္ဒိယဘုန်း ဟူ၍ ကြိမ်လုံးနှင့် မြေကိုပုတ်ခတ်စေ၍ ပေါက်သည် ဟူ၍လည်း ဆိုကုန်၏။ ထိုသို့ပဒေသာပင်တွင်ဖြစ်လာသောအဝတ်ကို ယူ၍ဝတ်တော်မူ၏။ မင်းဝတ် ပြီးမှအမှုးဘမတ် ဆင်သည်,မြင်းသည်,ဗိုလ်ပါဟူသမျှ၊ ဆင်ထိန်း,မြင်းထိန်း မလွတ် အလုံးစုံသောလူတို့သည် အိမ်ကဝတ်ခဲ့သောအဝတ်ကို ချတ်၍ ပဒေ သာပင်တွင်သာ ယူ၍ဝတ်ကုန်၏။ အဝတ်သာမဟုတ် ဘန်ဆာတို့ကိုလည်း ဆင်ယင်ရကုန်၏။ ထိုမင်းကိုလည်း ထိုဥယျာဉ်၌ပင် အဘိသိက်သွင်း၍ ပြည် သို့ဝင်တော်မူလေ၏။ ပြည်သို့ရောက်လျှင်လည်း ထိုမင်းဘုန်းကြောင့် လေး မျက်နှာ၌ ရှစ်ပင်စီ ပဒေသာပင်ပေါက်၏။ ပေါင်းသော် သုံးဆယ့်နှစ်ပင် ဖြစ်၍ နန္ဒိယမင်းဧာား ပြည်၌ စည်ကိုလည်စေ၏။ ပြည်တွင်း၌ နေသော ယောကျား,မိန်းမတို့သည် မလုပ်ဆောင်ကုန်နှင့်၊ သူ့ဥစ္စာကို မခိုးဝှက်လင့်၊ ပဒေသာပင်၌ ဖြစ်သော အဝတ်တို့ကို ဝတ်စားကုန်ဟူ၍ စည်လည်ရ၏။ ဤသို့ပဒေသာပင်သုံးဆယ့်နှစ်ပင်ကို အစိုးရ၍ ပဒေသာပင်တွင် ဖြစ်သော အဝတ်ကိုဝတ်ရသည်ကား အရှင်ပစ္စေကဗုဒ္ဓါတို့အား အနုံ, တစ်လက်ဝါး၊ အလျား, တထောင့်ထွာ ရှိသော အနားပက်တင်စရာ လူရသည်၏ အကျိ. တည်း။ ထိုမင်းဘုန်းကိုမှီ၍ ဗာရာဏသီပြည်လုံး ပဒေသာပင်၌ ဖြစ်သော အဝတ်ကိုဝတ်ရကုန်၏။

ထိုမင်းလည်း တရားဆယ်ပါးစောင့်၍ ပစ္စေကဗုဒ္ဓါဝင်းရာဟိုကို မြေးမြှု လ္လဒါန်း၏။ အသက်အတိုင်း နေ၍ စုတေခဲ့သော် နတ်ပြည်၌ ဖြစ်လေ၏။ ငါတို့မြတ်စွာဘုရားလက်ထက်တော်တွင် ပိပ္ပလိလုလင်ဖြင့်၍ ရှေ့ဌေပရိကွဏ္ဍ ဗျားယောကြောင့် သုံးကျိပ် သုံးယောက်သောသူတို့ကို ရှေကို သွေးစေ၍ နုံ.သာရည်နှင့် ဖျော်ရှိလိမ်းသည်ကား တစ်နေ့လျှင် ခြောက်ကွမ်းစား ကုန် ၏။ တစ်နေ့သည် ကျေးကျွန်တို့နှင့်တကွ ယာထွန်ရာသို့ လိုက်လေ၏။ သစ်ပင် ရိပ်တွင်နေ၏။ တွန်ချေးပြင်၌ ပိုးမွှားကိုတို့ကို ကျီ,ငှက်တို့ ကောက်၍စား သည်ကိုမြင် ၍ ဤကျီ,ငှက်တို့သည် အဘယ်ကိုစားကုန်သနည်း ဟုမေး၏။ အမှင့်သား....ပိုးမွှားကိုတို့ကို ကောက်၍စားပါသည်ကဲ့ ဆိုပေကုန်၏။ ပိပ္ပလိ

လုလင်သည်လည်း ဤမကောင်းမှုသည်ကား သင်တို့အားနှိမ်ချမည်လော၊ ငါ့အား ရှိမည်လောဟုမေး၏။ ကျွန်တို့ကလည်း အရှင်သားသည် ငါတို့ကို ပိုင်သည်ဟူ၍ စေစား၍ ငါ့ကို လုပ်ရသည်၊ ငါတို့မှာ မကောင်းမှုမရှိ ဟုဆိုပေကုန်၏။ ထိုသို့တပြီးကား ငါသည် အမျှားကြောင့် မကောင်းမှုကိုမခံပြီဟု အိမ်သို့ပြန်လေ၍ ပရိက္ခရာ ဘဏ္ဍာ တို့ကို ပေးထားခဲ့ပြီးလျှင် ရဟန်းတည်းပြုအံ့ဟု ကြံ၍နေ၏။ ဘဒ္ဒါတို့သည်လည်း အိမ်တွင် ကျွန်မတို့နှင့် နှမ်းမျိုးကိုလှန်းနှင့်စေ၏။ နှမ်းပိုးမျှားကို အိမ် စာ,ဌက်ကောက်၍စားသည်ကိုမြင်၍မေး၏။ ကျွန်မမျှားလည်း နှမ်းပိုးမျှားကို အိမ် စာ,ဌက်မျှားစားသည်ဟုဆိုပေကုန်၏။ ဘဒ္ဒါလည်း ဤမကောင်းမှုကို သင်တို့တည်းခံရမည်လော၊ ငါတည်းခံရမည်လောဟုမေး၏။ ကျွန်မမျှားလည်းယခင်ကပိပ္ပလိကို ကျွန်တို့ဆိုသကဲ့သို့ ဆိုပေကုန်၏။ ဘဒ္ဒါလည်း သင်တို့ကြောင့် ငါ့မကောင်းမှုကို မခံလေပြီ၊ ပိပ္ပလိလုလင်လျှင် ရှိသော ပရိက္ခရာဘဏ္ဍာတို့ကို အပ်နှင်း၍ ရဟန်းပြုအံ့ဟု နေလင့်၏။ ပိပ္ပလိလုလင် ဘောဂရောက်လျှင် နတ်သြဇာနှင့် အရသာဟူသော အထူးထူးသော အရသာသြဇာ တို့ကို စားပြီးသော် ဘဒ္ဒါကိုခေါ်၍ဤသို့ပြောကြား၏။ အဘယ်ဘဒ္ဒါ သင်က ပါသော ဥစ္စာ, ငါ့တွင်ရှိသောဥစ္စာ အဘယ်မျှရှိသနည်းဟု မေး၏။ ဘဒ္ဒါလည်း ရှိတိုင်းသောဥစ္စာတို့ကို ပြန်ကြားပေ၏။ ပိပ္ပလိလုလင်လည်း ဘဒ္ဒါ....သင်ကပါသော ဥစ္စာ, ငါ့တွင်ရှိသောဥစ္စာ အားလုံးကို ငါပေးခဲ့တော့မည်၊ သိမ်းပိုက်ပေဘော့ဟုပေးအပ်လေ၏။ ဘဒ္ဒါလည်း အရှင်သား အဘယ်အလိုနည်းဟုမေး၏။ ပိပ္ပလိလည်း၊ ငါသည် ရဟန်းပြုရန် အလိုရှိသည် ဟုဆိုပေ၏။ ဘဒ္ဒါလည်း အရှင်သား ငါလည်း အရှင်သားအလာကိုသာ ငံ့လင့်၍နေသည်၊ ငါလည်း ရဟန်းပြုမည်ဟု ဆိုပေ၏။ ယင်းသို့တပြီးကား ကောင်းပြီ ရဟန်းပြုကြစို့ဟု တိုင်ပင်ပြီးနောက် ဗျေးမှာသပိတ်သက်န်းတို့ကိုရှာ၍ဟုစေ၍ ဤလူ,ပြည်တွင် အကယ်၍ ဘုရားပစ္စေကဗုဒ္ဓါရှိအံ့၊ ထိုဘုရားပစ္စေကဗုဒ္ဓါကိုရည်မှန်း၍ငါတို့ရဟန်းပြုကြကုန်သည်ဟုမုတ်ဆိတ်ဆံကိုရိတ်၍အလိုလိုဝ၁ ရဟန်းပြုကြကုန်၏။ သား, မြေး, ကျေး, ကျွန် တို့သည် ငိုသောမျက်နှာ-လျှက် ပြာသာဒ်ထက်မှ သက်၍သွားခဲ့ကုန်၏။

ထိုပိပ္ပလိလုလင်၏ ကျေးကျွန်ရှာတို့သည် သိန်းယုဇ်ကျွန်းဝယ် အနုရာဓပြည်၌ တစ်ဆယ့်ခြောက်ရွာ ရှိ၏။ ဆင် တစ်ဆယ့်ခြောက်သင်း ရှိ၏။ ရွှေ

တစ်ဆယ့်ရှင်ကုဋေ ရှိ၏။ ထိုသူနှစ်ယောက် တို့သည် ဗြဟ္မာ့ပြည်မှလာသော ကြောင့် အိမ်ရာထောင်ခြင်းကို အလိုမရှိကြကုန်။ အိပ်သော်လည်း ပန်းကုံးခြား အိပ်ကြကုန်၏။ ကာယသံသဂ္ဂ မရှိကုန်။ ထိုသူတို့သည် ပြာသာဒ်ထက်မှသက်၍ မြေသို့ရောက်လျှင် ဤ နှစ်သိန်းလေးသောင်း အထူရှိသော မြေကြီးသည် ရှစ်သောင်းလေးထောင် အစောက်ရှိ၍ အချင်းယူဇနာ တစ်သောင်းရှိသော မြင်းမိုရ်တောင်ကို့သော်လည်းခံနိုင်၏။ ဤသူနှစ်ယောက်၏ ဂုဏ်ကျေးဇူးကိုကား မခံနိုင်စွတကားဟူ၍ ဆိုဘိသကဲ့သို့ ပြင်းထန်စွာ တုန်လှုပ်၏။ ထိုသို့မြေလှုပ်သောအကြောင်းကိုမြတ်စွာဘုရားသည် ရွှေဘုက်တော်ဖြင့် ကြည့်တော်မူလတ်သော် ပိပ္ပလိလုလင် နှင့် ဘဒ္ဒါ တို့သည် ကြောင်းစည်းစိမ်ကိုစွန့်ပြီး ရဟန်းပြု၍လာကြသည်ကိုမြင်တော်မူလျှင် မြတ်စွာဘုရားလည်း ဤသူသည် ငါပဝိနိဗ္ဗာန်စံလွန်လျှင် ငါ၏ သာသနာတော်၌ ကောင်းစွာတည်အုံ့သောအကြောင်းကို ပြုနိုင်လတံ့သော သူ ပြစ်သောကြောင့် ငါ ချီးမြှောက် ထောက်ပံ့ကောင်းပေ၏ ဟု ကိုယ်တော် တစ်ပါးတည်းသာ သပိတ်ကို လွယ်တော်မူလျက် ယူဇနာ တစ်ရာ့နှစ်ဆယ်တိုင်အောင် ကြွသွားတော်မူ၍ သစ်ပင်ရင်းတွင် ရောင်ခြည်တော်ကိုလွှတ်တော်မူလျက်နေတော်မူလင့်၏။ ပိပ္ပလိလုလင်ကား မြို့မှထွက်လျှင်ပင် ဘဒ္ဒါကိုခေါ်၍ ဤသို့ဆို၏။ ဘဒ္ဒါ-မိန်းမတို့သည်ကားရဟန်းတို့၏အည်စ်အကြေးတည်း၊ တစ်ပါးသော သူတို့က ဤရဟန်းကား ရဟန်းပြုသော်လည်း မယားကို မပစ်နိုင်၊ မယားနှင့်ပင်ဟူ၍ သူကဲ့ရဲ့စရာ ဖြစ်ခဲ့၏။ ထို့ကြောင့် ခရီးတစ်ကြောင်းကို သွားလေတော့ဟုဆိုပေ၏။ ဘဒ္ဒါလည်း ပိပ္ပလိလုလင်၏ခြေကို ဦးတိုက်၍ အရှင်သား ယခုကစ၍ ကဲ့ကွာတော့မည်ဟု ပြင်းစွာငိုကြွေး၍ခရီးတစ်ကြောင်းကို သွားလေ၏။

မဟာကဿပလည်း အစဉ်သဖြင့်လာလတ်သော် မြတ်စွာဘုရား၏အပါးသို့ရောက်လျှင် မြတ်စွာဘုရား၏ ရောင်ခြည်တော်ကိုမြင်လေ၏။ ဤအရောင်ကား နေရောင်လည်း မဟုတ်၊ လရောင်လည်း မဟုတ်၊ မြတ်စွာဘုရား၏ အရောင်တော်ဖြစ်တော့သည်ဟု မြတ်စွာဘုရား အရောင်တော်ကိုမှီ၍ သွားလေ၏။ မြတ်စွာဘုရားလည်း အပါးသို့ရောက်လတ်သော် ကဿပလော၊ အဘယ်သို့ သွားမည်နည်းဟု မေးတော်မူလေ၏။ ကဿပလည်း မြတ်စွာဘုရားအထံတော်သို့ရောက်လေ၍ မြတ်စွာဘုရားခြေတော်စုံကိုဦးတိုက်လျက် မြတ်စွာဘုရားကိုရည်မှန်း၍အကျွန်ုပ်ရဟန်းပြုပါသည်။ မြတ်စွာဘုရားလည်

အကျွန်ုပ်၏ဘဝရှင်ပါတည်း၊ အကျွန်ုပ်၏ဆရာပါတည်း၊ အကျွန်ုပ်အား တပည့်မှတ်တော်မူပါဟု နှုတ်ကပ်လျှောက်၏။ မြတ်စွာဘုရားလည်း ထိုင်အံ့သော အခြင်းအရာကိုပြုတော်မူ၏။ မဟာကဿပလည်း မြတ်စွာဘုရားသည် ထိုင်ဘတ်မူလိုသောအခြင်းအရာကိုမြင်၍ မိမိခုကုဋ္ဌကို အခေါက်ဖြေ၍ ခင်း၏။ မြတ်စွာဘုရားလည်း ထိုခုကုဋ္ဌထက် နေတော်မူ၏။ ကဿပ-ထိုခုကုဋ္ဌကား နှုတ်ညံ့ပြေပြစ်စွတကား၊ လက်ပတ်နှင့်ကိုင်ချိုးမှမ်းတော်မူ၏။ ဤမြေသေသားတို့၏ သဘောကား မိမိ၏ရိုကျိုးရာကို သူတပါးကို မြင်၍ ချိုးမှမ်းကဲ့လိုရှိသည်ကို သိမြဲတည်း။ ထို့ကြောင့် မဟာကဿပလည်း မြတ်စွာဘုရား ချီးမှမ်းတော်မူသည်ကို ကြားသိလျှင် မြတ်စွာဘုရား သပ္ပာယ်တော်မူပါ၊ အကျွန်ုပ် လှုပ်သည်ဟုလျှောက်၏။ မြတ်စွာဘုရားလည်း ငါ့ကိုလှုပ်သော် အဘယ်ကိုခုကုဋ္ဌတင်မည်နည်းဟု မေးတော်မူ၏။ အကျွန်ုပ် တစ်ပါးမှာရှာ၍ ဝတ်ပါမည်ဟုလျှောက်၏။ မြတ်စွာဘုရားလည်း သင်းပိုင်ကို ခုကုဋ္ဌတင်လော ဟာ့ဟု သင်းပိုင်ကိုမေး၏။ သင်းပိုင်ကပုံသကူကောက်သောအခါ ကြီးစွာသော ပြာဌိဟာကိုဟောကြား၏။ ဟာကဿပကို မြတ်စွာဘုရား လည်း ဒိန္နတော်မူ၏။ ကဿပသည် ငါ၏ အဆုံးအဝတိ ခံထိုက်၍ ဤခင်းဖြစ်ပေဟု သုံးပါးသော အဆုံးအမကို ပယ်ထုတ်ခြင့် ပဋ္ဌင်းဖြစ်ခဲ့၏။ "ဟာကဿပ ငါ၏ ပဋ္ဌင်း ဖြစ်ခြင်းသည်ကား, သြဝါဒ ပဋိုဟ ပဋ္ဌင်' ဟု ၏။" မြတ်စွာဘုရားကား ကဿပကို နောက်တော်ဝယ်ပါစေလျှက် ကျောင်းတော်သို့ ပြန်ကြွတော်မူခဲ့၏။ ဘဒ္ဒါလည်း နောက်အခါ ရဟန္တာမ ဖြစ်လေ၏။ မဟာကဿပမှာ ၁းမှတင်တော်သရဇပ်လုံးစုံကိုဆောင်တော်မူ၏။ ဤသို့ အနှုတ်ဆက်စေ ပုဆိုးပိုင်းလှူဖူးသည့် နန္ဒိယမင်းသည် ဆုံးစွန် ရဟန္တာ အဖြစ်တိုင်အောင် အကျိုးကြီးသည်ကို သိရ၏။

(ပုံသကူသက်နှုန်း ဘုရားရှေး ဒါယကာ ယောက်ျားတို့ ဒေသာကား ဘဝဆက်ကိုင်းဆက်တိုင်း လူမင်းစည်ပင်ကို စံကားရသည်၏အကြောင်း၊ အဆုံးစွန် ဘဒ္ဒလည်း ဟေဘိက္ခု, ရဟန္တာ၏ဆုနှင့် ပြည့်စုံသည်၏အကြောင်းတည်း။ သဝိတ်သက်နှုန်းကိုသော် လည်းကောင်း၊ ပရိကွာ ရှစ်ပါးလုံးကိုသော် လည်းကောင်း လှူဖူးသောသူတို့မှာ ဟေဘိက္ခု , ခေါ်တော်မူသည်။)

မသ္ဟဘူးသော သူတို့သည် ရဟန်းပြုတော်မူပါဟု တောင်းပန်သော်၊ **ပရိကွာ ရှာ**လေဦးဟု မိန့်တော်မူသည်။ သာဓကသော်ကား ဘဒ္ဒပ်ဒါရှစ်သည် **ဆွမ်းခံ**ဝင်စော်မူသော မြတ်စွာဘုရား အထံတော်သို့ လိုက်၍ လျှ

အကျွန်ုပ်ကိုချုတ်တော်မူပါဟု တောင်းပန်၏။ မြတ်စွာဘုရားသည် ဒါရုစီ-အခါမဟုတ်သေးဟု ပယ်တော်မူ၏။ မြတ်စွာဘုရားလည်း ကျွတ်မည့်သူကို လျင် အခါမဟုတ်ဟု မိန့်တော်မူဘိသလောဟု တောင်းပန်ပြန်၏။ မြတ်စွာဘုရားလည်း ရပ်လျက်ပင် တရားဟောတော်မူသဖြင့် ရဟန္တာ ဖြစ်လေ၏။ အကျွန်ုပ်ကို ရဟန်းအသုံးအဆောင် အဝတ်, သင်္ကန်းနှင့်တကွ ရဟန်းဖြစ်အောင် ပြုတော်မူပါဟု တောင်းပန်ပြန်၏။ မြတ်စွာဘုရားလည်း ဟိဘိက္ခု ခေါ်ရအံ့သောအကြောင်း မပြည့်စုံသောကြောင့် သင် အဝတ် သင်္ကန်းနှင့်တကွ ရဟန်းပြုလိုသော် သင်္ကန်း ရှာလေဦးဟု မိန့်တော်မူ၏။ ဒါရုစီလည်း သင်္ကန်း ရှာမည်ဟု သွားလေသော် ရှေးက ရန်သူဟောင်း ဖြစ်ခဲ့ဖူးသော ဘီလူးမသည် နွားမယောင်ဆောင်ပြီးလျှင် ဝှေ့၍ ပရိနိဗ္ဗာန်ပြုရလေ၏။ လူဝတ်လူစားအဖြစ်နှင့်ပင် ရဟန္တာ ဖြစ်သော်လည်း ပရိနိဗ္ဗာန်ပြုရလေ၏။ ထို့ကြောင့် သင်္ကန်းလွှဲခဲ့ဖူးသော အကျိုးသည် ဟိဘိက္ခု, ဆုပြည့်စုံသတည်း။

သင်္ကန်းလွှရသောအကျိုး - နန္ဒိယမင်းတွေ့ ပြီး၏။

သင်္ကန်းလွှသည့် ဒါယိကာမတို့အတွက် ပြဆိုသော ဝိသာခါတွေ့

သင်္ကန်းလွှသော ဒါယိကာမတို့ အားသော်ကား ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝတို့၌ အဆင်းလှသည်၏ အကြောင်း၊ မဟာလတာပသာဓနတန်ဆာကို ဝတ်ဆင်ရသည့်အကြောင်း ဖြစ်၏။ ထို သင်္ကန်းလှူရသော ဒါယိကာမတို့သည်လည်း ဥပလဝဏ်ရဟန္တာမ ဆုကိုလည်းကောင်း၊ ဝိသာခါ ဒါယိကာမဆု ကိုလည်းကောင်း တောင်းရ၏။ ဥပလဝဏ် ရဟန္တာမသည် ရှေးဘဝက သူဆင်းရဲမ ဖြစ်ခဲ့၍ နုကွတ်ပွဲသဘင်နေ့ဝယ် သူဌေးသူကြွယ်သမီးတို့သည် ဝတ်ပန်းပုဆိုးတို့ကိုဝတ်၍ သဘင်ရှု သွားကြသည်ကို မြင်လျှင် မိခင်ကို ဝတ်ပန်းပုဆိုး ဝတ်ဆင်ရန် ပေးပါဟု တောင်း၏။ မိခင်လည်း နင် ငါ့တွင်မရှိသည်ကိုသိလျက် ငတောင်းဘိ၏။ ဝတ်ပန်းပုဆိုးဝတ်လိုသော် သူဌေးအိမ်မှာ သုံးနှစ်တိုင်အောင်အစေအပါးခံက ဝတ်ပန်းပုဆိုးကို ဝတ်ရလိမ့်မည်ဟု ဆိုပေ၏။ ထိုမိန်းမငယ်လည်း ဝတ်ဆင်လိုသောအာသာ

ဖြင့် တစ်ဦးသောသူဌေးကို အကြောင်းကြား၍ ထိုသူဌေးအိမ်တွင် အစေအပါးခံ၍နေ၏။ သူဌေးလင်မယားလည်း ထိုသူငယ်မ၏ အမူအရာကိုမြင်၍ အလွန်အားရသဖြင့် သုံးနှစ်မတိုင်မီကပင် ဝတ်ပန်းပုဆိုးတစ်ထည်ကိုပေး၏၊ ထိုသတ္တိသမီးသည် ဝတ်ပန်းပုဆိုးကို မဝတ်မီ ရေချိုးပါရစေဟု ခွင့်ပန်ပြီးလျှင် ထိုပုဆိုးကိုယူ၍ ရေချိုးမည် သွားလေသော် ခရီးအကြားတွင် သင်္ဘောတစ်ဦးသည် အဝတ်သက်နှံးကို ခိုးသူ ခိုးလေသောကြောင့် ဝတ်စရာမရှိ၍ သင်္ဘောက် သစ်ရွက်ကိုသာ၀တ်လျက် လာလတ်သည်ကိုမြင်သော် မိမိ၀တ်ပန်းပုဆိုးကို တစ်ပိုင်းဖြတ်၍လှူဒါန်း၏။ ထိုသခင်လည်း ကွယ်ထောင့်ရာအရပ်သို့သွား၍ သစ်ခက်သစ်ရွက်တို့ကို ပယ်ရှားပြီး ထိုသူငယ်မ လှူဒါန်းသော ဝတ်ပန်းပုဆိုးကို ဝတ်၍လာ၀ိုလတ်သော်၊ ထိုအရှင်ကိုမြင်ရလျှင် ဥ၊ လ၀ဏ်အလောင်းဖြစ်သော သတ္တိသမီးသည် အလွန်တရာ ဝမ်းမြောက်ဝမ်းသာဖြစ်၍ တစ်ပိုင်းသောဝတ်ပန်းပုဆိုးကို ကြာညိုပန်းနှင့် ပူဇော်၍ သခင်ဘုရားတစ်ပိုင်းကို ဝတ်၍ တစ်ပိုင်းကို ရုံတော်မူပါဟု လှူဒါန်းပြန်၏။ ထိုသင်္ဘောသည်း သတ္တိသမီး၏နှလုံးကို ပွားစေလို၍ တစ်ပိုင်းကို ရုံတော်မူလျှင် ထိုသူငယ်မလည်း အလွန်ဝမ်းမြောက်ဝမ်းသာရှိ၍ ဗုဒ္ဓရှင်ဘုရား....နောင်သော အခါ အကျွန်ုပ်၏အဆင်းကို မြင်လျှင် ယောကျ်ားတို့သည် ရူးစေ, မူးစေသောဟု ဆုတောင်း၏။ ဤကြား၏ အမည်သည် အကျွန်ုပ်၌ တွင်စေသောဟု ဆုတောင်း၏။ ထိုသူငယ်မသည် ဤ ကုသိုလ်ဒါနကြောင့် ကမ္ဘာတစ်သိန်းတိုင်အောင် အပါယ်လေးပါး ငရဲမလားဘဲ ငါတို့မြတ်စွာဘုရားလက်ထက်တော်တွင် သူဌေးသမီး ဖြစ်လာပြီး ကြာညိုပန်းအဆင်းနှင့်တူသော အဆင်းရှိသောကြောင့် ဥပပ္ပလ၀ဏ် ဟူ၍သော အမည်ဖြင့် ထင်ရှား၍ တစ်ဆယ့်ငါးနှစ် အရွယ်သို့ ရောက်ရှိလတ်သော် မင်းသား၊ အမတ်သား၊ သူဌေးသား တို့သည် ငါ့ကိုပေးပါ၊ သူ့ကိုပေးပါဟု ပဏ္ဍာလက်ဆောင်နှင့်တကွ မတင်သ,လာသောသူ မည်သည် ရှိသောကြောင့် အဘ သူးဌေးလည်း ငါသည် တစ်ယောက်ကိုသာ ပေးစား ထိမ်းမြားချေသော် ရသော သူတို့သည် ဝမ်းနည်းလေကြတော့မည်၊ ရန်ငြိုးသော်လည်း ဖွဲ့ကုန်ရာ၏။ ရဟန်းပြုစေသော်တမူကား တစ်ယောက်မျှ ရန်ငြိုးမ,ဲ့မည်မဟုတ်ဟူ၍ကြံပြီးလျှင် သမီးကိုခေါ်၍ ရဟန်းပြုပါကုန်ဟုတောင်းပန်၏။ သမီးလည်း အဘ

စကားကို ကြားလျှင် အဖန်တစ်ရာချက်ပြီးသောဆီကို ထိပ်ထက် သွန်းဘိ သကဲ့သို့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်အပ်ပြီး ဖြစ်လေသောကြောင့် တစ်ခွန်း သောစကားဖြင့် ကောင်းပါပြီ အကျွန်ုပ် ရဟန်းပြုပါတော့မည်ဟု ဆို၏။ အဘလည်း "မျှားစ့ဝ်သော အခြေအရံနှင့်တကွ ဘိက္ခုနီမကျောင်းသို့ ပို့ ဆောင်လေ၏။ ရဟန်းပြု၍ မျှားမကြာမီလျှင် ရဟန္တာမဖြစ်၍ လက်ဝဲရံ 'ဥပ္ပလဝဏ်ရဟန္တာမ' ဟု ထင်ရှားကျော်စော၏။

ဝိသာခါဒါယိကာမကား အင်ရှစ်ပါးနှင့်ပြည့်စုံ၏။ ကောင်းခြင်း ငါးပါးနှင့်လည်း ပြည့်စုံ၏။ ဆင်ပြောင်ငါးစီး အားကိုလည်း ဆောင်နိုင်၏။ ဝရဇိန်လက်နက်နှင့်တူသော ထက်မြက်သော ပညာနှင့်လည်း ပြည့်စုံ၏။ အသက် တစ်ရာ့နှစ်ဆယ် နေရ၏။ "**အင်ရှစ်ပါး ဟူသော်ကား**" ခုနစ်နှစ် အရွယ်က သောတာပန်ဖြစ်သည်လည်း တစ်အင်၊ ဝိသာခါဒါယိကာမဟု လူ,ပြည့်, နတ်ပြည် ကျော်စောသည်လည်း တစ်အင်၊ မြတ်စွာဘုရားနှင့် အကျမ်းဝင်သည်လည်း တစ်အင်၊ ဆင်ပြောင်ငါးစီး အားကို ဆောင်နိုင် သည်လည်း တစ်အင်၊ မဟာလတာပသာဝန တန်ဆာဆင်ရ သည်လည်း တစ်အင်၊ အသက်တစ်ရာ့နှစ်ဆယ်နေရသည်လည်းတစ်အင်၊ သား-နှစ်ကျိပ်၊ မြေး-ခုလေးရာ၊ မြစ်-ရှစ်ထောင်နှင့်ပြည့်စုံသည်လည်းတစ်အင်၊ ကောင်းခြင်း ငါးပါးနှင့် ပြည့်စုံသည်လည်း တစ်အင်၊ ဤသို့အားဖြင့် အင်ရှစ်ပါးနှင့် ပြည့်စုံ၏။ **ကောင်းခြင်းငါးပါး ဟူသော်ကား** ဆံ၏ကောင်းခြင်း၊ အရေ၏ ကောင်းခြင်း၊ အသား၏ ကောင်းခြင်း၊ အရိုး၏ ကောင်းခြင်း၊ အရွယ်၏ ကောင်းခြင်းတို့တည်း။

ဆံ၏ကောင်းခြင်းဟူသည်ကား၊ မတ်တတ်နေ၍ ဆံထုံးကိုဖြေပြီးချလိုက် သည်ရှိသော် ဖဝါး, ဖနောင့်သို့ထိ၍ ဆံဖျား ကိုသည် သားလှီးခေါက်သို့ ကောဲ့ရရော့ တက်ကုန်၏။ ဤသည်ကား ဆံ၏ကောင်းခြင်းတည်း။

အရေ၏ ကောင်းခြင်း ဟူသည်ကား၊ အသားရှေသော မိန်းမမူကား မဟာလေ့ကားပန်းပွင့်အဆင်းကဲ့သို့ရှိ၏။ အသားညိုသောမိန်းမတည်းဖြစ်မူ ကား ကြာညိုပန်းပွင့်ကဲ့သို့ ရှိ၏။ ပေ့, ညှင်း, တင်းတိတ်, မှည့်, ဝက်ခြံ မရှိ။ ဤသည်ကား အရေ၏ကောင်းခြင်းတည်း။

အသား၏ကောင်းခြင်း ဟူသည်ကား လက်ဝါးနှစ်ဘက်၊ ခြေဝါးနှစ်ဘက်၊ နှုတ်ပေါ်း တို့သည် ချိုပ်ရည် ဟသ်ပြဒါးရည် တို့ဖြင့် ရေးသော အလားကဲ့သို့နီ၏။ ဤသည်ကားအသား၏ကောင်းခြင်းတည်း။

အရိုး၏ကောင်းခြင်း ဟူသော်ကား လက်ဆစ်,ခြေဆစ်တို့သည် ဒဆစ်မထင်၊ ဟစ်ကျုံတည်း ညီညွတ်စွာရှိ၏။ သွားတို့သည်လည်း ညီညွတ်စွာ ရှိလုံးကို သ်ကုံးထားသကဲ့သို့ ရှိ၏။ ခရုသင်းပွတ် သင်းကဲ့သို့ ဖြူစင်၏၊ စေ့စပ်၏။ ဤသည်ကား အရိုး၏ကောင်းခြင်းတည်း။

အရွယ်၏ကောင်းခြင်း ဟူသော်ကား သားတစ်ကိုပ်ပင် ဖွားပြီးသော်လည်း သားတစ်ယောက်မိုင်ကဲ့သို့ ဖြစ်ခြင်းသည် အရွယ်၏ကောင်းခြင်းတည်း။

ထိုဝိသာခါဒါယိကာမကားဤသို့ဆိုအပ်ခဲ့ပြီးသော ကောင်းခြင်းငါးပါးတို့နှင့်ပြည့်စုံ၏။ အသက်တစ်ရာ့နှစ်ဆယ်တိုင်အောင်ပင် သား,မြေး,မြစ် တို့နှင့် အရွယ်သုည်အဟူတူပင်ရှိသဖြင့် မဂ်လာရှိသောမိန်းမဟူ၍ အမျိုးပင်သမုတ်၏။ ထိမ်းမြားမဂ်လာ ရှိသော်ရင်း၊ အလှကြီးပေါ်သော်ရင်း၊ အခန်းအပ်မဂ်လာဆောင်သော်ရင်း ဝိသာခါကိုခေါ်၍ ကျေးမွေးကြကုန်၏။

အဘယ့်ကြောင့် ထိုဝိသာခါ ဒါယိကာမသည် ဤသို့သောလက္ခဏာ၊ ဤသို့သောဘုန်းပညာ၊ ဤသို့သောစည်းစိမ်ဆွမ်းသာကိုရသနည်းဟူမူကား ရှေးဘဝက အဝတ်,သက်နှံး,ဆွမ်း,ဆေးပေးလှူဖူးသောကြောင့်လျှင်တည်း။ သက်နှံးလှူကုန်သော်လည်း အစေ,အစုံ ချင်ရန်ဆည်, ချစ်ရန်အပ်, ဆိုးရန်ပိန်ခဲ့, သက်နှံးချပ်သောအခါလည်း ကွမ်း, ဆေးအစုံ လှူဖူးသည်တည်း။ ထို,ကြောင့် ယခုအခါ ဒါယကာ-ဒါယိကာမ တို့သည်လည်း ဝိသာခါ ဒါယိကာဆေကို မြည်ဖွယ်လိုသည် ရှိသော် ဆုတောင်းမ္ပ ဝိသာခါဒါယိကာမ လှူသကဲ့သို့ လှူရာ၏။

ထိုဝိသာခါဒါယိကာမ၏အကြောင်းကို အကျယ်ဆိုသော် များသေး၏။ အကျဉ်းကိုဆိုသတည်း။ သာမည်အကျယ်ဆိုသော်ကား၊ ဗိမ္ဗိသာရမင်းကြီး နိုင်ငံ၌ သူဌေးငါးယောက် ရှိသတည်း။ သူဌေးငါးယောက် ဟူသည်ကား၊ ဇောတိက, ဇဋိလ, မေဏ္ဍက, ပုဏ္ဏ, ကာကဝလ္လိယ ဟူ၍ ငါးယောက်ရှိသတည်း။ ဤသူဌေးကြီးငါးယောက်တို့ကား အတိုင်းမသိသော စည်းစိမ်ချမ်းသာရှိကုန်၏။ ဗိမ္ဗိသာရမင်းနှင့် ပဋေယနဒီကောသလမင်းကား သားမီးယောက်ဖဖြစ်ကြ၏။ ငါ့ယောက်ဖ ဗိမ္ဗိသာရမင်းကား သူဌေးငါးယောက် ရှိလေ၏။ ငါ့မှာသူဌေးတစ်ယောက်မျှမရှိ၍ငါတောင်းပါအုံ့ဟုသွားလေ၏။

ယောက်ဖဗိမ္မိုသာရ ငါ့ကိုသူဌေးကြီးတဦး ပေးပါဟု ပဿေနဒီကောသလ မင်းကြီးကတောင်း၏။ ဗိမ္မိုသာရမင်းလည်း သူဌေးကြီးတို့ကိုပေးချေသည် ရှိသော် မြေကြီးရွှေ.သည်နှင့်အတူဖြစ်ခဲ့ရာ၏ဟူ၍ဆိုပြီးလျှင်သူဌေးကြီးတို့ကို ငါမပေးနိုင်၊ သူဌေးကြီး ငါးယောက်တို့တွင် မေဏ္ဍက သူဌေးသားကား ဓနဥ္ဇယဟူ၍ရှိ၏။ ထိုသူဌေးငယ်ကိုယူ၍သွားလေဟု ပေးလိုက်၏။ ပဿေနဒီ ကောသလမင်းလည်းယူ၍သွားလေပြီးသော် သာဝတ္ထိပြည်နှင့် ခုနစ်ယူဇနာ မျှလောက်သောအရပ်၌နေစေ၍ သွားခဲ့၏။ ထိုဓနဥ္ဇယသူဌေး၏ သမီးကြီး ကား ဝိသာခါတည်း။ သာဝတ္ထိပြည်၌မူကား ကုဋေရှစ်ဆယ်ရှိသော မိဂါရ သူဌေးဟု ရှိ၏။ ထိုသူဌေးသားကား ပုဏ္ဏဝဍ္ဎန,တည်း။ ထိုသားကို အဘ သူဌေးက ဤသို့ဆို၏။ ငါ့ချစ်သား ပုဏ္ဏဝဍ္ဎန နှစ်သက်သောသူဌေးသမီးကို ရှာ၍ အိမ်ရာထောင်လေဟုဆို၏။ သားပုဏ္ဏဝဍ္ဎနလည်း ကောင်းခြင်းငါးနှင့် ပြည့်စုံလေသောသတို့သမီးကိုရမှ အိမ်ရာထောင်အံ့ဟုဆိုပေ၏။ ငါ့ချစ်သား ပုဏ္ဏဝဍ္ဎန နှစ်သက်လောက်သောကောင်းခြင်းငါးပါးဟူသည်ကား အဘယ် နည်း ဟု မေးလေ၏။ "ကောင်းခြင်း ငါးပါး ဟူသော်ကား" ကေသ ကလျာဏ၊ ဆံ၏ ကောင်းခြင်းလည်းဘစ်ပါး။ မံသ ကလျာဏ၊ အသား၏ ကောင်းခြင်းလည်းတစ်ပါး။ အဋ္ဌိ ကလျာဏ၊ အရိုး၏ ကောင်းခြင်းလည်း တစ်ပါး။ တစကလျာဏ၊ အရေ၏ကောင်းခြင်းလည်းတစ်ပါး။ ဝယကလျာ ဏ၊ အရွယ်၏ကောင်းခြင်းလည်းတစ်ပါး ဤသို့ ကောင်းခြင်းငါးပါးနှင့် ပြည့်စုံသော သတို့သမီးကိုရမှ အိမ်ရာထောင်အံ့ ဟုဆိုပေ၏။ ထိုစကားကို ကြား၍ သူဌေးကြီးတို့ဇနီးမောင်နှံလည်း ပုဏ္ဏားချစ်ယောက်တို့ကိုခေါ်၍ ကောင်းခြင်းငါးပါးနှင့် ပြည့်စုံသော သတို့သမီးကို ရှာလေကုန်ဟု စေလိုက် ၏။ ပုဏ္ဏားတို့လည်း ရှာကြံရှာငယ်အရပ်ရပ်တို့၌ ရှာသော်မရ၍ သာကေတ ပြည်ယို့ ရောက်လေ၏။ ထိုသို့ရောက်သောအခါ သာကေတပြည်၌ ဝိသာခါ နက္ခတ်ပွဲသဘင် ဖြစ်လာသတည်း။ ထိုဝိသာခါ နက္ခတ်ပွဲသဘင်ဖြစ်သောနေ့ ၌ကား ပြင်ပသို့ မထွက်ဘူးသောသူတို့၏ သမီးတို့သည်လည်း ခြေဖြင့်သွား၍ ရေချိုးကုန်သတည်း။ ထိုအခါ၌ ဓနဥ္ဇယသူဌေးကြီး၏သမီး ဝိသာခါ ကား ရေချိုးအံ့ဟူ၍ သတို့သမီးငါးရာခြံရံလျက် မြစ်သို့သွားလေသတည်း။

ထိုသို့သွားလေသောအခါ၌ မိုးသည်းထန်စွာရွာသောကြောင့် ဝိသာခါနှင့် ပါသော သတို့သမီးငါးရာတို့သည် ပုဏ္ဏားတို့နေရာဇရပ်သို့ ဝင်လေကုန်၏။

ဝိသာခါကား သွားမြဲသွား၍ ပုဏ္ဏားတို့နေရာ ဇရပ်သို့ရောက်လျှင် ပုဏ္ဏားတို့က စကားစုံစမ်းလို၍ ဤသို့မေး၏။ သတို့သမီးနှင့်တကွပါသော ငါးရာသော အခြေအရံတို့ကား မိုးစိုစွတ်အံ့သည်ကို ကြောက်သောကြောင့် အလျင်အမြန် ဇရပ်သို့ပြေးဝင်လာကုန်၏။ သတို့သမီးကား အဘယ့်ကြောင့် အလျင်အမြန် မသွားပါသနည်းဟုမေး၏။ ဝိသာခါလည်း ပုဏ္ဏားတို့ အလျင်အမြန်သွား၍ မတင့်တယ်ခြင်းသည် လေးပါးရှိပေ၏။

"မှတင့်တယ်ခြင်း လေးမျိုး ဟူသော်ကား" အဘိသိက်မြောက်သော မင်းလာရှိသောမင်းလည်း တစ်ပါး၊ တန်ဆာဆင်ပြီးသော မင်းလာရှိသော ဆင်လည်းတစ်ပါး၊ မဟာနန်းလည်းတစ်ပါး၊ မိန်းမလည်းတစ်ပါး ဤသို့အားဖြင့် အလျင်အမြန်သွား၍မတင့်တယ်ခြင်းလေးပါးတည်း။ ထို့ကြောင့် လျင်လျင်မြန်မြန် ငါမသွားသည် ဟုဆိုပေ၏။ ပုဏ္ဏားတို့လည်း ဝမ်းသာအားရရှိလျက် ဇရပ်မှ ဗဲသွားလေ၏။ ကောင်းခြင်းငါးပါးနှင့်ပြည့်စုံသော သတို့သမီးကို တွေ့ခဲ့ရပြီဟု မိဂါရသူဌေးအား ပြောကြားပေ၏။ မိဂါရသူဌေးလည်း ချေးမကိုယူအံ့ဟူ၍ ပဿေနဒီကောသလမင်းနှင့်တကွ မျှားစွာသော စစ်သည်ဗိုလ်ပါတို့ဖြင့် ခြံရံလျက် သဒေကေတပြည်သို့ သွားကြကုန်၏။ ဓနဉ္ဇယသူဌေးလည်း မင်းကြီး အားရှိသော စစ်သည်ဗိုလ်ပါ တို့အား မျှားစွာသော ကံကျေးတို့ဖြင့် ညှော်ခံ၍ ထင်းဖုတ်စရာ မရှိသောကြောင့် ဇရပ်ဆိုးစသည်တို့ကို ဖုတ်စေသည်လည်း လခဲ့ရှိ၏။ ဇရပ်ဆိုးစသည်တို့ကို ရှာ၍ကုန်၍ မရှိလတ်သော် ပုဆိုးကျီတို့ကို ဖြုတ်ခွဲ၍ ဆီဆွတ်စေလျက် ကျွဲတို့ကို ဖုတ်စေသည်လည်း လခဲ့ရှိ၏။ ဤသို့အားဖြင့် မျှားစွာသော ကံကျေးကိုပြုပြီး ညှော်ခံပြီးမှ သမီးကို ဝတ်စိမ်သောဌာ မဟာလတ္တပသာဒ ကန်ဆောပြုလုပ်ရန် အတွက် ရွှေစင်အချိန်တစ်ထောင်ပေး၍ ပန်းထိမ် ငါးရာလို့ကို လုပ်ကြ၏။

ထိုတန်ဆာ၌သီကုံးသောကျောက်တို့သည်ကား စိန်ကျောက်လေးကွမ်းစား, ပုလဲ တစ်ဆယ့်တစ်ကွမ်းစား, သန္တာ နှစ်ဆယ့်နှစ်ကွမ်းစား, ပတ္တမြားသုံးဆယ့်သုံးကွမ်းစားရှိ၍ ပေါင်းသော် ကျောက်အချင့်သည် ရှစ်တင်းနှင့် ခုနစ်စရွတ်ရှိ၏။ ထိုမှတစ်ပါးလည်း ရတနာခုနစ်ပါးဖြင့်ပြီး၏။ ကြိုးကား ငွေဖြင့်ပြီး၏။ ကမ္ပတ်ကွင်းလည်း ငွေဖြင့်ရင်းပြီး၏။ ကမ္ပတ်သီးကားရွှေဖြင့်ပြီး၏။ ဦးခေါင်း၏အလယ်၌ကမ္ပတ်တစ်ကွင်း, နားနှစ်ဘက်၌လည်းနှစ်ကွင်း

လည်ဌာ်တကွင်း, ပုဆစ်နှစ်ဘက်ဌာ်လည်း နှစ်ကွင်း, တတောင် နှစ်ဘက်ဌာ်လည်း နှစ်ကွင်း, ခါးဌာ်လည်း နှစ်ကွင်း, ပေါင်းသော်ကား ကမ္မတ်ဆယ်ကွင်း ရှိ၏။

မဟာလတာ ပသာဓန အရုပ်ကား ဥဒေါင်းရုပ်ဖြင့်ပြီး၏။ လက္ခ်ာ အတောင်ကာ ရှေဖြင့် ပြီး၏။ တောင်ပံငါးရာရှိ၏။ လက်ဝဲ အတောင်ကား ဝဲဖြင့် ပြီး၏။ တောင်ပံငါးရာဝင်းရှိ၏။ နှုတ်သီးကား သန္တာဖြင့် ပြီး၏။ လည်ဆစ်ကား ငါးရာရှိ၏။ မြင်းခေါင်းရိုးတို့သည်လည်း ရှေဖြင့် ပြီး၏။ ဦးခေါင်းကစွပ်သော် ခြေဖမိုးတိုင်ရောက်၏။ ဝိသာခါ၏ ဦးခေါင်းထက်ဌာ် ရှိသော မဟာလတာပသာဓနတန်ဆာကား တောင်ထိပ်ထက်ဌာ် က,သော ဥဒေါင်းကဲ့တို့ ထင်လေကုန်၏။အတောင်တို့ဖြင့် ထိကြသောအသံကား နတ်တို့၏ စည်စောင်းညှင်းအသံကဲ့သို့ ထင်လေကုန်၏။ ရှေဥဒေါင်း အရှင်ကဲ့သို့ ထင်လေကုန်၏။ အပါးသို့ ချဉ်းကပ်မှ အရှင်မဟုတ်ဟု သိကုန်၏။ ရတနာခုနစ်ပါးဖြင့် ပြီးသော မဟာလတာပသာဓန တန်ဆာကို ပန်းထိမ်ငါးရာ လုပ်ရသည်ကား လေးလကြာမှပြီး၍ လက်ဝ တသိန်းပေးရ၏။ အဘိုးငွေ သော်ကား ကိုးကုဋေ ထိုက်၏။

ဤသို့ရတနာခုနစ်ပါးတို့ဖြင့်ပြီးသော မဟာလတာပသာဓနတန်ဆာကို အဘယ်သို့သော ကောင်းမှုကြောင့် ဆင်မြန်းရသနည်းဟူမူကား။ ထိုဝိသာခါဒါယိကာမသည် ကဿပဘုရားပွင့်တော်မူသောအခါ၌ နှစ်သောင်းသော အရှင်သူမြတ်တို့အား သက်နှိုးလှူဘူးသော အကျိုးကြောင့် မဟာလတာပသာဓန တန်ဆာကို ဆင်မြန်းရသည် ဟူ၏။ သက်နှိုးလှူဘူးသော ဒါယိကာမတို့အား အဘိုးငွ ကိုးကုဋေထိုက်သော မဟာလတာပသာဓန တန်ဆာကို ဆင်ရအံ့ဟူသတည်း။ ဒါယကာယောကျ်ားတို့အား တန်ခိုးဖြင့် ပြီးသော သပိတ်သက်နှိုးတို့သည် ဖြစ်လာသဖြင့် ဧဟိ ဘိက္ခု ရဟန်းဆုပြည့်စုံသည်ဟူ၏။ ဤသို့ မဟာလတာပသာဓနတန်ဆာကို ဆင်ပြီးလျှင် မိဂါရသူဌေးအိမ်သို့ လိုက်သောအခါ ဝိသာခါကို ပေးလိုက်သော ဥစ္စာတင်သော လှည်းတို့သည်ကား အသပြာလှည်းငါးရာ, ရွှေအိုးဖြင့် ပြည့်သော လှည်းငါးရာ, ငွေအိုးဖြင့်ပြည့်သော လှည်းငါးရာ, ပိုးချည်ပုဆိုးတို့ဖြင့် ပြည့်သော လှည်းငါးရာ, ကောပတ်အိုးတို့ဖြင့်ပြည့်သောလှည်းငါးရာ, ဆီအိုးတို့ဖြင့်ပြည့်သော လှည်းငါးရာ, သလေးဆန်တို့ဖြင့်ပြည့်သော လှည်းငါးရာ, ထွန်သံထွန်သွားတို့ဖြင့် ပြည့်သော လှည်းငါးရာ, ပေါင်းသော် လှည်းကား လေးထောင်

ရှိ၏။ ထမင်းစားသောအခါ အလုပ်အကျွေးပြုလုပ်ရန် ရေချိုးသောအခါ ချေးတွန်းရန် သမီးကညာ တစ်ထောင့်ငါးရာ ပေးလိုက်၏။ နွားခြံကိုဖွင့်၍ အလျားသုံးဂါဝုတ်စည်ကြီးသုံးတန်ရှိသော အနံ့ကားတဉ္ဍာဘသောအရပ်၌ အပြည့်ထည့်ပြီးသော မျှားစွာသော နွားတို့ကို ပေးလိုက်၏။ ထိုသို့ပေးလိုက်ပြီးနောက် ခြံကိုလွှားခုန်၍ ထွက်လေသော အားရှိသော နွားတို့ကား ခြောတ်သောင်းတည်း။ ခြံကိုလွှားခုန်၍လိုက်သောအားရှိသော နို့ညစ်နွားမတို့လည်း ခြောက်သောင်းတည်း။ အားရှိသော နွားငယ်လည် တဉ္ဍာဘတည်း။ ဤသို့မနှိုင်ဘဲ ခြံကို လွှားခုန်၍ လိုက်သော နွားအားပါင်းကား တသိန်းနှစ်သောင်းနှင့် တဉ္ဍာဘရှိ၏။ အဘယ်သို့သော ကုသိုလ်ကောင်းမှုကို ပြုဘူးသောကြောင့် တားမြစ်ရှိ မနှိုင်အောင် နွားများလိုက်လေသနည်း ဟူမူကား၊ ကဿပမြတ်စွာဘုရား ပွင့်တော်မူသောအခါ ကိုကိမင်း၏သမီး ခုနစ်ယောက်တို့ဘင် ဤဝိသာခါသည်ကား သယ်ဒါသိ အမည်ရှိသော မင်းသမီးငယ်ဖြစ်၍ နှစ်သောင်းသော အရှင်သူမြတ်တို့အား ငါးပါးသော နွားနို့အရသာကို လှူဘူးလေ၏။ ထိုအရှင်နှစ်သောင်းတို့အား နွားနို့အရသာကို လှူသောအခါ တန်ပြီဟူ၍ မြစ်သော်လည်း ဤအရသာကား ကောင်းပါသေး၏ ဘုဉ်ပေးတော်မူပါဦးလော ဟု နှုတ်မြွက်၍လှူဘူးသော ကြောင့် တားမြစ်၍မနှိုင် နွားများသည် ခြံကိုခုန်လွှား၍ လိုက်လေသည်။ ဤသို့များစွာသော ဥစ္စာကို ပေးပြီးမှ မိဂါရသူဌေးသားကို အပ်လိုက်သော အခါ ဝိသာခါကို အဖသူဌေးသည် ဤသို့ဆုံးမလိုက်၏။

ချစ်သမီး အတွင်းဟမ်းကို ပြင်သို့မသုတ်နှင့်၊ ပြင်ပဟမ်းကို အတွင်းသို့ မသွင်းအပ်၊ ပေးသောသူအား ပေးအပ်၏၊ မပေးသောသူအားလည်း မပေးအပ်။ ပေးတို့ရာတာ်သောအမျိုး ပေးတို့မရာတာ်သောအမျိုး, အဓိနှင့်တူသော ယောကျ်မကို ခမောင်းအပ်၏။ ယောကျ်မ ဓိနှိုးမသူ, ယောကျ်မ ယောကျ်ားသူ, မိမိခင်ပွန်းကိုလည်း အရိုအသေ လုပ်ကျေးအပ်၏။

ဤသို့လျှင် ဆယ်ပါးသော ဆုံးမခြင်း တို့ဖြင့် ဆုံးမပြီးမှ သူကြွယ်ရှစ်ယောက်တို့ကို ခေါ်၍ သမီးကို အပြစ်အလျောက် ဆုံးမလေတော့ ဟု ဆိုပြီးလျှင် သူကြွယ်ရှစ်ယောက်တို့ကို ပေးလိုက်၏။ နန္ဒင်းဘုံ၊ ဟူ၍လည်း ကုဋေ လေးဆယ်တို့ကို ပေးလိုက်သေး၏။ ထိုသို့ပေးပြီး ဆုံးမပြီးမှ

မဟာလတာပသာဓနတန်ဆာကိုဆင်၍ မိဂါရသူဌေးအား အပ်လိုက်လေ၏။ ထိုသို့အပ်လိုက်သောအခါ တစ်ဆယ့်လေးရှာသော အရပ်တို့၌ စည်လည်စေ၏။ "အကြင်သူသည် ငါ့သမီးနောက်သို့ လိုက်ကုန်၏၊ ထိုသူတို့သည် လိုက်စေသတည်း" ဟု စည်လည်စေ၏။ တစ်ဆယ့်လေးရှာ၌နေသော သူတို့လည်း လိုက်လေကုန်၏။ မိဂါရသူဌေးကား ခပ်သိမ်းသောလူဘို၏ နောက်မှလိုက်လေသည် ဖြစ်သောကြောင့် မျှားစ္ဆာသောလူမျှားတို့ လိုက်သည်ကိုမြင်၍ ဤလူမျှားကို အဘယ်သူကြယ်သည် ကျေးမွေးနိုင်အံ့နည်းဟု တုတ်, လှံ, တံ, ဓားဖြင့် ပစ်ခတ်ပြီးသော် လိုရုံသာခေါ်၍ ဝိသာခ'နှင့်တကွ သားတို့ပြည်သို့ရောက်ပြီးသော် မြင့်မြတ်စွာနေလေ၏။ ဝိသာခါ၌ သားမြေးဖွားမြင်လေသည်ကား....

ဝိသာခါယ ဝိသတိ ပုတ္တာ၊ နေတ္တာစ စတ္တာရောသတာ။
အပနေတ္တာ အဋ္ဌသဟဿာနိ၊ ဇမ္ဗုဒီပေသု ပါကတောဝ။ ။

ဝိသာခါယ၊ ဝိသာခါ၏။ ပုတ္တာ၊ သားတို့သည်ကား။ ဝိသတိ၊နှစ်ကျိပ်တို့တည်း။ နေတ္တာစ၊ မြေးတို့သည်ကား။ စတ္တာရောသတာ၊ လေးရာတို့တည်း။ အပနေတ္တာစ၊ မြစ်တို့သည်လည်း။ အဋ္ဌသဟဿာနိ၊ ရှစ်ထောင်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဇမ္ဗုဒီပေသု၊ ဇမ္ဗုဒီပါကျွန်းတို့၌။ ပါကဋော၊ ထင်ရှား၏။

ဌင်းဂါထာအရ သားနှစ်ကျိပ်, မြေးလေးရာ, မြစ်ရှစ်ထောင်, အသက်တစ်ရာ့နှစ်ဆယ်ရှိ၏။ ဆံဖြူတစ်ပင်မျှရောက် အသက်တစ်ဆယ့်ခြောက်နှစ်အရွယ်ကဲ့သို့ရှိ၏။ သား,မြေး,မြစ်အပေါင်း ခြံရံလျက် ကျောင်းတော်သို့သွားလေသော် ဝိသာခါကားဟာယ်သူနည်းဟုမေးကြကုန်၏။ထိုဝိသာခါ ဒါယိကာမကား ဆင်ပြောင်ငါးစီးအားကို ဆောင်နိုင်၏။ ကျွန် မပြည့်ဝလည်း ဆင်ပြောင်ငါးစီးအားကိုဆောင်နိုင်၏။ ထိုကျွန်မ ပြည့်ဝသော်လျှင် မဟာလတာပသာဓနတန်ဆာကိုရှက်နိုင်၏။ ပြည့်ဝမှ တစ်ပါးသောသူတို့သည် မရှက်နိုင်၊ လှည်းနှင့်သာတင်ရသတည်း။ အခါတစ်ပါး ကျောင်းတော်သို့သွားလေသော် ကျောင်းတော်၌ ပေ,လျှော့ကျန်ခဲ့၍ အရှင်အာနန္ဒာ ကိုင်ထားကြောင့် ရောင်းသော်လည်း ဝယ်သူမရှိရကား ဝိသာခါသည်လည်း

အဖိုးငွေကိုးကုဋေပေးမှ ကျောင်းကိုဆောက်လိုသောကြောင့် ကျောင်းယာမြေဖိုး ပေးသည်ကားကိုးကုဋေ၊ ကျောင်းကိုဆောက်သည်ကား ကိုးကုဋေ၊ ထိုသို့ ကျောင်းကိုလှူဒါန်းပြီးသော် သုံးလတိတ်လုံး ကျောင်းခွဲ ဘုရား အမှုရှိသော သံဃာတော်တို့အား အလှူကြီးပေးမှ အဆုံးစွန်သောနေ့ခွဲ သက်နှံးတစ်စုံစီဆက်ဂပ်လှူဒါန်းလေ၏။ အဆုံးစွန် လှူဒါန်းသော သက်နှံးကား အဖိုးတစ်သိန်း ထိုက်၏။ ကျောင်းနှင့်မပေါ်ဘဲ လှူသည်လည်း ကိုးကုဋေ ပေါင်းသော် နှစ်ဆယ့်ခုနှစ်ကုဋေလျှင်ကုန်သည်ဟူသတည်း။ ဤသို့ ကျောင်းလှူ၍ မျှားစွာသောအလှူကြီးကိုပေးပြီးမှ ညခုမ်းသောအခါ၌ သား, မြေးမြစ်, တို့ ခြံရံလျက် ငါ ဆုတောင်းတိုင်း ပြည့်စုံပြီတကားဟု အလွန် ဝမ်းမြောက်သဖြင့် ကျောင်းသို့လည်၍သီချင်းဆိုပြီးလက်ရှက်လည်၍ဂ၏၊ ထိုသို့ ကျောင်းကိုလည်၍ သီချင်းဆိုပြီး လက်ရှက်လည်၍ ကလုက် သွားသည်ကို တပည့်ရဟန်းတို့မြင်လျှင် အရှင်ဘုရား ယခု ဝိသာခါ ဤသို့သောအမှုကို ပြုသည်ကား ရူးဘိသလောဟု နားတော်လျှောက်ကြလေကုန်၏။ ဘုရားရှင်က ချစ်သားတို့ ခွဲ၍ပြုသည်မဟုတ်၊ ကမ္ဘာတစ်သိန်းက တောင်းအပ်သော ဆုသည် ငါ၌ ပြည့်ပြီတကားဟု ဝမ်းမြောက်၍ ပြုသည်ဟု မိန့်တော်မူ၏။ ထိုမှတစ်ပါးလည်း မြတ်စွာဘုရားသည် ဤသို့ တရားဟောတော်မူ၏။

ယထာပိ ပုပ္ဖရာသိမှာ၊ မာလာကာရော မာလာကုသေ ဗဟူ။
ဧवံ ဇာတေန မစ္စေန၊ ကတ္တဗ္ဗံ ကုသလံ ဗဟုံ။ ။

ဘိက္ခဝေ၀၊ ရဟန်းတို့။ ဆေကော လိမ်မာသော။ မာလာကာရော၊ ပန်းသည်သည်။ ပုပ္ဖရာသိမှာ၊ ပန်းစုမှ။ ဗဟူ၊ မျှားစွာသော ပန်းတို့ကို။ ဂဟေတွာ၊ ယူ၍။ မာလာကုလေ၊ ပန်းကုံးတို့ကို။ ကရေယထာ၊ ပြုသကဲ့သို့။ ဧवံ တထာ၊ ထိုအတူလျှင်။ ဇာတေန၊ ဖြစ်ပြီးသော။ မစ္စေန၊ သတ္တဝါသည်။ ဗဟုံ၊ များသော။ ကုသလံ၊ ကုသိုလ်ကောင်းမှုကို။ ကတ္တဗ္ဗံ၊ ပြုအပ်၏။ ဧဒ သနာ ဝသာနေ၊ ဤရုပ်ဟောတော်မူသည်၏ အဆုံး၌။ ဗဟူ၊ မျှားစွာသော သူတို့သည်ကား။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်မြဲလေကုန်ပြီ။

မှတ်ချက်။ ။ငါတို့မြတ်စွာဘုရား လက်ထက်တော်တွင်၊ မဟာလတေးပမာသာ ခန **တန်**ဆောကို ဆင်ရသောသူကား သုံးယောက်တည်း။ သုံးယောက် ဟူသည်ကား၊ သာကေတပြည်ဝယ်ခနဋ္ဌယာသူဌေးကြီး၏သမီးဝိသာခါလည်းတစ်ယောက်

ကုသ ိန္ဒာရုံပြည့်ဝယ် မလ္လာမင်းသမီး မလ္လိကာဒေဝီဖုရားလည်းဘစ်ယောက်၊ ဗာရာဏသီ သူဌေးသမီးပေည်းတစ်ယောက် ဤသို့အားဖြင့် သုံးယောက်လျှင်ဘည်း။
သက်နှိုးလှူ။ ရသေဘာကျိုး-ဝိသာခါဝတ္ထု ပြီး၏။

ရတနာ ၇-ပါး၊ ရတနာ ၁၀-ပါးကို ပြဆိုခြင်း

သုဝဏ္ဏရတနာမုတ္တာက၊ မဏိဝေဠုရိယာနိ၀၊ ဝဇိရဥ္စပ၀ါလဉ္စ၊ သတ္တာတိ ရတနာနိမေ။ ။ရွှေ, ငွေ, ပုလဲ, သန္ဓာ, ပတ္တမြား, ကျောက်မျက်ရွှဲ, ဝဇိရစိန်, ရတနာ ခုနစ်ပါတည်း။ ။မုတ္တာစမဏိဝေဠုရိယာ၊ သခေါ်သီလာပ၊ ၀ါဠံရဇတဥ္စဟေမံ၊ လောဟိတကဥ္စမဃာ၀ရကလ္ပံ၊ ဒဘောတေဓိရာ ရတနာနိ စညာ။ ။ပုလဲ, ပတ္တမြား, ကျောက်မျက်ရွှဲ, ခရုသင်း, ကျောက်သလင်း, သန္ဓာ, ရွှေ, ငွေ, ပတ္တမြားနီ, ပတ္တမြားပြောက် ဤကား-ရတနာ ဆယ်ပါးတည်း။ ဤကားသက်နှိုးအကျိုးနှင့်တကွ ရတနာခုနစ်ပါး၊ ရတနာဆယ်ပါး သရုပ်ကား ပြီး၏။

ရတနာ ၇-ပါး၊ ရတနာ ၁၀-ပါးကို ပြဆိုခြင်းပြီး၏။

ဆွမ်းလှူရသည့်အကျိုးကို ပြဆိုသော ပဇ္ဇောဒနမဇ္ဈေ ဝတ္ထု

ဤကမ္ဘာမှသည် ကမ္ဘာတသိန်းထက်၌ ပဒုမ္မုတ္တရ မြတ်စွာဘုရား လက်ထက်တော်တွင် သူဆင်းရဲ တယောက်သည် ထင်းရှောင်း၍ ရသော ဆန်တခွက်ကိုချက်၍ တောသို့ထင်းခွေမည်ဟု သွားလေ၏။ ထိုအခါ အမျှင်တည်းသည် ဆွမ်းခံမည် လာလတ်သည်ကို ခရီးအကြားတွင် တွေ့ဒလသော်၊ ထို အမျှင်ကို သစ်ပင်ရင်းသို့ပင့်၍ သီဘင်းသုံး နေစေပြီးလျှင် မိမိစားရန် ထမင်းထုပ်ကို ထိုအမျှင်၏ သပိတ်တွင်ထည့်၍ ကပ်လှူပြီးလျှင် အမျှင်ဘုရားအား တပည့်တော်သည် စားအုံ့ဟုယူခဲ့သော အစာကိုမစားဘဲ လှူရသော အကျိုးအားဖြင့် နောင်ဘဝဆက်တိုင်း အကျွန်ုပ်၏ ပစ္စည်းပရိက္ခရာတို့သည် မရေတွက်နိုင်အောင် ပေါများသည် ဖြစ်စေသော၊ အဆုံးစွန်၌လည်း မဂ်,ဖိုလ် နိဗ္ဗာန်ဆုတို့နှင့် ပြည့်စုံပါလိုသောဟု ဆုတောင်းပတ္ထနာပြု၏။ ထိုထင်းခွေ

ယောကျ်ားသည် ထိုကိုယ်၏ အဖြစ်မှ ဒေသလွန်ခဲ့လေသော် နတ်ပြည်၌ပင် ဖြစ်လေ၏။ သိကြားမင်းကြီးအဖြစ် သုံးဆယ့်ခြောက်ကြိမ် ဖြစ်လေ၏။ စကြာဝဠာတေးမင်းအဖြစ် နှစ်ဆယ့်ခုနှစ်ကြိမ် ဖြစ်ခဲလေ၏။ ဧကရာဇ်မင်း-ပဒေသရာဇ်မင်းအဖြစ်သော်ကား မရေမတွက်နိုင်အောင် ဖြစ်လေ၏။ ကမ္ဘာတသိန်းတိုင်အောင် အပါယ်လေးပါးမလားဘဲ ငါတို့မြတ်စွာဘုရား လက်ထက်တော်တွင် လူဖြစ်ပြန်၍ ရဟန္တာအဖြစ်သို့ ရောက်လျှင် မိမိ လှူခဲ့ဘူးသော ဆွမ်းအကျိုးကို ပရိသတ်တို့အား ဟောတော်မူလို၍ ဤသို့ဂါထာကို ရွတ်ပေ၏။

နဂရေ ဟံသာဝတိယံ၊ ကဋ္ဌကာရော ပုရေအာသိ။
ပိဏ္ဍပါတံ အဒါသဟံ၊ ပိဏ္ဍပါတိက ဘိက္ခုနော။
တေနကမ္မေန သုကတေန၊ စေတနာပဏိဓိဟိစ။ ။
ဇဟိတ္မာ မာနုသဒေဟံ၊ တာဝတိံ သံ အာ စ္ဆတိ။
ဆတ္တိံ သကွတ္တုံ ဒေဝိန္ဒော၊ ဒေဝရဇ္ဇ မကာရယိ။ ။
သတ္တဝိသတိကွတ္တုံ စ၊ စက္ကဝတ္တိ အဟောသဘံ။
ပဒေသရဇ္ဇံ ဝိပုလံ၊ ဂဏနတော အသင်္ခယံ။ ။

နဒီသောတပဋိဘာဂါ၊ ဘောဂါ မမ ပရိနာမေတုံနာသက္ခိ။
ပတ္ထောဒနသိ ံ ဒံ ဖလံ၊ ဣဒံ ခါဒ ဣဒံဘုဥ္ဇ၊ ဣမမ္ပိ သယနေ
သယ၊ သဗ္ဗတ္ထ ပူဇိတောဟောမိ၊ ပတ္ထောဒနသိ ံ ဒံ ဖလံ၊
သတသဟဿေ ဣတော ကပ္ပေ ယံကမ္မံ အကရိ တေန
ကမ္မေန၊ ဒုဂ္ဂတိ နာဘိဇာနာမိ၊ ပတ္ထောဒနသိ ံ ဒံ ဖလံ။
ကိလေသာစ္ဆိတာမယ္ခံ၊ ဘဝါသဗ္ဗသမ္ပဟာ။ နိ၊ဂေါ ် ဝ
ဗန္ဓနံဆေတ္ဝာ၊ ဝိဟရာမိ အနာသဝေါ ် တိ။

အဟံ၊ ငါသည်။ ဟံသာဝတိယံနဂရေ၊ ဟံသာဝတီပြည်၌။ အဋ္ဌကာရော၊ ထင်းခွဲယောကျ်ားသည်။ ပုရေ၊ ရှေး၌။ အာသိ၊ ဖြစ်ခဲ့ဘူးပြီ။ ပိဏ္ဍပါတိကဘိက္ခုနော၊ ပိဏ္ဍပါတ် ဆောက်တည်သော ရဟန်းအား။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ အဟံ၊ ငါသည်။ အဒါသိ၊ လှူခဲ့ဘူးပြီ။ သုကတေန၊ ကောင်းစွာပြုအပ်သော။ တေနကမ္မေနစ၊ ထိုသို့ဆွမ်းလှူရသော ကောင်းမှုအားဖြင့်ရင်း။ စေတနာပဏိဓိဟိစ၊ စေတနာ ထက်သော အားဖြင့် ရင်း။

မာနုဿဒေဟံ၊ လူအဖြစ်ကို။ ဇဟိတ္ဝာ၊ စွန့်ပြီး၍။ တာဝတိံသံ၊ တာဝတိံ သာသို့။ အာဂစ္ဆတိ၊ ရောက်ရ၏။

ဒေဝိန္ဒော၊ နတ်တကာတို့ကို အစိုးရသော သိကြားမင်း၏အဖြစ်သည်။ ဆတ္တိံ သတ္တကၠုံ၊ သုံးဆယ့်ခြောက်ကြိမ်။ ဒေဝရဇ္ဇံ၊ နတ်မင်းကြီးအဖြစ်ကို။ အကာရယိ၊ ပြုခဲ့ဖူးပြီ။ စက္ကဝတ္တိ၊ ဗကြဝတေးမင်းအဖြစ်သည်။ သတ္တဝိသ တိကၠတ္တုံ၊ နှစ်ဆယ့်ခုနစ်ကြိမ်။ အဟံ၊ ငါသည်။ အဟောသိံ၊ ပြီ။ ဝိပုလံ၊ ပြန့်ပြောစွာသော။ ပဒေသရဇ္ဇံ၊ ပဒေသုရင်-ကေရာဇ်မင်း အဖြစ်သည်။ ဂဏနုတော၊ ဂဏန်းသင်္ချာ အားဖြင့်။ အသင်္ခယံ၊ မရေတွက်နိုင်သည်။ အဟောသိ၊ ဖြစ်ပြီ။ မမ၊ ၏။ ဘောဂါ၊ စည်းစိမ်ချမ်းသာ ကို့သည်။ နဒီ သောတာ၊ ဇိုဘာဂါ၊ မြစ်ရေအယဉ်နှင့်တူသောအဖို့ ရှိကုန်၏။ ပရိနာမေတုံ၊ သူ့ဘစ်ပါးတို့ညွှတ်စေအံ့သောငှာ။နာသက္ခိ၊မတတ်နိုင်။ကုဒံ၊ဤသို့ဖြစ်ခြင်း သည်ကား။ ပတ္ထောဒနသာ၊ တစ်ကွမ်းစားချက်သောဆွမ်းလှူခဲ့ဖူးသည်၏။ ဖလံ၊ အကျိုးတည်း။ ကုဒံ၊ ဤဝတ္ထုကို။ ခါဒ၊ ခဲဦးလော။ ကုဒံ၊ ဤဝတ္ထု ကို။ ဘုဥ္ဇ၊ စားဦးလော။ ကုမ္ဘဏ္ဍသယနေ၊ ဤအိပ်ရာနေရာ၌။ သယ၊ အိပ် ဦးလော့။ ကုတိ၊ ဤသို့။ သဗ္ဗတ္ထ၊ ခပ်သိမ်းသောအရပ်တို့၌။ ပူဇိတော၊ ပူဇော်အပ်သည်။ ဟောမိ၊ ၏။ ကုဒံ၊ ဤသို့ ဖြစ်ခြင်းသည်ကား။ ပတ္ထော ဒနသာ၊ တစ်ကွမ်းစားချက်သောဆွမ်းကို လှူဖူးသည်။ ဖလံ၊ တည်း။

ကုဒေတာ၊ ဤကမ္ဘာမှ၊ သတသဟဿတပေါ၊ ကမ္ဘာတစ်သိန်းထက်၌။ ယံကမ္မံ၊ အကြင်တစ်ကွမ်းစားချက်သောဆွမ်းလှူခဲ့ဖူ သောကောင်းမှုကို။ အကရိ၊ ပြုခဲ့ဖူးပြီ။ တေနကမ္မေန၊ ထိုသို့သောကောင်းမှုအားဖြင့်။ ဒုဂ္ဂတိံ၊ အပါယ်လေးပါးကို။နာဘိဇာနာမိ၊မသိစဘူး။ကုဒံ၊ဤသို့အပါယ်လေးပါး မလားရခြင်းသည်ကား။ ပတ္ထောဒနသာ၊ တစ်ကွမ်းစားချက်သော ဆွမ်းကို လှူခဲ့ဖူးသည်၏။ ဖလံ၊ အကျိုးတည်း။ ။ မယှံ၊ ငါ၏။ ကိလေသာ၊ ကိလေ သာတို့ကို။ ဈာပိတာ၊ ဖုတ်မြိုက်ရကုန်ပြီ။ သဗ္ဗေဘဝါ၊ ခပ်သိမ်းသော ဘဝတို့ကို။ ဆမှဟတာ၊ ကောင်းစွာ ပယ်အပ်ကုန်ပြီ။ နာဂေါ၊ ဆင်ပြောင် သည်။ ဗန္ဓနံ၊ နှောင်ဖွဲ့ခြင်းကို။ ဆိန္နတိဏ္ဏော၊ ဖြတ်သက်ဝဲသို့။ ဗန္ဓနံ၊ ကိလေ သာ၏နှောင်ဖွဲ့ခြင်း, သားမယား၏ နှောင်ဖွဲ့ခြင်း, ဥစ္စာ၏ နှောင်ဖွဲ့ခြင်းကို။ ဆေတ္ဝာ၊ ဖြတ်၍။ အနာသဝေါ၊ အာသဝေါကင်းသည်ဖြစ်၍။ ဝိဟာရामိ၊ နေရ၏။ ကုတိ၊ ဤသို့။ အဝေါစ၊ ဟောတော်မူလေပြီ။

ဤသို့ ဆွမ်းလှူခဲ့ဘူးသော အကျိုးကို ပဒေ္ဓာဒနုမထေရ်မြတ်သည်၊ ပရိသတ်အား ဟောပေ၏။ ထို ဂါထာ၏ အဓိပ္ပါယ် သော်ကား၊ ငါသည် ရှေးဘဝက ထင်းခွေယောကျား ဖြစ်၍ ထင်းဘိုးရသော တကွမ်းစားချက်သော ဆွမ်းကို ဆွမ်းခံသွားသော အမျှင်မြတ် တပါးအား လှူခဲ့ဘူးသော အကျိုးအားဖြင့် ကမ္ဘာကသိန်းတိုင်အောင် အပါယ်ခေးပါး မလားဘဲ ဖြစ်၍ သိကြားမင်းအဖြစ် သုံးဆယ့်ခြောက်ကြိမ်ဖြစ်ခဲ့ဘူး၏။ စကြဝဠာမင်းအဖြစ်သည် နှစ်ဆယ့်ခုနစ်ကြိမ်တိုင်အောင် ဖြစ်ခဲ့ဘူး၏။ ပဂျန်းလုံးကို အစိုးရသော ဧကရာဇ်မင်း၊ တကျန်းလုံးတွင် တစ်ပါတည်းကိုသာ အစိုးရသော ပဒေသရာဇ်မင်းအဖြစ်သည်ကား မရေတွက်နိုင် ဖြစ်ခဲ့ဘူးပြီ။ လူ့ဖြစ်သော်လည်း ၎င်း၏ စည်းစိမ်ချမ်းသာ တို့သည် မြတ်ဗုဒ္ဓယုဇဉ်ကဲ့သို့ ဤမျှရှိ၏ဟူ၍ မရေတွက်-မချင့်တွက်နိုင်၊ အကြင်အကြင် မင်းနှုတ်ပြည့်နိုဂုံး ဇနပုဒ်ရွာတို့သို့သွားသည်ရှိသော် ထိုထိုသော ပြည်သား, ပြည်သူ ရွာသား,ရွာသူတို့သည် ဤအဝတ်ကို ဝတ်ပါ, ဤအဘာကို စားပါ, ဤပန်းကိုပန်းပါ,ဤနံ့သာကိုလိမ်းပါဦးလောဟု ခပ်သိမ်းသော သူတို့သည် ဆိုလင့်သည်သာဖြစ်ဘူး၏။ ယခု အဆုံးစွန်သော ကိုယ်၏အဖြစ်ဌာလည်း ဘုရားသာသနာတော်ဝယ် ရဟန္တာဖြစ်၍ ခပ်သိမ်းသော ကိလေသာ, ခပ်သိမ်းသော နှောင်ဖွဲ့ခြင်းတို့ကိုဖြတ်၍ အာသဝေါကင်းသဖြင့် ချမ်းသာစွာနေရပြီ ဟူလိုသော်။ ။ ဤအထက်ပါ ဆွမ်း အကျိုးကား အပါဒါနိုက္ကမ်းဌ် လာသော သာဝကဟော ဆွမ်းအကျိုးတည်း။

ဆွမ်းလှူရသော အကျိုး-ပဒေ္ဓာဒနုမထေရ် ဝတ္ထုပြီး၏။

ဆွမ်းလှူရသည့် အကျိုးငါးပါးကို ပြဆိုခြင်း

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဆွမ်း အကျိုးသာဂုဏ်း ငါးပါးကို ဆက်၍ ပြဆိုပေဦးအံ့။

သဗ္ဗေသံ သဗ္ဗဒါနာနံ၊ အန္နပါနဉ္စ မုတ္တမံ။
ဒါတဗ္ဗံ သဗ္ဗကာမဒလသု၊ လဘတ္တိ ဟိ ပဏ္ဍိတော။ ။
အန္နံသံယမဝတ္ထာနေ၊ အဘိရူပေ မဟိဒ္ဓိကေ။
အဂ်ပစ္စုဂ်သမ္ပန္နော၊ အာရောဟပရိဏာဟဝါ။ ။

ဘဝါဘဝေ သံသရေန္တော၊ အမိတဘောဂံ လဘန္တိ။
အမိတဘောဂံ လဘိတ္ဝာန၊ ဝရံ နိဗ္ဗာနံ ပါပုဏိ။ ။
ဥတိနံ ဥတ္တမော ဟောတိ၊ ဥတိမဇ္ဈေ ဝိရောစတိ။
ယံယံဇနပဒံ ယာတိ၊ နိဂမေ ရာဇဋ္ဌာနိယေ။
သဗ္ဗတ္ထ ပူဇိတော ဟောတိ၊ အန္နဒါနဿိဒံ ဖလံ။
အာယုဝါ ဗလဝါ ဟောတိ၊ ပညဝါ ဟောတိ သုခိတော။
ဝဏ္ဏဝါ ဘောဂဝါ ဟောတိ၊ အန္နံသံဃဿိဒံ ဖလံ။ ။

ဘိက္ခဝေ၊ရဟန်းတို့။ သင်ဗျတ်သံ သဗ္ဗဒါနာနံ၊ ခပ်သိမ်းသောအလှူမျိုးတို့တွင်။ အန္နဒါန၊ ဆွမ်းဟူသော အလှူသည်ရင်း။ ပါနဒါန၊ ဟင်းအချိုဟု အလှူသည် ရင်း။ ဥတ္တမံ၊မြတ်၏။ တသ္မာ၊ ထိုသို့မြတ်သောကြောင့်။ သဗ္ဗကာလေ သု၊ ခပ်သိမ်းသောအခါတို့၌။ ဒါတဗ္ဗံ၊ ပေးလှူအပ်၏။ တေ၊ ထိုဆွမ်းလှူသော ဒါယကာ,ဒါယိကာမတို့သည်။ တိဝိဓံ၊ သုံးပါးအပြားရှိသော။ သုခံ၊ လူမင်းချမ်းသာ, နတ်မင်းချမ်းသာ, နိဗ္ဗာန်ချမ်းသာကို။ လဘန္တိ၊ ရကုန်၏။ သံဃဿ၊ အား။ အန္နံ ဆွမ်းကို။ ဒတ္ဝာန၊ လှူရသောကြောင့်။ အဘိရူပေါ၊ အလှနှင်အဆင်းလှသည်။ ဘဝေ၊ ဖြစ်ရာ၏။ မဟိဒ္ဓိကော၊ တန်ခိုးကြီးသည်။ ဘဝေ၊ ၏။ အင်ပစ္စင်သမ္ပတ္တေန္တော၊ အင်္ဂါကြီးငယ်, လက္ခဏာကြီးငယ်နှင့်ပြည့်စုံသည်။ ဘဝေ ဖြစ်ရာ၏။ အာရောဟပရိဏာဟဝါ၊ အလုံးအရပ် ညီညွတ်စွာ ပြည့်စုံသည်လည်း။ ဘဝေ၊ ၏။ ဘဝါဘဝေ၊ ဘဝကြီးငယ်၌။ သံသရေန္တော၊ ကျင်လည်ရသည် ရှိသော်။ အမိတဘောဂံ၊ အတိုင်းမသိဘသော စည်းစိမ်ချမ်းသာကို၊ လဘန္တိ၊ ရကုန်၏။ အမိဘဘောဂံ၊အတိုင်းမသိသော စည်းစိမ်ချမ်းသာကို။ လဘိတ္ဝာန၊ ရပြီး၍။ ပစ္ဆာ၊ အဆုံးစွန်သော ကိုယ်၏အဖြစ်၌။ ဝရံ၊ မြတ်လှစွာသော။ နိဗ္ဗာနံ၊ သို့။ ပါပုနိ၊ ရောက်ရ၏။ ဥတိနံ၊ အဆွေအမျိုးတို့တွင်။ ဥတ္တမော၊ မြတ်သည်။ ဟောတိ၊ ဖြစ်၏။ ဥတိမဇ္ဈေ၊အဆွေအမျိုးတို့၏ အလယ်၌။ ဝိရောစတိ၊ တင့်တယ်၏။ ယံယံဇနပဒံ၊ အကြင်အကြင်ဇနပုဒ်သို့ရင်း။ ယေယေနိဂမေ၊ အကြင် အကြင် နိဂုံးရှာတို့သို့ရင်း။ ယေယေရာဇဋ္ဌာနိယေ အကြင်အကြင် မင်းနေပြည်တို့ကို ရင်း။ ယာတိ၊ သွားအုံ့။ သဗ္ဗတ္ထ၊ ခပ်သိမ်းသောအရပ်တို့၌။ ပူဇိတော၊ ပူဇော်အပ်သည်။ ဟောတိ၊ ဖြစ်၏။ ဣဒံ၊ ဤသို့ဖြစ်ခြင်းသည်ကား။ အန္နဒါနဿ၊ ဆွမ်းလှူရသည်၏။ ဖလံ၊ အကျိုးတည်း။

အာယုဝါ၊ အသက်ရှည်ခြင်းသည်ရင်း။ ဗလဝါ၊ ခွန်အားကြီးခြင်းသည်ရင်း။ ဟောတိ၊ ဖြစ်၏။ ပညဝါ၊ ပညာကြီးခြင်းသည်ရင်း။ သုခိတာ၊ ချမ်းသာကြီးခြင်းသည်ရင်း။ ဝဏ္ဏဝါ၊ အဆင်းလှခြင်းသည်ရင်း။ ဃာဝဝ ဝါ၊ စည်းစိမ်ချမ်းသာကြီးခြင်းသည်ရင်း။ ဟောတိ ဖြစ်၏။ ဣဒံ၊ ဤသို့ ဖြစ်ခြင်းသည်ကား။ သံဃသဿ၊ သံဃာအား ဆွမ်း, လှူရသည်၏။ ဖလံ၊ အကျိုးတည်း။

ဤသို့ မြတ်စွာဘုရားသည် ဆွမ်းလှူရသည်၏ အကျိုးကို ဟောတော်မူသော ဂါထာ၏ အဓိပ္ပါယ်သော်ကား၊ ခပ်သိမ်းသောအလှူမျိုးတို့တွင် ဆွမ်းလှူသော အလှူသည်ရင်း၊ဟင်း, အဖျော်လှူသော အလှူသည်ရင်း ဖြတ်၏။ ထိုသို့မြတ်သောကြောင့်သည်း အကြင်ဒါယကာ, ဒါယိကာမ ထိုသည့် ဂါထာ ခပ်သိပ်းလှူအပ်၏။ ထိုသို့ ဆွမ်းလှူရသော ဒါယကာ, ဒါယိကာမ တို့သည် လူချမ်းသာ, နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာ ဟူသော ချမ်းသား သုံးပါးကို ခံစားကြရကုန်၏၊ ဘုရားတပည့်သား သံဃာတော်တို့အား ဆွမ်းလှူရသော ကြောင့် ဘဝဆက်တိုင်း, ဆက်တိုင်း အသက်ရှည်သည်၊ အဆင်းလှသည်၊ ခွန်အားကြီးသည်၊ ပညာကြီးသည်၊ အင်္ဂါကြီးသည်၊ လက္ခဏာကြီးပေါ်နှင့် ပြည့်စုံသည်၊ အလုံးအရပ်နှင့်ပြည့်စုံသည်. ကြီးစွာသော ချမ်းသာကိုရသည်၊ ကြီးစွာသော စည်းစိမ်းကိုရသည်၊ ကြီးစွာသော လာဘ်လာဘကို ရသည်၊ အခေါ်အမျိုးတို့ထက်မြတ်သည်၊ အဆွေအမျိုးတို့၏ အလယ်၌ တင့်တယ်ရာ၏။ အကြင်မင်းနေပြည် နိဂုံးဇနပုဒ်ရှိသို့ သွားလေသော်လည်း ထို ပြည်သူ ပြည်သား ရှိသမျှရှိသားတို့သည် ထိုဆွမ်းလှူခဲ့ဘူးသော ဒါယကာကို ပြင်လျှင် မိခင်, ဘခင် အရှင်သူကြီးတို့ ရောက်လာသကဲ့သို့ အရိုအသေ အလေးအမြတ်ပြုလင့်ကုန်၏ အဆုံးစွန်လျှင်လည်း မင်ဖိုလ် နိဗ္ဗာန်ဆုကို ပြည့်စုံစေရာ၏။

> အန္နတော အာယုတောဟောတိ၊ အန္နတော ဟောတိ ဝဏ္ဏဝါ၊ အန္နတော ဗလဝါ ဟောတိ၊ သုခိတော အန္နတော ဟောတိ၊ ပညဝါ ဟောတိ အန္နတော၊ ဧတေ ပဋ္ဌအာနိသံသေ လဘတိ အန္နဒါယကာ။

ဟူ၍ ဟောတော်မူ၏။ ။အနက်ကား။ ။အန္နတော၊ ဆွမ်းလှူရသော ကြောင့်။ အာယုတော၊ အသက်ရှည်သည်။ ဟောတိ၊ ဖြစ်၏။ အန္နတော၊

ဆွမ်းလျှူရသောကြောင့်။ အကျွန်တို့၊ အဆင်းလှသည်။ ဟောတိ၊ ဖြစ်၏။ အနှစ်တော၊ဆွမ်းလျှူရသောကြောင့်။ ဗလတို့၊ ခွန်အားကြီးသည်။ ဟောတိ၊ ဖြစ်၏။အနှစ်တော၊ကြောင့်။သုခိတော၊ချမ်းသာသည်။ဟောတိ၊ဖြစ်၏။ ဧတေ ပဋိဒါနိသံ၊သ၊ဤငါးပါးသောအကျိုးတို့ကို။ အနုဒါယတာ၊ ဆွမ်းလျှူရ သော ဒါယကာတို့သည်။ လဘန္တိ၊ ခံစားရကုန်၏။

ဤသို့ ဟောပြောမူသောကြောင့် ဆွမ်းလျှူသော အကျိုးအားဖြင့် လူတကာတို့ထက် လွန်၍ အသက်ရှည်သည်၊ ခွန်အားကြီးသည်၊ ချမ်းသာကြီး သည်၊ ပညာကြီးသည်၊ စည်းစိမ်ကြီးသည် ဖြစ်ကုန်၏။ နတ်ဖြစ်သော်လည်း နတ်တကာတို့ထက်လွန်၍ အသက်ရှည်သည်၊ အဆင်းလှသည်၊ ခွန် အားကြီးသည်၊ ချမ်းသာကြီးသည်၊ ပညာကြီးသည်၊ စည်းစိမ်ကြီးသည်၊ ကိုယ်ရောင် တန်ဆာရောင် ထွန်းတောက်ပသည် ဖြစ်ရာ၏။ ဆွမ်းလှူသော ဒါယကာကယောကျား, ဒါယိကာမိန်းမတို့သည် ဆုမဒတောင်းဘဲ ငါးပါးသော အကျိုးကိုရရာ၏။ ငါးပါးသော အကျိုး ဟူသော် ကား၊ အသက်ရှည် ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, ခွန်အားကြီးခြင်း, ပညာကြီး ခြင်း, ဤငါးပါးတည်း။ အဘယ်ကြောင့် ဤအကျိုး ငါးပါး တို့ကို ဆုမတောင်းဘဲ ရရာသနည်းဟူမူကား၊ ဆွမ်းနှင့် ကင်း၍ အသက်ရှည်အံ့ သောငါ့ကို ပတ်တော်တောင်းသောကြောင့် ဆွမ်းလှူသောသူတို့သည် အသက်ကို လှူသည်မည်၏။ ထိုသို့ အသက်ကို လှူသည် မည်သောကြောင့် ဆုမဒကောင်း ဘဲနှင့်ပင် အသက်ရှည်ကုသည်။ အဘယ်ကြောင့် အဆင်းကို ဆုမဝတောင်း ဘဲ ပြည့်စုံရာသနည်းဟူမူကား၊ ဆွမ်းနှင့်ကင်းရှိ အလှူးအသား အဆင်း အဝါ ကိုပန်ဦးသောကြောင့် ဆွမ်းလှူရသော သူတို့သည် အဆင်းကိုလှူ သည်မည်၏။ ထိုသို့ အဆင်းကို လှူသည်မည်သောကြောင့် နောင်သောအခါ အဆင်းလှပါလိုမူ၏ဟု ဆုမတောင်းဘဲပင် အဆင်းလှရာ၏။ အဘယ်ကြောင့် ချမ်းသာကို ဆုမတောင်းဘဲပင် ပြည့်စုံသနည်းဟူမူကား၊ ဆွမ်းကို စားရမှ အိပ်ခြင်း, နေခြင်း, အစရှိသော ဣရိယာပုထ်လေးပါး မျှတနိုင်သောကြောင့် ဆွမ်းလှူရသောသူတို့သည် ချမ်းသာကို လှူသည်မည်၏။ ထိုသို့ ချမ်းသာကို လှူရသည် မည်သောကြောင့် နောင် ဘဝဆက်တိုင်း, ဆက်တိုင်း ကိုယ်၏ ချမ်းသာခြင်း, စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံလိုမူ၏ဟု ဆုမတောင်းဘဲပင်

ပြည့်စုံရာသည်။ခွန်အားကိုအာဘယ်ကြောင့် ဆုမတောင်းဘဲ ပြည့်စုံရာ သနည်း ဟူမူကား၊ဆွမ်းမစားရသဖြင့် တမ်းခြင်း, ပိုးခြင်း, ခပ်သိမ်းသော အမှုတို့ကို လုပ်ဆောင်ခြင်းဌာ မစွမ်းနိုင် ဆွမ်းစားရမှ စွမ်းနိုင်သည် ဖြစ်သောကြောင့် ဆွမ်းလှူရသောသူတို့သည် ခွန်အားကို လှူသည်မည်၏။ ထိုသို့ ခွန်အားကို လှူသည်မည်သောကြောင့်ဆုမတောင်းဘဲပင်ခွန်အားကြီးရာသည်။ပညာကို ဆုမတောင်းဘဲပင် ဆွမ်းလှူသော် အဘယ်ကြောင့် ပြည့်စုံရာသနည်းဟူမူ ကား၊ ဆွမ်းစားရမှ စာသင်ခြင်း, စာအံခြင်း, သရဇ္ဈာယ်ခြင်း, ကြံခြင်း, စည်ခြင်း, ပရိတ်ဓမ္ဓာ ဘာဝနာ စီးဖြန်းခြင်းဌာ စွမ်းနိုင်သည် ဖြစ်သော ကြောင့်၊ဆွမ်းလှူသော ဒါယကာတို့သည်ပညာကိုလှူသည်မည်၏။ထိုကြောင့် ဆွမ်းလှူသောသူတို့သည် ဆုမတောင်းဘဲပင် ပညာကြီးသည် ဖြစ်ရာ၏။ ဤ ငါးပါးမှ တပါးသော ဆုသော်ကား ဒေဝေါင်းမှသာ ပြည့်ရာ၏။

ဆွမ်းလှူခြင်းသည်လည်း၊ကာလဒါန,အကာလဒါနဟူ၍နှစ်ပါးအပြား ရှိ၏။ ထိုနှစ်ပါးတို့တွင် အကာလဒါန အလှူထက်လည်း ကာလဒါနအလှူ သည် အကျိုးကြီး၏။ ကာလဒါနအလှူ ဟူသည်ကား မွတ်သိပ်သော အခါ သည်ရင်း, နာသောအခါသည်ရင်း, သက်နှံးချုပ်သောအခါသည်ရင်း, ခရီး ရောက်သောအခါသည်ရင်း, အခါသမယဌာရင်း၊ လှူအပ်သော ဆွမ်းသည် အကျိုးကြီးမြတ်၏ သာလွန်၏ ဟူ၍ ဟောတော်မူပေ၏။ ထိုကြောင့် ချမ်းသာသုံးပါးကို အလိုရှိသော ဒါယကာယောကျ်ား-ဒါယိကာ မိန်းမ တို့သည် သဒ္ဓါကြည်ညိုစွာ လိုသောဆုကို တောင်းကုန်လျက် ဆွမ်း ဟင်း ခဲဘွယ် ဘောဇဉ်အဖျော်တို့ကို လှူကုန်ရာ၏။ ဆွမ်းလှူဘူးသောကြောင့် လူ မင်းစည်းစိမ်ကိုခံစား၍ မဂ်, ဖိုလ်, နိဗ္ဗာန် ချမ်းသာကို ရကုန်သော ဝတ္ထု သက်သေကိုဆိုသော် မျှားလှစွာ၏။

မေဏ္ဍကသူဌေး၊သုမနသူဌေး၊ကာကဝလ္လိယသူဌေး၊စိတ္တသူကြွယ် အစ ရှိသော သူတို့၏ဝတ္ထုကို မှီ၍သိရာ၏။ ကျယ်လွန်းမည်ကိုစိုး၍ မထည့်လိုက် သည်။ အကျယ်ကိုလိုလျှင် ဓမ္မပဒကျမ်းမှာ ကြည့်ကြလေ။

ဆွမ်းလှူရသော အကျိုးငါးပါး ပြီး၏။

ယာဂုလ္ဘရသည့် အကျိုးကို ပြဆိုသော ပုဏ္ဏားဝတ္ထု၊

ငါတို့မြတ်စွာဘုရားသည် ဗာရာဏသီပြည်၌ အလိုတော်နှင့် အလျောက်နေတော်မူသောအခါ၊ ဗာရာဏသီပြည်မှသည် အနှီကဝိန္ဒမြို့သို့ တထောင်နှင့် ငါးကျိပ်သော တပည့်အပေါင်းနှင့်တကွ ကြွသွားတော်မူ၏။ ထိုသို့ကြွသွားတော်မူသောအခါ၌ ဇနပုဒ်တွင်နေကုန်သော ဒါယကာယောကျ်ား ဒါယိကာမိန်းမတို့သည် မျှားစွာသော နွမ်းဆီ,ပျား,သကာ,မုံ့ခဲဘွယ်,ဆားနှင့် ဆီ,တင်လဲတို့ကို လှည်းနှင့် တင်၍ ဘုရားအမှူးရှိသော သံဃာတော်တို့ကို ဆွမ်းခံတွယ်, ယာဂုတို့ဖြင့် လုပ်ကျွေးကုန်အံ့ဟူ၍ နောက်တော်ဝယ် အစဉ်လိုက်ကြကုန်၏။ တယောက်တနေ့လှည့်၍ လုပ်ကျွေးကြကုန်၏။ထိုသို့ အစဉ်အတိုင်း လိုက်၍ လုပ်ကျွေးသော်အခါ ပုဏ္ဏားတယောက်သည် ဤသို့အကြံဖြစ်၏။ ငါကား-မြတ်စွာဘုရားနှင့်တကွ သံဃာတော်တို့ကို လုပ်ကျွေးအံ့ဟူ၍ နောက်တော်သို့ လိုက်လာခြင်းသည် နှစ်လရှိပြီ ယခုတိုင်အောင် ငါ့အလှည့်သို့မရောက်ပါသေး၊အလှည့်ရောက်အောင်ဆိုင်းငံ့သော် ကြာတော့မည်ဟူ၍ သူမျှားကျေးရာတွင် မပါသော ခဲဘွယ်ယာဂုကိုကြည့်ရှုပြီး ငါလျှုတော့မည်ဟု အကြံရှိ၍ မိမိကြံသော အတိုင်း အရှင်အာနန္ဒာကို ပြန်လျှောက်ပေ၏။ အရှင်အာနန္ဒာလည်း ပုဏ္ဏား ကောင်း၏ ကြံသင့်၏ဟု မိန့်တော်မူ၏။ ထိုပုဏ္ဏားသည် ကနေ့သောနေ့တွင် ဆွမ်းကျွေးရာ၌ ယာဂုကို ၎င်း,ပျားဆုပ်မှုံကို၎င်း မပါသည်ကိုမြင်မိ၍ မိမိသည် ယာဂုကိုချက်၍ ဆွမ်းမဘုဉ်းပေးမီ ယာဂု,ပျားဆုပ်မှုံကို မြတ်စွာဘုရားကစ၍ သံဃာတော်အားအစဉ်အတိုင်း ကပ်လှူ၏ မြတ်စွာဘုရားလည်း ယာဂုဘုန်းပေးပြီးလျှင် အနုမောဒနာပြု၏။

ဒသိ,မေဗြဟ္မဏ အာနိသံသာ ယာဂုယာ ကတမေဒသယာဂုံ ဒေန္တော အာယုံ ဒေတိ ဝဏ္ဏံ ဒေတိ၊ သုခံ ဒေတိ၊ ဗလံ ဒေတိ၊ ပဋိဘာနံ ဒေတိ၊ ယာဂုပိတာ ခုဒ္ဒ ပရိဟာနတိ၊ ပိပါသံဝိနေတိ၊ ဝါတံ အနုလောမေတိ၊ ဝတ္ထိ သောဓေတိ၊ အာမာဝသေသံ ပါစေတိ၊ ဣမေခေါ ဗြဟ္မဏဒသာ,နိသံသာ ယာဂုယာ။

ဗြဟ္မဏ၊ ပုဏ္ဏား။ ယာဂုယာ၊ ယာဂု၏။ အာနိသံသာ၊ အကျိုးတို့သည်။ ဤမေဒသ၊ ဤဆယ်ပါးတို့တည်း။ ဒသ၊ဆယ်ပါးတို့ဟူသည်ကား။ ကတမေ၊ အဘယ်သည်တို့နည်း။ ယာဂုံ၊ယာဂုကို။ဒေဒန္တော၊ပေးလှူသောသူသည်။အာယုံ၊အသက်ကို။ ဒေတိ၊ပေးလှူသည်မည်၏။ ဝဏ္ဏံ၊အဆင်းကို။ ဒေတိ ပေးလှူသည်မည်၏။ သုခံ၊ ချမ်းသာကို။ ဒေတိ ပေးလှူသည်မည်၏။ ဗလံ၊ ခွန်အားကို။ ဒေတိ၊ ပေးလှူသည်မည်၏။ ပဋိဘာနံ၊ ပညာကို။ ဒေတိ၊ ပေးလှူသည်မည်၏။ယာဂုပိတာ၊ယာဂုဒသာက်သည်ရှိသော်။ခုဒ္ဒံ၊မွတ်သိပ်ခြင်းကို။ ပရိဟနတိ၊ ဖျောက်ပေ၏။ ပိပါသံ ရေသောက်ခြင်းကို။ ဝိနေတိ၊ ပယ်နှိုင်၏။ ဝါတံ၊ လေကို။ အနုလောဝမတိ လျော့စေ၏၊ ဝတ္ထိံ၊ အစာဟောင်းကို။ သောဓေတိ၊ သုတ်သင်၏။ အာမဝဝေသသံ၊ အာစာသစ်ကို။ ပါစေတိ၊ ကြေစေ၏။ ဗြဟ္မဏ၊ ပုဏ္ဏား။ ယာဂုယာ၊ ယာဂု၏။ အာနိသံသာ၊ အကျိုးတို့သည်။ ဤမေဒသ၊ ဤဆယ်ပါးတို့တည်း။

(ဤသို့လျှင်မြတ်စွာဘုရားသည်ထိုပုဏ္ဏားအားယာဂု၏အကျိုးကို ဟောတော်မူ၏။

ယော သညတာနံပရဒတ္ထဘောဇိနံ၊
ကာလေန သက္ကစ္စံ ဒဒါတိ ယာဂုံ။
ဒသဋ္ဌာနာနိ အနုပဂစ္ဆတိ
အာယု ဝဏ္ဏဉ္စ သုခံ ဗလဉ္စ။
ပဋိဘာန-မဿဉ္ဉပဇာယတေ၊
တတော ခုဒ္ဒံ ပါသဉ္စ ဝိနေတိ။
ဝါတံ ဝိသောဓေတိ ဝတ္ထိံ ပရိဟာဒမတိ ဘတ္တံ၊
ဘောဇ-မေတံ သုဂတေန ဘာသိတံ။
တသ္မာဟိ ယာဂုံ အလမေဝဒါတုံ၊
နိစ္စံ မနုဿေန သုခတ္ထိကေန။
ဒိဋ္ဌာနိဝါ ပတ္ထယန္တော သုခါနိ၊
မနုဿသောဘဂျတ- မိစ္ဆတာဝါ။

ဗြဟ္မဏ၊ ပုဏ္ဏား။ ယောဉ္ဉပါသကော၊ အကြင်ဥပကသာသည်။ သညတာနံ၊ ကိုယ်, နှုတ်, နှလုံး စောင့်ကုန်သော။ ပရဒတ္ထဘောဇိနံ၊ သူတပါးတို့

သည် မဖေးအပ်သောအစာ ရှိကုန်သော။ ဘိက္ခုနှုတ်၊ ရဟန်းတို့အား။ ကာလေန၊ အခါ၌။ သင်္ဃံ အရှိအခဲသ။ ယာဂုံ ယာဂုကို။ ဒဒါတိ၊ လှူ၏။ သောဥပါသကော၊ ထိုဒါယကာသည်။ ဒသဌာနဿနိ၊ ဆယ်ပါးသော အကျိုးတို့ကို။ အနုပဂစ္ဆတိ၊ ရရှု၏။ အာယုစ၊ အသက်ရှည်ခြင်းသည်ရင်း။ ဝဏ္ဏဉ္စ၊ အဆင်းလှခြင်းသည်ရင်း။ ဗလဉ္စ၊ ခွန်အားကြီးခြင်းသည်ရင်း။ ပဋိဘာနဉ္စ၊ ပညာကြီးခြင်းသည်ရင်း။ အဿ၊ ထိုယာဂုလှူသောဒါယကာအား။ ဥပဇယတော၊ ဖြစ်ရာ၏။ တတော၊ ထိုယာဂုသည်။ ခုဒ္ဒံ၊ မွတ်သိပ်ခြင်းကိုရင်း။ ပါပိသဉ္စ၊ ရေသိပ်ခြင်းကိုရင်း။ ဝါတော၊ လေကိုရင်း။ ဝိနေတိ၊ ဖျောက်ပေ၏။ ဝတ္ထိံ၊ အစာဟောင်းကို။ ဝိယောဧတိ၊ သုံ့သင်ပေ၏။ ဘတ္တံ၊ အစာသစ်ကို။ ပရိဏာမေတိ၊ ကြေစေ၏။ တေံ၊ ထိုယာဂုကို။ ဘောဇဿ၊ ဆေးဟူ၍။ သုဂတေန၊ မြတ်စွာဘုရားသည်။ ယသ္မာ၊ အကြင့်ကြောင့်။ ဘာသိတံ၊ ဟောတော်မူအပ်၏။ တသ္မာ၊ ထိုသို့မြတ်စွာဘုရားသည် ဟောတော်မူသောကြောင့်။ မနုဿေန၊ လူသည်။ သုခတ္ထိကေန၊ ချမ်းသာကို အလိုရှိသော။ ဒိဋ္ဌာနိ၊ နတ်ဌာဖြစ်ကုန်သော။ သုခါနိ ဝ ၊ ချမ်းသာတို့ကိုလည်း။ ပတ္ထယနေန၊ တောင့်တလျက်။ မနုဿသောဘဝျတံ၊ လူဌာဖြစ်သောတင့်တယ်ခြင်းကို။ ဣစ္ဆနေန၊ အလိုရှိသော်။ နိစ္စံ၊ အမြဲ။ ယာဂုံ၊ ယာဂုကို။ ဒါတုံ၊ လှူအံ့သောငှာ။ အလမ္ဘမဝ-အလံဝေ၊ အပဲသည်သာလျှင်တည်း။ ဝိနည်းမဟာဝဂ် ဘေသဇဇုန္ဓကဌာ်ဟောတော်မူ၏။

ယာဂုပ္ပဟေသောအကျိုးပြီး၏။

ကျောင်းလှူရသည့်အကျိုးကို ပြဆိုသော ရာဇဂြိုဟ်သူဌေးဝတ္ထု

'သမ္ဘည ဟု မြတ်စွာဘုရားသည် ဘုရားဒေဝဒတ်သို့ ရောက်တော်မူခဿ ဟု ဝတ္ထုတို့အား ကျောင်းကို ပညတ်တော်မမူ၊ သံဃာတော်ကြောင့် ကျောင်းမရှိခဲ့ရကား၊ တပည့်သားတို့သည် ဆစ်ပင်ရင်း တောချုံ ကျောင်းစောင်း အပေါ်ရှိသည်တို့၌ ကျိန်းဝပ်ကြ၏။ ရာဇဂြိုဟ်သူဌေးမြင်၍ အရှင်မြတ်တို့အား ကျောင်းဆောက်၍ လှူလိုကြောင့်၊ ထိုအရှင်ဟူထံသို့ကပ်ပြီးလျှင် အရှင်ဘုရားတို့ ကျောင်းကို ဒါယိုတော်ရှိပါကုန်မည်လောဟု မေး၏။ အရှင်ဘုရားတို့လည်း ဒါယကာ မြတ်စွာဘုရားသည် ကျောင်းကို ခွင့်ပြုတော်မမူသေးဟု

မိန့်တော်မူ၏။ ယင်းသို့ တပြိုးကား မြတ်စွာဘုရားကို အရှင်တို့ လျှောက်ရှိ ခွင့်ပြုတော်မူလျှင် အကျွန်ုပ်ကို ကြားတော်မူပါဟု လျှောက်၏။ တပည့်သားတော်တို့လည်း ရုဇဂြိုဟ်သူဌေး မေးလျှောက်သော အခကြောင်းကို မြတ်စွာဘုရားသခင်အား နှားတော် လျှောက်ထားပေ၏။ မြတ်စွာဘုရားလည်း ငါ၏ ချစ်သားတို့ အကြင်ဒါယကာတို့သည် ကျောင်းကိုလျှူပါလျှင်အလျှူခံပါကုန်လေဟု ခွင့်ပြုတော်မူ၏။ ကျောင်းဌာနားမအပ်သည်ပင်မရှိ၊ ရတနာ ၇-ပါးအတည်ပြီးသော်လည်း အပ်၏ဟု မိန့်တော်မူ၏။ တပည့်သားတော်တို့သည်လည်း မြတ်စွာဘုရား အမိန့်တော်ကို ရုဇဂြိုဟ်သူဌေးအား ပြန်ကြားပေ၏။

ရုဇဂြိုဟ်သူဌေးကား၊ ထိုအရှင်တို့စကားကိုကြားလျှင် ဝမ်းမြောက် ဝမ်းသာဖြစ်၍ မျှားစွာသော အသပြာတို့ကို စွန့်ကြဲလျက် တနေ့တည်းပင် ခြောက်ဆယ်သော ကျောင်းတို့ကို ဆောက်ပြီးလျှင် မြတ်စွာ ဘုရားကို တပည့်သားတော် ငါးယုန္နင့်တကွ ပင့်၍ကျောင်းကို အဘယ်သို့လျှူရအံ့နည်းဟု မြတ်စွာဘုရားအား လျှောက်၏။ မြတ်စွာဘုရားသည်လည်း ဒါယကာသူဌေး အရှေ့ပလေးမျက်နှာမှ လာဒသာ သံဃာတော်တို့အား လျှူပါလေဟု မိန့်တော်မူ၏။ သူဌေးလည်း မြတ်စွာဘုရား မိန့်တော်မူတိုင်း အရှေ့ပလေးမျက်နှာမှလာသော သံဃာတော်တို့ကိုရည်မှန်း၍ ရေစက်ချပြီးလျှင် လျှူဒါန်း၏။ မြတ်စွာဘုရားကို သံဃာတော်နှင့်တကွ ဆွမ်းလုပ်ကျွေး၏။ မြတ်စွာဘုရားလည်း ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် သူဌေးအား ကျောင်းအနုမောဒနာခေါ်တော်မူ၍ ဤသို့ ဟောတော်မူ၏။

သိတံ ဥဏှံ ပဋိဟနတိ၊ တထာ ပါလမိဂါနိစ။
သရီသပေစ မကသော၊ သိသိရေစာပိ ဝုဋ္ဌိဝယာ။
တတော ဝါတာတပေ ယောဂေ၊ သဠာဂတ ပဋိဟညတိ။
လေဏဿ ဂုတ္တ သုခဿ ဂုတ္တ ဗျာယိတဿ ဝိပဿိတုံ။
ဝိဟာရ ဒါနံ သံဃဿ အဂ္ဂံ ဒုဗ္ဗေန ဝဏ္ဏေတံ။
တသ္မာဟိ ပဏ္ဍိတော ပေါ၊ သော၊ သမ္မာ ဝတ္ထ မတ္တနော၊
ဝိဟာရေ ကာရယေ ရမ္မေ၊ ဝါသယေတ္ထ ဗဟုဿုတေ။
တေသံ အန္နဉ္စ ပါနဉ္စ၊ ဝတ္ထ သေနာသနာနိစ။

ဒဒေယျဥ္စုတ္ကူတေသု၊ ဝိပ္ပသန္နေန စေတသာ။
တေတသ ဓမ္မံ ဒေသေန္တိ၊ သဗ္ဗဒုက္ခာ ပန္နုဒနံ။
ယံ သော ဓမ္မံ ဣဓ၊ ညာယ၊ ပရိနိဗ္ဗာတိ အနာသဝေါတိ။

ဂဟိတိ၊ သူကြွယ်။ တတောတံဝိဟာရံ၊ ထိုကျောင်းသည်။ သီတံ၊အာချမ်းကိုဋင်း။ ဥဏှံ၊ အပူကိုဋင်း။ ပဋိဟနတိ၊ ဖျောက်ပေတတ်၏။ ဝါလမိဂါနိစ၊ သားရဲတို့ကိုဋင်း။ သရီသပေစ၊ မြွေတို့ကိုဋင်း။ မကသေစ၊ မှက်,ခြင်တို့ကိုဋင်း။ သိသိဂေစာပိ၊ မိုးသီးပွဲနှင့်တကွ ဆီးနှင်း တို့ကိုဋင်း။ ဝုဋ္ဌယောစ၊ ထန်စွာသော မိုးသီးတို့ကိုဋင်း။ ပဋိဟနတိ၊ ပယ်ဖျောက်တတ်၏။ ဟတောတေန ဝိဟာရေန၊ ထိုကျောင်းသည်။ ဃောရေ၊ ကြမ်းကြုတ်စွာသော။ သဠာတေ၊ ကောင်းစွာဖြစ်သော။ ဝါတာတပေစ၊ မုန်တိုင်း လေပွေ နေပူတံလျှပ်ကိုဋင်း။ ပဋိဟညတိ၊တားဖေတတ်၏။တတောတံဝိဟာရံ၊ထိုကျောင်းသည်။ လေဏတ္ထဉ္စ၊ ကျိန်းအောင်းခြင်းငှါဋင်း။ သုခတ္ထဉ္စ၊ ချမ်းသာစွာ နေရခြင်းငှါဋင်း။ စျာယိတုဉ္စ၊ စျာန်သမာပတ်ဝင်စားခြင်းငှါဋင်း။ ဝိပဿိတုဉ္စ၊ ဝိပဿနာ ရှုအံ့သောငှါဋင်း။ ဟောတိ၊ ဖြစ်၏။

သံဃဿ၊ သံဃာတော်အား။ ဝိဟာရဒါနံ၊ ကျောင်းဟူသောအလှူကို။ အဂ္ဂံ၊ မြတ်၏ဟူ၍၊ ဗုဒ္ဓေန၊ မြတ်ဘုရားသည်။ ယသ္မာ၊ အကြင်ကြောင့်။ ဝဏ္ဏိတံ၊ ချီးမွမ်းတော်မူအပ်၏။ တသ္မာဟိ တသ္မာဝေ၊ ထိုသို့မြတ်စွာဘုရား ချီးမွမ်းတော် မူအပ်သောကြောင့် သာလျှင်။ ပဏ္ဍိတေဟိ၊ ပညာရှိသော။ အတ္တနော၊ မိမိ၏။ အတ္ထံ၊ အကျိုးစီးပွားကို။ သမ္မသံ-သမ္မသန္တော၊ကောင်းစွာမြင်သော။ ပေါသော၊ ယောကျ်ားသည်။ ရမ္မေ၊ ရှေ,ငွေ,ဆေးဝါးတို့ဖြင့် မွေ့လျော်ဘွယ်ရှိကုန်သော။ ဝိဟာရေ၊ ကျောင်းတို့ကို။ ကာရယေ၊ ပြုရာ၏။ တတ္ထ၊ ဤကျောင်း၌။ ဗဟုဿုတေ၊ အကြားအမြင် များကုန်သော ရဟန်းတို့ကို။ ဝါသယေ နေစေရာ၏။ တေသံ၊ ထိုကျောင်း၌ နေကုန်သော အရှင်တို့အား။ အန္နဉ္စ၊ ဆွမ်းကိုဋင်း၊ ပါနဉ္စ၊ ဟင်းအဖျော်ကိုဋင်း။ ဝတ္ထံစ၊ အဝတ်သင်္ကန်းကိုဋင်း။ သေနာသနာနိစ၊ အိပ်ရာ နေရာဖြစ်သော ညောင်ဖောင်းအင်းပျဉ်တို့ကိုဋင်း။ ဥဒကဘေသဇ္ဇံ၊ ဖြောင့်ဖြောင့် ကျင့်ကုန်သော အရှင်တို့အား။ ဝိပ္ပသန္နေန၊ ကြည်ညိုစွာသော။ စေတသာ၊ စိတ်ဖြင့်။ ဒဒေယျ၊ လှူရာ၏။

တေ၊ ထိုကျောင်းဌာနေကုန်သော အရှင်တို့သည်။ တဿ၊ ထိုကျောင်းလှူ သော ဒါယကာအား။ သဗ္ဗဒုက္ခပနုဒနံ၊ ခပ်သိမ်းသောဆင်းရဲကို ပယ်တတ်သော။ ဓမ္မံ၊ ပဋ္ဌသီ အဋ္ဌဒသီ သရဏာဂုံ လက္ခဏာဒရား အစရှိသော တရားတို့ကို။ ဒေသေန္တိ၊ ဟောကုန်ရာ၏။ ။ သော၊ ထိုဒကျောင်းဒါယကာသည်။ ဣဓ၊ ဤသို့ သာသနာတော်၌။ ယံဓမ္မံ၊ အကြင်လောကုတ္တရာတရားကို။ အညာယ၊ သိဦး၍။ အနာသဝေါ၊ အာသဝေါ ကင်းသည်ဖြစ်၍။ ပရိနိဗ္ဗာတိ၊ ပရိနိဗ္ဗာန်ပြုရ၏။ ဣတိ၊ ဤသို့။ အာဝေါစ၊ မိန့်တော်မူပြီ။

ဤသို့မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် သူဌေးအား ကျောင်းအနုမောဒနာကို ဟောတော်မူ၏။ ဤသို့ဟောတော်မူသော ဂါထာတို့၏ အဓိပ္ပာယ်သော်ကား၊ ထိုကျောင်းဟူသော အလှူသည် အချမ်းကိုဌင်း၊ အပူကိုဌင်း၊ မြေ,ကင်း,သန်း,မှက်,ခြင်အတွေ့တို့ကိုဌင်း တားပေတတ်၏။ သစ်,ကျားအစရှိသောသားရဲအန္တရာယ်ကိုလည်း တားပေတတ်၏။ ဆီးနှင်း,မိုးယိုး,မုန်တိုင်း, လေပြေ, တံလျှပ်ကိုလည်း တားပေ၏။ ချမ်းသာဥာ နေခြင်းဌာဌင်း၊ ကျိန်းအောင်းခြင်းဌာဌင်း ဖြစ်ပေ၏။ ဈာန်သမာပတ် ဝင်စားအံ့သောဌာဌင်း၊ ဝိပဿနာ ကမ္မဋ္ဌာန်း စီးပြန်းအံ့သောဌာဌင်း လျောက်ပတ်၏။ ထိုသို့ကျောင်းဌာလည်း ပရိယတ္တိ ဗဟုသုတရှိသော ရဟန်းတို့ကို နေစေရာ၏။ ထိုကျောင်းဌာနေသော ရဟန်းတို့ဘား ဆွမ်းဟင်း, အဖျော်, အဝတ်, သက်နှိုး, အိပ်ရာနေရာ, ဆေးဝါးတို့ကိုလည်းလှူရာ၏။ ထိုကျောင်းဌာနေသော ရဟန်းတို့ကလည်း၊ ထိုကျောင်းဒါယကာအား သရဏာဂုံ၊ပဋ္ဌသီ၊အဋ္ဌသီ၊လက္ခဏာရေးသုံးပါး၊ ဒဋ္ဌတ္ထိ သကာယ ကမ္မဋ္ဌာန်းကိုလည်း သင်ကြား ပြောဟောပေးရာ၏။ ထိုရဟန်းတို့သည် ထိုဒါယကာ၏ ကျောင်းဌာနေ၍ ပစ္စည်းလေးပါးနှင့်ပြည့်စုံသဖြင့် စင်ကြယ်သော အာဇီဝရှိသည်ဖြစ်၍၊ ကမ္မဋ္ဌာန်းကို အားထုတ်သဖြင့် မဂ်တရား,ဖိုလ်တရားကို ပြီးလျှင် အာသဝေါကင်းစွာနှင့် ပရိဗ္ဗာန်ပြုရာ၏။

ဤကျောင်း အနုမောဒနာဌာ ကျောင်းနေ ရဟန်းအား အကျိုးများသည်ကို ဟောတော်မူသည်။ ကျောင်းဆောက်၍ လှူဒါန်းပါကုန်သော ဒါယကာတို့အား အကျိုးကို မဟောပါ တကား မူဟူကား၊ တိုက်ရိုက်အားဖြင့် မဟောသော်လည်း ထိုအကျိုးကိုပြန်သောအားဖြင့်သိရာ၏။ အဘယ်သို့သိရာသနည်း ဟူမူကား၊ ထိုကျောင်းဌာ နေသောအရှင်အား အချမ်း, အပူ

မရှိသကဲ့သို့၊ ထိုဒါယကာသည် နောင်အခါ၌ အချမ်း,အပူ မရှိသည်ဖြစ်ရာ၏။ ကျောင်း၌နေသဖြင့် ဘေးဥပဒ္ဒဝေါ ကင်းသောကြောင့်၊ ထိုဒါယကာလည်း နောင်ဘဝအဆက်ဆက် ဘေးဥပဒ္ဒဝေါကင်းရာ၏။ ထိုကျောင်း၌နေသဖြင့် ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်း ရှိသည် ဖြစ်သောကြောင့် နောင်ဘဝအဆက်ဆက် ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံသည်ဖြစ်ရာ၏။ ထိုကျောင်း၌နေသော ပုဂ္ဂိုလ်သည် စျာန်တရား, မဂ်တရား,ဖိုလ်တရားကို ရအံ့သည်၏အဖြစ်ကြောင့်၊ ထိုဒါယကာသည်လည်း နောင်ဘဝသော် စျာန်တရား, မဂ်တရား, ဖိုလ်တရားကို ရရာ၏။ ထိုကျောင်း ဒါယကာသည် ရှေ့, ဝင့် ဆေးဝါးတို့ဖြင့် ဆန်းကြယ်စွာသော နှလုံးမွေ့လျော်ဘွယ်ရာရှိသော ကျောင်းကို ဆောက်လုပ် လှူဒါန်းရသောကြောင့်၊ နောင်သောအခါ ရတနာအတိပြီးသော ဗိမာန်,ပြာသာဒ်တို့ကို ရရာ၏။ ထိုကျောင်း၌နေသော ရဟန်းတို့အား ဆွမ်း, ဟင်း, အဖျော် လှူဒါန်းရသောကြောင့်၊ နောင်ဘဝဆက်တိုင်း, ဆက်တိုင်း နတ်သြဇာနှင့်တူသော ဇကာင်းမွန်စွာသော အမြိန်အမြတ် သြဇာအရသာ ဓာတ်တို့ကို စားသုံးရရာ၏။ ထို့ကြောင့်နောင်ဘဝသော် ပဒေသာပင်၌ဖြစ်သော အဝတ်ကို ဝတ်ရရာ၏။ ထိုကျောင်း၌နေသော အရှင်တို့အား အိပ်ရာ,နေရာ ညောင်စောင်း အင်းပျဉ်ကို လှူဒါန်းရသောကြောင့်၊ နောင်ဘဝ အဆက်ဆက်၌ အုံးမွေ့ရာ ကမ္မလာကိုဝင်း၊ ဆင်ယာဉ်,မြင်းယာဉ်တို့ကိုဝင်း ရရာ၏။ ဤသို့လျှင်အကျိုးကို ပြန်သောအားဖြင့် ထိုကျောင်းဆောက်၍ လှူသော ဒါယကာကား၊ နောင်သောအခါ အကျိုးရရာဝယ်ကို သိရာ၏။ ထိုသို့ ကျောင်းအကျိုးကိုကား၊ ရာဇဂြိုဟ်သူဌေးအားသာ ဟောတော်မူသည်မဟုတ်၊ သာဝတ္ထိပြည်၌ အနာထပိဏ် သူဌေးသည် ငါးဆယ်လေးကူဋေသော အသပြာတို့ကို စွန့်၍ ဇေတဝန်ကျောင်းတော်ကို ဆောက်၍လှူသောအခါလည်း ဤတရားကိုပင် ဟောတော်မူ၏။ ဤနှစ်ပါးသော ကျောင်းအနုမောဒနာသည်ကား စူဠဝါပါဠိတော် သေနာသနက္ခန္ဓက-၌ လာ၏။

ထိုမှဟပါးလည်း အနုန္တရကျမ်းတို့၌ ဤသို့ ဟောတော်မူ၏။ ငါ၏ချစ်သား ရဟန်းများတို့၊ ငကျောင်း အကျိုးတို့သည် အလွန်ကြီးလှ၏။ တိရစ္ဆာန်တခုကို လှူရသောအကျိုးသည် တရာသောအကျိုးကို ရရာ၏။ တိရစ္ဆာန်တရာကို လှူရသောထက် နွားနှင့်တူသော လူမိုက်တယောက်ကို

လှူရခြင်းသော အကျိုးသည် ကြီး၏။ လူမိုက်တရားကို လှူရခြင်းသော အကျိုးထက် သီလ,သမာဓိ ရှိသော သူတယောက်ကို လှူရခြင်းသော အကျိုးသည် ကြီး၏။ သီလ,သမာဓိရှိသော လူတရားကို လှူရခြင်းသော အကျိုးထက် သရဏဂုံ, ပဉ္စသီ စောင့်သော သီတင်းသည် တယောက်ကို လှူရခြင်းသော အကျိုးသည် ကြီး၏။ သီတင်းသည် တရားကို လှူရခြင်းသော အကျိုးထက် ယခုနှုတ်ပြုသော သာမဏေ တပါးကို လှူရခြင်းသော အကျိုးသည် ကြီး၏။ သာမဏေတရားကို လှူရခြင်းသော အကျိုးထက် ရဟန်းပဉ္စင်းတပါးကိုလှူရခြင်းသော အကျိုးသည် ကြီး၏။ ရဟန်း ပဉ္စင်း တရားကို လှူရခြင်းသောအကျိုးထက် သီလဝန္တဖြစ်သော ပုထုဇဉ်ရဟန်း တပါးကို လှူရခြင်းသောအကျိုးသည် ကြီး၏။ ပုထုဇဉ်ဖြစ်သော ရဟန်းတရားကို လှူရခြင်းသောအကျိုးထက် သောတာပန်ဖြစ်ပြီးသော အရိယာပုဂ္ဂိုလ်တပါးကို လှူရခြင်းသော အကျိုးသည် ကြီး၏။ သောတာပန်ပုဂ္ဂိုလ် တရားကို လှူရခြင်းသော အကျိုးထက် သကဒါဂါမ်ပုဂ္ဂိုလ်တပါးကို လှူရခြင်းသော အကျိုးသည်ကြီး၏။ သကဒါဂါမ် ပုဂ္ဂိုလ် တရားကို လှူရခြင်းသော အကျိုးထက် အနာဂါမ် ပုဂ္ဂိုလ် တပါးကို လှူရခြင်းသောအကျိုးသည် ကြီး၏။ အနာဂါမ်ပုဂ္ဂိုလ် တရားကို လှူရ ခြင်းသော အကျိုးထက် ရဟန္တာတပါးကို လှူရခြင်းသော အကျိုးသည် ကြီး၏။ ရဟန္တာတရားကို လှူရခြင်းသောအကျိုးထက် မြတ်စွာဘုရားတဆူကို လှူရခြင်းသော အကျိုးသည် ကြီး၏။ ထို့ထက်ကား ဘုရားအမှူးရှိသော သံဃာတော်ကို လှူရခြင်းသောအကျိုးသည် ကြီး၏။ ထို့ထက်ကား သရဏဂုံနှင့်ပေါက္ခ ပဉ္စသီကို ဆောက်တည်ခြင်းသည်လျှင် အကျိုးကြီး မြတ်၏။ ထို့ထက်ကား အရပ် လေးမျက်နှာမှလာသော သံဃာတော်တို့ သီတင်းသုံးနေရန် ကျောင်း ဆောက်၍ လှူရခြင်းသောအကျိုးသည် ကြီးပြင်၏ဟူ၍ သမ္ဘည ဟု မြတ်စွာဘုရား သည် ဟောတော်မူ၏။

ထိုမှတပါးလည်း ဟောကြားတော်မူပြန်၏။ ချစ်သားရဟန်းတို့ အကြင် ဒါယကာသည် ကျောင်းကိုလှူ၏။ ထိုကျောင်းလှူသော ဒါယကာသည် ခပ် သိမ်းကုန်သော အလှူကိုပင်လှူသည် မည်၏။ အဘယ့်ကြောင့်နည်းဟူမူကား၊ ကျောင်းကို လှူကလည်း ကျောင်း၏ အဆောက်အဦ အသုံးအဆောင်ကို လှူရာသည် မည်သောကြောင့်ရင်း၊ မြတ်စွာဘုရားသည် "ယောဒဒါတိ ဥပဿယံသော၀ သမ္ဘဒဒေါ'ဟောတိ" ဟူ၍ ဟောတော်မူသောကြောင့် ရင်း၊ "ဂိဟာရေ ပဋိဂ္ဂဟိတေ သဗ္ဗံ ပိ ပဋိဂ္ဂဟိတမေव" ဟူ၍ ဟော

ဘော်မူသောကြောင့်ရင်း၊ ကျောင်းကို အလှူခံက ကျောင်းအတွက် ရည်စူး၍ လှူသော လယ်ယာ, မိုယ်းမြေ, ကဲ့ နွား, ကျေးကျွန်, တို့ကို အလှူခံသည်ပင်၊ အသီးသီး အလှူခံအပ်သော ကိစ္စမရှိ၍ ဝိနည်းကျမ်းဂန်တို့၌ လာကြောင်းရင်းသိရာ၏။ထိုမှတပါး ဤသို့ ဟောတော်မူ၏။

ချစ်သားရဟန်းတို့ ကျောင်း၏ အကျိုးသည် ကြီးမြတ်လေ၏။ တန်ခိုးအာဘိညာဏ်နှင့် ပြည့်စုံသော ဗုဟ္မာမင်းသည် မိမိကိုယ်ကို သုံးကိုယ်ဘန်းဆင်း၍ တကိုယ်တကိုယ်၌ ဦးခေါင်းသုံးလုံး ဘန်းဆင်းလျက်၊ ဦးခေါင်း တလုံးတလုံးတွင် ခံတွင်းသုံးခုသုံးခု ဘန်းဆင်း၍၊ ခံတွင်း တခုတခုတွင် လျှာသုံးခုသုံးခုဘန်းဆင်းလျက် အသက်ရှည်သမျှ ဟောသော်လည်း မကုန်နိုင်ရာ။ သင်တို့ဆရာငါဘုရားသည် သုဒဿန စကြာမင်းဖြစ်သောအခါ ရှစ်သောင်းလေးထောင်ရှိသော ရွှေပြာသာဒ်တို့သည် မြေက အလိုလိုပေါက်လာပေ၏။ လေးကျွန်းလုံးကို နံနက်စာ မစားမီ လှည့်နိုင်သော စကြာရတနာလည်း ရောက်လာပေ၏။ လေးကျွန်း လုံးကို လှည့်နိုင်သော အ ရံ ရှစ်သောင်းလေးထောင်ရှိသော ဆင်ရတနာလည်း ရောက်လာပေ၏။ လေးကျွန်းလုံးကို လှည့်နိုင်သော အရံ ရှစ်သောင်းလေးထောင်သော သိန္ဓော မြင်းလည်း ရောက်လာပေ၏။ အလျားလေးထောင် လုံးပတ်သုံးတွဲရှိသော ညဉ့်အခါ၌ အတောင် သုံးဆယ်ရှိသော ဝါးတွင် တင်၍ ထားလျှင် ထက်ဝန်းကျင် တယူဇနာဘိုင်အောင် နေကဲ့သို့ အရောင်ထွန်းပနိုင်သော ပတ္တမြား ရတနာလည်း ရောက်လာပေ၏။ ကောင်းခြင်းငါးပါးနှင့် ပြည့်စုံသော လူချင်းလည်း မတန်, နတ်သို့လည်း မရောက် အဆင်းနှင့် ပြည့်စုံသော သို့မဟုတ် ရတနာကိုလည်း မြောက် ဥတ္တရ ကုရုကျွန်းမှ နတ်တို့ ယူဆောင်၍ ရောက်ပေ၏။ ထိုမိဖုယား ရတနာသည်လည်း အရံ ရှစ်သောင်းလေးထောင် ရှိ၏။ မြစ်လယ်တွင် ဖြစ်သော်လည်း ဥစ္စာကို ငါအလိုရှိသည် ငါ့အား ဥစ္စာပေးလော-ဟု တောင်းက၊ မြစ်ရေကို လက်ခုပ်နှင့် ကျုံးလျှင်ပင် ရွှေ, ငွေ ဖြစ်စေတတ်သော တယူဇနာ အစောက်ရှိသော မြေထုဌ်သော်လည်း ရွှေအိုး, ငွေအိုးပေါက်စေနိုင်သော နတ်မျက်စိကိုရသော သူဌေး ရတနာနှင့် လည်း ပြည့်စုံ၏။ ထိုသူဌေး၏ အခြံအရံဖြစ်သော သူဌေးကိုသည်လည်း ရှစ်သောင်းလေးထောင်ရှိကုန်၍ တဆယ့်နှစ်ယူဇနာရှိသော ဝေရိသတ်ဗိုလ်ပါ ဒဏ္ဍတွင် ဤသူကား မင်း၏အစီးအပွားကို အလိုရှိ၏။ဤသူကား မင်း၏အစီးအပွား

ကို အလိုမရှိ၊ ဤသူကား ထမင်း မုတ်လေ၏၊ ဤသူကားရေမုတ်လေ၏၊ ဤသူကား အဝတ် ပုဆိုးအလိုရှိ၏ဟူ၍ သူတပါးတို့၏ နှလုံးအကြံကို သိတတ်သော သားကြီးရတနာ အမှုးရှိသော ရှစ်သောင်းလေးထောင်သော သားတို့သည် ရှိကုန်၏။ရတနာခုနစ်ပါးတို့ဖြင့်ပြီးသော အင်နန်းတယူဇနာ, ယူဇနာခွဲ၊ တဂါဝုတ်, တဂါဝုတ်ခွဲ အစရှိသော အစေကားနှစ်သိန်းလေးသောင်း မြေအထုနှင့်တူသော ရွှေအိုးကြီးလေးလုံး ပေါက်လာပေ၏။ ရတနာခုနစ်ပါးတို့ဖြင့် ပြီးသော အဇစာကဲ့ တဆယ့်ရှစ်တောင် ရှိသော တံတိုင်းခုနစ်ထပ်လည်း ပေါက်လာပေ၏။ ထိုတံတိုင်းအကြားအကြားတို့၌ ရတနာခုနစ်ပါးတို့ဖြင့်ပြီးသော ထန်းပင်တို့သည်လည်း ပေါက်လာပေ၏။ ထိုထန်းပင်တို့ကို လေခတ်သော် နတ်တို့၏ စောင်းညှင်းသံကဲ့သို့ သာယာစွာ မြည်ကြကုန်၏။ ထိုထန်းပင်တို့၏ အကြားတို့၌လည်း ထန်းပင်မျှို ပမာဏ ရှိသော ကြုံပင်တို့သည်လည်း ပေါက်လာပေ၏။ သလေးဆန်ဖြင့်ပြည့်သော ကျီကြတို့သည်လည်း ရှစ်သောင်းလေးထောင် ပေါက်လာပေ၏။ သလေးစပါးဖြင့်ပြည့်သော ကျီကြတို့သည်လည်း ရှစ်သောင်းလေးထောင် ပေါက်လာပေ၏။ ခေါမတိုင်း ကောတုံကဆုဇ်ဘုံးဘို၌ ဖြစ်သော ပုဆိုးတို့ဖြင့်ပြည့်သော ပုဆိုး၊အင်္ကျီတို့လည်း ရှစ်သောင်းလေးထောင် ပေါက်လာပေကုန်၏။ရွှေကျီ၊ငွေကျီ၊ကြေးကျီ၊ ခဲပြာ၊ခဲမကျီတြတို့သည်လည်း ရှစ်သောင်းလေးထောင် ပေါက်လာပေကုန်၏။ ပြည့်သူတို့သည်လည်းနေ့တိုင်း-နေ့တိုင်း ရှစ်သောင်းလေးထောင်သော စားတော်ချက်တို့ကို ဆက်လာပေကုန်၏။

ချင်သားဂုဟန်းတို့၊ ဤသို့ ကြီးကျယ်သော စည်းဝိမ်ကိုရသည်ကား.... ကျောင်းဆောက်၍ လှူဘူးသော အကျိုးအားဖြင့် ပြာသာဒ် ရှစ်သောင်းလေးတောင်ပေါ်သတည်း။ ထိုကျောင်း၌ ညောင်စောင်းအင်းပျဉ် လှူဘူးသော ကောင်းမှု၏ အကျိုးအားဖြင့် ဆင် ရှစ်သောင်း လေးထောင် ရောက်သတည်း။ ဘိုးပ်လှူဘူးသော ကောင်းမှု၏ အကျိုးအားဖြင့် မြင်းရှစ်သောင်းလေးထောင်ရောက်လာသတည်း။ သုံးဆောင်ရန် သောက်ဒရအိုးလှူဘူးသော အကျိုးအားဖြင့် ရွှေအိုးလေးလုံးပေါက်သတည်း။ ဆီမီး လှူဘူးသော ကောင်းမှု၏အကျိုးအားဖြင့် ပတ္တမြားရတနာ ရောက်သတည်း။ တောင်ဝှေးလှူခဲ့ဘူးသော ကောင်းမှု၏ အကျိုးအားဖြင့် သားကြီးရတနာ အမှုးရှိသော ရှစ်သောင်းလေးထောင်သောသားကိုရသတည်း။ ဓမ္မကရိုဏ်,

ရေစစ်၊ ခါးပန်း၊ ပဲကွေပ်၊ ကညစ်လှူခဲ့ဘူးသောဒကြောင့် မိဇုယားကြီးရှာနှာ အမှုုးရှိသော ရှစ်သောင်းလေးထောင်သောမယားဟိုးကိုလည်း ရသတည်း။ အရိုအကာဖြစ်သော ဆူးစောင်ရမ်းတို့ကို လှူခဲ့ဘူးသောကြောင့် တံဘိုင်း ခုနစ်ထပ်ပေါက်သတည်း။ ဆောင်ရမ်းတွင်းခ္ဍ ထန်းပင်ကို စိုက်ခဲ့ဘူးသော ကြောင့်ထန်းပင်ပေသော ပေါက်သတည်း။ထိုထန်းပင်၏အကြားအကြား၌ ကြုံပင်ကို စိုက်ခဲ့ဘူးသောကြောင့် ကြုံပင် ပေသော ပေါက်သတည်း။ ဆွမ်းလှူခဲ့ဘူးသော အကျိုးအားဖြင့် စပါးကျီ, ဆန်ကျီ, ထမင်းချက်အိုး ရှစ်သောင်း, လေးသောင်, နေ့တိုင်းနေ့တိုင်း ရောက်လာ၏။ အဝတ်, သင်္ကန်း လှူခဲ့ဘူ သော ကောင်းမှု၏အကျိုးကြောင့် ရှစ်သောင်း လေးထောင်သော ပုဆိုး, အင်္ကျီတို့သည် ရောက်လာပေ၏။ ရေကန်လှူဘူးသော ကောင်းမှု၏ အကျိုးအားကြောင့် ရှစ်သောင်း လေးထောင်သော ရေကန်တို့ ဝယ်ဖြစ် လာကုန်၏။ ဤသို့ ကျောင်းလှူဘူးသော အကျိုးကို အရင်းပြုသဖြင့် လွန်လေပြီးသော ဇာတ်တော်၏အကြောင်းကို ကုဿန္ဒာရုံပြည်၌ ပရိနိဗ္ဗာန် ပြုခါနီးတွင် ဟောကြောင်းမူ၏။ ထိုသုဒဿန စကြာဝတေးမင်း စည်းစိမ်ကား၊ ဤမျှသာမဟုတ် အကျဉ်းမျှသာ ဆိုလိုက်သည်။ ဤတရားကား သုတ်မဟာဝဂ် ပါဠိတော် မဟာသုဒဿန ဝတ္ထုတွင်လာ၏။

ကျောင်းလှူရသောအကျိုးကား ပြီး၏။

တံခွန်လှူရသည့်အကျိုးကိုပြဆိုသောသူတော်ရဲ့ဝတ္ထု

ငါတို့ ဘဒ္ဒကမ္ဘာမှာသည် နောက်ဆုတ်ပြန်၍ ရေသော်၊ ကမ္ဘာတဘက်နား ထက်၌ ပဒုမ္မုတ္တရ မြတ်စွာဘုရားသည် ဟံသာဝတီ အမည်ရှိသောပြည်၌ ဖြစ်တော်မူ၏။ သင်္ကတော်မှစ်သောင်းနေ၍ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ထိုမြတ်စွာ ဘုရား၏ တခဲနက်သော မပြိုကွဲရှိသော ဓာတ်တော်တို့ကိုယူ၍ လူ, နတ်, နဂါး, ဂဠုန်, ကုမ္ဘာဏ်, ယက္ခ, ဂန္ဓဗ္ဗ နတ်တို့သည် ရွှေ, ငွေ, ပတ္တမြား, ဥဿဘယား, နီလာ, သန္ဓာတို့ဖြင့် အချင်း ၇ ယူဇနာရှိသော ဖစတီတည်၍ ဌာပနာသွင်းလျက် ကိုးကွယ်ကုန်၏။ ရှေးဘုရားဓာတ်တော်တို့သည် ငါတို့ ဘုရားဓာတ်တော်ကဲ့သို့ အပြိုအကွဲမရှိကုန်။ ရှေတုံးကဲ့သို့ ပဝေါင်းတည်း အစိုင်အခဲသာ ဖြစ်ကုန်၏။ ထိုဖစတီတော်သည်လည်း တဆူတည်းသာ ဖြစ်ကုန်၏။ ငါတို့ မြတ်စွာဘုရား ဓာတ်တော်မူကား၊ အစ်ဘ် အကွဲ မျှားသော

ကြောင့် ဓာတ်တော် ဌာပနာသော စေတီတော်သည်မျှား၏။ ထိုပဒုမ္မုတ္တရ ဘုရား ပဋ္ဌင်တော်မူသောအခါ၌၊ ဟံသာဝတီပြည်တွင် သူဆင်းရဲတယောက် သည် ထိုမြတ်စွာဘုရား၏ စေတီတော်ကိုမြင်လျှင် အလွန်ဘရာ သဒ္ဓါကြည်ညို ခြင်းဖြစ်၍ မိမိအပေါ်ရုံပုဆိုးကို တံခွန်ပြု၍ ဝါးဖျားတွင် ဆွဲလျက် ပူဇော် ခြင်းကိုပြု၏။ ထိုသူဆင်းရဲလူသော တံခွန်ကို ယူ၍ ထိုစေတီဝယ် နှာတို့ အစောင့်ထားသော အသိသမဟ အမည်ရှိသော ဘီလူးသည် စေတီတော် အထက် ပစ္စယံဆင့်သို့ တက်၍ လက်ဖြင့် ကိုင်၍ လှည့်၏။ ထိုသို့လှည့်သည်ကို တံခွန်လှူသော သူဆင်းရဲ ယောကျ်ားသည် မိမိတံခွန်ကိုကား မြင်၏။ နတ် ဘီလူးကိုကား မမြင်။ထိုယောကျ်ားသည် နတ်တို့သည် ကိုင်၍ လှည့်သည်ဟု အယူရှိ၏။ ထိုကို မြင်လျှင် ထို သူဆင်းရဲ ယောကျ်ားသည် အလွန်တရာပီတိ သောမနဿဖြစ်၍ လက်အုပ်ချီပြီးလျှင် ရှိခိုး၍ နေ၏။ ထို သူဆင်းရဲသည် အသက်အတိုင်းနေ၍ သေလွန်ခဲ့သော် ထို တံခွန်လှူရသော ကောင်းမှု၏ အကျိုးအားဖြင့် လူပြည်, နတ်ပြည်၌ ကြိမ်ဘန်မျှားစွာ ကျင်လည်စံစားပြီးမှ ငါတို့မြတ်စွာဘုရား ရှေလက်ထက်တော်၌ သာဝတ္ထိပြည်တွင် ပုဏ္ဏားအမျိုး၌ ဖြစ်လာသဖြင့် ဥပဝါန ဟူသော အမည်ကိုရ၍ တဆယ့်ခြောက်နှစ်အရွယ် သို့ ရောက်လျှင် မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်ကို အလှူခံ တော်မူသောအခါ၌ မြတ်စွာဘုရား၏ တန်ခိုးတော်ကို မြင်၍ သဒ္ဓါခြင်း ရှိလှသဖြင့် ရဟန်းပြုပြီးလျှင် ကမ္မဋ္ဌာန်း စီးပြန်း၍ အဘိညာဏ်ခြောက်ပါး နှင့်တကွ ရဟန္တာဖြစ်၍ မိမိပြုခဲ့ဘူးသော ကောင်းမှု၏ အကျိုးကို ပရိသတ် တို့အား ဟောပြလို၍ မြတ်စွာဘုရား ရှေတော်ဝယ် ဤသို့ ရွတ်လေ၏။

နဂရေ ဟံသာဝတိယာ၊အဟောသိ ဘဒ္ဒကော တဒါ။
အာမောဒိတံ ဇနံ ဒိတ္ဝာ၊ ဧဝံ စိန္တေသိ ဟံ တဒါ။ ။
ဥဒ္ဒါရေ ယသဘဂဝတော၊ ဓာတုယရေ ဒီပံဂ္ဂမံ။
ဇနတာ တုဋ္ဌာကာရံ ကာရံ ကုဗ္ဗံ နသပ္ပဒရ။ ။
အဟံပိ ကာရံကရိသ္သာမိ၊ လောကနာထဿ တာဒိနော။
တဿ ဓမ္မေသု ဒါယာဒေါ၊ ဘဝိဿာမိ အနာဂတေ။ ။

သုဓောတံရဇကေနာ ဟံ၊ ဥဒ္ဓရိတ္ဝါ ယထာ မမ ပဗ္ဗံ။
ဓဝဋ္ဌဂ္ဂေအာလဂ္ဂေတ္ဝာန၊ ဓဇံဥက္ခိပိ အမ္ဗရေ။

အာဘိသမဂၢကေ၊ ယေဘွာ၊ အမ္မရေ ဟာသိ မေ ဓေ။
ဝါဒေါ်ရိတံ ဓေ ဒိတ္ဌ၊ ဘိဒယျ၊ ဟာသံ ဇနေသ့ဟံ။ ။

တတ္ထ စိတ္တံပသာ ဒေတ္ဌ၊ သမဏံ ဥပသက်မိ။
တံဘိက္ခုံ အာဘိဝါဒေတ္ဌ၊ ဝိပါကံ ပုစ္ဆိ တံဓေ။ ။

သော မေ ဂဏေသိ ဥတ္ဌာန၊ အာနန္ဒ ပိတိသဠ္ဌနံ၊
မမတ္ထေ ဝိပါကံပိ၊ အနုဘောသိတိ သဗ္ဗဒါ။ ။

ဟတ္ထိအဿရတပတ္တိ၊ သေနာစ၊ ဧတုဂ်ုနိ။
ပရိဝါရေန္တိ တံ နိစ္စံ၊ ဇဒါနသိ့ဒံ ဖလံ။ ။

သဒ္ဓိဟူရိယ သဟသ်ာနိ၊ နာရိယော သမလက်တာ။
ပရိပါရေန္တိ တံ နိစ္စံ ဇဒါနသိ့ဒံ ဖလံ။ ။

ဆဋ္ဌာသီတိသဟဿာနိ၊ နာရိယော သမလက်တာ။
ပိဏ္ဍိတ္ဟတ္ထာ ဘရုဏာ၊ အာမုတ္ထမဏိကုဏ္ဍလာ။ ။

အာဠာရ သမာ ပါသုကာ၊ သုသညာ တနုမဇ္ဈိမာ။
ပရိဝါရေန္တိ တံ နိစ္စံ၊ ဇဒါနသိ့ဒံ ဖလံ။ ။

တံ သကပ္ပသဟဿာနိ၊ ဒေဝလောကေ ရမ္မိသသိ။
အသီတိကုတ္ဌာ ဒေဝိန္ဒာ၊ ဒေဝရဇ္ဇံ ကရိသတိ။ ။

သဟဿကုတ္ဌာ ရာဇာစ၊ စက္ကဝတ္တိ ဘဝိသတိ။
ပဒေသရဇ္ဇံ ဝိပုလံ၊ ဂနဏဇေတာ အသင်္ခယံ။ ။

ကပ္ပသတသဟဿာနိ၊ ဥက္ကာကကုလ သမ္ဘဝေ။
ဂေါတမောနာမ ဂေါတ္တေန၊ သတ္ထာလောကေ ဘဝိသတိ။

ဒေဝလောကာ စဝိတ္ဌာန၊ သက္ကမူလေန စောဒိတော၊
ပုညကမ္မေန သံယုတ္တော၊ ဗြဟ္မ ဗန္ဓု ဘဝိသတိ။ ။

အသီတိကောဋိခနံစ၊ ဗဟု ဒါသေ ကမ္မကရေ။
ဆဒ္ဒန္တာနာ ဂေါတမသ၊ သာသနေ ပဗ္ဗဇိသတိ။ ။

သက္ကပုဂ်ံ ဂေါတမံ၊ သမ္ဗုဒ္ဓံ အာရာဓယိတ္ဌာ။
ဥပဝါနောတိ နာမေန၊ ဟောသိတိ သဗ္ဗု သာဝကော။ ။

သတ သဟသေ့စ ကတံ၊ ကမ္မဖလံ ဒသေတိ မေ။
သုမုတ္တော မရုကဝေဂါ၀ါ၊ ကိလေသေ ဗျာပယိမမ။ ။

စက္ကဝတ္တိယမဒ္ဓသာ၊ စတုဒီပသာ ဓမ္မယော။
တိဏိယောဇနာ သမန္တာ၊ဥသိယန္ဓိဇာ သဒါ။ ။

သတသဟဿေ ဣဒကာ ကပ္ပေ၊ ဃံကမ္မ ဗကရိ တဒါ။
ဒုဂ္ဂတိ နာဘိဇာနာမိ၊ ဓဇဒါနဿိဒံ ဖလံ။ ။

ပဋိသမ္ဘိဒါ စ တယော။ ဝိမောက္ခာပိစ အဋ္ဌမေ။
ဆဋ္ဌာဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓသာသနန္တိ။ ။

အဟံ၊ ငါသည်။ ဟံသာ၀တီယာနဂရေ ဟံသာ၀တီပြည်၌။ ဘဒ္ဒဇဏ္ဍ၊ သူရင်းဌားသည်။ အဟောသိံ၊ ဖြစ်ခဲ့ဘူးပြီ။ တဒါ၊ သူရင်းဌားဖြစ်ခဲ့ဘူး လေရာ ထိုအခါ၌။ အာမောဒိတံ၊ ဝမ်းမြောက် ၀မ်းသာသော။ ဇနံ၊ လူမျိုးကို။ ဒီသ္ဝာ၊ မြင်၍။ ဝေဂံ၊ ဤသို့။ အဟံ၊ ငါသည်။ စိဇ္ဇသိ၊ ကြံ၏။ ယဿ ဘဂ၀တော၊ အကြင် မြတ်စွာဘုရား၏။ ဥဒ္ဒါရေ၊ မွန်မြတ်သော။ စာတုဃရေ၊ဓာတ်တော် ၄ပါးရာ ဖြစ်သော စေတီတော်၌။ ဒီပံ၊ ဆီမီးပူဇော် ခြင်းတည်းဟူသော။ ဣမံ ကာရံ၊ ကောင်းမှုကို။ ကုဗ္ဗံ - ကုဗ္ဗဇန္တော၊ ပြုကြသော။ ဣမံ ဇနတာ၊ ဤလူမျိုးအပေါင်းသည်။ ထုဒ္ဒါ ကာရံ၊ ဝမ်းမြောက်ဖွယ် အခြင်းအရာကို။ နတပုဗ္ဗရေ၊ မရောင့်ရဲကုန်ရာ။ အဟံပိ၊ ငါသည်လည်း။ တာဒိနော၊ သည်းခံခြင်းနှင့် ပြည့်စုံတော်မူသော။ လောကနာထဿ၊ လူဘုရား ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားအား။ ကာရံ၊ ကောင်းမှုကို။ ကရိဿာမိ၊ ပြုရပေတော့အုံ့။ အနာ၀ဂတေ၊ နောင်အခါ၌။ တဿ၊ ထို မြတ်စွာဘုရား၏။ ဓမ္မေသု၊ တရားတို့၌။ ဒါယာဒေါ၊ အမွှာသည်။ ဘ၀ိဿာမိ၊ ဖြစ်ရပေတော့အုံ့။ ရဇ္ဇကေန၊ ခ၀ါသည့်သည်။ သုဝဏ္ဏတံ၊ ၀ကောင်းစွာဖွပ်အပ်သော။ ဓမ၊ ငါ၏။ ဥက္ကာရသံ၊ကိုယ်၌ဖြစ်သော။ ပဒုံ၊ ပုဆိုးကို။ ဧဇံ၊တံခွန်ကို။ ကတ္ဝာ၊ပြု၍။ ဝေဠဂ္ဂေ၊ ၀ါးဖျားခ၌။ အာလဂ္ဂေ-တ္ဝာန၊ ဆွဲပြီး၍။ အဟံ၊ ငါသည်။ အမ္ဗရေ၊ကောင်းကင်၌။ ဥက္ခိပိ၊ ချီမြောက်လေပြီ။ မေ၊ ငါ၏။ ဓဇံ၊ တံခွန်ကို။ အဘိသမတကော၊ အဘိသမတ,အမည်ရှိသော။ ယက္ခော ဘိလူးသည်။ အမ္ဗရေ၊ ကောင်းကင်၌။ ဟာသိ၊ ဆောင်

လေပြီ။ ဝါတေရိတံ၊ လေဖြင့်ခပ်အပ်သော။ ဓဇံ ကို။ ဒီသ္ဝာ၊မြင်၍။ အဟံ၊ သည်။ ဘိယျော၊ လွန်စွာ။ ဟာသံ၊ ရှင်ခြင်းကို။ ဇနေသိ၊ ဖြစ်စေပြီ။

တတ္ထ၊ ထိုကောင်းမှု၌။ စိတ္တံ၊ စိတ်ကို။ ပသာဒေတ္ဝာ၊ ကြည်စေ၍။ သမဏံ၊ ရဟန်းသို့။ ဥပသင်္ကမိ၊ ချဉ်းကပ်လေပြီ။ တံဘိက္ခုံ၊ ထိုရဟန်းကို။ အဘိဝါဒေတ္ဝာ၊ အလွန်ရိုသေစွာရှိခိုးဦး၍။ တံဓဇံ၊ ထိုတံခွန်၏။ ဝိပါကံ၊ အကျိုးကို။ ပုစ္ဆိ၊ မေးလျှောက်ခဲ့လေပြီ။ သော၊ ထိုရဟန်းသည်။ မမ၊ ၏။ အာနန္ဒာ ပိတိသဠာနံ၊ လွန်စွာ နှစ်လိုခြင်း ရှိသည်၏ ဖြစ်ခြင်းကို။ ဥတ္တာန၊ သိ၍။ တဿဇေဿ၊ ထိုတံခွန်၏။ ဝိပါကံပိ၊ အကျိုးကိုလည်း။ မေ၊ အာဝေ။ ကထေသိ၊ ဟောလေပြီ။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ အနုဘောဝဿသိ၊ အစဉ် ခံစားရလတံ့။

. ဟတ္ထိအဿရထပတ္တိစ၊ ဆင်,မြင်း,ရထား ခြေသည်တို့သည်ရင်း။ စတုရင်္ဂါနိ၊ အင်္ဂါလေးပါးရှိကုန်သော။ သေနာစ၊ စစ်သည်တို့သည်ရင်း။ တံ၊ သင့်ကို။ နိစ္စံ၊ အမြဲ။ ပရိဝါရေန္တိ၊ ခြံရံကုန်အံ့။ ဣဒံ၊ ဤသို့ စစ်သည်ခြံရံခြင်းသည်ကား။ ဓဇဒါနဿ၊ တံခွန်အလှူ၏။ ဖလံ၊ အကျိုးတည်း။ သမလင်္ကတာ၊ ကောင်းစွာ တန်ဆာဆင်ကုန်သော။ နာရိယော၊ မိန်းမတို့သည်ရင်း။ သဒ္ဓိတူရိယသဟဿာနိ၊ ခြောက်သောင်းသော တူရိယာစည်မောင်းတို့သည်ရင်း။ တံ၊ သင့်ကို။ နိစ္စံ၊အမြဲ။ ပရိဝါရေန္တိ၊ ခြံရံကုန်အံ့။ ဣဒံ၊ ဤသို့ခြံရံခြင်းသည်ကား။ ဓဇဒါနဿ တံခွန်အလှူ၏။ ဖလံ၊ တည်း။ သမလင်္ကတာ၊ ကောင်းစွာ တန်ဆာဆင်ကုန်ထသော။ ဝိစိတ္တဟတ္ထာဘရဏာ၊ ဆန်းကြယ်စွာသော ပုတီး, လက်ကောက်, လက်စွပ်, လက်ကြွပ် ဆင်ကုန်သော။ အာမုတ္တ မဏိကုဏ္ဍလာ၊ ပတ္တမြား နားဆွဲ, ပုတီး ဆင်ကုန်ထသော။ အာဠာရသမာ၊ ကျယ်စွာသောမျက်ခွက် ရှိကုန်ထသော။ပါသုလာ၊ ကျယ်စွာသောနဖူးလည်း ရှိကုန်ထသော။ သုသညာ၊ ကောင်းသောအမှတ် ရှိကုန်ထသော။ တနုမဇ္ဈိမာ၊ ခါးစည်းတင်ကျယ် တင့်တယ်ခြင်း ရှိကုန်ထသော။ ဆဠာသီတိသဟဿာနိ၊ ရှစ်သောင်း ခြောက်ထောင် ကုန်သော။ နာရိယော၊ မိန်းမတို့သည်။ တံ၊ သင့်ကို။ နိစ္စံ၊ အမြဲ။ ပရိဝါရေန္တိ၊ ခြံရံကုန်အံ့။ ဣဒံ၊ ဤသို့ဖြစ်ခြင်းသည်ကား။ ဓဇဒါနဿ၊ တံခွန်အလှူ၏။ ဖလံ၊ အကျိုးတည်း။

တိ ံသကပွဏ ဟဿာနီ၊ ကမ္ဘာသုံးသောင်းပတ်လုံး။ ဒေဝလောကေ၊ နတ်ပြည်၌။ ရမ္မိဿသီ၊ မ့ေ.လျော်ရ၏။ ဒေဝိဒေါ နတ်တကာတို့ကို အစိုးရသော သိကြားမင်းအဖြစ်သည်။ အသီတိကွတ္တုံ၊ အကြိမ် ရှစ်ဆယ်ပတ်လုံး။ ဒေဝရဇ်၊ နတ်မင်း၏ အဖြစ်ကို။ ကရိဿတိ၊ပြုရပေလတံ့။ စက္ကဝတ္တိရာဇာစ၊ ကြာဝဝတေးမင်း အဖြစ်သည်လည်း။ သဟဿကွတ္တုံ၊ အကြိမ်တ ဒ်ထောင်။ ဘဝိသ တိ၊ ဖြစ်ရတံ့။ ဝိပုလံ၊ ပြန့်ပြောစွာ ဒသာ။ ပဒေသရဇ်၊ ပဒေသရာဇ် မင်း၏ အဖြစ်သည်။ ဂဏနတော၊ ဂဏန်းသင်္ချာ အားဖြင့်။ အသင်္ခယံ၊ မရေတွက်နိုင်သည်။ ဘဝိဿတိ၊ ဖြစ်ရလတံ့။

ကပ္ပသတသဟဿာနီ၊ ကမ္ဘာတသိန်းထက်၌။ ဂေါတ္တေန၊ အမျိုးအားဖြင့်။ ဥက္ကာကကုလသမ္ဘဝေါ၊ ဥက္ကာကရာဇ် မင်းမျိုး၌ ဖြစ်သော။ ဂေါတမောနာမ၊ ဂေါတမ အမည်ရှိသော။ သတ္ထာ၊ မြတ်စွာဘုရားသည်။ လောကေ၊ လူ၌။ ဘဝိဿတိ၊ ဖြစ်လတံ့။ တံ့ သင်ကား။ ဒေဝလောကာ၊ နတ်ပြည်မှ။ စဝိတ္မာ၊ စုတေခဲ့၍။ သက္ကမူလေန၊ ကောင်းမှု၏ အကျိုးအားဖြင့်။ စောဒိတော၊ တိုက်တွန်းအပ်သည်ဖြစ်၍။ ပုညကမ္မေန၊ ကုသိုလ်ကံနှင့်။ သံယုတ္တော၊ ကောင်းစွာ ယှဉ်လျက်။ ဗြဟ္မဗန္ဓု၊ ဗြဟ္မာမင်းအဆွေသည်။ ဘဝိဿတိ၊ ဖြစ်လတံ့။ အသီတိကောဋိဝဿံ၊ ကုဋေရှစ်ဆယ်သော ဥစ္စာကို။ ဆဋ္ဌေတ္မာ၊ စွန့်၍။ ဗဟူ၊ များစွာကုန်သော။ ဒါသေစ၊ ကျွန်တို့ကိုဌင်း။ ကမ္မကရေစ၊ အမှုလုပ်သောသူတို့ကိုဌင်း။ ဆဋ္ဌေတ္မာန၊ ၍။ ဂေါတမဿ၊ ဂေါတမအမည်တော်ရှိသော။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာသနေ၊ သာသနာတော်၌။ ပဗ္ဗဇိဿတိ၊ ရဟန်းပြုလတံ့။ သကျပုဏ်စံ၊ သာကီဝင်မင်းသားဖြစ်သော၊ ဂေါတမံ၊ ဂေါတမ အမည်တော် ရှိသော။ သမ္မုဒ္ဓံ၊ အရှင်မြတ်စွာဘုရားကို။ အာရာဓယိတ္မာ၊ နှစ်သက်စေ၍။ နာဒမန၊ အမည်အားဖြင့်။ ဥပဝါနောတိ၊ ဥပဝါနဟူ၍၊ သတ္ထုသာဝကာစ၊ ဘုရားတပည့်သားတော်သည်လည်း။ ဟောဿတိ၊ ဖြစ်လတံ့။ သကသဟဿောကပ္ပေ၊ ကမ္ဘာတဘိန်းထက်၌။ ကတံ၊ သော။ ကမ္မဖလံ၊ ကောင်းမှု၏ အကျိုးကို။ မေ၊ ငါ့အား။ ဒဿေတိ၊ ပြ၁ပ၏။ မရဏာ၁ဝဂါစ၊ အလွန်သော ဆင်းရဲမှု။ သုမုတ္တော၊ ကောင်းစွာလွှတ်၏။

မမ၊ ငါ၏။ ကိလေသေ၊ ကိလေသာတို့ကို။ ဗျာပယိ၊ ဖုတ်ခြောက်ပြီ။ စတုဒီပဿ၊ လေးကျွန်းလုံးကို။ ဓမ္မ၁ယ အဇ္ဈီးရလျက်။ စက္ကဝတ္တိယမန္ဓသ၊

စ[ကြာ]ဝဠာဘေးမနွာတ်ဖြစ်ခဲသော။ မေ၊ ငါအား။ သမန္တာ၊ ထက်ဝန်းကျင်မှ။ တိုဏိယောဇနာနှိ၊ သုံးယူဇနာတို့တိုင်တိုင်။ ခဇာ၊ တံခွန်တို့သည်။ သဒါ၊ အခါခပ်သိမ်း။ ဥသိယန္တိ၊ ဆောက်တည်ကုန်၏။ ဣတော၊ ဤကမ္ဘာမှ။ သတသဟဿေ ကပ္ပေ၊ ကမ္ဘာတသိန်းထက်၌။ ယံကမ္မံ၊ အကြင်ကောင်းမှုကို။ အကရိ၊ ပြုခဲ့ဘူးပြီ။ တေနကမ္မေန၊ ထိုကောင်းမှုအားဖြင့်။ ဒုဂ္ဂတိ၊ အပါယ်လေးပါးကို။ နာဘိဇာနာမိ၊ မသိဖဘူး။ ဣဒံ၊ ဤသို့အပါယ်လေးပါး မလားရခြင်းသည်ကား။ ခဇဒါနဿ၊ တံခွန်လူသည်၏။ ဖလံ၊ အကျိုးတည်း။ စတေသော၊ လေးပါးကုန်သော။ ပဋိသမ္ဘိဒါစ၊ ပဋိသမ္ภိဒါတို့ကိုဌင်း။ အဋ္ဌ မေ၊ ရှစ်ဖါးကုန်သော။ ဝိမောက္ခာပိစ၊ ဝိမောက္ခတရားတို့ကိုဌင်း။ ဆ၊ ခြောက်ပါးကုန်သော။ အဘိညာစ၊ အဘိညာဏ်တို့ကိုဌင်း။ သစ္ဆိကတာ၊ မျက်မှောက်ပြုအပ်ကုန်ပြီ။ ဗုဒ္ဓသာသနံ၊ ဘုရား အဆုံးအမတော်ကို။ ကတံ၊ လိုက်နာရပြီ။ ဤသို့ တံခွန်လူရသောအကျိုးကို ဥပဝါနမထေရ် ဟောပေ၏။ ထို ဥပဝါနအရှင်ကား ဖွံ့ဖြိုးသော ကိုယ်ရှိ၏။

တံခွန် လူရသော အကျိုးပြီး၏။

ထီးလှူရသည့် အကျိုးကို ပြဆိုသော တပ္ပနိယ မထေရ်ဝတ္ထု

တိသရဏံ ဘဂဝတော၊ ဒေဝဒေဝဿ တာဒိနော။
ဂေဟဆတ္တံ မယာဒိန္နံ၊ ဝိပ္ပသန္နေန စေတသာ။
နိဝုတ္ထံ ဟောတိမေ ပါပံ၊ ကုသလဿု ပသမ္ဘဒါ။
အာဂတာသေ ဆတ္တံ ကရောန္တိ၊ ပုဗ္ဗကမ္မဿိဒံ ဖလံ။
ပစ္ဆိမံ ဝတ္တတေ ရဏ္ဍံ၊ ဘဝါသမ္ပေ သမ္ဘဟတာ။
ခဝရေမိ အနန္တိမံဒေဟံ၊ သမ္ဘာသမ္ဘုဒ္ဓ သာသနေ။
ဒဒ္ဒုနဝုတိ ဣတော ကပ္ပေ၊ ယံ ဆတ္တံ အဒဒါတဒါ။
ဒုဂ္ဂတိ နာဘိဇာနာမိ၊ ဆတ္တဒါနဿိဒံ ဖလံ။
ဒဒ္ဒသတ္ဘတိ ဣတော ကပ္ပေ၊ အဌေဝ ဒါသိ ဇနာဓိပေ။
မဟာနိဒါနနာမပေပိ၊ ရာဇစစက္ကဝတ္တိနော။

ပဋ္ဌိသမ္ဘိဒါစ တယော၊ ဝိဒေဟာကွာ အဌသမ။
ဆဋ္ဌာဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

အဟာ၊ ငါသည်။ တာဒိမနာ၊ သည်းခံခြင်းနှင့် ပြည့်စုံ၏တော် မူ၏သော။ ဒေဝဒေဝဿ၊ နတ်ကကာတို့ထက် နတ်မြက် ဖြစ်၏တော်မူ၏သော။ တိဿ ဘဂဝတော၊ တိသု အမည်ရှိ၏တော်မူ၏သော မြတ်စွာဘုရားအား။ ဝိပုလ သန္ဓန၊ ကြည်ညိုစွာ၏သော။ စေတသာ၊ စိတ်ဖြင့်။ ကေဆတ္တံ၊ ဟစင်းသောထီးကို။ မယာ၊ ငါသည်။ ဒိန္နံ၊ လှူခဲ့ဘူးပြီ၊ မေ၊ ငါ့အား။ ပါပံ၊ မင်းကောင်းမှုသည်။ နိဝုတ္ထံ၊ ကင်းသည်။ ဟောတု၊ ၏။ ကုသလဿ၊ ကောင်းမှု၏။ ဥပသမ္ပဒါ၊ ပြည့်စုံခြင်းသည်။ ဟောတု၊ ၏။ အာကာသေ၊ အကာသကောင်းကင်ဟု ဆိုတို့၊ ထီးကို။ ကရောန္တိ၊ ဆောင်းကုန်၏။ ဣဒံ ဤသို့ဖြစ်ခြင်းသည်ကား။ ပုဗ္ဗကမ္မဿ၊ ရှေးကောင်းမှု၏။ ဖလံ၊ တည်း။

မယ္ဟံ၊ ငါ့အား။ ပစ္ဆိမံ၊ အဆုံးစွန်သော ကိုယ်၏ အဖြစ်သည်။ ပတ္တတော၊ ဖြစ်၏။ သမ္ဗောဘဝါ ခပ်သိမ်းကုန်သော ဘဝတို့ကို။ သမူဟတာ၊ ပယင်းပယ်ကုန်ပြီ။ သမ္မာသမ္ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား သာသနာတော်၌။ အန္တိမံ ဒေဟံ၊ အဆုံးစွန်သော ကိုယ်၏အဖြစ်ကို။ ဓာရေမိ၊ ဆောင်၏။ ဣတော၊ ဤဘဒ္ဒကမ္ဘာမှ။ ဒွေနဝုတိကပ္ပေ၊ ကိုးဆယ့်နှစ်ကမ္ဘာထက်၌။ ယံ ဆတ္တံ၊ အကြင်ထီးကို။ အဒဒါ၊ လှူခဲ့ဘူးပြီ။ တဒါ၊ ထိုအခါမှ။ ပဋ္ဌာယ၊ စ၍။ ဒုဂ္ဂတိ၊ အပါယ်လေးပါးကို။ နာဘိဇာနာမ၊ မသိစဘူး။ ဝါ၊ မလားမရောက်စဘူး။ ဣဒံ၊ ဤသို့ အပါယ်လေးပါးမလားခြင်းသည်ကား။ ဆတ္တဒါနဿ၊ ထီးလှူခဲ့ဘူးသည်၏။ ဖလံ၊ အကျိုးတည်း။

ဣဟ၊ ဤဘဒ္ဒကမ္ဘာမှ။ ဒွေသတိကပ္ပေ၊ ခုနှစ်ဆယ့်နှစ်ကမ္ဘာထက်၌။ မာနိဒါနနာမေန၊ မဟာနိဒါနအမည်ဖြင့်။ ဇနာမ်ပါ၊ လူတို့ကုံအစိုးရသော။ စက္ကဝတ္တိနောရာဇာ၊ စကြာဝဠာတေး မင်းအဖြစ်သည်။ အဒ္ဌဝ၊ ရှစ်ကြိမ်ဖြင့်သာလျှင်။ အာသိ၊ ဖြစ်ခဲ့ပြီ။ စတဿ၊ ထိုမင်းကုန်သော။ ပဋ္ဌိသမ္ဘိဒါစ၊ ပဋ္ဌိသမ္ဘိဒါတို့ကိုရင်း။ အဌမေ ရှစ်ပါးကုန်သော။ ဝိမောက္ခာ စ ဘိပိ၊ ဝိမောက္ခတို့ကိုရင်း။ ဆဋ္ဌာဘိညာစ ခြောက်ပါးသောအဘိညာဏ်တို့ကိုရင်း။ သစ္ဆိကတာ၊ မျက်မှောက်မြင်ပြီးအပ်ကုန်ပြီ။ ဗုဒ္ဓဿ၊ ၏။ သာသနံ၊ အဆုံးအမတော်ကို။ ကတံ၊ လိုက်နာရပြီ။ ဣဟ ဤဘဒ္ဒကမ္ဘာမှသည် ကိုးဆယ့်နှစ်

ကမ္ဘာထက်၌ တိသရမြတ်စွာဘုရားကို ထီးလွှဲခဲ့ဘူးသောကြောင့် ကိုးဆယ့်နှစ်ကမ္ဘာပတ်လုံး အပါယ်လေးပါးမလားဘဲ နတ်ကောင်း,လူကောင်းသာဖြစ်၍ ငါတို့မြတ်စွာဘုရား ရှေလက်ထက်တော်တွင်မှ အကျွတ်တရားကိုရ၍ တပွန်ယအမည်ရှိသော ရဟန္တာ ဖြစ်လာသတည်း။

ထီးလွှသော အကျိုးပြီး၏။

ညောင်စောင်းအင်းပျဉ် လှူရသည့် အကျိုးကို ပြသော သယဒါယမထေရ် ဝတ္ထု

ဤကမ္ဘာမှသည် ကမ္ဘာတသိန်းထက်၌ ဒေဒုမ္မုတ္တရာဘုရား ပွင့်တော်မူ၏။ ထိုဘုရားရှင် လက်ထက်တော်တွင် သူကြွယ်တယောက်သည် မျှားစွာသော ဥစ္စာ,စည်းစိမ် တိုးဝက်သဖြင့် မြတ်စွာဘုရား၌ ကြည်ညိုစွာ ဖြစ်ရကား၊ ပွတ်အပ်ပြီးသော ဆင်စွယ် ရွှေ,ငွေ,ပုတ္တမြား တို့ဖြင့် ပြီးသော ကျိန်းစက်ရန် အလို့ငှါ ညောင်စောင်း အင်းပျဉ်ကိုပြုစေပြီး အုံးမွှေ့ရာခင်း၍ မြတ်စွာဘုရားကို လှူဒါန်း၏။ မြတ်စွာဘုရားလည်း ထို ဒါယကာကို သနားတော်မူသဖြင့် ထိုညောင်စောင်းအင်းပျဉ်၌ ကျိန်းစက်တော်မူ၏။ ထိုဒါယကာလည်း ထိုကောင်းမှု၏ အကျိုးကြောင့် သေလွန်သောအခါ၌ လူပြည်, နတ်ပြည်၌ ကျင်လည်ခံစားပြီးမှ ငါတို့မြတ်စွာဘုရား ရှေလက်ထက်တော်တွင် ကြွယ်ဝသော အမျိုး၌ဖြစ်၍ သီ,ကြား လိမ္မာသော အဖြစ်သို့ ရောက်လတ်သော်၊ သာသနာတော်၌ ကြည်ညိုသဖြင့် မြတ်စွာဘုရားအထံတော်၌ ရဟန်းပြု၍ မျှားကြာမီ ရဟန္တာဖြစ်လျှင်၊ မိမိပြုခဲ့ဘူးသော ကောင်းမှုကို အောက်မေ့၍ ဝမ်းမြောက်ဝမ်းသာစွာဖြစ်သဖြင့် မိမိပြုခဲ့ဘူးသော ကောင်းမှု၏အကျိုးကို ပရိသတ်တို့အား ဟောကြားပေလို၍ ဤသို့ ဂါထာကို ရွတ်၏။

ပဒုမ္မုတ္တရဿဒုဒ္ဓဿ၊ သဗ္ဗလောကာနုကမ္ပိနော။
သယနံ တဿ အဒါသိံ၊ ဝိပ္ပသန္နေန စေတသာ။ ။
တေန သယနဒါနေန၊ သုခေတ္တဗီဇသမ္ပဒါ။
ဘောဂါ နိဗ္ဗတ္တိ တေ မမ၊ သယနဿ ဣဒံဖလံ။ ။
အာကာသေ သေယျံ ကပ္ပေမိ၊ ဓာရေမိ ပထဝိံ ဣမံ။
ပါဏေသု မေ ဣဿရိယံ၊ သယနဿ ဣဒံဖလံ။ ။

ပဠုကပွသဟာသမ္ပိ၊ အဌ အာသုံ မဟာဝဟာ။
စတုတိ်သေ ကပွသဒ္ဒာ၊ စတုဏ္ဏံ ပဒမ္ဘဝေ။ ။
ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခါ ပေါ်ယိ ဆဠဘိ။
ဆဠဘိညာ သစ္ဆိကတာ၊ ကတံ ဗုद္ဓဿ သာသနံ။ ။

သမ္ဗာလောကာနုဂေါမ်ိုနှာ၊ ခပ်သိမ်းသော သူတို့ကို အစဉ်သနားတော်မူ တတ်သော။ ပဒုမ္မုတ္တရသည်၊ ပဒုမ္မုတ္တရ အမည်ရှိတော်မူသော။ တာဝတိုဗ္ဘဝသည်၊ ထိုမြတ်စွာဘုရားအား။ ဝိ ုသဒ္ဓန်နှ၊ ကြည်ညိုလှုံ့စွဲသော။ ဒေဝတာတို့၊ စိတ်ဖြင့်။ သယနံ၊ အိပ်ရာနေရာကို။ အဒါသိ၊ လှူခဲ့ကုန်၏။ ဘဝနေသယနဒါ နေန၊ ထိုသို့ အိပ်ရာလှူဘူ သောကအား ဖြင့်။ သုခေတ္တေ၊ ဘဝင်းသော လယ်မြေဖြစ်သော မြတ်စွာဘုရား၌၊ ဗီဇသမ္ပဒါ၊ ကောင်းမှုဟူသော မျိုးစေ့နှင့် ပြည့်စုံခြင်းကြောင့်။ ဟေ၊ ငါ့အား၊ ဘောဂါ၊ ကြည်းမ်မ်ချမ်းသာတို့သည်။ နိဗ္ဗတ္တာ၊ ဖြစ်ပေ၏။ ဣဒံ၊ ဤသို့ဖြစ်ခြင်းသည်ကား။ သယနဿ၊ အိပ်ရာ နေရာလှူဘူးသည်၏။ ဖလံ၊ အကျိုးဟူ၏။

အာကာသေ၊ ကောင်းကင်၌။ သေယျံ၊ အိပ်ခြင်းကား ကပ္ပေမိ၊ ပြု၏။ ဣမံ ပထဝိ၊ ဤမြေကြီးကို။ ဓာရေမိ၊ ဆောင်၏။ ဟေမယာ ငါသည်။ ပါနေသု၊ သတ္တဝါတို့ကို။ ဣဿရိယံ၊ အစိုးရ၏။ ဣဒံ၊ ဤ သူဘုရားတို့ကို အစိုးရခြင်းသည်ကား။ သယနဿ၊ အိပ်ရာ နေရာ လှူဘူးသည်၏။ ဖလံ၊ အကျိုးတည်း။ ပဠုကပွသဟာသမ္ပိ၊ ကဲမ္ဘာ ငါးထောင် အာသက်၌။ အဌ၊ ရှစ်ကြိမ်။ မဟာဝဟာ၊ ဝန်ကြီး ဘောမင်း အဖြစ်သည်။ အာသုံ ဖြစ်ခဲ့ကုန်ပြီ။ စတုတိ်သေကပွသဒ္ဓေ ကပ္ပေသုံးသောင်း လေးရာ အာသက်၌။ မဟာဗုလော ဗိုလ်ပါမျိုးသော စကြာဝဠာတမ်း မင်းအဖြစ်သည်။ စတုဏ္ဏံ၊ လေးကြိမ်။ အာသုံ၊ ဖြစ်ခဲ့ကုန်ပြီ။ စတဿော၊ လေးပါးကုန်သော။ ပဋိသမ္ဘိဒါ၊ ပဋိသမ္ဘိဒါတို့ကိုဟုတ်။ ဆဠဘိ၊ မျက်ပါးကုန်သော။ ဝိမောက္ခာ ပေါ်ယိ၊ ဝိမောက္ခတို့ကိုဟုတ်။ ဆ၊ ခြောက်ပါး ကုန်သော။ အဘိညာ၊ အဘိ ညာဏ်တို့ကိုဟုတ်။ သစ္ဆိကတာ၊ မျက်မှောက်ပြုအပ်ကုန်ပြီ။ ဗုဒ္ဓဿ၊ မြတ်စွာ ဘုရား၏။ သာသနံ၊ အဆုံးအမတော်ကို။ ကတံ၊ လိုက်နာရာရောက်ပြီ။ ။ ဤသို့ အိပ်ရာ,နေရာဖြစ်သော ပတိုင် ညောင်စောင်းလှူရသော ကောင်းမှု၏ အကျိုးကို သယဒါယမတ္ထရှင်သည် ပဋိသတ်တို့အား ဟောပေ၏။

ညောင်စောင်းအင်းပျဉ် လှူရသော အကျိုးသယဒါယမတ္ထ၏ ဝတ္ထု ပြီး၏။

သပိတ်လှူရသည့်အကျိုးကိုပြသောသုတ္တြယ်ဝတ္ထု၊

ပတ္တဒါနံ ကရော ယေတေ၊ နတေ ဇာယန္တိ ဒုဂ္ဂတိ။
ဇာယန္တိ သုဂတိဘဝေ၊ ပတ္တဒါနသိ့ဒံ ဖလံ။ ။

ဒွေကုလေ ဥပပဇ္ဇန္တိ၊ခတ္တိယေ ဗြဟ္မဏေသုစ။
ဟီနေကုလေ နဇာယန္တိ၊ ပတ္တဒါနသိ့ဒံ ဖလံ။ ။

ဒေဝေသု ယာစသမ္ပတ္တိ၊ မာနုသေ သုစ ယာဝတိ။
ဥဘော မေ တေ သဒ္ဓတ္တိယော၊ လဘေယ္ယ ပတ္တဒါယကော။ ။

သုဝဏ္ဏေန ကတံ ကံသံ၊ သုဝဏ္ဏမယံ ဘာဇနံ။
သုဝဏ္ဏဃဋကဥ္စာပိ၊ လဘေယ္ယ ပတ္တဒါယကော။ ။

ဘဝေဒေဝေသုဒေဝရာဇာနော၊ မာနုသေသုစ ခတ္တိယော။
သဗ္ဗသာ ဂ္ဂဿရော ဟောတိ၊ ပတ္တဒါနသိ့ဒံ ဖလံ။ ။

ဘဝါဘဝေ သံသရန္တော၊ အမိတဘောဂံ လဘန္တိ။
သော အမိတဘောဂ လဘိတ္ဝာန၊ ဝဏ္ဏိဗ္ဘာနံ ပါပုဏိ။ ။

ယေဥပါသကာ၊ အကြင်ဒါယကာတို့သည်။ ပတ္တဒါနံ၊ သပိတ် ဟူသော အလှူကို။ ကရော၊ ပြုကုန်ရာ၏။ တေ၊ ထိုသပိတ်လှူသော ဒါယကာတို့သည်။ ဒုဂ္ဂတိ၊ အပါယ်လေးပါးသို့။ နဇာယန္တိ၊ မလားရကုန်။ တေ၊ ထို ဒါယကာတို့သည်။ သုဂတိဘဝေ၊ နတ်ပြည်, လူပြည်၌သာလျှင်။ ဇာယန္တိ၊ ဖြစ်ကုန်၏။ ဣဒံ၊ ဤသို့သုဂတိဘဝ၌သာ ဖြစ်ခြင်းသည်။ ပတ္တဒါနသ၊ သပိတ်လှူရသည်၏။ ဖလံ၊ အကျိုးတည်း။

ခတ္တိယေကုလေစ၊ မင်း၏အမျိုး၌ ဖြစ်ခြင်းငင်း။ ဗြဟ္မဏေသုကုလေ သုစ၊ ပုဏ္ဏားမျိုးတို့၌ဖြစ်ခြင်းငင်း။ ဥဘော၊ မ၊ မြတ်သော။ ဒွေကုလေ၊ နှစ်ပါးသောအမျိုး၌။ ဥပပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဟီနေကုလေ၊ ယုတ်သောအမျိုး၌။ နဇာယန္တိ၊ မဖြစ်ကုန်။ ဣဒံ ဤသို့ မြတ်သောအမျိုး၌ ဖြစ်ခြင်းသည်ကား။ ပတ္တဒါနသ၊ သပ်တ်လှူရသည်၏။ ဖလံ၊ တည်း။ ဒေဝေသု၊ နတ်တို့၌။ ယာစသတ္တိ၊ အကြင်စည်းစိမ်သည်ရှင်း။ မာနုသေ သု၊ လူတို့၌။ ယာဝတိစ၊ အကြင် မှီ,လျော်ခြင်းသည်ရှင်း။ ဥဘေ ဥဘောသမ္ပတ္တိယော၊ ထို နှစ်ပါး

သော စည်းစိမ်ချမ်းသာတို့ကို။ ပတ္တဒါယကာ၊ သပိတ်လှူရသောဒါယကာ သည်။ လဘေယျ၊ ရရာ၏။ သုဝဏ္ဏန၊ ရွှေဖြင့်။ ကတံ၊ ပြုအပ်သော။ကံသံ၊ လင်ပန်းကိုရင်း။ သုဝဏ္ဏမယံ၊ ရွှေဖြင့် ပြီးသော။ ဘာဇနံ၊ ခွက်ကိုရင်း။ သုဝဏ္ဏဃဋဋကဉ္စာပိ၊ ရွှေဖြင့် ပြီးသောအိုးကိုရင်း။ ပတ္တဒါယကာ၊ သပိတ် လှူရသော ဒါယကာသည်။ လဘေယျ၊ ရရာ၏။

ဒေဝေသု၊ နတ်ဘို့၌။ ဒေဝရာဇာနော နတ်မင်းကြီးသည်။ ဘဝေ၊ ဖြစ်ရာ၏။ မနုဿေသု၊ လူတို့၌လည်း။ ခတ္တိယော၊ လူမင်းသည်။ ဘဝေ၊ ဖြစ်ရာ၏။ သဗ္ဗဿ၊ လူပြည်, နတ်ပြည်တို့၌။ ဣဿရော၊ အစိုးရသည်။ ဟောတိ ၏။ ဣဒံ၊ ဤလှူတကာတို့ကို အစိုးရခြင်းသည်ကား။ ပတ္တဒါနဿ၊ သပိတ် ဟူသောအလှူ၏။ ဖလံ၊ အကျိုးတည်း။ ဘဝါဘဝေ၊ ဘဝကြီးငယ်၌။ သံသရန္တောပိ၊ ကျင်လည်ရသော်လည်း။ အမိတဘောဂံ၊ အကိုင်းမသိသော စည်းစိမ်ချမ်းသာကို။ လဘန္တိ၊ ရကုန်၏။ သော၊ ထိုဒါယကာသည်။ အမိတ ဘောဂံ၊ အတိုင်းမသိသော စည်းစိမ်ချမ်းသာကို။ လဘိတ္ဝာန၊ ရ၍။ ပစ္ဆာ၊ နောက်အဘို့၌။ ဝရံ၊ မြတ်စွာသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပါပုဏိ၊ ရောက် လေရာပြီ။ ။ပဒုမ္မုတ္တရဘုရားရှေလက်ထက်တော်တွင် သူကြွယ်တယောက် သည် မြတ်စွာဘုရားသခင်အား သပိတ်လှူသောအခါ၊ ထိုသပိတ်လှူသော အကျိုးကို ဟောတော်မူသော တရားတော်တည်း။ ဤ စကားကား၊ အပါဒါန်ကျမ်းဌ်လာသော စကားတည်း။

သပိတ်လှူရသော အကျိုး သူကြွယ် ဝတ္ထုပြီး၏။

အပ်လှူရသည့်အကျိုးကိုပြသော
သုစိဒါယကမထေရ် ဝတ္ထု

လွန်လေပြီးသောအခါကမ္ဘာသုံးထောင်ထက်၌ သုမေဓာဘုရားဖြစ်တော် မူ၏။ ထို ဘုရားလက်ထက်တော်တွင် သူကြွယ်တယောက်သည် အရှင်မြတ်တို့ သက်နှံးချုပ်သည်ကို မြင်၍ သက်နှံးချုပ်စရာအလို့ငှါ ငါးစင်းသောအပ်တို့ ကို လှူလေ၏။ ဆုတောင်းပတ္ထနာကိုလည်းပြုပေ၏။ထိုသူကြွယ်သည် အသက် အတိုင်းနေ၍ သေခဲ့သော် နတ်ပြည်၌ဖြစ်လေ၏။ လူပြည်၌ ဖြစ်သော်ရင်း၊ နတ်ပြည်၌ ဖြစ်သော်ရင်း ထက်မြက် လျင်လျားစွာ ပညာရှိသောကြောင့်

ထင်ရှားကျော်စောစွာဖြစ်၍ ကမ္ဘာ သုံးထောင်ပတ်လုံး အပါယ်မလားဘဲ နတ်ဗကာင်း, လူ့ဗကာင်း ဘဝ၌သာဖြစ်၍ ငါ့မြတ်စွာဘုရား လက်ထက်တော်တွင် လူဖြစ်လာသဖြင့် သို့, ကြား လိမ္မာသော အဖြစ်သို့ ရောက်လတ်သော်၊ မြတ်စွာဘုရား၌ ကြည်ညိုခြင်းဖြစ်၍ ဂုဟန်းအဖြစ်ကို တောင်းပန်ပြီးလျှင် ဂုဟန်းပြုသည်ရှိသော်၊ ထက်ခြက်သော ဉာဏ် ရှိသောကြောင့် သင်တုံးအဆုံး၌ပင် ခြောက်ပါးသော အဘိညာဏ်နှင့်တကွ ဂုဟန္ဓာဖြစ်၍ မိမိပြုခဲ့ဘူးသော ကောင်းမှုနှင့် အကျိုးကို ပရိသတ် အလယ်၌ ဤသို့ ဟောပေ၏။

တံ သကပ္ပသဟဿမ္ပိ၊ သမ္ဗုဒ္ဓေါ လောကနာယကော။
သုမေဓောနာမ နာမေန၊ ဗာတ္တိံသ ဝရလက္ခဏော။ ။
တဿ ကဠုန ဝဏ္ဏဿ၊ ဒီပဒီဏ္ဍဿ တာဒိနော။
ပဠုသုစိ မယာဒိဏ္ဍာ၊ သိဗ္ဗနတ္ထာယ စီဝရံ။ ။
တေနစ သုစိဒါနေန၊ နိပုဏာ ဘူ ဝိပဿကံ။
တိက္ခံ လဟုံစ ဖါသုံစ၊ ဉာဏံ မေ ဥပပဇ္ဇတိ၊ ။
အတီတေစ ဘဝေ သဗ္ဗေ၊ ဝတ္ထုမာနေ အနာဂဒတာ။
ဉာနေန ဝိစိနိ သဗ္ဗေ၊ သုစိဒါနဿိဒံ ဖလံ။ ။
ကိလေသာ ဗျာဓိတာ မယ္ဟံ၊ ဘဝါသဗ္ဗေ သမူဟတာ။
ဝေရေမိ အန္တိမဒေဟံ၊ သမ္ဘဝသမ္ဗုဒ္ဓိယာ သာသနေ။ ။
ပဓာနဝီရိယတိနဝမ၊ ရာဇာနော စတုရော အဟု၊
သဗ္ဗာဂတနသမ္ပန္နော၊ စက္ကဝတ္တိ မဟာဗလာ။ ။
ပဠိသမ္ဘိဒါ စတဿော၊ ဝိဇမာဏ္ဍာ ပိစ အဋ္ဌဝမ။
ဆဠဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓါန သာသနံ။ ။

တံ သကပ္ပသဟဿမ္ပိ၊ ကမ္ဘာ သုံးသောင်းထက်၌။ ဗာတ္တိံသဝရလက္ခဏော၊ သုံးဆယ့်နှစ်ပါးသော ယောက်ျားမြတ်၏ လက္ခဏာနှင့်ပြည့်စုံသော။ နာမေန၊ အမည်အားဖြင့်။ သုမေဓောနာမ၊ သုမေဓော အမည်ရှိသော။ လောကနာယကော၊ လူ့နတ်တို့၏ ခရီးညွှန်ဖြစ်တော်မူသော။ သမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ လောကေ၊လူ၌။ ဥပ္ပဇ္ဇိ၊ ပွင့်တော်မူပြီ။ ကဠုနဝဏ္ဏဿ၊

ရွှေအဆင်းနှင့်တူသော။ ဒီ၊ဒီနှင်းသည်၊ ဥာဏ်တည်း ဟူသော ဆီမီးကို ဝေးလှူ ဝေတော်မူတတ်ယဟသော။ တာဒီနော၊ သည်းခံခြင်းနှင့် ပြည့်စုံတော် မူသော။ တသဟသမ္ဘုဒ္ဓဿ၊ ထိုမြတ်စွာဘုရားအား။ စီဝရံ၊ သင်္ကန်းကို။ သိဗ္ဗနုတ္တရာယ၊ ချုပ်စိမ့်သောဌာ၊။ ပဋ္ဌသုစိ၊ ငါးစင်းသော အပ်ကို။ မယာ၊ ငါသည်။ ဒိန္နာ၊ လှူအပ်ကုန်ပြီ။ တေနသုစိဒါနေန၊ ထိုသို့ အပ်လှူသော ဝေတနာဖြင့်။ နိပုဏတ္ထဝိပဿကာ၊ သိမ်မွေ့သော ဝိပဿနာရှိသော။ တိက္ခံ၊ ထက်သော။ လဟုံ၊ လျင်သော။ ဖာသုံ၊ ကောင်းသော။ ဥာဏံ၊ ဥာဏ်သည်။ မေ၊ ငါ့အား။ ဥပပဇ္ဇတိ၊ ရောက်လတ်သတည်း။ သဗ္ဗေ၊ အလုံးစုံ ကုန်သော။ အတီတေ၊ လွန်လေကုန်ပြီးသော။ ဘဝေစ၊ ဘဝတို့ကိုရင်း။ သဗ္ဗေ၊အလုံးစုံ ကုန်သော။ ဝတ္တမာနေစ၊ ပစ္စုပ္ပန်ဘဝတို့ကိုရင်း။ အနာဂတေစ၊ နောင်လာလတံ့သော ဘဝတို့ကိုရင်း။ ဥာဏေန၊ ဥာဏ်ဖြင့်။ ဝိစိနိ၊ စူးစမ်းဆင်ခြင်၍ သိနိုင်၏။ ဣဒံ၊ ဤသို့သိခြင်းသည်ကား။ သုစိဒါနဿ၊အပ်လှူဘွားသည်၏။ ဖလံ၊ အကျိုးတည်း။

မယုံ၊ ၏။ ကိလေသာ၊ ကိုလေသာတို့ကို။ ဗျာပိဟာ၊ သတ်အပ်ကုန်ပြီ။ သဗ္ဗေဘဝါ၊ ခပ်သိမ်းသောဘဝတို့ကို။ သမူဟတာ၊ ပယ်အပ်ကုန်ပြီ။ သမ္မာသမ္ဘုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သာသနေ၊ သာသနာတော်၌။ အန္ဓိမဒေဟံ၊ အဆုံးစွန်သောကိုယ်ကို။ ဓာရေမိ၊ ဆောင်၏။ သတ္တရတနသမဂ္ဂဿ၊ ရတနာခုနစ်ပါးနှင့်ပြည့်စုံသော။ မဟာဗုလ၊ဗိုလ်ပါမျှားသော။ ပဓာနာဓိပတိနာမ၊ ပဓာနာဓိပတိအမည်ရှိသော။ စက္ကဝတ္တိရာဇာနာ၊ စ ကြာဝဠာတီး မင်းအဖြစ်သည်။ စတုရော၊ လေးကြိမ်။ အဟု၊ ဖြစ်ခဲ့ဘူးပြီ။ ဣဒံ၊ ဤသို့ဖြစ်ခြင်းသည်ကား။ သုစိဒါနဿ၊ အပ်လှူဘွားသည်၏။ ဖလံ၊ တည်း။ စတသော၊ လေးပါးကုန်သော။ ပဋိသမ္ဘိဒါစ၊ ပဋိသမ္ภิဒါတို့ကိုရင်း။ အဋ္ဌမေ၊ ရှစ်ပါးကုန်သော။ ဝိမောက္ခာစ၊ ဝိမောက္ခတို့ကိုရင်း။ ဝေ၊ ခြောက်ပါးကုန်သော။ အဘိညာစ ၊ အဘိညာဏ်တို့ကိုရင်း။ သစ္ဆိကတာ၊ မျက်မမှောက်ပြု အပ်ကုန်ပြီ။ ဗုဒ္ဓဿ၊ ၏။ သာသနံ၊ အဆုံးအမတော်ကို။ ဂတံ၊ လိုက်နာရပြီ။

အပ်လှူသောအကျိုး သုစိဒါယကမထေရ် ဝတ္ထုပြီး၏။

ဤကမ္ဘာမှပြန်၍ ရေတွက်သည်ရှိသော်၊ ယေးသခ်ေါ်နှင့် ကမ္ဘာတသိန်းကျော်၌ နာရဒဘုရား ပွင့်ဖေါ်မူ၏။ ထိုမြတ်စွာဘုရားသည် ဟိမဝန္တာတောင်၌ တခုသောသစ်ပင်ရင်းတွင် သီတင်းသုံး နေတော်မူသည်ကို တယောက်သော ဒါယကာသည်မြင်လေလျှင် ကြည်ညိုခြင်းရှိသဖြင့်၊ ကျူးဖြင့်ပြီးသော ကျောင်းသစ်မ်းကို ဆောက်လုပ် လှူဒါန်း၏။ မြတ်စွာဘုရား သည်လည်း အလှူခံတော်မူ၏။ ထိုကျောင်းသစ်မ်း၌ ခုနှစ်ရက်တိုင်အောင် နိုရောဓသမာပတ်၌ ဝင်စားတော်မူလေ၏။ ထိုဒါယကာသည်လည်း ကျူးဖြင့်ပြီးသော ကျောင်းသစ်မ်းကို လှူဒါန်းရသော အကျိုးခံကြောင့် တဆယ့်လေး ကမ္ဘာပတ်လုံး နတ်ပြည်၌မွေ့လျော်၍ သိကြားမင်းအဖြစ် ခုနှစ်ဆယ့်နှစ်ကြိမ်၊ စကြဝဠာမင်း အဖြစ်သည်ကား ခုနှစ်ဆယ့် နှစ်ကြိမ်၊ ကေရာဇ် မင်း၏ အဖြစ်ကား မဇရတွက် နိုင်အောင်ဖြစ်၍ ဒါတို့ မြတ်စွာဘုရား လက်ထက်တော်တွင်လူဖြစ်လာပြန်၍ ရဟန်းပြုဒသာ ရဟန္တာဖြစ်ခဲ့လေ၏။ မိမိပြုခဲ့ဘူးသော ကောင်းမှုအကျိုးကို ပရိသတ်တို့အား ဟောတော်မူလို၍ ဤသို့ ဂါထာကိုရွတ်၏။

ဟိမဝန္တသ အဝိဒူရေ၊ ဟာဝိကောနာမ ပဗ္ဗတော။
သယမ္ဘူနာမ နာရဒေါ၊ ရုက္ခမူလေ ဝသိ တဒါ။ ။

နဋ္ဌာဂါရံ ကရိတ္ဘာန၊ တိကောန ဆာဒယိ အဟံ။
စက်မံ သောဝယိတ္ဘာန၊ သယမ္ဘုဿ အဒါသဟံ။ ။

စတုဒ္ဒသေသုကပ္ပေသု၊ ဒေဝလောကေ ရမ္မိ အဟံ။
စတုသတ္တတိက္ခတ္တုံ စ၊ ဒေဝရဇ္ဇံမကာရယိ။ ။

သတ္တသတ္တတိက္ခတ္တုံ စ၊ စက္ကဝတ္တိ အဟောသဟံ။
ပဒေသရဇ္ဇံ ဝိပုလံ၊ ဂဏနတော အသင်္ခ်ယံ။ ။

ဥဗ္ဗိဒ္ဓံ ဘဝနံ မယှံ ဣဒ္ဓလဒ္ဓိစ ဥက္ကဋ္ဌံ။
သဟဿထမ္ဘံ အတုလံ၊ ဝိမာနံ ပဘာသရံ။ ။

ဒ္ဝေသမ္ပတ္တိ အနုဘောတ္ဘာ၊ သုက္ကမူလေန စောဒိတော။
ဂေါတမဿ ဘဂဝတော၊ သာသနေ ပဗ္ဗဇိ အဟံ။ ။

ကမ္မဋ္ဌာနံ ပတိတော၊မှိ၊ ဥပသန္တော နိရူပဓိ။
နာဂေါ၊ဝ ဗန္ဓနံ ဆေတ္ဘာ၊ ဝိဟရာမိ အနာသဝေါ၊တိ။ ။

ဟိမဝန္တသ၊ ဟိမဝန္တာ၏။ အဝိဒူရေ၊ အနီးဌ။ ဟာဝိကောနာမ၊ ဟာဝိကအမည်ရှိသော။ ပဗ္ဗတော၊တောင်သည်။ အတ္ထိ၊ရှိ၏။ တဒါ၊ထိုအခါ ဌ။နာရဒေါနာမ၊ နာရဒအမည်ရှိသော။ သယမ္ဘု။ မြတ်စွာဘုရားသည်။ ရက္ခမူလေ၊ သစ်ပင်ရင်းဌ။ (အနီးဌ သော်လည်းပေး။) ဝသိ၊ နေတော်မူ၏။ အဟံ၊ ငါသည်။ နဋ္ဌာ၊ဂါရံ၊ ကျ။ဖြင့်ပြီးသောကျောင်းကို။ ကရိတ္ဘာန၊ ပြုဦး၍။ တိကောန၊ မြက်ဖြင့်။ ဆာဒယိ၊ မိုး၏။ စက်မံ၊ ကြေကို။ သောဝ၊ ယိတ္ဘာန၊ သုခ်သင်ဦး၍။ သယမ္ဘုဿ၊ မြတ်စွာဘုရားအား။ အဟံ၊ ငါသည်။ အဒါသိ၊ လှူခဲ့လေပြီ။ ။ စတုဒ္ဒသေသုကပ္ပေသု၊ တဆယ့်လေးကမ္ဘာ ထက်ဌ။ ဒေဝလောကေ၊ နတ်ပြည်ဌ။ အဟံ၊ ငါသည်။ ရမ္မိ၊ မွေ့လျော်ရ၏။ အဟံ၊ ငါသည်။ စတုသတ္တတိက္ခတ္တုံ စ၊ ခုနစ်ဆယ့်လေးကြိမ် တိုင်တိုင်လည်း။ ဒေဝ ရဇ္ဇံ၊ နတ်မင်းကြီး၏ အဖြစ်ကို။ အကာရယိ၊ ပြုခဲ့ဘူးပြီ။ အဟံ၊ ငါသည်။ သတ္တသတ္တတိက္ခတ္တုံ စ၊ ခုနစ်ဆယ့်ခုနစ်ကြိမ် တိုင်အောင်လည်း။ စက္ကဝတ္တိ၊ စကြဝဠာတော်မင်းအဖြစ်သည်။ အဟောသိ၊ ဖြစ်ခဲ့ဘူးပြီ၊ ဝိပုလံ၊ ပြန့်ပြောစွာသော။ ပဒေသရဇ္ဇံ၊ ကောရာဇ်မင်း, ပဒေသရာဇ်မင်း အဖြစ်သည်။ ဂဏနတော၊ အ-ရေအတွက်အားဖြင့်။ အသင်္ခ်ယံ၊ မရေတွက်နိုင်သည်။ အဟောသိ၊ ဖြစ်ခဲ့ဘူးပြီ။ မယှံ၊ ငါ၏။ ဘဝနံ၊ ဘုံဗိမာန်သည်။ ဥဗ္ဗိဒ္ဓံ၊ မြင့်၏။

ဣန္ဒလင္ဌ၊ 'တန်ကျစ်နွယ်ကဲ့သို့ ဟူ၍ပေး။ 'ဥဏ္ဍင်္ဂ၊ မြတ်သော။ သဟာယ်ထမ္ဘံစ၊ တထောင်သော တိုင်သည်လည်းရှိ၏။ အတုလ၊ မန္ဒိုင်းယှဉ်အပ်ထသော။ ဝိမာနံ၊ ဗိမာန်သည်။ ပဘာဿရံ၊ ပြိုးပြိုးပြက်ရှိ၏။ ဒေဝသမ္ဘတ္တိ၊ နှစ်ပါးသော စည်းစိမ် ချမ်းသာ တို့ကို။ အနုဘောတ္တာ၊ ခံစားဦး၍။ သုဂ္ဂမူလေန၊ ကောင်းမှုစေတနာသည်။ စောဒိတော၊ တိုက်တွန်းအပ်သည်ဖြစ်၍။ ဂေါတမဿ၊ ဂေါတမအမည်ရှိသော။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာသနေ၊ သာသနာတော်၌။ အဟံ၊ ငါသည်။ ပဗ္ဗဇိ၊ ရဟန်းပြုလေပြီ။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ပတိတော၊ နှလုံးပြုသည်။ အမှိ၊ ဖြစ်၏။ ဥပသန္တော၊ ကိလေသာငြိမ်းသည်ဖြစ်၍။ နိရုပဓိ၊ ဥပဓိကင်းသော နိဗ္ဗာန်ကို။ သစ္ဆိကတော၊ မျက်မှောက်ပြုရပြီ။ နာဂေါ၊ ဆင်ပြောင်သည်။ ဗန္ဓနံ၊ နှောင်ဖွဲ့ခြင်းကို။ ဆိန္ဒတိ ဣဝ၊ ဖြတ်သကဲ့သို့။ ဗန္ဓနံ၊ ကိလေသာ တည်းဟူသော နှောင်ဖွဲ့ခြင်းကို။ ဆေတ္တာ၊ ဖြတ်၍။ ဝိဟရာမိ၊ နေရ၏။ ဣတိ၊ ဤသို့။ အဘာသိ၊ ရွတ်ဆိုလေပြီ။ ။ဤသို့လျှင် နဋ္ဌာဂါရမထေရ် ဟောတော်မူသော တရားတည်း။

ကျေးဖြင့်ပြီးသောကျောင်းအလှူကား ပြီး၏။

ရေလှူသောအကျိုးကို ပြပေအုံ

ကိုးဆယ့်တကမ္ဘာထက်၌ ဝိပဿီဘုရား ပွင့်တော်မူ၏။ ထိုမြတ်စွာဘုရား ရွှေလက်ထက်တော်၌ ဗန္ဓုမတီမည်သောပြည်တွင် သူဌေး, သူကြွယ်, မှူးမတ်, အိမ်ရှေမင်း, ပြည်ရှင်မင်းတို့သည် တုပအားကျ၍ သူ့အလှူထက် ငါ့အလှူသည် ထူးအောင်, ကောင်းအောင်ဟူ၍ အလှူဒါနကို ပြုကြလေကုန်၏။ ထိုအခါ ရေခပ်၍ လောင်းသဖြင့် သူတပါးတို့ ပေးသောအခန့်နှင့် အသက်မွေးမြူရသော သူဆင်းရဲတယောက်သည် ထိုသို့ သူဌေး,သူကြွယ်တို့ အတုအပကို အားကျ၍ အလှူဒါန ပြုကြသည်ကို မြင်သောကြောင့်၊ ညြော်-သူမျှားကား ဥစ္စာရှိသောကြောင့် အလှူဒါနပြုရကုန်၏၊ ငါကားလှူ စရာ မရှိပါတကား၊ လှူစရာ မရှိ၍ အမှတ်မဲ့နေချေသော် နောင်ဘဝ၌ သည်ထက်မက ဆင်းရဲတော့မည်ဟု အကြံရှိသဖြင့် ဆိုင်းနှင့် ရေအိုးကို ယူ၍ မြစ်မှ ရေခပ်ပြီး ကျောင်းတိုင်း ကျောင်းတိုင်း သောက်ရေအိုး, သုံးဆောင်ရေအိုး, ခြေဆေး

အိုးတို့ကို ရေပြည့်အောင် ခပ်၍ လူဒါန်း၏၊ ထိုသူဆင်းရဲသည် အသက်အတိုင်းနေ၍ သေလွန်ခဲ့သော်၊ ထိုသို့ လူခဲ့ဘူးသော ကောင်းမှု စေတနာကြောင့် နတ်ပြည်၌ဖြစ်၍ သိကြားမင်း အဖြစ်လည်း အကြိမ်ငါးဆယ်၊ စကြဝဘေးမင်းအဖြစ်လည်း အကြိမ်နှစ်ဆယ် ဖြစ်၍ ငါတို့ မြတ်စွာဘုရား ရှေလက်ထက်တော်တွင် လူဖြစ်လာပြန်၍ ရဟန်း ပြုလျှင် ရဟန္တာအဖြစ်သို့ ရောက်မှ မိမိပြုခဲ့ဘူးသော ကောင်းမှု၏ အကျိုးကို ပရိသတ်တို့အား ဟောပေလို၍ ဤသို့ ဂါထာကို ရွတ်၏။

နဂရေ ဗန္ဓု မတိယာ၊ ဥဒကဟာရိ အဟောသိ။
ဥဒကဟာရေန ဇီဝါမိ။ တေန ပေါသေမိ ဒါရကေ။ ။
ဒေယျဓမ္မောစ မေ နတ္ထိ၊ ပုညေ ခေတ္တေ အနုတ္တရေ။
ကေတံ ဥပသက်မိတ္ဝာ၊ ဥဒကံ သန္ဓပေ အဟံ။ ။
တေန ကမ္မေန သုကတေန၊ တာဝတိံသံ အာဂစ္ဆတိ။
တတ္ထ မေ သုကတံ ဗျမ္ဘ၊ ဥဒကဟာရေန နိမ္မိတံ။ ။
အစ္ဆရာနံ သဟဿံသ၊ အဟံ မမ အာသိပဝရာ။
တဒါ ပါဒဋ္ဌာနေဟိ၊ တာသဗ္ဗာနုဘောမိ သယံ တဒါ။ ။
ပညာသံ ဒေဝရာဇာနံ၊ မ ဟေသ္ဘု မကာရယိ။
ဝီသတိ စက္ကဝတ္တီနံ၊ မဟေသ္ဘု မကာရယိ။ ။
ဥဘောဘဝေ သံသရာမိ၊ ဒေဝေ အထ မာနုသေ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဥဒကဒါနဿိဒံ ဖလံ။ ။
ပဗ္ဗတဂ္ဂေ ရုက္ခဂ္ဂဝါ၊ အန္ဓလိဂ္ဂေစ ဘူမိယာ။
ယဒါဥဒကမ္မိစ္ဆာမိ ခိပ္ပံ ပဋ္ဌိလဘာမဟံ။ ။
အဝက္ကိဏရိသနတ္ထိ၊ သန္ဓတာ ကုဋ္ဌကာယိစ။
မမ သက်ပ္ပမညာယ၊ မဟာမေဃော ပဝဿတိ။ ။
ကဒါစိနိယမာနာယ၊ ဥာတိသံဃနု မေ တဒါ။
ယဒါဂ္ဂစ္ဆာမဟံ ဝဿံ၊ မဟာဒေဝေ အဇာယထ။ ။
ဥက္ကာဝါ ပရိဋ္ဌာဟောဝါ၊ အဋ္ဌမာသေ နဝိဇ္ဇတိ။
ကာဒေယစ မေ ရဇော နတ္ထိ၊ ဥဒကဒါနဿိဒံ ဖလံ။ ။
ဝိသုဒ္ဓမာနသော အဇ္ဇ၊ အဓေဘာမနပါပိကော။
ဃဗ္ဗာသဝပရိက္ခီဏော၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ။

တေနဝုတေ ဣတောဂတပ္ပေ၊ ယံကမ္မ မကရိ တဒါ။
ဒုဂ္ဂတိ နာဘိဇာနာမိ၊ ဥဒက ဒါနဿိဒံ ဖလံ။ ။

ဘောပရိသာယော၊ အို-ပရိသတ်အများတို့။ အဟံ၊ ငါကား။ ဗန္ဓုမတီ ယာ၊ ဗန္ဓုမတီ အမည်ရှိသော။ နဂရေ၊ မြို့၌။ ဥဒကဟာရိ၊ ရေကို ဆောင်သော သူသည်။ အဟောသိ၊ ဖြစ်ခဲ့ဘူးပြီ။ ဥဒကဟာရေန၊ ရေကိုဆောင်သဖြင့်။ ဇီဝါမိ၊ အသက်မွေးမ၏။ တေန၊ ထိုရေကိုခပ်သဖြင့်။ ဒါရကေ၊ သားမယားတို့ကို။ ပေါဒသမိ၊ မွေးမြူ၏။ အနုတ္တရေ၊ အတိုင်းမသိသော။ ပုညက္ခေတ္တေ၊ ကောင်းမှု၏ လယ်မြေဖြစ်သော ရတနာသုံးပါး၌။ မေ၊ ငါ့အား။ ဒေယျမမ္မောစ၊ ပေးအပ်သော အလှူဝတ္ထုသည်လည်း။ နတ္ထိ၊ မရှိ။ အဟံ၊ ငါကား။ ဂေတံ၊ ကျောင်းသို့။ ဥပသက်မိတ္ဝာ၊ ကပ်လေ၍။ ဥဒကံ၊ ရေကို။ သန္ဓေ၊ ပေ၊ လောင်း၏။ သုကဒတန၊ ကောင်းစွာပြုအပ်သော။ တေန ကမ္မေန၊ ထိုသို့ရေလှူရသော ကောင်းမှုအားဖြင့်။ တာဝတိံသံ၊ သာဝတိံသာ နတ်ပြည်သို့။ အာဂစ္ဆတိ၊ ဖြစ်လေ၏။ တတ္ထ၊ ထို တာဝတိံသာ နတ်ပြည်၌။ မေ၊ ငါ့အား။ သုကတံ၊ ကောင်းစွာ ပြုအပ်သော။ ဗျမ္ဘံ၊ ဗိမာန်ကို။ ဥဒက ဟာရေန၊ ရေဆောင်သော ကောင်းမှုကြောင့်။ နိမ္မိတံ၊ ဘန်းဆင်းပေ၏။ တဒါ၊ ထိုနတ်ပြည်၌ဖြစ်သောအခါ၌။ အဟံ၊ ငါကား။ အစ္ဆရာနံ၊ နတ်သမီးတို့၏။ သဟဿဿ၊ တထောင်၏။ ပဝရော၊ အမှူးသည်။ အာသိံ၊ ဖြစ်ခဲ့ပြီ။ တဒါ၊ ထိုအခါ၌။ တာသဗ္ဗာ၊ ထိုတထောင်သော နတ်သမီးတို့ကို။ ပါဒဋ္ဌာနေဟိ၊ ခြေရင်းအလုပ်အကျွေး၏ အဖြစ်ဟူ၏ဖြင့်။ သယံ၊ ကိုယ်တိုင်။ အနုဘောမိ၊ ၏။ ဒေဝရာဇာနံ၊ နတ်မင်းတို့ကား။ မဟေသက္ခံ၊ မြတ်သော နတ်မင်း၏အဖြစ်ကို။ ပညာသံ၊ အကြိမ်ငါးဆယ် တိုင်အောင်။ အကာရယိ၊ မင်းပြုခဲ့ဘူးပြီ။ စ ဗဟုဝတ္ထိနံ၊ စကြဝဠာမင်းကို၏။ မဟေသက္ခံ၊ တန်ခိုးကြီးသော မင်း၏အဖြစ်ကို။ ဝီသတိ၊ အကြိမ်နှစ်ဆယ် တိုင်အောင်။ အာကာရယိ၊ ပြုခဲ့ဘူးပြီ။ ဒေဝတ္တေ၊ နတ်မင်း၏ အဖြစ်၌ဌင်း၊ ဒေဝ ထိုမှတပါး။ မနုဿေ၊ လူ၏အဖြစ်၌ဌင်း။ ဥဘောဘဝေ၊ နှစ်ပါးသောဘဝ၌။ သံသရာမိ၊ ကျင်လည်ရ၏။ ဒုဂ္ဂတိံ၊ အပါယ်လေးပါးကို။ နာဘိဇာနာမိ၊ မသိစဘူး။ ဣဒံ၊ ဤသို့ အပါယ်လေးပါး မလားခြင်းသည်ကား။ ဥဒကဒါနဿ၊ ဖရလှူရသည်၏။ ဖလံ၊ အကျိုးတည်း။

ပဗ္ဗတဂွေဝါ၊ တောင်ထိပ်၌ရင်း။ ရုက္ခဂွေဝါ သစ်ပင်ဖျားဌ ရင်း။ အန္တလိဂေ္ဗဝါ ကောင်းကင်၌ရင်း။ ဘူမိယာစ၊ မြေ၌ရင်း ယဒါ၊အကြင် အခါ၌။ ဥဒကံ၊ ရေကို။ ဂ္ဂဟ္စာမိ၊ အလိုရှိ၏။ တဒါ၊ ထိုအလိုရှိသောအခါ ၌။ ခိပ္ပံ၊ လျင်စွာ။ ဥဒကံ၊ ရေကို။ အဟံ၊ သည်။ ပဋ္ဌိလဘာမိ၊ ၏။ အ ဝဂ္ဂိကရိဿ၊ ကောင်းမှုရှိသောငါအား။ သန္ဒတာ၊ ပူပန်သော အဖြစ်သည် ရင်း။ ကုဋ္ဌကာယိစ၊ ကိုယ်၌နူနာစွဲကပ်သည် ရင်း။ နတ္ထိ၊ မရှိ။ မမ၊ ၏။ သက်ပ်ပ်ံ၊အကြံကို။ အညာယ၊ သိလတ်၍။ မဟာဒေဝ၊ သည်းစွာသော မိုဃ်းသည်။ ဝဿတိ၊ ရွာပေ၏။ ဒေဝ၊ ဘုရားသခင်သည်။ ဥတိသံ၊ ဃန၊ အဆွေအမျိုးတို့၏အပေါင်းနှင့်။ ဟဒါစိ၊ တရံဟဆစ်သော အခါ၌။ နိယ မာနာယ၊ သွားသည်ရှိသော်။ ယဒါ၊ အကြင်အခါ၌။ အဟံ၊ ငါသည်။ ဝဿံ၊ မိုဃ်းကို။ ဂ္ဂဟ္စာမိ၊ အလိုရှိ၏။ တဒါ၊ ထိုသို့ အလိုရှိသော အခါ၌။ မဟာဒေဝေ၊ မိုဃ်းကြီးသည်။ အဇာယထ၊ ရွာပေ၏။ ဥဏ္ဏာ၊ ပူပန် ခြင်းသည်ရင်း။ ပရိဋ္ဌာဟောဝ၊ လောင်ခြင်းသည် ရင်း။ အဋ္ဌမာ၊ သ၊ ရှစ်လ၌။ နဝိဇ္ဇတိ။ မရှိ။ မေ၊ ငါ၏ ကာယေ၊ ကိုယ်၌လည်း။ရဒေ၊ ကိလေသာတည်းဟူသော မြူသည်။ နတ္ထိ၊ မရှိ။ ဂ္ဂဒံ၊ ဤသို့ဖြစ်ခြင်းသည် ကား။ ဥဒကဒါနဿ၊ ရေလှူသည်၏။ ဖလံ၊ အကျိုးတည်း။ ။အဇ္ဇ၊ ယခု။ ဝိသုဒ္ဓမာနသော၊ စင်ကြယ်သော နှလုံးရှိသည်၊ အာဒပတ္တမနာ ပိုကော၊ မကောင်းသော အမှုကို ပယ်အပ်သော နှလုံးရှိသည်။ သဗ္ဗသတ ပရိကို့ကော၊ ခပ်သိမ်းသောအသဝေါကုန်သည်။ ဘောမိ၊ ဖြစ်၏။ ဒါနိ- ဂ္ဂဒါနိ၊ ဤယခုအခါ၌။ ပုနဗ္ဘဝေါ၊ တဘဝ၌ပဋိသန္ဓေနခြင်းသည်။ နတ္ထိ၊ မရှိ။ ဂ္ဂဘော၊ ဤကမ္ဘာမှ။ ဧကနဝုတေကပ္ပေ၊ ကိုးဆယ့်တကမ္ဘာထက်၌။ ယံကမ်ံ၊ အကြင်ရေလှူရသော အကျိုးကို။ အ ကရိ၊ ပြုခဲ့ဘူးပြီ။ တဒါ ဒေဝန ကမ္မေန၊ ထိုသို့ ရေလှူရသောကောင်းမှု၏ အကျိုးဖြင့်။ ဒုဂ္ဂတိ ဘယပါယ် လေးပါးကို။ နာဘိဇာနာမိ၊ မသိစဘူး။ ဂ္ဂဒံ၊ ဤသို့ဖြစ်ခြင်းသည်ကား။ ဥဒကဒါနဿ၊ ရေလှူရသည်၏။ ဖလံ၊ အကျိုးတည်း။ ဤသို့ပျင် ရေလှူ ရသောအကျိုးကို ဥဒကမဏ္ဍိုရ်ဟောသောတရားတည်း။

ဤမှတပါး၊ ပဒုမ္မုတ္တရ မြတ်စွာဘုရား ရွှေလက်ထက်တော်တွင် ရေကိုလှူရ သော ဝတ္ထုတည်း၊ ဤဝတ္ထုနှင့်အတူပင် ဂါထာတော်ကား သုံးဂါထာသာရှိ၏။

ရေလှူရသောအကျိုးပြီး၏။

ပဒေသာပင်လ္လူရသည့်အကျိုးကို ပြပေအံ့

ဤကမ္ဘာမှ ပြန်၍ ရောသည်ရှိသော် တရာ့တဆယ့်ရှစ် ကမ္ဘာထက်၌ ပိယဒဿီ,အဌဒဿီ,ဓမ္မဒဿီဟူ၍ တကမ္ဘာ၌ ဘုရားသုံးဆူ ပွင့်တော်မူ၏။ အဌဒဿီမြတ်စွာဘုရားသည် အသက်တော် တသိန်းနေ၍ ပရိနိဗ္ဗာန် ပြုခဲ့သော် ထိုမြတ်စွာဘုရားဓာတ်တော်ကို ဌာပနာ၍ ကိုးကွယ်ကုန်၏။ထိုစေတီတော်ကိုမြင်လျှင် ကြည်ညိုသော ဒါယကာတယောက်သည် ပဒေသာပင် ပြုလုပ်စီရင်၍ အထူးထူးသောအဝတ်တန်ဆာတို့ကို ဆွဲသီပြီးလျှင် လှူဒါန်းပူဇော်၏။ ထိုသို့လှူရသောကောင်းမှု၏အကျိုးစေတနာကြောင့် နတ်ပြည်, လူပြည် စုန်ဆန်သောအားဖြင့် ကျင်လည်ပြီး၍ ငါတို့မြတ်စွာဘုရား လက်ထက်တော်တွင် လူပင်ဖြစ်လာ၍ ရဟန်းပြုလျှင် ရဟန္တာအဖြစ်သို့ ရောက်သောအခါ မိမိပြုခဲ့သောကောင်းမှု၏အကျိုးကို အမျှားသိစေလို၍၊ ဤသို့သောတရားကို ဟောတော်မူ၏။

သိဒ္ဓတ္ထသ ဘဂဝတော၊ ဗုဒ္ဓသေဋ္ဌသ သမ္မုခါ။
ဝိစိတ္တဒုသေ လယ်ိတ္ဝာ၊ ကပ္ပရုက္ခေဋ္ဌပေသ,ဟံ။ ။
ယံယံ ယောနု,ပဇ္ဇာမိ၊ ဒေဝဒတ္တံ အထ မနုဿ။
သောဘယန္တော မမ ဒ္ဒါရံ၊ ကပ္ပရုက္ခော ပတိဋ္ဌတိ။ ။
မဟာစုပရိသာစေဝ၊ ယေကေစိ မမ ဝတ္ဝာ။
တမ္မာဒုဿ ဂဟေတ္ဝာန၊ နိဝါသေမ မမ သဒါ။ ။
စတုဝုတေ ဣတော ကပ္ပေ၊ ယံရုက္ခံ ဌပယိ အဟံ။
ဒုဂ္ဂတ် နာဘိဇာနာမိ၊ ကပ္ပသိ,ဒံ ဖလံ။ ။
ဣတောစ သတ္တမေကပ္ပေ၊ သုဒေဝလောအဌ ခတ္တိယော။
သတ္ထ,ရတနသမ္ပန္နော၊ စက္ကဝတ္တီ မဟာဗလော။ ။
ပဋိသမ္ဘိဒါ စတသော၊ ဝိမေက္ခာပိစ အဌမေ။
ဆဠာဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓသု သာသနံ။ ။

သိဒ္ဓတ္ထသ၊ သိဒ္ဓတ္ထ အမည်တော်ရှိသော်။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော။ ဗုဒ္ဓသေဋ္ဌသ၊ မြတ်စွာဘုရား၏။ သမ္မုခါ၊ မျက်မှောက်တော်၌။ ဝိစိတ္တဒုသေ၊ ဆန်းကြယ်သော ပုဆိုး တို့ကို။

လယ်ဝိတ္ထာစ၊ဆွဲ၍။ကပ္ပရုက္ခေ၊ ပဒေသာပင်၌။ အဟံ၊သည်။ဌပေသိံ၊ထားခဲ့ဘူးပြီ။ ဒေဝတ္တံဝါ၊ နတ်အဖြစ်သို့ရင်း။ အထ၊ ထိုမှတပါး။ မာနုသံ ါ၊ လူ၏အဖြစ်သို့ရင်း။ ယံယံယောနိံ၊ အကြင် အကြင်သောလူ၏ အဖြစ်သို့ရင်း။ ဥပပဇ္ဇာမိ၊ ကပ်၍ဖြစ်၏။ တတ္ထတတ္ထ၊ ထိုထိုသောဘဝ၌။ မမ၊ ငါ၏။ ဒွါရံ၊ တံခါးကို။ သောဘယန္တော၊ တင့်တယ် စေလျက်။ ကပ္ပရုက္ခော၊ ပဒေသာပင်သည်။ ပတိဋ္ဌတိ၊ တည်၏။ မဟာစ္စပရိသာစေဝ၊ များစွာသော ပရိသတ်တို့သည်ရင်း။ မမ၊ ငါ၏။ ဝသိတ္တာ၊ အထံ၌ နေကုန်သော။ သေ ကေစိပရိသာစ၊ ခပ်သိမ်းသော ပရိသတ်သို့သည်ရင်း။ မမ၊ ငါ၏။ အနု၊ ထိုပဒေသာပင်မှ။ ဒုဿံ၊ပုဆိုးကို။ ဂဟေတွာန၊ယူ၍။ သဒါ၊အခါခပ်သိမ်း။ နိဝါသေမ ဝတ်ကုန်၏။

ဣတော၊ ဤကမ္ဘာမှ။ စတုနဝုတေကပ္ပေ၊ ကိုးဆယ့်လေး ကမ္ဘာထက်၌။ အဟံ၊ငါသည်။ ယံရုက္ခံ၊အကြင်ပဒေသာပင်ကို။ ဌပယိံ၊ ထားပြီ။ တေသာ၊ ထိုပဒေသာပင် လှူရသည်မှ။ ဒုဂ္ဂတိံ၊ အပါယ်လေးပါးကို။ နဘိဇာနာမိ၊ မသိ။ ဣဒံ၊ ဤသို့ အပါယ်လေးပါး မလာခြင်းသည်ကား။ ကပ္ပရုက္ခဿ၊ ပဒေသာပင် လှူရသည်၏။ ဖလံ၊ အကျိုးတည်း။ ဣတော၊ ဤကမ္ဘာမှ။ သတ္တမေကပ္ပေ၊ ခုနစ်ကမ္ဘာထက်၌။ သုစေဠလာ၊ သုစေလာအမည်ရှိသော။ သတ္တရတနသမ္ပန္နော၊ ရတနာခုနစ်ပါးနှင့်ပြည့်စုံသော။ မဟာဗလော၊ ကိုယ်ပါ များသော။ စက္ကဝတ္တိ ခတ္တိယော၊ စကြဝတေးမင်း အဖြစ်သည်။ အဋ္ဌ၊ ရှစ်ကြိမ်။ အဟောသိံ၊ ဖြစ်ခဲ့ဘူးပြီ။ စတသော၊ လေးပါးကုန်သော။ ပဋိသမ္ဘိဒါစ၊ ပဋိသမ္ဘိဒ တို့ကိုရင်း။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ဝိမောက္ခာပိစ၊ ဝိမောက္ခတရားတို့ကိုရင်း။ ဆ ခြောက်ပါးကုန်သော။ အဘိညာစ၊ အဘိညာဏ်တို့ကိုရင်း။ မေ၊ ငါ့အား။ သစ္ဆိကတာ၊ မျက်မှောက် ပြုအပ်ကုန်ပြီ။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သာသနံ၊ အဆုံးအမတော်ကို။ ကတံ၊ လိုက်နာရပြီ။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်ပြီ။

ပဒေသာပင်လှူရသောအကျိုး ပြီး၏။

ဆင်လှူရသောအကျိုးကိုပြပေအံ့

ဤကမ္ဘာမှသည် ကိုးဆယ့်တကမ္ဘာ ထက်၌ သိဒ္ဓတ္ထ အမည်ရှိသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။ ထိုမြတ်စွာဘုရားအား တယောက်သော သူကြွယ်သည် သဒ္ဓါကြည်ညိုခြင်း ရှိသည်ဖြစ်၍ ရွှေကြိုးနှင့် တက္ခသော ဆင်ကို လှူ၏။ လှူပြီးသောအခါမှ တဘန် အကြံ ဖြစ်ပြန်၏။ ဤဆင်သည် အရှင်ဘုရားတို့အား မသုံးဆောင်ကောင်းတကဲ့သားဟု ကြံပြီးလျှင် ဆင်ကို အဘိုးဖြတ်စေ၍ ရောင်းပြီးသော် ထိုဆင်၏ အဘိုးဖြင့် အရှင်ဘုရားတို့နှင့် လျော်သော ပုဆိုး သင်္ကန်းတို့ကို လှူပြန်၏၊ ထိုသို့လှူရသော ကောင်းမှု၏ အကျိုးအားဖြင့် လူအဖြစ်မှစုတေ့ခဲ့သော် နတ်ပြည်၌ ဖြစ်လေ၏။ ကိုးဆယ့်တကမ္ဘာပတ်လုံး အပါယ်မလားဘဲ သုဂတိဘဝ၌သာ ကြိမ်ဘန်များစွာ ကျင်လည်ရ၏။ ငါတို့မြတ်စွာဘုရား ရွှေလက်ထက်တော်တွင် လူဖြစ်လာ၍ မြတ်စွာဘုရား သာသနာတော်၌ ကြည်ညိုသဖြင့် ရဟန်းပြုလေသော် မျှားမကြာခင် ရဟန္တာဖြစ်၏။ ရဟန္တာဖြစ်ပြီးမှ ပုဗ္ဗေနိဝါသဉာဏ်ဖြင့် ရွှေအဖြစ်ကိုမြင်၍ မိမိပြုခဲ့ဘူးသော ကောင်းမှု၏ အကျိုးကို ပရိသတ်တို့အား ဟောပေလို၍ ဤသို့သော ဂါထာကို ရွတ်၏။

သိဒ္ဓတ္ထသ ဘဂဝတော၊ ဒီပဒိန္နသ တာဒိနော။
နာဂသေဋ္ဌော မယာ ဒိန္နော၊ ဣသ္သာဒန္တော ဥရုဠ္ဍဝေါ။ ။

တသ္သနာဂသ အဋ္ဌေန၊ ဥပနေတိ ကပ္ပိယဘဏ္ဍံ။
သာဝကသ် ဗုဒ္ဓသ၊ သီလဝန္တသ္သ တာဒိနော။ ။

ဥတ္တမတ္ထံ အနုဘောမိ၊ သန္တံ ပရမဒုက္ခရံ။
အဂ္ဂဒါနံ မယာဒိန္နော၊ သဗ္ဗလောကဟိတေ သိနော။ ။

စတုနဝုတေ ဣတော ကပ္ပေ၊ ယံဒါန မဒဒိ တတော။
ဒုဂ္ဂတိ နာဘိဇာနာမိ၊ နာဂဒါနသိဒံ ဖလံ။ ။

အဋ္ဌသတ္တတိကပ္ပမှိ၊ သောဋ္ဌသ္မိ သခတ္တိယာ။
သမန္တပါသာဒိကာနာမ၊ စက္ကဝတ္တီ မဟာဗလော။ ။

ပဋိသမ္ဘိဒါစ စတသော၊ ဝိမောက္ခာပိစ အဋ္ဌမေ။
ဆဠာဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓသ သာသနန္တိ။ ။

သီဒွတ္ထသ၊ သီဒွတ္ထ အမည်တော်ရှိသော။ ဒီပဒိန္နသ၊ ဥာဏ်တော်တည်း ဟူသော ဆိမ်းကို ပေးလှူတော်ထသော။ တာဒိနော၊ သည်းခံခြင်းနှင့်ပြည့်စုံ တော်မူသော။ ဘဂဝတော၊ မြတ်စွာဘုရားသခင်အား။ မယာ၊ ငါသည်၊ ဣသာဒန္တော၊ စွယ်ဖျားမည်သို့ လက်ခြာချီထသော။ ဥရုဇ္ဇဝေါ၊ တက်စီးအပ်ထသော။ နာဂသေဋ္ဌော၊ ဆင်မြတ်ကို။ ဒီဝန္နော၊ လှူအပ်ခဲ့ပြီ။ တဿနာဂဿ၊ ထိုဆင်၏။ အဂ္ဂေန၊ အဘိုးဖြင့်။ ကပ္ပိယဘဏ္ဍံ၊ အပ်သော ဘဏ္ဍာကို။ သီလဝန္တဿ၊ သီလရှိတော်မူသော။ သာဝကဿ၊ သာဝက ပုဂ္ဂိုလ်အား။ တာဒိနော၊ သည်းခံခြင်းနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားသခင်အား။ ဥပနေတိ၊ ကပ်လှူ၏။ မယာ၊ ငါသည်။ သဗ္ဗလောကဟိတေသိနော၊ ခပ်သိမ်းသောလူတို့၏ အစီးအပွားကို ရှာတော်မူဘတ်သော မြတ်စွာဘုရားအား။ အဂ္ဂဒါနံ၊ မြတ်သောအလှူကို။ ဒီန္နော၊ လှူရသောကြောင့်။ ပရမဒုက္ခရုံ၊ အလွန်မြတ်သော။ သန္တိ၊ ငြိမ်သက်သော။ ဥတ္တမတ္ထံ၊ မြတ်သော ချမ်းသာကို။ အနုဘောမိ၊ ခံစားရ၏။

ဣတော၊ ဤကမ္ဘာမှ။ စတုနဝုတေကပ္ပေ၊ ကိုးဆယ့်ငါးကမ္ဘာထက်၌။ ယံဒါနံ၊ အကြင်အလှူကို။ အဒဒိ၊ လှူခဲ့ဘူးပြီ။ တတော၊ ထိုဆင်လှူရသော အဖြစ်မှ။ ပဋ္ဌာယ၊ စ၍။ ဒုဂ္ဂတိ၊ အပါယ်လေးပါးကို။ နာဘိဇာနာမိ၊ မသိစဘူး။ ဣဒံ၊ ဤသို့အပါယ်လေးပါး မလားခြင်းသည်။ နာဂဒါနဿ၊ ဆင်လှူရသည်၏။ ဖလံ၊ တည်း၊ အဌသဟဿတိကပ္ပမှီ၊ ခုနစ်ဆယ့် ရှစ်ကမ္ဘာ ထက်၌။ မဟာဗ္ဘလော၊ ဗိုလ်ပါမျှားသော။ သုခတ္ထိယာ၊ ကောင်းဒသာမင်း ဖြစ်သော။ သမန္တပါသာဒိကာနာမ၊သမန္တပါသာဒိက အမည်ရှိသော။စက္ကဝတ္တိစ၊ စကြဝဠာတေးမင်းအဖြစ်သည်လည်း။ သောဌသ၊ တဆယ့်ခြောက်ကြိမ်။ အာသိ၊ ဖြစ်ခဲ့ဘူး၏။ ဣဒံ၊ ဤသို့ဖြစ်ခြင်းသည်ကား။ နာဂဒါနဿ၊ ဆင်လှူရသည်၏။ ဖလံ၊တည်း။ (ကျန်တဂါထာမှာအနက်ပေးမြဲ။)

ဆင်လှူရသောအကျိုး ပြီး၏။

မြင်းလှုရသည့် အကျိုးကို ပြသော သြပဝယှ မထေရ်ဝတ္ထု

ဤငါတို့ကမ္ဘာမှပြန်၍ရသည်ရှိသော် ကမ္ဘာတသိန်းထက်၌ ပဒုမ္မုတ္တရ ဘုရားပွင့်တော်မူ၏။ ထိုမြတ်စွာဘုရား ရှေလက်ထက်တော်၌ မျှားစွာသော စည်းစိမ် ချမ်းသာ ရှိသော သူကြွယ် တယောက်သည် ရုတနာ သုံးပါး၌ ကြည်ညိုလျက် မြတ်စွာဘုရားသခင်ကို သိန္ဓောမြင်းလှူအုံ့ဟု အကြံဖြစ်၍ တဘန်တုံ ကြံပြန်၏။ မြတ်စွာဘုရားအား ဆင်,မြင်း,ရထားသည်မအပ်၊ထိုမြင်းကို အဘိုးဖြတ်၍ ရသောအသပြာဖြင့် ကပ္ပိယဘဏ္ဍာတို့ကို ဝယ်၍ လှူအုံ့ဟုကြံ၏။ မြတ်စွာဘုရားလည်း ထိုသူကြွယ်၏ အကြံကို သိတော်မူ၍ တုကျိုဘော ဖြင့် အလှူခံတော်မူပြီးမှ ထိုမြင်းကို တဘန်ဆရာင်းချ၍ရသော အသပြာဖြင့် သက်နှံးလျှပုဆိုး, ကမ္မလားကောင်ဇာ,ခင်းနှီး,ပျား,တင်လဲ,ထောပတ် ဆီ, သကာ အစရှိသောဆေးတို့ကို လှူဒါန်းပြန်၏။ မြတ်စွာဘုရားလည်း တပည့်သား သံဃာတော်တို့နှင့်တကွ ခွဲဝေ၍ ဘုန်းပေးသုံး ဆောင်တော်မူ၏။ ထိုသူကြွယ်သည်လည်း ထိုကောင်းမှု၏ အကျိုးအားဖြင့် အသက်အတိုင်းနေ၍ သေလွန်ခဲ့သော် နတ်ပြည်၌ ဖြစ်လေ၏။ ကမ္ဘာ တသိန်းတိုင်တိုင် လူပြည် နတ်ပြည်၌ လူ၏ စည်းစိမ်,နတ်၏ စည်းစိမ်တို့ကို ခံစားဦး၍ ငါတို့မြတ်စွာ ဘုရား ရှေလက်ထက်တော်၌ လူဖြစ်လာပြန်သော် သာသနာတော်၌ သက်ဝင်ယုံကြည်သဖြင့် ရဟန်းပြုလေ၏။ ရဟန်းပြု၍ မျှားမကြာမီ ရဟန္တာ အဖြစ်သို့ရောက်၍ မိမိပြုခဲ့ဘူးသော ကောင်းမှု၏ အကျိုးကို ပုဗ္ဗေနိဝါသ ဉာဏ်ဖြင့်သိ၍ မိမိပြုခဲ့ဘူးသော ကောင်းမှု၏ အကျိုးက မိမိ ခံစားရသော အဖြစ်ကိုပရိသတ်တို့အား ဟောတော်မူလိုသောကြောင့် "ပဒုမ္မုတ္တရဗုဒ္ဓဿ" အစရှိသော ဂါထာတို့ကို ဟောပေ၏။

ပဒုမ္မုတ္တရဗုဒ္ဓဿ၊ အာစာနိယ,မဒါသ,ဟံ။
နိယျာဒေတ္တာန သမ္မုဒ္ဓေ၊ အာဂမာသိ သကံ,ဃရံ။ ။

ဒေဝလောနာမ နာမေန ၊ သတ္ထုနော အဂ္ဂသာဝကော။
ဝရမမ္မေ ဒါယာဒေါ၊ အာဂစ္ဆိ မမ သန္တိကံ။ ။

သမ္ပတ္ထဘာရော ဘဂဝါ၊ အာစာနေယော နကပ္ပတိ။
တဝ သက်ပ္ပ,မညာယ၊ အဓိဝါသေသိ စက္ခုမာ။ ။

အဋ္ဌာပေတ္တာ၊ ဝါတဇဝံ၊ သိန္ဓဝံ သီဃဝါဟနံ။
ပဒုမ္မုတ္တရဗုဒ္ဓဿ၊ ခမနီယ မဒါသဟံ။ ။

ယံယံယောနု ပဘဇာမိ၊ ဒေဝေစ မနုဿေ ဘဝေ။
အာဇာနိယာ ဝါတဇဝါ၊ စိတ္တေ နိဗ္ဗတ္တေ မမ။ ။
လာဘံ တေသံ သုလဒ္ဓံဝ၊ ယေသံ ဘဏ္ဍံ အမတံ ပဒံ။
ပုန ပယိယူပါသေယ္ယ၊ ဗုဒ္ဓေါ လောကေ သစေဘဝေ။ ။
အဌဝိသတိကဿတ္ထံ၊ ရာဇာ၊ အာသိ မဟာဗလော။
စတုရန္တော ဝိဇိတာဝီ၊ ဇမ္ဗုမဏ္ဍာဿ ဣဿရော။ ။
ဣမံ ပစ္ဆိမကံ မယ္ဟံ၊ စရိမော၊ ဝတ္တတေ ဘဝေ။
ပတ္ထော မှိ အစလံ ဗျာနံ၊ ဟိတ္ဝာ ဇယပရာဇယံ။ ။
စတုတိံသသဟဿမှိ၊ ဟောတေဇောပိ ခဏ္ဍိယော။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တီ မဟာဗလော။ ။
ပဒ္ဓိသမ္ဘိဒါ စတဿော၊ ဝိမောက္ခါ ဝပိစ အဋ္ဌမေ။
ဆဠဘိညာ သစ္ဆိယကာ၊ ကတံ ဗုဒ္ဓဿ သာသနံ။ ။

ပဒုမ္မုတ္တရဗုဒ္ဓဿ၊ ပဒုမ္မုတ္တရ မြတ်စွာဘုရားအား။ အာဇာနိယံ အာဇာနည်မြင်းကို။ အဟံ၊ ငါသည်။ အဒါသိံ၊လှူခဲ့ဘူး၏။သမ္ဗုဒ္ဓ၊ မြတ်စွာဘုရား၌။ နိယျာဒေတ္ဝာန၊ အပ်နှင်းခဲ့၍ သက်ဃရံ မိမိအိမ်သို့။ အာဂမာသိ၊ ပြန်သွားလေပြီ။ သတ္ထုဒေနာ၊ မြတ်စွာဘုရား၏ နာဝေမနု၊ အာနည်ဖြင့်။ ဒေဝလောနာမ၊ ဒေဝလအမည်ရှိသော။ အဂ္ဂသာဝကော၊ ဇာပည်သား မြတ်သည်။ ဝရခဒမ္ဗ၊ ကြီးကျယ် မြင့်မြတ်သော တရားခ၌။ ဒါယာဒေါ၊ အမွေခံဖြစ်၏။ မမ၊ ငါ၏။ သန္ဓိကံ၊ အထံသို့။ အာဂစ္ဆိ၊ လာလေပြီ။ ဥပါသကာ၊ ဒါယကာ။ ဘဝဝါ၊ မြတ်စွာဘုရားသည်။ သမ္ဗဒ္ဓတာ၊ရော၊ ရောက်အပ်သော ဝန်ရှိ၏။ ဟေ၊ ထိုမြတ်စွာဘုရားအား။ အာဇာနိယော၊ အာဇာနည်မြင်းသည်။ နကပ္ပတိ၊ မအပ်။ တဝ၊သင်၏။သက်ပ်ပ်ံ၊ အကြံကို။ အညာယ၊ သိ၍။ သိ၊ကျက်၍။ စာ၊ မှ၊ မြတ်စွာဘုရားသည်။ အဓိဝါသေသိ၊ သည်းခံတော်မူ၏။ သိန္ဓဝံ။ သိန္ဓောအမျိုးလည်းဖြစ်ထသော။ သီလဝါဟနံ၊ လျင်မြန်ခြင်း အားနှင့် ပြည့်စုံသော။ ဝါသဇဝံ၊ သိန္ဓောမြင်းကို။ အဋ္ဌာပေတ္တာ၊ အဘိုးဖြတ်စေ၍။ ပဒုမ္မုတ္တရဗုဒ္ဓဿ၊ ပဒုမ္မုတ္တရဘုရားအား။ ခမ

နီယံ၊ အပ်သောဝတ္ထုကို။ ကတ္တာ၊ ပြု၍။ အဟံ၊ ငါသည်။ အဒါသိ၊ လှူ၏။

ဒေဝေစဘဝေ၊နတ်ပြည်၌ရင်း။မနုဿစဘဝေ၊လူ့ပြည်၌ရင်း။ ယံယံ ယောနိယံ၊အကြင်အကြင်သို့သောဘဝသို့။ ဥပပဇ္ဇာမိ၊ဖြစ်အံ့။ မမ၊ ငါ၏။ စိတ္တေ၊စိတ်၌။ ဝါတဇာ ဆင်ယာဉ်, မြင်းယာဉ်ကို။အတ္ထေ၊ အလိုရှိသည်။ သတိ၊ ရှိသော်။ ဝါတဇဝါ၊ လေ၏လျင်ခြင်းနှင့် တူကုန်သော။ အာဇာနိ ယာ၊ အာဇာနည်မြင်းတို့သည်။ ဓမ၊ ငါအား။ နိဗ္ဗေတ္တေ၊ ဖြစ်ပေ၏။တေ သံ၊ ထိုအာဇာနည်မြင်းတို့ကို။ လဘာ၊ ရခြင်းသည်။ သုလဒ္ဓံ၊ ကောင်း သော ရခြင်းလျင်တည်း။ ယေသံ၊အကြင်မြင်းတို့၏။ဘဏ္ဍံ၊ အဘိုးဖြစ်သော ဥစ္စာသည်။ အမတံ၊ နိဗ္ဗာန်သို့။ ပဒံ၊ ရောက်ကြောင်းတည်း၊ လောကေ၊ လူ၌။ ဗုဒ္ဓါ၊ ဘုရားသည်။ သစေဘဝေ၊ အကယ်၍ဖြစ်အံ့။ ပုန၊ တဘန်။ ပယိသူပါသေယျ၊ ဆည်းကပ်ရာ၏။

အဟံ၊ ငါသည်။ မဟာဗုလော၊ဗိုလ်ပါမျှားသော။ စတုရင်္ဂေ၊ လေး ကျန်းလုံးကိုလှည့်နိုင်သော။ ဝိဇိတာဝီ၊ ဝိဇိတာဝီ၊အမည်ရှိသော။ ရာဇာ၊ စကြဝတေးမင်းသည်။ အဌဝိသတိကွတ္တံ၊ နှစ်ဆယ် ရှစ်ကြိမ် တိုင်အောင်။ အာသိ၊ ဖြစ်ခဲ့ဘူး၏။ ဇမ္ဗုမဏ္ဍာသ၊ ဇမ္ဗူဒီပ်ကျန်းကို။ ဣဿရော ၊ အစိုးရ သော မင်း၏အဖြစ်သည်။ အနေကကွတ္တံ၊ အကြိမ်မျှားစွာ။ အဘသိ၊ဖြစ်ခဲ့ ဘူး၏။ မယံ၊ ငါ၏။ ဣမံ၊ ဤကိုယ်၏အဖြစ်သည်ကား။ ပစ္ဆိမကံ၊ အဆုံး တည်း။ စရိမောဘဝေ ၊ အဆုံးသောဘဝသည်။ ဝတ္တတေ၊ ဖြစ်၏။ ဇယ ပရာဇယံ၊အကုသိုလ် ကုသိုလ်ကို။ ဟိတ္ဝာ၊ စွန့်၍။ အစလံ၊မတုပ်မလှုပ်သော။ ဗျာနံ၊ အရဟတ္တဖိုလ်သို့။ ပတ္တော၊ ရောက်သည်။ အမ္မိ၊ ဖြစ်၏။ စတုတိ သ သဟဿမ္မိ၊ ကမ္ဘာသုံးထောင်ထက်၌။ မဟာတေဇော၊ တန်ခိုးကြီးသော။ သတ္တရတနသမ္ပန္နော၊ ရတနာခုနစ်ပါးနှင့်ပြည့်စုံသော၊ မဟာဗုလော၊ ဗိုလ်ပါ မျှားသော။ စက္ကဝတ္တိခတ္တိယောပိ၊ စကြဝတေးမင်း၏ အဖြစ်သည်လည်း။ အဘဟာသိ ၊ ဖြစ်ခဲ့ဘူး၏။ ဣဒံ၊ဤသို့ဖြစ်ခြင်းသည်ကား။ အာဇာနိယသ၊ အာဇာနည်မြင်းလှူရသည်၏။ ဖလံ၊ အကျိုးတည်း။ (နောက်ဂါထာမှာ အနက်ပေးမြဲ။)

မြင်းလှူရသောအကျိုး ပြီး၏။

ဆီမီးလှူရသည့်အကျိုးကိုပြသော ပဉ္စာဒီပကမထေရ်ဝတ္ထု

ဤ ကမ္ဘာမှသည် နောက်ဆုတ် ပြန်၍ ရေသည်ရှိသော် ကမ္ဘာ တသိန်း ထက်၌ ပဒုမ္မုတ္တရဘုရား ပွင့်တော်မူ၏။ ထိုဘုရား ပွင့်တော်မူသော ကာလ၌ သူကြွယ်တယောက်သည် မြတ်စွာဘုရားဟောတော်မူသော တရားတော်ကို ကြားနာရ၍ အစလသဒ္ဓါနှင့် ပြည့်စုံခြင်းသည်ဖြစ်၍ လူအများ တို့သည် မြတ်စွာဘုရား ပွင့်တော်မူသော ဗေဒိပင်ကို ပူဇော်ကြကုန်သည်ကို မြင်၍ ငါလည်း ပူဇော်ပါအုံဟုကြံ၍ ဗေဒိပင်ကို ပွတ်လုံးပတ်လည်ရံ၍၊ ထိုပွတ်တိုင် တပတ်လည်၌ ဆီမီးခွက်တို့ကို ညှိထွန်းပူဇော်၏။ ထိုသို့ ဆီမီးပူဇော်ရသော ကောင်းမှု အားဖြင့် စကြဝဠာတေးမင်း၏ စည်းစိမ်, သိကြားမင်း၏ စည်းစိမ်, လူမင်း၏စည်းစိမ်, နတ်မင်း၏ စည်းစိမ်ကို ခံစားဦး၍ ငါတို့ မြတ်စွာဘုရား ရှေလက်ထက်တော်တွင် လူ ဖြစ်လာ ပြန်၍ ရဟန်းပြုလျှင် ရဟန္တာအဖြစ်သို့ရောက်မှ မိမိပြုခဲ့ဘူးသော ကောင်းမှုကို အောက်မေ့လျက် အလွန် ဝမ်းမြောက်သည်ဖြစ်၍ ကောင်းမှု အကျိုးကို လူအများတို့အား ကြားပါစေဟု ပရိသတ်အလယ်၌ ဤဂါထာကို ရွတ်၏။

ပဒုမ္မုတ္တရဗုဒ္ဓဿ၊ သဗ္ဗဘူတာနုကမ္ပိနော။
ပသိဒိတ္ဝာန သဒ္ဓမ္မေ၊ ဥဇုဒိဋ္ဌိ အဟောသဟံ။ ။

ပဒီပဒါနိ ပရိဝါရေတ္ဝာ၊ သဒ္ဓဟန္တော ကမ္မဖလံ။
ဗောဓိယံ ပဒီပဒါနိ၊ အကိရိ တာဝဒေဝါ ဟံ။ ။

ယံယံယောနိံ ဥပပဇ္ဇာမိ၊ ဒေဝတ္တံ အထ မာနုသံ။
အာဏာသေ ဥက္ကံဓာရေန္တိ၊ ဒီပဒါနဿိဒံ ဖလံ။ ။

ဟိရောကုဋ္ဌံ တိရောသေလံ၊ သမ္မတိဂ္ဂယှ ပဗ္ဗတံ။
သမန္တာ ယောဇနသတံ၊ အနုဘောမဟံ ဒဿနံ။ ။

တေန ကမ္မဝသေနစ၊ ပတ္တောမှိ အာသဝက္ခယံ။
ဓာရေမိ အန္တိမံဒေဟံ၊ ဒီပဒိန္နဿ သာသနေ။ ။

စတုတိံသကပ္ပသတေ၊ သတ္တစက္ကဝတ္တိ နာမကော။
ရာဇာဟောမိ မဟာတေဇော၊ စက္ကဝတ္တိ မဟာမုနိ။ ။

ပဋ္ဌိသမ္ဘိဒါ စတသော၊ ဝိဒေဟာဂ္ဂေါပိစ အဋ္ဌမေ။
ဆဠာဘိညာ သစ္ဆိကဟာ၊ ကတံ ဗုဒ္ဓေ သာသနန္တိ။ ။

အဟံ၊ ဝါသည်။ သဗ္ဗဘူတာနုကမ္ပိနော၊ ခပ်သိမ်းသော သတ္တဝါတို့ကို သနားတော်မူတတ်သော။ ပဒုမ္မုတ္တရဗုဒ္ဓသ၊ ပဒုမ္မုတ္တရ မြတ်စွာဘုရားအား။ ပသီဒိတ္ဝာန၊ ကြည်ညိုဦး၍။ သဒ္ဓမ္မေ၊ သူတော်ကောင်း တရား၌၊ ဥဇုဒိဋ္ဌိ ဖြောင့်သောအယူရှိသည်။ အဟောသိံ၊ ဖြစ်ခဲ့လေပြီ။ အဟံ၊ ဝါသည်။ ကမ္မ ဖလံ၊ ကောင်းမှု၏အကျိုးကို။ သဒ္ဓဟာနော၊ ယုံကြည်သည်ဖြစ်၍။ ဒေဝဓိယံ၊ ဒေဝဓိပင်ကို၊ ပဒီပဒါနိ၊ ပွတ်တိုင်တို့ဖြင့်။ ပရိဝါရေတ္ဝာ၊ ရံ၍။ ပဒီပဒါနိ၊ ဆီမီးဟူသော အစဉ်တို့ကို။ ဟာပေတ္ဝာ၊ ထိုခဏ၌။ အကိရိ၊ ပြု၍။ ဒေဝတ္တံ ဝါ နတ်၏အဖြစ်သို့ရင်း။ အထ၊ ထိုမှတပါး။ မနုဿံ ဝါ၊ လူ၏အဖြစ်သို့ရင်း။ ယံယံ ယောနိံ၊ အကြင်အကြင်သောအဖြစ်သို့။ ဥပပဇ္ဇာမိ၊ ဖြစ်၏။ တတ္ထ တတ္ထ ဘဝေ၊ ထိုထိုသောဘဝ၌။ အာကာသေ၊ ကောင်းကင်၌။ ဥက္ကာ၊ မီးရှူးကို။ ဝါရေန္တိ၊ ထွန်းကုန်၏။ ဣဒံ၊ ဤသို့ဖြစ်ခြင်းသည်ကား။ ဒီပဒါနဿ၊ ဆီမီးလှူရသည်၏။ ဖလံ၊ အကျိုးတည်း။ တေရောကုဋ္ဌံ၊ နှံရံ၏အပကိုရင်း။ တိရောသေလံ၊ ကျောက်အပကိုရင်း။ ပဗ္ဗတံ၊ တောင်အပကိုရင်း။ သမ္ဘတိဂ္ဂယ္ဟ လွန်၍။ သမန္တာ ထက်ဝန်းကျင်မှ။ ယောဇနသတံ၊ ယူဇနာ တရာ တိုင်အောင်။ ဒဿနံ၊ မြင်နိုင်သော နတ်မျက်စိကို။ အဟံ၊ ဝါသည်။ အနုဘောမိ၊ ခံစားရ၏။ ဣဒံ၊ ဤသို့သော နတ်မျက်စိကိုရခြင်းသည်ကား။ ဒီပဒါနဿ၊ ဆီမီးလှူရသည်၏။ ဖလံ၊ အကျိုးတည်း။ တေနကမ္မေ ဝေနစ၊ ထိုသို့သောကောင်းမှု၏ အကျိုးအားဖြင့်လည်း။ အာသဝက္ခယံ၊ အာသဝေ ၀ါ ကုန်ခြင်းသို့။ ပတ္တော၊ ရောက်သည်။ အမှိ၊ ဖြစ်၏။ အန္တိမဘဝေ ဟံ၊ အဆုံးစွန်သော ကိုယ်ကို။ အဟံ၊ ဝါသည်။ သသဿတေ၊ သသဿတ ဝေ၌။ ဝါ ဘဝေ ရမိ၊ ဆောင်၏။ ဣဒံ၊ ဤသို့ဖြစ်ခြင်းသည်ကား။ ဒီပဒါနဿ ဆီမီးလှူရသည်၏။ ဖလံ၊ အကျိုးတည်း။ စတုတိ သကပ္ပသဟဿေ၊ ကမ္ဘာသုံးထောင်လေးရာ၌။ မဟာဗြဟ္မလောကေ၊ ဗိုလ်ပါမျှားသော။ သဟ္ဘစ ဗ္ရဟ္မုတိနာ ဝမဒကော၊ သတ္တုစကၠဝေ အမည်ရှိသော။ မဟာ ဗြဟ္မာ ဒေဝေ၊ တန်ခိုးကြီးသော။ စ ဣဒ္ဓိ ဝတ္ထိ ရာဇာ၊ စကြဝဠာတော်မင်းသည်။ ဟောမိ၊ ဖြစ်၏။ ဣဒံ၊ ဤသို့ ဖြစ်ခြင်းသည်ကား။ ဒီပဒါနဿ၊ ဆီမီးလှူရသည်၏။ ဖလံ၊ အကျိုးတည်း။ (နောက်ဆုံး၀ါထပ်အနက် ပေးမြဲ။)

ဆီမီးလှူရသော အကျိုးပြီး၏။

ပန်းလှူရသည့်အကျိုးကို ပြသော သုမနထေရ်ဝတ္ထု

ငါတို့ကမ္ဘာမှသည် သုံးဆယ့်တကမ္ဘာထက်၌ သိခီဘုရားပွင့်တော်မူ၏။ ထိုဘုရား လက်ထက်တော်တွင် ပန်းသည် တယောက်သည် ရောင်းစရာ မြတ်လေးပန်းကို တောအရပ်မှ ဆောင်ယူခဲ့၍ ပြန်လာသော်၊ ဆွမ်းခံဝင် လာတော်မူသော သိခီမြတ်စွာဘုရားကို ခရီးအကြားဌ၌ တွေ့မြင်၍၊ အလွန် တရာ သဒ္ဓါ ကြည်ညိုခြင်း ရှိသည်ဖြစ်၍ ပန်းတောင်းကို ချပြီးလျှင် လက်ခုပ်ဖြင့် ပန်းကို ပူဇော်၏။ မြတ်စွာဘုရားလည်း ဤဒါယကာသည် သဒ္ဓါတရားတိုးပွားစေဟူ၍ တန်ခိုးတော်ဖြင့် ထိုပန်းတို့ကို ဦးခေါင်းထက်၌ ပန်းဆိုင်း ဗိတာန်ကဲ့သို့ ဖြစ်စေ၏။ ကြွသွားတော်မူသလရာ ပါစေလျက် ကျောင်းတော်သို့ဝင်မှ ပျောက်စေ၏။ ထိုပန်းသည်ဒါယကာသည် အုံ့ဘွယ် သောအဖြစ်ကိုမြင်သဖြင့် အလွန်ဝမ်းသာခြင်းဖြစ်၏။ ထို ပန်းသည်လည်း အသက်အတိုင်းနေ၍ စုတေ ခဲ့သော် နတ်ပြည်၌ဖြစ်လေ၏။ နတ်ဖြစ်တုံ-လူ ဖြစ်တုံ သုံးဆယ် တကမ္ဘာပတ်လုံး အပါယ်မလားရဘဲ ငါတို့မြတ်စွာဘုရား လက်ထက်တော်တွင်လူဖြစ်လာပြန်၍ ရဟန်းပြု၏။ ရဟန္တာဖြစ်ခဿာအခါမှ မိမိ၏ပြုခဲ့သောကောင်းမှု၏ အကျိုးကို ပရိသတ်အား ဟောကြားလေ့ဟု မြတ်စွာဘုရားသည် တိုက်တွန်းတော်မူလျှင် ဤဂါထာကို ဟောပေ၏။

သုမနောနာမ နာမေန၊ မာလကာရော အဟံ တဒါ။
အဒ္ဒသံ ဝိရဇံ ဗုဒ္ဓံ၊ လောကာဟုတိပဋိဂ္ဂဟံ။ ။

ဥဘောဟတ္ထေဟိ ပဂ္ဂယှ၊ သုမန ပုပ္ဖမုတ္တမံ။
ဗုဒ္ဓဿ မတိရောဒပတိ၊ သိခိနော လောကဗန္ဓုနော။ ။

ဣမာယပုပ္ဖပူဇာယ၊ စေတနာပဏိဓိဟိစ။
ဒုဂ္ဂတိ နာဘိဇာနာမိ၊ ပုပ္ဖါဒါနဿိဒံ ဖလံ။ ။

ဧကတိံ သေ ဣတော ကပ္ပေ၊ ယံပုပ္ဖံ မဘိရောပယိ။
ဒုဂ္ဂတိ နာဘိဇာနာမိ၊ ဗုဒ္ဓပူဇာယိဒံ ဖလံ။ ။
ဆဗ္ဗိသတိကပ္ပမှိ၊ စတ္တာလီသ မဟာယတော။
သတ္တရတနသမ္ပန္နော၊ ရာဇာနော စက္ကဝတ္တိနော။ ။

ပဋိသမ္ဘိဒါ စတသော၊ ဝိမောက္ခပိစ အဋ္ဌမေ။
ဆဠဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနန္တိ။ ။

အဟံ၊ ငါကား။ တဒါ၊ ထိုဘုရားပွင့်တော်မူသော အခါ၌။ နာဂမေနု၊ အမည်အားဖြင့်။ သုမနောနာမ၊ သုမနအမည်ရှိ၏သာ။ မာလာကာရော၊ ပန်းသည်သည်။ အဟောသိံ၊ ဖြစ်ခဲ့ဘူးပြီ။ တဒါ၊ ထိုအခါ၌၊ ဝိဇိတံ၊ ရမ္မက်ကင်းသော။ လောကာဟုတိပဋိဂ္ဂဟံ၊ လူတို့၏ မြတ်သောအလှူကို ခံထိုက်သော။ ဗုဒ္ဓံ၊ သိခီအမည်တော်ရှိသော ဘုရားကို။ အဒ္ဒသံ၊ မြင်ရလေပြီ။ ဥတောဟာတေ္ထဟိ၊ လက်နှစ်ဘက်ဖျားဖြင့်။ ဥဿမံ၊ မြတ်သော။ သုမနပုပ္ဖံ၊ မြတ်သောပန်းကို။ ပဂ္ဂယ္ဟ၊ မြှောက်၍။ လောကဇေ္ဌဿ၊ လူတို့၏အကဲဆုံး ဖြစ်တော်မူသော။ သိခိနော၊ သိခီအမည်ရှိသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ အဘိရောပေတိ၊ ပူဇော်ပေ၏။ ဣမာယပုပ္ဖပူဇာယ၊ ဤသို့ ပန်းပူဇော်ရသော အကျိုးအားဖြင့်ရင်း။ ပေဟနာပဏိဓိဟိစ၊ စေတနာ ထက်သောအားဖြင့်ရင်း။ ဒုဂ္ဂတိံ၊ အပါယ်လေးပါးကို။ နာဘိဇာနာမိ၊ မသိစဘူး။ ဣဒံ၊ ဤသို့အပါယ်လေးပါးမလားရခြင်းသည်ကား။ ပုပ္ဖဒါနဿ၊ ပန်းလှူရသည်၏။ ဖလံ၊ အကျိုးတည်း။

ဣတော၊ ဤကမ္ဘာမှ၊ ကေတိ သေကပ္ပေ၊ သုံးဆယ့်တကမ္ဘာ ထက်၌။ ဝိပုပ္ဖံ၊ အကြင်ပန်းကို။ အဘိရောပယိံ၊ ပူဇော်၏။ ဘေနကမ္မေန၊ ထိုကောင်းမှုအားဖြင့်။ ဒုဂ္ဂတိံ၊ အပါယ်လေးပါးကို။ နာဘိဇာနာမိ၊ မသိစဘူး။ ဣဒံ၊ ဤသို့ဖြစ်ရခြင်းသည်ကား။ ဗုဒ္ဓပူဇာယ၊ ဘုရားကို ပူဇော်ရသည်၏။ ဖလံ၊ အကျိုးတည်း။ ဆဗ္ဗိသတိကပ္ပမ္မိ နှစ်ဆယ့်ခြောက်ကမ္ဘာ ထက်၌။ မဟာယသော၊ မျိုးသောအခြံအရံရှိ၏သာ။ သတ္တုရတနသမ္ပဇဋ္ဌော၊ ရတနာခုနှစ်ပါးနှင့်ပြည့်စုံသော။ စက္ကဝတ္တိရာဇာ ဟောနော၊ စက္ကြဝဠာတမ်းမင်း၏ အဖြစ်ရှိ၏သည်။ စတ္တာလီသ၊ အကြွေမ်လေးဆယ်၊ သဟောသိံ၊ ဖြစ်ခဲ့ဘူးပြီ။ ဣဒံ၊ ဤသို့ ဖြစ်ရခြင်းသည်ကား။ ဗုဒ္ဓပူဇာယ၊ မြတ်စွာဘုရားကို ပူဇော်ရသည်၏။ ဖလံ၊ အကျိုးတည်း။ (နောက်ဆုံးဂါထာအနက်ပေးမြဲ။)

ပန်းလှူရသော အကျိုးပြီး၏။

ထိုမှတပါး၊ မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောတော် မူအပ်သော ဒေသနာတော်သည်ကား -

ဧကောဥမ္မာရ ပုပ္ဖ ပိ၊ ဗုဒ္ဓဂုဏ် အနုဿရိတ္ဝာ။
ပူဇယန္တိ ဃဝလံ၊ ဗုဒ္ဓဉာဏဟိ ပရိစိုန္ဒိတုံ နုသေ။ ။ဟူ၍ ဂုဏ်။
ကေပုပ္ဖ ပူဇိတ္ဝာန၊ သဟဿကပ္ပကောဋ္ဌိယော။
ဒေဝေ ဝေ ဝ ဝ ဝ ၊ မနုဿေ ၊ သေသေန ပရိဘုတ်။ ။ဟူ၍ဂုဏ်။
ဟောတော်မူ၏သည်။

ဧကောဥမ္မာရပုပ္ဖ ပိ၊ တပွင့်သော အောင်မဲညိုပွင့်ကို ၎င်း။ ဗုဒ္ဓဂုဏ်၊ မြတ်စွာဘုရားကျေးဇူးတော်ကို။ အနုဿရိတ္ဝာ၊ အဘန် တလဲလဲ အောက်မေ့၍။ ပူဇယန္တိ၊ ပူဇော်ရသော သူအား။ ဃလံ၊ အကျိုးကို ပေးတတ်၏ မြတ်စွာဘုရားဉာဏ်တော်ဘို့ဖြင့် ပရိစ္ဆေဒ်ပြုတုံ၊ ပိုင်းခြားအံ့သောငါ။ နုသေ ဘို့ မဘတ်နိုင်။

ကေပုပ္ဖ၊ တပွင့်သော ပန်းကို။ ပူဇိတ္ဝာန၊ ပူဇော်ရသော ခြောက်ကြိမ်သဟဿကပ္ပတကာဋ္ဌိယော၊ ကမ္ဘာတသိန်းတိုင်တိုင်အောင်။ ဒေဝေ ဝ ဝ ဝ ဝ ၊ နတ်ပြည်၌ ၎င်း။ မနုဿေ၊ လူပြည်၌ ၎င်း။ ရမ္မေ ၊ မွေ့လျော်စေ၍ ။ သေသေန ၊ အကြွင်းအားဖြင့်။ ပရိနိုဗ္ဗုတိ၊ ပရိနိဗ္ဗာန်ပြုရ၏။ ဤသို့လျှင် မြတ်စွာဘုရားသည် ပန်းအကျိုးကို ဟောတော်မူ၏။

ပန်းလှူရသော အကျိုးပြီး၏။

ကြံဆစ်လှူရသောအကျိုးကိုပြသော ဥစ္ဆုဒါယက မထေရ်ဝတ္ထု

ဤကမ္ဘာမှသည် ကိုးဆယ်တကမ္ဘာထက်၌ ဝိပဿီဘုရားပွင့်တော်မူ၏။ ထိုမြတ်စွာဘုရားသည် ဆွမ်းခံသင်းတော်မူသည်ကိုမြင်၍ တံခါးပေါက်ရှေ့ယောကျ်ားသည် သဒ္ဓါကြည်ညိုခြင်း ရှိလှသဖြင့် တံခါးတွင် ကောက်ရှိ၍ရသော ကြံဆစ်တို့ကိုလှူဒါန်း၏။ ထိုသို့လှူဒါန်းပူဇော်သောအကျိုးအားဖြင့်နတ်ကောင်း လူကောင်းဖြစ်၍ ငါတို့ မြတ်စွာဘုရား လက်ထက်ပေါ်တွင် ရဟန္တာဖြစ်လာသဖြင့် မိမိပြုသောကောင်းမှု၏ အကျိုးကို ပရိသတ်တို့အား သိကြားစေလို၍ ဤသို့ဟောပေ၏။

နဂရေ ဗန္ဓုမတိယာ၊ ဒ္ဝါရပါလော အဟောသေ့ဟံ။
အဒ္ဒသံ ဝိရဇံ ဗုဒ္ဓံ၊ သဗ္ဗဓမ္မာနံ ပါရဂုံ။ ။

ဥစ္ဆုခဏ္ဍ သမာဒါယ၊ ဗုဒ္ဓသေဋ္ဌဿ အဒါသေ့ဟံ။
ပသန္နစိတ္တော သုမနော၊ လဒ္ဓ ဝိပုလံ ဓနံ၊ ။

ကေနဝုတေ ဣတော ကပ္ပေ၊ ရာဇာမ္ဗုမကရိတတော။
ဒုဂ္ဂတိ နာဘိဇာနာမိ၊ ဥစ္ဆုခဏ္ဍဿိဒံ ဖလံ။ ။

အဟံ၊ ငါကား။ ဗန္ဓုမတိယ-။ဗန္ဓုမတိအမည်ရှိသော။ နဂရေပြည်၌။ ဒ္ဝါရပါလော၊ တံခါးစောင့်သည်။ အဟောသိ-၊ ဖြစ်ခဲ့ဘူးပြီ။သဗ္ဗဓမ္မာနံ၊ ခပ်သိမ်းသောတရားတို့၏။ ပါရဂုံ၊ အပြီးသို့ ရောက်သော။ ဝိရဇံ၊ ရမ္မက်ကင်းသော။ ဗုဒ္ဓံ-၊ ဝိပဿီမြတ်စွာဘုရားကို။ အဒ္ဒသံ၊ မြင်ရပြီ။ဒိဿာ၊ မြင်၍၊ ပသန္နစိတ္တော၊ ကြည်ညိုသောစိတ်ရှိသည် ဖြစ်၍။ သုမနော၊ ဝမ်းမြောက်သည်ဖြစ်၍။ ဥစ္ဆုခဏ္ဍံ-၊ ကြံဆစ်ကို။ သမာဒါယ၊ ကောင်းစွာယူ၍။ ဗုဒ္ဓသေဋ္ဌဿ၊ မြတ်စွာဘုရားအား၊ အဟံ၊ ငါသည်။ အဒါသိ-၊ လှူရ၏။ ဇေနကမ္မေန၊ ထိုသို့သော ကုသိုလ်ကောင်းမှုအားဖြင့်။ ဝိပုလံ၊ ပြန့်ပြောစွာသော။ ဓနံ-၊ ဥစ္စာကို။ လဒ္ဓ-၊ရပြီ။ဣတော၊ ဤကမ္ဘာမှ။ ကေနဝုတေ ကပ္ပေ၊ ကိုးဆယ့်တကမ္ဘာ ထက်၌။ ယံကမ္မံ၊ အကြင်ကြံဆစ် လှူရသော ကောင်းမှုကို။ အကရိ၊ ပြုခဲ့ဘူးပြီး။ တတော၊ ထိုကောင်းမှုပြုသော်အခါမှ။ ဒုဂ္ဂတိ-၊ အပါယ်လေးပါးကို။ နာဘိဇာနာမိ၊မသိစဘူး။ဣဒံ၊ဤသို့အပါယ်လေးပါးမလားရခြင်းသည်ကား။ ဥစ္ဆုခဏ္ဍဿ၊ ကြံဆစ်လှူရသည်။ ဖလံ၊ အကျိုးတည်း၊ ဝိပဿီမြတ်စွာဘုရားကို ကြံဆစ်လှူခဲ့ဘူးသော ဥစ္ဆုဒါယကမထေရ် ဝတ္ထုပေတည်း။

ကြံဆစ်လှူရသော အကျိုးပြီး၏။

စာရေးရန် ပေရှက်လှူရသည့်အကျိုးကို ပြသော ဓေါ်ဠိတ္ထကဒါယကမထေရ်ဝတ္ထု

ဤကမ္ဘာမှ ပြန်၍ရေသော် ကိုးဆယ့်တကမ္ဘာထက်၌ ဝိပဿီ မြတ်စွာဘုရားပွင့်တော်မူ၏။ ထိုမြတ်စွာဘုရား ရှေ့လက်ထက်တော်တွင် တဦးသော ဒါယကာသည် တရားတော်ကို ကြားနာရသဖြင့် အလွန်ကြည်ညိုသော

သဒ္ဓါတရားဖြစ်၍ တရားတော်ကို ရေးသားပြုစုရန် ဟူ၍ ပေကို လှူ၏။ ထို ဒါဟကာသည် ထို ကောင်းမှုကြောင့် ကိုးဆယ့် တကမ္ဘာပတ်လုံး အပါယ် မလားဘဲ ငါတို့ မြတ်စွာဘုရား ရှေလက်ထက်တော်တွင် လူဖြစ်လာပြန်၍ ရဟန္တာအဖြစ်သို့ ရောက်လျှင် မိမိ လှူဒါန်းခဲ့သော ကောင်းမှု၏ အကျိုးကို အမျှားသိကြားစေလို၍ ဤသို့သော ဂါထာကို ရွတ်ပေ၏။

သတ္ထံဝါရံ မေ့မာရဇ္ဈ၊ သံဃဿပိ မဟေသိနော။
ပေါတ္ထကဒါနံ မယာဒိန္နော၊ ဒက္ခိဏေယျာ အနုတ္တရော။ ။

ကေနဝုတေ ဣတော ကပ္ပေ၊ ယံကမ္မံ အကရိ တဒါ။
ဒုဂ္ဂတိ နာဘိဇာနာမိ၊ ပေါတ္ထံကဒါနသိ့ဒံ ဖလံ။ ။

ပဋိသမ္ဘိဒါ စတသော၊ ဝိမောက္ခာပိစ, အဋ္ဌမေ။
ဆဋ္ဌာဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနန္တိ။ ။

သတ္ထာရဇ္ဈ၊ မြတ်စွာဘုရားကိုဋဌင်း။ ဓမ္မဇ္ဈ၊ ကိုဋဌင်း။ သံဃဇ္ဈာပိ၊ သံဃာတော်ကိုဋဌင်း။ အာရဇ္ဈ၊ အာရုံပြု၍။ ဒက္ခိဏေယျာ၊ မြတ်သော အလှူကို ခံထိုက်ထသော။ အနုဘ္ဘရော၊ အတုမရှိသော။ မဟေသိနော၊ မြတ်စွာဘုရားအားဋဌင်း။ ပေါတ္ထကဒါနံ၊ ပေဟူသောအလှူကို။ မယာ၊ ငါသည်။ ဒိန္နော၊ လှူခဲ့ဘူးပြီ။ ဣတော၊ ဤကမ္ဘာမှ။ ကေနဝုတေနကပ္ပေ၊ ကိုးဆယ့်တကမ္ဘာထက်၌။ ယံကမ္မံ၊ အကြင်ပေလှူရသော ကောင်းမှုကို။ အကရိ၊ ပြုခဲ့ဘူးပြီ။ တဒါ၊ ထိုကောင်းမှုပြုသောအခါမှ။ ဒုဂ္ဂတိ၊ အပါယ်လေးပါးဆိုး။ နာဘိဇာနာမိ၊ မသိစဘူး။ ဣဒံ၊ ဤသို့ အပါယ်လေးပါး မလားခြင်းသည်ကား။ ပေါတ္ထကဒါနံ၊ ပေလှူရသည်၏။ ဖလံ၊ အကျိုးတည်း။ ဤသို့လျှင် ပေ လှူ ရသော အကျိုးကို ပေါတ္ထကဒါယက မထေရ် ဟောဒတော်မူပေသတည်း။

ပေ လှူရသော အကျိုးပြီး၏။

ယပ်လှုရသည့် အကျိုးကို ပြဆိုသော ဗီဇဒါနမထေရ်ဝတ္ထု

ဤ ငါ့ကို့ကမ္ဘာမှပြန်၍ ရေသည်ရှိသော် ကမ္ဘာတသိန်းထက်၌ ပဒုမ္မုတ္တရ ဘုရားမှင့်ဘော်မူ၏။ ထို မြတ်စွာဘုရားအား တဦးသော ဒါယကာသည်

ယပ်ကပ်လျှ၏။ မြတ်စွာဘုရားလည်း အလျှခံတော်မူ၏။ ဤဒါယကာသည် ငါ့ကို ယပ်လျှုရသော အကျိုးအားဖြင့် ကမ္ဘာတသိန်းတိုင်အောင် အပါယ်မလားဘဲသာဖြစ်၍ ကမ္ဘာ ခြောက်သောင်းထက်၌ ဗိဇန အမည်ရှိသော စကြဝဠတေးမင်းဖြစ်လတံ့၊ နောင်သောအခါ ဂေါတမဘုရားလက်ထက်၌ ခုနစ်နှစ်အရွယ်တွင် ရဟန္တာ ဖြစ်လတံ့ ဟူ၍ ဗျာဒိ တ် ပေးတော်မူ၏။ ထိုဒါယကာသည်လည်း အသက် အတိုင်းနေ၍ စုတေခဲ့သော် နတ်ပြည်၌ ဖြစ်လေ၏။ ကမ္ဘာတသိန်းတိုင်အောင် အပါယ်မလားဘဲဖြစ်၍ ငါတို့ မြတ်စွာဘုရား ရှေလက်ထက်တော်၌ လူဖြစ်လာပြန်၍ ရဟန္တာဖြစ်ပြီးမှ မိမိအလျှ၏ အကျိုးကို ပရိသတ်တို့အား ဤသို့ ဟောပေ၏။

ပဒုမ္မုတ္တရ ဗုဒ္ဓဿ၊ လောကဇေဋ္ဌဿ တာဒိနော။
ဗိဇနေကာ ဃယာ ဒိန္နာ၊ ဒိပဒိန္ဒဿ တာဒိနော။ ။

သကံစိတ္တံ ပသီဒိတ္ဝာ၊ ပဂ္ဂယှတ္ဝာန အဉ္ဇလိ။
သမ္မဒ္ဓံ အဘိဝါဒေတ္ဝာ၊ ပက္ကာမိ ဥတ္တရာမုခေါ။ ။

ဗိဇနိ ပဂ္ဂဟေတ္ဝာန၊ သတ္ထာ လောကဂ္ဂနာယကော။
ဘိက္ခုသံဃဿ ဌိတော၊ သဒ္ဓေ ဂါထာအဘာသထ။ ။

ဣမိနာဗိဇဒါနေန၊ စိတ္တဿ ပဏီဓိဟိစ။
ကပ္ပါနံ သတသဟဿံ၊ ဝိနိပါတံ နဂစ္ဆတိ။ ။

အာရဒ္ဓဝိရိယော ဟိတ္ဝာ၊ စေသောဂုဏသမာဟိတော။
ဇာတိယာ သတ္တဝဿော ဟံ၊ အရဟတ္တံ ပါပုဏိ။ ။

သဒ္ဓိကပ္ပသဟဿမှိ၊ ဗိဇနာမဿ နာမကော။
ဃသာဒ္ဓဇော သိ ရာဇာနော၊ စက္ကဝတ္တိ မဟဗ္ဗလော။ ။

ပဋိသမ္ဘိဒါ စတသော၊ ဝိမောက္ခာပိစ အဋ္ဌမေ။
ဆဠာဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။ ။

လောကဇေဋ္ဌဿ၊ လူတို့ထက်မြတ်ဟော်မူတတော်သော။ တာဒိနော၊ သည်းခံခြင်းနှင့် ပြည့်စုံတော်မူတတ်သော။ ပဒုမ္မုတ္တရဗုဒ္ဓဿ၊ အား။ ဃာ၊ တခုသော။ ဗိဇနိ၊ ယပ်ကို။ ဃယာ၊ သည်။ ဒိန္နာ၊ လျှုအပ်ပြီ။ ဒိပဒိန္ဒဿ၊ ပညာမျက်စိ

ဟူသော ဆိမ်းကို ပေးတော်ထားသော။ တာဒီနော၊ ထားသော။ သမ္မုဒ္ဓဿ၊ မြတ်စွာဘုရားအား။ သက်ဝါတွင်၊ မိမိစိတ်ကို။ ပသီဝိတွာ၊ ကြည်ဖြူ၍။ အဠလိ၊ လက်အုပ်ကို။ ပဂ္ဂဟေတွာန၊ ချီ၍။ သမ္မုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဘိဝါဒေတွာ၊ ရှိခိုးဦး၍။ ဥဘော့ဆုမုဒခါ၊ ပြောက်သို့ရွှေရှု။ ကျွန်မ၊ သွားခဲ့ပြီ။ ဟောကဋ္ဌနာယဟော၊ လူတို့ထက်မြတ်ဟသော ခရီးညွှန် ဖြစ်တော်မူထသော။ သတ္တာ၊သည်။ ဗီဇနိ၊ ယပ်ကို။ ပဂ္ဂဟေတွာန၊ ကိုင်တော်မူ၍။ ဘိက္ခုသံဃေ၊ ရဟန်းသံဃာ၌။ ဌိတော၊ ရပ်တော်မူလျက်။ သဗ္ဗေ၊ ထင်ရှားစွာ။ ဣမာဂ ါထာ၊ ဤ ဂ ါထာတို့ကို။ သဘာသထ၊ ဟောတော်မူပေ၏။

ဤမိုဃရာဇိဇာတိုနနှစ်၊ ဤသို့ယပ်လှူရသော အကျိုးအားဖြင့်ဂုဏ်း။ စိတ္တသ၊ စိတ်၏။ ပဏီဓိဟိစ၊ ထက်သောအားဖြင့်ဂုဏ်း။ ကပ္ပ ါနံ၊ ကမ္ဘာတို့၏ သတ သဟဿံ၊ တသိန်းတိုင်တိုင်။ ဝိနိပါတံ၊ အပါယ် လေးပါးသို့၊ နဂစ္ဆတိ၊ မလားရ။ အာရဒ္ဓဝိရိယော၊ အားထုတ်အပ်သော ဝီရိယရှိသည်ဖြစ်၍။ ပဟိတတ္တော၊ နိဗ္ဗာန်သို့ရောက်စေသော နှလုံးရှိသည်ဖြစ်၍။ စေတောဂုဏသမာဟိတော၊ အဘိညာဏ်တည်းဟူသော ကျေးဇူးနှင့်ပြည့်စုံတော်မူသော။ ဇာတိယာ၊ အဖြစ်အားဖြင့်။ သတ္တဝေသော၊ ခုနစ်နှစ်သည်။ သမ္ပ ါနော၊ ဖြစ်လျက်။ အရဟန္တံ ရဟန္တာအဖြစ်သို့။ အဟံ၊ ငါသည်။ ပါပုဏိ၊ ရောက်ရလေပြီ။ ဘဒ္ဒကပ္ပသဟဿမှိ၊ ကမ္ဘာခြောက်သောင်းထက်၌။ ဗီဇနာမသ၊ ယပ်၏။ နာမကော၊ အမည်ရှိသော။ မဟာဗွလော၊ ဗိုလ်ပါများသော။ စက္ကာတို့ရာဇာနော၊ စကြဝဠာတော်မင်းအဖြစ်သည်။ သောဌသ၊ ဗာဆယ့်ခြောက်ကြိမ်။ အာသိ၊ ဖြစ်ခဲ့ဘူးပြီ။ ဣဒံ၊ ဤသည်ကား။ ဗီဇဒါနသ၊ ယပ်လှူခဲ့ဘူးသည်၏။ ဖလံ၊ အကျိုးကည်း။

ယပ်လှူရသည့်အကျိုး ဗီဇဒါနမထေရ်ဝတ္ထုပြီး၏။

စကြ်ံလူရသည့် အကျိုးကို ပြဆိုသော
စက်မဒါယကမထေရ် ဝတ္ထု

ဤငါတို့ကမ္ဘာမှသည် တရာ့တဆယ့်ရှစ်ကမ္ဘာထက်၌ အတ္ထဒဿီဘုရားပွင့်တော်မူ၏။ ထိုဘုရားရှေ့လက်ထက်တော်တွင် သူကြွယ် တယောက်သည် ဘုရား၌ ကြည်ညိုသည်ဖြစ်၍ ခပ်သိမ်းဝသော သူတို့မြင်၍ အလွန် တင့်တယ်

သော ရွှေအဆင်းနှင့်တူသော အင်္ဂေတို့ဖြင့် အပြေအပြစ်ပြုသော စကြံကို ပြုလုပ်၏။ ထိုစကြံအတွင်း၌ ပုလဲနှင့်တူသော သဲဖြူကိုကြဲ၍ တင့်တယ်စွာ ပြုလုပ်ပြီးလျှင် မြတ်စွာဘုရားအားလှူဒါန်း၏။ မြတ်စွာဘုရားလည်း သည်းခံတော်မူပြီး၍ စိတ်၏ ချမ်းသာခြင်းကို ခံစားတော်မူပြီးမှ ဤဒါယကာသည် နောင်သောအခါ ဂေါတမဘုရား သာသနာတော်၌သာဝကဖြစ်လတံ့ ဟူ၍ ဗျာဒိတ်ကြားတော်မူ၏။ ထိုသူကြွယ်သည်း ထိုကောင်းမှု ကံအကျိုးအားဖြင့် လူပြည်, နတ်ပြည် ကျင်လည် မျှားစွာ ခံစား စံစားပြီး၍ အဆုံးဘဝ၌ ဂါတို့ မြတ်စွာဘုရား ရှေလက်ထက်တော်တွင် လူဖြစ်လာ၍ သဒ္ဓါသမ္ပတ္တိနှင့်ပြည့်စုံသောကြောင့် ရဟန်းပြု၏၊ ရဟန္တာဖြစ်လျှင် မိမိ ရှေးက ပြုခဲ့ဘူးသော ကောင်းမှု၏အမည်ဖြင့် စက်မဒါယက မထေရ် ဟူ၍ ကျော်စော ထင်ရှားစွာ ဖြစ်၏။ မိမိပြုခဲ့ဘူးသော ကောင်းမှုကို အစဉ် အောက်မေ့၍ အလွန် ဝမ်းမြောက်သဖြင့် ပုဗ္ဗာစရိယာဒါနကို ပြလိုသောကြောင့် ဤသို့ ဂါထာကို ရွတ်ပေ၏။

အတ္ထဒသိသီ မုနိနော၊ လောကဇေဋ္ဌဿ တာဒိနော။
ဣဋ္ဌကာဟိစ စိနိတ္ဝာ၊ စက်မ္မ မကရိ အဟံ။

ဥစ္စတော ပဋ္ဌရတန်၊ စက်မံ သာဓု မာပိတံ။
အာယာမ ဝေတာ ဟတ္ထသတံ၊ ဘာဝ ဝနေယျ်ု မနောရမ်မံ။ ။

ပဋ္ဌိဂ္ဂဟေသိ ဘဂ ဝါ၊ အတ္ထဒသိ နရုတ္တမော။
ယတ္ထေန ပုလိ ပဂ္ဂယ္ဟ၊ ဣမံ ဂါထံ အဘာသထ။ ။

ဣမိနာပုလိဒါနေန၊ စက်မံ သုကတေနစ။
သတ္တရတနသမ္ပန္နံ၊ ပုနိနံ အနုဘောသတိ။ ။

တိဏိကပ္ပါနိ ဒေဝေသု၊ ဒေဝရဇ္ဇံ ကရိသတိ။
အနုဘောသတိ သမ္ပတ္တိ၊ အစ္ဆရာဟိ ပုရက္ခိတော။ ။

မနုဿလောကံ အာဂန္တွာ၊ ရာဇာ ရဇ္ဇေ ဘဝိသတိ။
တိက္ခတ္တုံ ဇုစက္ကဝတ္တိဿ၊ မဟာယသော ဘဝိသတိ။ ။

အဋ္ဌာရသကပ္ပသတေ၊ ယံကမ္မ မကရိ တဒါ။
ဒုဂ္ဂတိ နာဘိဇာနာမိ၊ စက်မဒါနဿိ ဒံ ဖလံ။ ။

ပဋိသမ္ဘိဒါ စတသော၊ ဝိမောက္ခာပိစ အဋ္ဌမေ။
ဆဠဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနန္တိ။ ။

အဟံ၊ ငါသည်။ တာဒိနော၊ သည်းခံခြင်းနှင့် ပြည့်စုံတော်မူသော။ လောကဇေဋ္ဌဿ၊ လူတို့ထက် မြတ်တော်မူထသော။ အတ္တဒဿိဿ၊ အတ္တဒဿီအမည်ရှိသော။ မုနိနော။ မြတ်စွာဘုရားအား။ ဣင္ဂကာဟိ၊ အုတ်တို့ဖြင့်။ စိနိတွာ၊ စီ၍။ စင်္ကမ်၊ စင်္ကြံကို။ အကရိံ၊ ပြုခဲ့ဘူးပြီ။ ဥစ္စာတော၊ အမြောက်အားဖြင့်။ ပဥ္စရတနံ၊ ငါးတောင်ရှိသော။ အာယာမတော၊ အလျားအားဖြင့်။ ဟတ္ထသတံ၊ အတောင်တရာရှိသော။ ဘာဝနေယျံ၊ ဘာဝနာအား လျော်သော။ မနောရမံ၊ နှလုံးမွေ့လျော်ဘွယ်ရှိသော။ စင်္ကမံ၊ စင်္ကြံကို။ သာဓု၊ ကောင်းစွာ။ မာပိတံ၊ စီရင်ခဲ့ပြီ။ အတ္တဒဿီ၊ အတ္တဒဿီ အမည်တော်ရှိသော။ နရုတ္တမော၊ လူတို့ထက် မြတ်တော်မူထသော။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ပဋိဂ္ဂဟေသိ၊ သည်းခံတော်မူပြီ။ ဟတ္ထေန၊ လက်တော်ဖြင့်။ ပုလိနံ၊ သဲကို။ ပဂ္ဂယှ၊ ချီ၍။ ဣမံ ဂါထံ၊ ကို။ အဘာသထ၊ မိန့်တော်မူလတ်သတည်း။ ဣမိနာ ပုလိနဒါနေန၊ ဤသဲလှူကြသော အကျိုးအားဖြင့်ရင်း။ စင်္ကမံ၊ စင်္ကြံကို။ သုကတေနစ၊ ကောင်းစွာပြုအပ်သော အားဖြင့်ရင်း။ သတ္တရတနသမ္ပန္နံ၊ ရတနာခုနစ်ပါးနှင့်ပြည့်စုံသော။ ပုလိနံ၊ ဗိမာန်ကို။ အနုဘောဿတိ၊ ခံစားရလတံ့။ (ပုလိနံ-နဲ့ ဟူသောပုဒ်ကို။ စင်္ကြံ ဟူ၍လည်း အနက်ပေးသင့်၏။)

တီဏိကပ္ပါနိ၊ သုံးကမ္ဘာပတ်လုံး။ ဒေဝေသု၊ နတ်ပြည်တို့၌။ ဒေဝရဇ္ဇံ၊ နတ်မင်းအဖြစ်ကို။ အကရိဿတိ၊ ပြုရလတံ့။ အစ္ဆရာဟိ၊ နတ်သမီးတို့ဖြင့်။ ပုရက္ခိတော၊ ခြံရံလျက်။ သမ္ပတ္တိ၊ စည်းစိမ်ချမ်းသာကို။ အနုဘောဿတိ၊ ခံစားရလတံ့။ မနုဿလောကံ၊ လူပြည်သို့။ အာဂန္တွာ၊ လာလတ်၍။ ရဋ္ဌေ၊ ပြည်၌။ ရာဇာ၊ မင်းသည်။ ဘဝိဿတိ၊ ဖြစ်သတံ့။ သော၊ ထိုသူသည်။ မဟာယသော၊ များသောအခြံအရံရှိသော။ စက္ကဝတ္တိ၊ စကြဝတေးမင်းသည်။ တိက္ခတ္တုံ၊ သုံးကြိမ်။ ဘဝိဿတိ၊ ဖြစ်လတံ့။ ဣတိ၊ ဤသို့။ ဘာသသော၊ ဟောတော်မူလတ်သတည်း။ ဣတော၊ ဤကမ္ဘာမှ။ အဋ္ဌာရသကပ္ပေ၊ တရာ့ရှစ်ဆယ့်ရှစ်ကမ္ဘာထက်၌။ ယံကမ္မံ၊ အကြင်စင်္ကြံ လှူရသော ကောင်းမှုကို။ အကရိံ၊ ပြုခဲ့ဘူး၏။ တဒါ၊ ထိုအခါမှ။ ပဋ္ဌာယ၊ စ၍။ ဒုဂ္ဂတိံ၊

အပါယ်လေးပါးကို။ နာဘိဇာနာမိ၊ မသိစဘူး။ ဣဒံ၊ ဤသို့ မသိရခြင်း သည်ကား။ စက္ခုမဒါနဿ၊ စက္ခုံ လှူခဲ့ဘူးသည်၏။ ဖလံ၊ အကျိုးသည်း။

အတ္ထဒဿီဘုရားအား စက္ခု လှူခဲ့ဘူးသော အကျိုးအားဖြင့် ငါတို့မြတ်စွာ ဘုရား ရွှေလက်ထက်တော်တွင်၊ ရဟန္တာအဖြစ်သို့ရောက်သော စက္ခုမဒါယက မထေရ်ဝတ္ထုပေတည်း။ (စက္ခုလှူရသောအကျိုးပြီး၏။)

ဗောဓိပင်စိုက်ပျိုးရသော အကျိုးကိုပြဆိုသော ဗောဓိရောပကမထေရ်ဝတ္ထု

ဤကမ္ဘာမှသည် ခုနစ်ဆယ့် လေးကမ္ဘာထက်၌ တိသဘုရား ပွင့်တော်မူ၏။ ထိုဘုရား ရွှေလက်ထက်တော်တွင် သဒ္ဓ သမ္ပတ္တိနှင့်ပြည့်စုံသော ခုနစ်နှစ်တည်းသာ ရှိသော သတ္တုံသားတယောက်သည် အလွန်တရာ ကြည်ညိုခြင်းဖြစ်၍ ဘုရားပွင့်တော်မူသော ဗောဓိပင်မှ အသီးကိုယူ၍ စိုက်ပျိုး၏။ အရုံအတားပြုလုပ်၍ရေလည်းသွန်းလောင်း၏။ ထိုဗောဓိပင်စေ့သည်အပင်ပေါက်၍ ကြီးပွားလာသဖြင့် ထိုသတ္တိသားသည် ထိုဗောဓိပင်ကို စောင့်ရှောက်လျက် မပြတ်ပူဇော်သက္ကာ ပြု၏။ ထိုသူ့ပြုအပ်သော ကုသိုလ် ကောင်းမှု၏ အကျိုးအားဖြင့် အသက်အတိုင်းနေ၍ သေလွန်ခဲ့သော် နတ်ပြည်၌ဖြစ်လေ၏။ နတ်ဖြစ်တုံ လူဖြစ်တုံ သုဂတိဘဝ၌သာ ကျင်လည်၍ ငါတို့မြတ်စွာဘုရား ရွှေလက်ထက်တော်တွင် လူဖြစ်လာပြန်၍ ခုနစ်နှစ် အရွယ်သို့ရောက်လျှင် ရဟန်းပြု၏၊ ဆံပင်ကိုရိတ်သော အဆုံးဌာပင် မဟာနာ ဖြစ်၏။ ရှေးကပြုခဲ့တူးသော ကောင်းမှုနှင့်လျော်စွာ ဗောဓိပင်ရောပကမထေရ်ဟူ၍ ကျော်စောထင်ရှားစွာဖြစ်၏။ ထိုမထေရ်သည် မိမိပြုခဲ့ဘူးသော ကောင်းမှု၏ အကျိုးကို ပရိသတ်တို့အား ဟောကြားပေလို၍ ဤဂါထာကိုရွတ်၏။

ဇာတိယာ သတ္တဝေယော၊ ဟံ၊ အဒ္ဒသံ လောကနာယကံ။
ပသန္နစိတ္တော သုမနော၊ ဥပဂစ္ဆိ နရုတ္တမံ၊ ။
တိသဿာ၊ ဟံ ဘဂဝတော၊ ပေါဏမဇ္ဇဿ တာဒိနော။
ဟသေါဟသေန စိတ္တေန၊ ရောပယိ ဗောဓိ မုတ္တမံ။ ။
အသနော နာမ ဧကော ဟိ၊ ခရုဏီ ရုက္ခ ဥတ္တမော
ပဋ္ဌဝေယော ပရိစရိ၊ အသနံ ဗောဓိ မုတ္တမံ။ ။

ပုပ္ပိတ် ပါဒပံဒိတ္ဓာ၊ အမ္ဘုတံ ဒလာမဟံသနံ။
သကံကမ္မံ ပကိဏ္ဏေန္တာ၊ ဗုဒ္ဓဝေသဌ္ဌ ဥပဂ္ဂမိ။ ။
တိဿော တဒါသော သမ္ဘုဒ္ဓေ၊ သယမ္ဘူ အဂ္ဂပုဂ္ဂလော။
ဘိက္ခုသံဃေ နိသီဒိတ္ဓာ၊ ဂ္ဂမ္ဘီရဂါ ဟိတာ အဘာသတ။ ။
ယေနာဟံ ရောဟယိ ဗောဓိံ၊ ဗုဒ္ဓပူဇာယ သက္ကတာ။
တမဟံ ဟိတ္ဓယိဿာမိ၊ သုဏာထ မမ ဘာသတော။ ။
တိ သကပ္ပါနိ ဒေဝေသု၊ ဒေဝရဇ္ဇံ ကရိဿတိ။
စတုသဋ္ဌိ ကတ္ဘုံ စ ဟော၊ စက္ကဝတ္တိ ဘဝိဿတိ။ ။
တုသိတာဟိ စဝိတ္ဓာန၊ သုဒ္ဓမ္ဘုဒေလန စောဒိတော။
ဒ္ဒေသမ္ဘတ္ကိ အနုဘောတ္ဓာ၊ မနုဿတ္ထေ ရမ္မိဿတိ။ ။
ပဓာနံ ပဟိတတ္ထော ဟော၊ ဥပဿနော နိရုပဓိ။
ဘဗ္ဗာသမ္ဘဝ ပရိညာဏံ၊ နိဗ္ဗာရိဿတိ နာသဝေါ။ ။
ဝိဝေကမနုယုတ္ထောဟော၊ ဥပဿနော နိရုပဓိ။
နာဂေါ၊ဝ ဗန္ဓနံ ဆေတ္ဓာ၊ ဝိဟရာမိ အနာသဝေါ။ ။
ဒ္ဒေနဝုတေ ကပ္ပေ ဟော၊ ဗောဓိ ရောပယိ၊ဟံ တဒါ။
ဒုဂ္ဂတိ နာဘိဇာနာမိ၊ ဗောဓိရောပယိ၊ဒံ ဖလံ။ ။
စတုသတ္ထတိ၊တော ကပ္ပေ၊ ဒဏ္ဍသေနော တိ ဝိသုတော။
သတ္ထာ ဂုတနုသ္ဒန္ဒော၊ စ ဟော ဝတ္ကို ဟုတ္ထမေ။
ပဋိသမ္ဘိဒါ စတသော၊ ဝိဝေမာ ကွာ ပိစ အဒ္ဒမေ။
ဆ ဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။ ။

အဟံ၊ ငါဘဝည်။ ဇာတိယာ၊ အဖြစ်အားဖြင့်။ သတ္တဝေါ ၊ ခုနှစ်ခွန်သည်။ သဟာ ဒနာ၊ ဖြစ်လျက်။ လောကနာထကံ၊ လူတို့၏ခရီးညွှန် ဖြစ်ဘုရားမူသော။ နရတ္ထာမံ၊ လူတို့တက်မြတ်တော်မူ၏သော။ သမ္ဘုဒ္ဓံ၊ မြတ်စွာဘုရားကို။ ပသန္နစိတ္တော၊ ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍။ သုမဒနာ၊ ဝမ်းမြောက်ဝမ်းသာသည်ဖြစ်၍။ အဒ္ဒသံ၊ မြင်လေပြီ။ ဥပဂစ္ဆိ၊ ကပ်ရောက်လေပြီ။ အဟံ၊ ငါသည်။ ကာဒီနနာ၊ သည်းခံခြင်း ကျေးဇူးနှင့် ပြည့်စုံတော်မူသော။ လောကဇေဋ္ဌဿ၊ လူတို့ထက်မြတ်တော်မူထသော။ တိဿဿ၊ တိဿအမည်တော်ရှိသော။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဥတ္တမံ၊ မြတ်သော။ ဗောဓိ ၊ ဗောဓိပင်ကို။ ဟသော-ဟာသနာ၊ ဝမ်းမြောက် ဝမ်းသာသော။ စိတ္တော နာ၊

စိတ်ဖြင့်။ ရောပယိ၊ စိုက်ပျိုးခဲ့ပြီ။ အသနောနာမဧယျေန၊ ထင်းရှူး အမည်ရှိသော။ ဧရဏီရုဟပါဒပေါ၊ မြေ၌ရောက်သော ပင်စည်ရှိသော။ ဥတ္တမံ၊ မြတ်သော။ အသနံ၊ ဗောဓိထင်းရှူးပင်ကို။ ပဋ္ဌဝေသော၊ ငါးနှစ်တိုင်အောင်။ ပရိစရိ၊ သုခ်သင်ခဲ့ဘူးပြီး။အဗ္ဘုတံ၊ မဖြစ်စဘူးသော။ လောမဟံသနံ၊ ကြက်သီးမွေးညင်းထသော။ ပုပ္ဖိတံ၊ ပွင့်သော။ ပါဒပံ၊ ဗောဓိပင်ကို။ ဒိသ္ဝာ၊ ၍။ သကံကမ္မံ၊ မိမိအမှုကို။ ပကိတ္တေန္တော၊ ကြားလျက်။ ဗုဒ္ဓသေဋ္ဌံ၊ ဘုရားမြတ်စွာသို့။ ဥပဂတမိ၊ ချဉ်းကပ်သေပြီ။ အဂ္ဂပုဂ္ဂလော၊ မြတ်သောပုဂ္ဂိုလ် ဖြစ်ထသော။ သယမ္ဘူ၊ မိမိအလိုလို ပေါ်သိမ်းသော တရားကို သိတော်မူတတ်ထသော။ တိဒသော၊ တိသာ အမည်ရှိသော။ သောသမ္ဗုဒ္ဓေါ၊ ထိုမြတ်စွာဘုရားသည်။ တဒါ၊ ထိုအခါ၌။ ဘိက္ခုသံဃေ၊ မဟာန်းသံဃာ အလယ်၌။ နိသိဒိတ္ဝာ၊ နေတော်မူ၍။ ဣမံ၊ ဤ၊ ဤ၊ ဤတို့ကို။ အဘာသထ၊ မိန့်တော်မူပြီ။

အယံ၊ ဤဒါယကာသည်။ ယေန၊ အကြင်ကောင်းမှုကြောင့်။ ဗောဓိံ၊ ငါပွင့်ရာဖြစ်သော ဗောဓိပင်ကို။ ရောပယိ၊ စိုက်ပျိုး၏။ တေန၊ ထိုသို့ စိုက်ပျိုးသောကြောင့်။ သဗ္ဗတော၊ အရိုအဝေ။ ဗုဒ္ဓုပဋ္ဌာယ၊ ဘုရားကို ပူဇော်ရသည်မည်သည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုအကျိုးကို။ အဟံ၊ ငါ သည်။ ကိတ္တယိဿာမိ၊ ကြားပေအုံ့။ ဘာသတော၊ ဟောကြားသော။ မမ၊၏။ ဝစနံ၊ စကားကို။ သုဏာထ၊ ကြားနာလင့်ကုန်ကြလော့။ သော၊ ထိုဒါယကာသည်။ ဣမိနာကမ္မေန၊ ဤသို့ ဗောဓိပင်ကို စိုက်ပျိုးရသော ကောင်းမှုအားဖြင့်။ တိံ သကပ္ပါနိ၊ ကမ္ဘာသုံးဆယ်တိုင်အောင်။ ဒေဝေသု၊ နတ်ပြည်တို့၌။ ဒေဝရဇ္ဇံ၊ နတ်မင်း၏ အဖြစ်ကို။ ကရိဿတိ၊ ပြုလတံ့။ စတုသဋ္ဌိကဘုတ္တံ၊ ခြောက်ဆယ့်လေးကြိမ် တိုင်အောင်လည်း။ စက္ကဝတ္တိ၊ စကြဝဠာမင်းသည်။ ဘဝိဿတိ၊ ဖြစ်လတံ့။ သုဏမူလေန၊ ကောင်းမှု အရင်းသည်။ စောဒိတော၊ တိုက်တွန်းအပ်သည်ဖြစ်၍။ တုသိတာဟိ တုဘိ တာဝေ၊ တုသိတာ နတ်ပြည်မှသာလျှင်။ စဝိတ္ဝာန၊ စုတေ့ခဲ့၍။ဒေဝသမ္ပတ္တိ၊ နှစ်ပါးသော စည်းစိမ် ချမ်းသာ တို့ကို။ အနုဘောတ္ဝာ၊ ခံစား ဦး၍။ မနုဿတ္တေ၊ လူပြည်၌။ ရမ္မိဿတိ၊ မွေ့လျော်ရလတံ့။ ပဓာနံ၊ ကမ္မဋ္ဌာန်းကို။ ပဟိတတ္တော၊ လုံ့လပြုသော။ သော၊ ထိုဒါယကာသည်။ ဥပသန္တော၊ ဂေါ်လောသော ပြိမ်းသည်ဖြစ်၍။ နိဗ္ဗုတိ၊ ဥပဓိကင်းသည်ဖြစ်၍။ သဗ္ဗာသဝေ၊

ခပ်သိမ်းသောအာသဝေါတို့ကို။ ပရိညာယ၊ ပိုင်းခြားရှိသိသဖြင့်။ အနာသဝေါ၊ ရဟန္တာဖြစ်၍။ နိဗ္ဗာယိသတိ ပရိနိဗ္ဗာန်ပြုလတံ့။ သော၊ ထိုဒါယကာသည်။ ဝိဝေကံ၊ ဆိတ်ငြိမ်ခြင်းကို။ အနုယုတ္တော၊ ယှဉ်လျက်။ ဥပသန္တော၊ ကိလေသာငြိမ်းသည်ဖြစ်၍။ နိရုပဓိ၊ ဥပဓိ ကင်းသည်ဖြစ်၍။ နာဂေါ။ ဆင်ပြောင်သည်။ ဗန္ဓနံ၊ နှောင်ဖွဲ့ခြင်းကို။ ဆိန္နကိဠဝ၊ ဖြတ်သကဲ့သို့။ ကိလေသဗန္ဓနံ၊ ကိလေသာတည်းဟူသော နှောင်ဖွဲ့ခြင်းကို။ ဆေတ္ဝာ၊ ဖြတ်၍။ အနာသဝေါ၊ အာသဝေါကင်းသည်ဖြစ်၍။ ဝိဟရာမိ၊ နေရ၏။ ဣတော၊ ဤကမ္ဘာမှ။ ဒေနဝုတောကပ္ပေ၊ ကိုးဆယ် နှစ်ကမ္ဘာထက်၌။ အဟံ၊ ငါကား။ တဒါ၊ ထိုအခါ၌။ ဗောဓိ ဗောဓိပင်ကို။ ရောပယိံ၊ စိုက်ပျိုးခဲ့ပြီ။ တတော၊ ထိုဗောဓိပင်ကို စိုက်ပျိုးသည်မှ။ ပဋ္ဌာယ၊ စ၍။ ဒုဂ္ဂတိ၊ အပါယ်လေးပါးကို။ နာဘိဇာနာမိ၊ မသိစဘူး။ ဣဒံ၊ ဤသို့ အပါယ်မလားခြင်းသည်ကား။ ဗောဓိရောပယာ၊ ဗောဓိပင်ကို စိုက်ပျိုးသာ၏။ ဖလံ၊ အကျိုးတည်း။ ဣတော၊ ဤကမ္ဘာမှ။ စတုသတ္တတိကပ္ပေ၊ ခုနှစ်ဆယ့်လေးကမ္ဘာထက်၌။ သတ္တရတနသမ္ပန္နော၊ ရတနာ ခုနှစ်ပါးနှင့် ပြည့်စုံသော။ မဟာဗျူဟော၊ ဗိုလ်ပါမျှားသော။ ဒဏ္ဍဝေဟာ၊ ဒဏ္ဍဝေနဟူ၏။ ဝိသုတော၊ ကျော်စောသော။ စက္ကဝတ္တိ၊ စက္ကဝတေးမင်းသည်လည်း။ အဟောသိ။ ဖြစ်ခဲ့ဘူးလေပြီ။ ဣဒံ၊ ဤသို့ဖြစ်ခြင်းသည်ကား။ ဗောဓိရောပယာ၊ ဗောဓိပင်ကို စိုက်ပျိုးဘူးသည်၏။ ဖလံ၊ အကျိုးတည်း။ (နောက်ဂါထာမှာ အနက်လွယ်၏ ပေးမြဲပေး။)

(တိသ. မြတ်စွာဘုရား ရှေးလက်ထက်ကာလ ဘုရားပွင့်တော်မူသော ဗောဓိပင်ကို စိုက်ပျိုးသော အကျိုးအားဖြင့်၊ ရဟန္တာအဖြစ်သို့ ရောက်တော်မူသော ဗောဓိရောပက မထေရ်ဝတ္ထုပေတည်း။)

ဗောဓိပင်စိုက်ပျိုးရသော အကျိုး ပြီး၏။

ညောင်ရေသွန်းရသောအကျိုးကို ပြပေအုံ

ဤကမ္ဘာမှသည် နောက်ဆုတ်ပြန်၍ ရောသည်ရှိသော ကိုးဆယ့်တကမ္ဘာထက်၌ ဝိပဿီဘုရားပွင့်တော်မူ၏။ ထို ဝိပဿီဘုရား ရှေလက်ထက်တော်တွင် သူကြွယ်သားတယောက်သည် ဘုရားသာသနာတော်၌သဒ္ဓါကြည်ညိုရှိ ရဟန်းပြု၏။ ဝတ်ကြီးဝတ်ငယ်ပြုသဖြင့် သာသနာတော်ကို ကည်ဇေလျက် လင်္ဂီပေသလ သိက္ခာကာမဖြစ်၍ ဘုရားပွင့်တော်မူသော ဗောဓိပင်ကို အရှိ

အသေ ပူဇော်ကြသည်ကို မြင်၍ အထူးထူးသော ပန်းတို့ကိုင်း။ နှုံသာ ထုံးသာ ရေကို့ကိုင်း ယူခဲ့၍ ပူဇော်သတ္တာပြု၏။ရေလည်းသွန်းလောင်း၏၊ ထိုရဟန်းကား ထိုသို့သောဇကာင်းမှုဖြင့် ထိုကိုယ်၏အဖြစ်မှ ဘဝပြောင်းလေသော် နတ်ပြည်၌ဖြစ်လေ၏။ နတ်ပြည်ခြောက်ထပ်၌ နတ်၏စည်းစိမ်ကို ခံစား၍ နတ်ပြည်မှစုတေ့ခဲ့သော် ငါတို့မြတ်စွာဘုရားရှေလက်ထက်တော်တွင် လူပြည်၌ဖြစ်လာ၍ သာသနာတော်၌ ရဟန်းပြု၏။ များမကြာမီ ရဟန္တာဖြစ်လေလျှင် မိမိကိုးကပြုခဲ့ဘူးသော ကောင်းမှုကို အောက်မေ့၍ ဝမ်းမြောက်ဝမ်းသာခြင်း ရှိသဖြင့် ဇကောင်းမှု၏ အကျိုးကို ဟောပေလို၍ ဤသို့သော ဂါထာကိုရွတ်၏။

ဝိပဿီးဘဂဝတော၊ မဟာဗောဓိ မယာ အဟု။
ပဗ္ဗဇ္ဇုပဂတော သန္တော၊ ဥပဂစ္ဆိं အဟံ၊ တဒါ။ ။
ကုသုမ္ဘာဒကမာဒါယ၊ ဗောဓိယာ သြကရိတံ အဟံ။
မောစယိ ဘတိနော မုတ္တော၊ နိဗ္ဗာပေဿတိ နိဗ္ဗုတော။
ကေနဝုတိ ကပ္ပေ၊ ယံ ဗောဓိं အဘိသိဉ္စယေ။
ဒုဂ္ဂတိं နာဘိဇာနာမိ၊ ဗောဓိသိဉ္စာယိဒံ ဖလံ။ ။
သတ္တိံ သကပ္ပေ ဝတ္ထုမာနမ္ပိ၊ အာသုံ ဇနာဓိပါ။
ဥဒကသိဉ္စနာနမ၊ အဒ္ဒဿံ စ ဝတ္ထုဝတ္ထိနော။ ။
ဝဋ္ဋသမ္ပတ္တိဒါ ဒုစရိတေဟိ၊ ဝိမောက္ခာပိစ အဒ္ဒမမ။
ဆဠာဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနန္တိ။ ။

ဝိပဿီသမ္မာသမ္ဗုဒ္ဓဘုရား၏။မဟာဗောဓိ၊ မဟာဗောဓိသည်။ အဟု၊ ဖြစ်ပြီ။ မယာ၊ ငါသည်။ ပဗ္ဗဇ္ဇုပဂတော၊ ရဟန်းအဖြစ်သို့ ကပ်သည်။ သန္တော၊ ဖြစ်လျက်၊ တဒါ၊ ထိုအခါ၌။ အဟံ၊ ငါသည်။ ဥပဂစ္ဆိं။ ကပ်ပြီး၊ကုသုမ္ဘာဒကံ၊ ဝတ်ရန်းထုံးသော ရေအိုးကို။ အာဒါယ၊ ယူ၍။ ဗောဓိယာ၊ ဗောဓိပင်ကို။ အဟံ၊ သည်။ သြကိရိတံ၊ သွန်းလောင်းပြီး။ဖြစ်၏။ ငါတို့အား။ မုတ္တော၊ ကိလေသာမှလွတ်သည်ဖြစ်၍။ ဘတိနော၊ လွတ်လတ်။ နိဗ္ဗုတော၊ ကိလေသာ ငြိမ်းသည်ဖြစ်၍။ နိဗ္ဗာပေဿတိ၊ ငြိမ်းဖယ်လတ်။ ဤဘဝ၊ ဤကမ္ဘာမှ။ ဧကနဝုတိကပ္ပေ၊ ကိုးဆယ်တကမ္ဘာထက်၌။ ယံ ဗောဓိं၊ အကြင်ဗောဓိကို။ အဘိသိဉ္စယေ။

ညောင်ရေသွန်းလောင်း၏။ ဒုဂ္ဂတိ၊ အပါယ်လေးပါးကို။ နာတိခါနာမိ၊ မသိစဘူး။ ဣဒံ၊ ဤသို့ဖြစ်ခြင်းသည်ကား။ ဗောဓိသိဥ္စာယ ဗောဓိပင် ရေသွန်းရသည်၏။ ဖလံ၊ အကျိုးတည်း။

တေတ္တိံသကပ္ပေ၊ သုံးဆယ့်သုံးကမ္ဘာသည်။ ဝဏ္ဏမာနမှို၊ မြွက်ဆိုအပ်သည်ရှိသော်။ ဇနာဓိပါ၊ လူတို့ကို အစိုးရသော။ ဥဒကသိဉ္စနာနာမ၊ ဥဒကသိဉ္စန, အမည်ရှိသော။ ဧကောစက္ကဝတ္တိနော၊ ထို စကြာဝတေး မင်းဖြစ်တော်မူသည်။ အဋ္ဌ၊ ရှစ်ကြိမ်။ အာသုံ၊ ဖြစ်ခဲ့ဘူးကုန်ပြီ။ စတဿော၊ လေးပါးကုန်သော။ ပဋိသမ္ဘိဒါစ၊ ပဋိသမ္ဘိဒါတို့ကိုရင်း။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ဝိမောက္ခာပိစ၊ ဝိမောက္ခတရားတို့ကိုရင်း။ ဆ၊ ခြောက်ပါးကုန်သော။ အဘိညာစ၊ အဘိညာဏ်တို့ကိုရင်း။ သစ္ဆိကတာ၊ မျက်မှောက်ပြုကုန်၏။ ဗုဒ္ဓဿ ဘုရားရှင်၏။ သာသနံ၊ သာသနာတော်ကို။ အတာံ၊ လိုက်နာရပြီ။

ညောင်ရေ သွန်းလောင်းသော အကျိုး ပြီး၏။

စေတီဘုရားပျက်ကို ပြုပြင်ရသော အကျိုးကို ပြပေအံ့

ဤကမ္ဘာမှသည့်နောက်ဆုတ်ပြန်၍ ရေသည် ရှိသော်၊ ကိုးဆယ့်တကမ္ဘာ ထက်၌ သိဒ္ဓတ္ထ ဘုရား ပွင့်တော်မူ၏။ ထို မြတ်စွာ ဘုရားသည် သက်တော် အပိုင်းအခြား တိုင်အောင် နေတော်မူ၏။ ပရိနိဗ္ဗာန်ပြုခဲ့သော် သရီရဓာတ် တော်ကိုယူ၍၊ လူ့နတ်တို့သည် စေတီပြု၍ ဌာပနာပြီ လျှင် ကိုးကွယ်ပူဇော် ကြကုန်၏။ ထိုစေတီတော်သည် မြည်မြင့်သော ကာလရှိသဖြင့် တောချုံ ပိတ်ပေါင်းတို့ဖြင့် ဖုံးအုပ်လျက်ဖြစ်လေ၏။ သဒ္ဓါ သဒ္ဓါနှင့် ပြည့်စုံသော တကာ တယောက်သည် ထို စေတီတော်ကို မြင်၍ တောချုံတို့ကို ခုတ်ထွင်၍ ယင်ပြင်တော်တွင် ပေါက်သောမြက်တို့ကိုလည်း နုတ်ပယ်လေ၏။ ပျက်စီး ယိုယွင်းသော ကျောက် အုတ် တို့ကိုလည်း ကောင်းစွာ ထပ်၍ စီ၏။ ထို ဒါယကာသည် ဤကောင်းမှု၏ စေတနာကြောင့် ပစ္စက္ခဥ္စပင် ဆွေနှာဂေါ မရှိဘဲ အသက်ရှည်စွာနေ၍ သေလွန်ခဲ့သော် နတ်ပြည်၌ ဖြစ်လေ၏။ ကိုးဆယ့်တကမ္ဘာပတ်လုံး အပါယ်မလားဘဲ နတ်ပြည်၌သာ ကျင်လည်၍ ငါတို့မြတ်စွာဘုရားရှေ့လက်ထက်တော်တွင် လူဖြစ်လာပြန်၍၊ သိကြား လိမ္မာ

သော အရွယ်သို့ ရောက်လျှင် မြတ်စွာဘုရားခ္ဍ သဒ္ဓါ ကြည်ညိုမှု ရဟန်းပြု၏။ မျှားမကြာမီရဟန္တာဖြစ်၍ မိမိပြုခဲ့တဲ့ သောဒကာင်းမှုကို ပုဇ္ဇနိုဝါသ ဉာဏ်ဖြင့် အောက်မေ့၍ ဝမ်းမြောက်, ဝမ်းသာဖြစ်သဖြင့် မိမိပြုအပ်သော ကောင်းမှု၏ အကျိုးကို အမျှားပရိသတ် တို့အား သိစေလိုမှု ဤသို့သော ဂါထာကို ရွတ်ပေ၏။

ပူဇာယတေ ပူဇာရဟော၊ ဗုဒ္ဓေစ ယဒိ သာဝကေ။
ပပဉ္စသမတိက္ကမ္မေ၊ တိဏ္ဏသောကပရိဒေဝေ။ ။
တာဒိသေ ပူဇာယစ တေ၊ နိဗ္ဗုတေ အကုတောဘယေ။
နသက္ကာ ပုညံ သင်္ခါတုံ၊ ဣမတ္တံ မဘိကေနစိ။ ။
စတုန္နံ ဒီပါနံ ဣဿရိယံ၊ ယော ကာယဒယေ။
တေသ်ပူဇာယေတံ ကလံ၊ နအဗ္ဘတိ သောဠသိ။ ။
သိဒ္ဓိတ္ထသ နရဂ္ဂသ၊ စေတိယေ ဖလိကန္တရေ။
သုခ ပိဏ္ဍော မယာ ဒိန္နော၊ ဝိပ္ပသန္နေန စေတသာ။ ။
စတုနဝုတေ ဣတော ကပ္ပေ၊ ယံကမ္မ မကရိ တဒါ။
ဒုဂ္ဂတိ နာဘိဇာနာမိ၊ ပဋ္ဌိသင်္ခါရသိ ဒံ ဖလံ။ ။
ဣတော ဝိသတိကပ္ပမ္ဟိ၊ ပဋ္ဌိသင်္ခါရပဝရာ။
သတ္တရတနသမ္ပန္နာ၊ ဘောနသ စက္ကဝတ္တိနော။ ။
ပဋ္ဌိယမ္ဘိဒါ စတသ္ဿော၊ ဝိဒမ္ဗာ ဘူမိပါစ အဗ္ဗမေ။
ဆဠာဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနန္တိ။ ။

တိဏ္ဏဒသောကပရိဒေဝေ၊ ကူးမြောက်ပြီးသော စိုးရိမ်ငိုခြွေးခြင်းရှိကုန်သော။ ပပဉ္စသ တိက္ကမ္ဘာ၊ ပဝဏ, မာန, ဒိဋ္ဌိ တို့ကို လွန်မြောက် ပြီးကုန်သော၊ ပူဇာရဟော၊ ပူဇော်ခြင်းငါ့ ထိုက်သော။ ဗုဒ္ဓေစ၊ ဘုရားရှင်တို့ကို ရင်း။ ယဒိ၊ ထိုမြို့။ သာဝကေစ၊ တပည့်သာ တို့ကိုရင်း။ ပူဇာယဒေ၊ ပူဇော်အပ်၏။ တာဒိသေ၊ ထိုသို့သဘောရှိကုန်သော။ နိဗ္ဗုတေ၊ ကိုယ်လသာ ငြိမ်းကုန်ပြီးသော။ အကုတောဘယေ၊ ဘေးကင်းကုန်ပြီးသော။ တေ၊ ထို ဘုရားဘပည့်သားတို့ကို။ ပူဇာယစ၊ ပူဇော်သောသူ အားလည်း။ ဣမတ္တံ ပုညံ၊ ဤကောင်းမှု၏ အကျိုးကို၊ အဘိဓေနစိ၊ တစုံတခုယောက်သော သူသည်။ သင်္ခါတုံ၊ ရေတွက်အံ့သောငါ။ နသက္ကာ၊ မတတ်ကောင်း။ ယောနရော၊

အကြင်သူသည်။ ဣ၁၊ ဤလူပြည်၌။ စတုန္ဒီပါနှံ၊ လေးကျန်းတို့တွင်။ ဣသရိယံ၊ အစိုးရသောအဖြစ်ကို။ ကာရယေ၊ ပြုလင့်စေကာမူ။ ဧတံသ ပူဇာယ၊ ထိုသို့ ပူဇော်ခြင်း၏။ ဧတံဖလံ၊ ထိုအကျိုးကို။ သောဌသိ၊ တဆယ်ခြောက်စိပ်စိပ်၍။ ကလံ၊ တစိပ်၏ အကျိုးကိုမျှ။ နအဂ္ဃတိ၊ မတွေ့နိုင်။

နရဂ္ဂဿ၊ လူတို့ထက် မြတ်တော်မူ၏သော။ သိဒ္ဓတ္ထဿ၊ သိद्धတ္ထ မြတ်သော ဘုရား၏။ စေတိဿယ၊ စေတီ၌။ ဖလိကန္ဓရေ အက်ကဲ့သော အကြားဌ်။ သုဝေါပိဏ္ဍော၊ အင်းတေစိုင်ကို။ မယာ၊ ငါသည်။ ဝိပ္ပသန္နေန၊ ကြည်ညိုသော။ စေတသာ၊ စိတ်ဖြင့်။ ဒိန္နော၊ လှူအပ်ခဲ့ပြီ။ ဣတော၊ ဤကမ္ဘာမှ။ စတုန ဝုတေကပ္ပေ၊ ကိုးဆယ့်လေးကမ္ဘာထက်ဌ်။ သံကမ္မံ၊ အကြင် ကောင်းမှုကို။ တဒါ၊ ထိုအခါ၌။ အကရိ၊ ပြုခဲ့ဘူးပြီ။ ဟေနကမ္မေန၊ ထိုသို့ မြက်သစ်ပင်တို့ကို သုမ်သင်ပြုစုခဲ့ဘူးသော ကောင်းမှုအားဖြင့်။ ဒုဂ္ဂတိ၊ အပါယ်ဒုက္ခပါးကို။ နာဘိဇာနာမိ၊ မသိစဘူး။ ဣဒံ၊ ဤသို့ဖြစ်ခြင်းသည်ကား။ ပဋ္ဌိသခ်ါရဿ၊ ပြုပြင်သုမ်သင်ရသည့်၏။ ဖလံ၊ အကျိုးတည်း။ ဣတော၊ ဤကမ္ဘာမှ။ ဝီသတိကပ္ပမှိ၊ ကမ္ဘာနှစ်ဆယ်ထက်ဌ်။ သခ်ါရပဝရာ၊ ပဋ္ဌိသခ်ါ၌ အမည်ရှိသော။ သတ္တရတနသမ္ပန္နော၊ ရတနာခုနစ်ပါးနှင့် ပြည့်စုံသော။ စက္ကဝတ္တီ နော၊ စက္ကဝဠာတေးမင်းအဖြစ်တို့သည်။ ဘဝိတ္ထ၊ တဆယ်သုံးကြိမ်။ အာသုံ၊ ဖြစ်ကုန်ပြီ။ ဣဒံ၊ ဤသို့ဖြစ်ခြင်းသည်ကား။ ပဋ္ဌိသခ်ါရဿ၊ သုမသင် ရှင်းလင်းရသည်၏။ ဖလံ၊ အကျိုးတည်း။

စေတီဘုရားပျက်ကို ပြုပြင်ရသော အကျိုးပြီး၏။

စေတီတော်ကို သုဝိသင်ရသည့် အကျိုးကိုပြသော သောဓနမထေရ်ဝတ္ထု

ဤကမ္ဘာမှ ပြန်၍ ရေသည်ရှိသော် ကမ္ဘာ တသိန်းထက်ဌ် ပဒုမုတ္တရ ဘုရားပွင့်တော်မူ၏။ ထိုမြတ်စွာဘုရားသည် သက်တော် တသိန်း ဝန်းတော်မူ၏။ ပရိနိဗ္ဗာန်ပြုတော်သော် ဓာတ်တော်တို့ကိုယူ၍ လူ, နတ်, ဗြဟ္မာ, ဂဠုန်, အသူရာ, ဂန္ဓဗ္ဗနတ်တို့သည် ရွှေ, ငွေ ပတ္တမြား အစရှိသည် တို့ဖြင့် ပြုပြင်ခုနစ်ယူဇနာရှိသော စေတီတော်ကိုပြု၍ ကိုးကွယ်ပူဇော်ကြကုန်၏။ ထိုစေတီတော်သည် ကြာမြင့်ရှည်လျားသောအားဖြင့် ပျက်စီး ယိုယွင်းလျက် ချုံ

ပိတ်ပေါင်း ဖုံးလွှမ်းရှိနေသော စေတီတော်ကို သဒ္ဓါသမ္ပတ္တိနှင့် ပြည့်စုံဘာဝ ဒါယကာတယောက်မြင်လေရှိ သြော် အတိုင်းမသိသောကျေးဇူးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား ဓာတ်တော်ကို ဌာပနာသော စေတီတော်မြတ် ပါတကားဟု ကြည်ညိုသောစိတ်ဖြင့် ချုံပိတ်ပေါင်းတို့ကို ခုတ်ထွင်သုတ်သင်၍ စေတီတော်ယင်ပြင်ဌာ ရောက်သော မြက်တို့ကို နုတ်ပစ်၍ ပျက်စီးယိုယွင်းသည်ကိုပြုပြင်၏။ ကျန်သော မြက်တို့ကို မိမိချည်း မတတ်နိုင်လျှင် အမျှားသောလူတို့နှင့် ညီညွတ်အောင် နှိုးဆော်တိုင်ပင်၍ သုတ်သင်ကြကုန်၏။ ထိုသူတို့သည် ထိုသို့သောကုသိုလ်၏ အကျိုးဘားဖြင့် ပစ္စုပ္ပန်ဌာပင် အနာရောဂါ ကင်းရှင်းလျက် အသက်ရှည်စွာနေရ၍ သေလွန်ခဲ့သော နတ်ပြည်ဌာ ဖြစ်လေ၏။ ထိုနတ်ပြည်ဌာ အစောကဲယူဇနာခြောက်ဆယ်, အချင်းယူဇနာသုံးဆယ်, အထွဋ်သုံးရာရှိသောဗိမာန်ပေါ်ကိုရောက်၏။ နတ်သမီးတမထောင်ခြံရံလျက်စံစားရလေ၏။ သင်ကြားမင်းအဖြစ် အကြီးမ်သုံးရာ၊ စကြဝဠာတမ်းမင်းအဖြစ် နှစ်ဆယ် ငါးကြိမ်: ပဒေသရာဇ်မင်း, ဂေရာဇ်မင်းတို့၏ အဖြစ်သည်ကား မရေတွက်နိုင်အောင်ဖြစ်၍ ကမ္ဘာတသိန်းတိုင်အောင် အပါယ်မလားဘဲ နတ်ပြည်ဌာသာ ကျင်လည်ရှိ၍ အဆုံးစွန်သော ကိုယ်၏အဖြစ်ဌာ ငါတို့မြတ် စွာဘုရား ရှေလက်တော်တွင် လူပြည်ဌာ ဖြစ်လာ၍ အရှယ်သို့ရောက်လျှင် ရဟန်းပြုလေသော် မျှားပကြာမီ ရဟန္တာဖြစ်၏။ ရှေးက မိမိပြုခဲ့ဘူးသော ကောင်းမှု၏ အကျိုးကိုအောက်မေ့၍ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်သဖြင့် ပရိသတ်တို့အား ဟောပေလို၍ ဤသို့သော ဂါထာ တို့ကို ရွတ်၏။

ပဒုမ္မုတ္တရသ ဘဂဝတော၊ လောကဇေ္ဌဿ တာဒိနော။
ဝနေ စေတိယံ အာသိ၊ ဝါဠမိဂသမာ ကုလေ။ ။

နကောစိ ဝိသတိ ဂန္တ္ဝါ၊ စေတိယံ အာဘိဝန္ဒိတုံ။
တိဏကဋ္ဌလတောနဒ္ဓံ၊ ပလုဂ္ဂံ အာသိ စေတိယံ။ ။

ဝနကမ္မိကော တဒါ၊ အာသိ ပိတုပေတာမယာနာ့ဟံ။
အဒ္ဒဿ ဝနေ ထူပံ၊ ပလုဂ္ဂံ တိဏလတာကုလံ။ ။

ဒိသ္မာနာ့ဟံ ဗုဒ္ဓထူပံ၊ ဂရုစိတ္တံ ဥပဋ္ဌယိ။
ဗုဒ္ဓသေဋ္ဌဿ ထူပေ ယံ၊ ပလုဂ္ဂေါ အစ္ဆတိ ဝနေ။ ။

နစ္ဆန်ဲ နပဋိရူပံ၊ ဇာနန္ဒံသ ဂုဏာဂုဏံ။
ဗုဒ္ဓထူပံ သောဘေတ္ဘာ၊ အညတမ်ဲ ပမေယ ဇေယေ။ ။
တိဏကဋ္ဌ ဝလ္လိုးစ၊ သောဓယိတ္ဘာန စေတိယေ။
ဝန္ဒိတ္ဘာ အဋ္ဌဋ္ဌာနာနိ၊ ပဒိဏ္ဍတော အာဂဋ္ဌတိ။ ။
တေနုကာဒမ္မုနာ သုကဒုတန၊ စေတနာပဏိဓိဟိစ။
ဇဟိတ္ဘာ ဟာနုသဒ္ဒေဟံ၊ ကာဝတိံ သ အာဂဋ္ဌိ.ဟံ။ ။
ဝေထေ၀ သုကဓံ ဗျမ္ဘ၊ သောဝဏ္ဏမယံ ပဘာဿရံ။
သဒ္ဒိယောဇနမုဒ္ဓံ၊ တိ သယောဇနဝိတ္ထတံ။ ။
တိသာတာနိစတုရာနိ၊ ဒေဝရဇ္ဇ.မကာရယိ။
ပဒ္ဓဝိသတိကဘ္ဘုတ်ုစ၊ စဏ္ဍ၀ဏ္ဏိ အဟောသ.ဟံ။ ။
ဘ၀ါဘ၀ေ ဝသံသရန္ဘောဃ မဟာဘောဂံ လဘာမ.ဟံ။
ဟောဂေါ ဒမ ဥနုကာ နတ္ထိ၊ သောဓနာယ ဣဒံ ဖလံ။ ။
သိ၀ိကာယ ဟတ္ထိခန္ဓေန၊ ဂနေ ဂစ္ဆဟော ဝမ။
ယယ ဒိသာ.ဟ ဂစ္ဆာမ၊ သရဏာ သမ္ဘဋ္ဌတော။ ။
ခါဏုကံ ကဏ္ဏကံ ဝါပိ၊ နာ.ဟံ ပဿာမိ စက္ခုနာ။
ပုညကဒမ္မုနာ သံယုဒ္ဓ၊ သယ ဒမ ၀ အပနိယရေ။ ။
ကုဋ္ဌံ ဂဏ္ဍော ကိဂ္ဂ ဒသောစ၊ အပ္ပမာရော ဝိဂဋ္ဌိတော။
ဒဒ္ဒုကဏ္ဍုစ မေ နတ္ထိ၊ ဒသောဓနာယ ဣဒံ ဖလံ။ ။
အညမ်ဲ မေ အစ္ဆရိယံ၊ ဗုဒ္ဓထူပယ သောဓနေ။
အဇ္ဇတဘာ၀မ်ဲ မေ ကာ၊ ဇယ ဇာတံ ပိဋ္ဌကဗိန္ဒုကံ။ ။
အညမ်ဲ မေ အစ္ဆရိယံ၊ ဗုဒ္ဓတူ.ပမ်ဲ သောဓေတိ။
ဒုဓ၀ဘ၀ေ သံသရာမ်ိ၊ ဓ၀ဂ္ဂေ အထ မာနုဓယ။ ။
အနုဘော.မ်ဲ အစ္ဆရိယံ၊ ဗုဒ္ဓထူ.ပမ်ဲ ဓသောဓိတေ။
သုဝဏ္ဏ ဂဏ္ဍော သဗ္ဘာ၊ သပဘာ၀ဓသ ဘ၀ါမ.ဟံ။ ။
အညမ်ဲ မေ အစ္ဆရိယံ၊ ဗုဒ္ဓထူ.ပမ်ဲ သောဓိတေ။
အမနာ.ပံ ဝိ၀ဇ္ဇတိ၊ မနာ.ပံ ဥပတိဋ္ဌတိ။ ။
အညမ်ဲ မေ အစ္ဆရိယံ၊ ဗုဒ္ဓထူ.ပမ်ဲ သောဓိတေ။
ဝိသုဒ္ဓိဟောတိမေ အတ္ထာ၊ စိတ္တံ ကေဋ္ဌံ သုသမာဟိတံ။ ။

အညမ္ပိ မေ အစ္ဆရိယံ၊ ဗုဒ္ဓဏ္ဍပမ္ပိ သောဓိတေ။
ဧကာသနေ နိသိဒိတ္ဝာ၊ အရဟတ္တံ ပါပုဏာမိ။ ။

သတသဟဿေ ဣတေ ကပ္ပေ၊ ယံကမ္မံ မကရိတတော။
ဒုဂ္ဂတိ နာဘိဇာနာမိ၊ သောဓနာယ ဣဒံ ဖလံ။ ။

ထိုအခါ မြတ်စွာဘုရားသည် ဃရာဝါသ၌ အပြစ်တို့ကိုပြလျက် ရဟန်းပြုခြင်း၌ အကျိုးကို ဟောတော်မူ၏။ ထို သူဌေးသားကား ဘုရား တရား ဟောတော်မူသည်ကို ကြားနာရလျှင် ရဟန်းပြုချင်သော စိတ်သည် ဖြစ်၍ ပရိသတ်တို့ထလျှင် မြတ်စွာဘုရားသို့ကပ်လေ၍ ရဟန်းအဖြစ်ကို တောင်းပန်၏။ မြတ်စွာဘုရားသည် ရှင်သာရိပုတ္တရာကိုခေါ်၍ သူဌေးသားကို ရဟန်းပြုဘိလော့ဟု မိန့်တော်မူ၏။ အရှင်သာရိပုတ္တရာလည်း ရဟန်း ပြုပေ၏။ များမကြာမီ ရဟန္တာဖြစ်၍ ကြီးသောပညာ, များသော လာဘ်သပ္ပကာ, များသော ပူဇော်သက္ကာရှိ၏။ရဃန်းသံဃာတို့သည် အရှင်ကား ဤသို့သော လာဘ်သပ္ပကာကို ရသည်ကား ရှေးဘဝက အဘယ်အကောင်းမှုကို ပြုခဲ့ဘူးသနည်းဟု မေးလျှောက်ကုန်၏။ သူဌေးသား ရဟန်းကား မိမိ၏ ပုဗ္ဗကမ္မကို ကြားပေလို၍ ဤဆို ဂါထာကို ရွတ်ပေ၏။

နဂရေ ဟံသာဝတိယာ၊ ဒလိဒ္ဒေါ ပုရေ အာသိံ။
ပါတော ဘုတ္တာယ ဂန္ဓာန၊ ဂင်္ဂါနဒီယာတီရေ။ ။

သရ္ဝပ် ဝါလုကံ ဒိသ္ဝာ၊ သခ်ါရိတ္ဝာ ကတာ အဟံ။
ဝါလုကံ မဒ္ဒယိတ္ဝာန၊ ကဒ္ဒမေန ဂူဟံ ကရေ။ ။

စတုဒ္ဒါရံ မနောရမ်ံ၊ ဗုဒ္ဓရူပဉ္စ ကာရယေ။
ကာရယိတ္ဝာန ပူဇေမိ၊ ဝနပုပ္ဖေဟိ ဖလေဟိ။ ။

ပူဇယိတ္ဌာန ဝန္ဒိတ္ဌာ၊ ပတ္ထနဥ္စအကာသ,ဟံ။
ဟေန ပုညဝိပါဟကေန၊ စဝိတ္ဌာန မနုဿကာယာ။
နိဗ္ဗတ္တိဒေဝမဟောကမ္မိ၊ ကနကဝိမာနနရဝမ္မ။ ။
အသီတိသဟဿကုတ္တုံ၊ စက္ကဝတ္တိ အဟောသ,ဟံ။
ပဒေသရဇ္ဇံ ဝိပုလံ၊ ဂဏနတော အသင်္ခ်ယာ။ ။
ဒသဝဏ္ဏမယေ မဏိထမ္ဘေ၊ ကာရာပေတ္ဌာ ဝိဟာရကေ။
သဟဿကဋ္ဌာဂါရေန၊ နာနာဝိဓိတြ ,ဟိတေ။ ။
စတုရာသီတိ သဟဿာနိ၊ ကာရာပေတ္ဌာ ဝိဟာရကေ။
ပဏ္ဏသာလေ ကရောန္တသ၊ ကလံ နဋ္ဌတိ သောဋ္ဌသိ။ ။
စတုရာသီတိသဟဿာနိ၊ ကာရာပေတ္ဌာ ဝိဟာရကေ။
ဇေတဝန္ဓာဏာဒိသေ၊ ကပ္ပေ ဒတ ရတနမယေ။ ။
စတုဒ္ဒိသသ သံဃသ၊ နိယျာဒေယျ ဝိဟာရကေ။
ကေဋုဟံ ကရောန္တသ၊ ကလံ နဋ္ဌတိ သောဋ္ဌသိ။ ။
စတုရာသီတိသဟဿာနိ၊ ကာရိတေ ဗုဒ္ဓရူပကေ။
ကေဋုဟံ ကရောန္တသ၊ ကလံ နဋ္ဌတိ သောဋ္ဌသိ။ ။
ယာဝတာသဗ္ဗကမ္မေန၊ ကရောန္တန ဋုဟမ္မိ,ကေ။
ကေဋုဟံ ကရောန္တသ၊ ပါပုဏာတိ အရဟတ္တံ။ ။
ကိလေသာ စျာပိတာ မယ္ဟံ၊ ဘဝါသဗ္ဗေ သမ္ဗဟတာ။
နာဂေါ,ဝ ဗန္ဓနံ ဆေတ္ဌာ၊ ဝိဟရာမိ အနာသဝေါ။ ။
သ,ဘဝကံ မေ အာဘတာသိ၊ ဗုဒ္ဓသေ,ဋ္ဌသ သန္တိကေ။
တိသောဝိဇ္ဇာ အနုပ္ပတ္တော၊ ကတံ ဗုဒ္ဓဿ သာသနံ။ ။
ပဋိသမ္ဘိဒါ စတသော၊ ဝိမောက္ခါပိစ အဋ္ဌမေ။
ဆဋ္ဌာဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနန္တိ။ ။

ဘန္တေ၊ အရှင်ဘုရားတို့။ အဟံ၊ တပည့်တော်သည်ဟုး။ ဟံသ၁တီယာ၊ ဟံသ၁တီအမည်ရှိသော။ ပုရေ၊ မြို့၌။ ဒလိဒ္ဒါ၊ သူဆင်းရဲသည်။ အာသိံ၊ ဖြစ်ခဲ့ဘူးပြီ။ ပါ!တာ၊ နံနက်အခါ၌။ ဘုဇ္ဇာယ၊ ထမင်းစားပြီးသော်။ ဂန္ဓာန၊ သွေးလေ၍။ ဂင်္ဂါနဒီယာ၊ ဂင်္ဂါမြစ်၏။ တီရေ၊ ကမ်းနား

ဦ။ သရူပ်ဖြူစင်စွာသော။ ဝါလုကံ၊ သဲကို။ ဒီသွား၊ မြင်၍။ အဟံ၊ သည်။ သခ်ါရိတွာ၊ စုရုံး၍။ ကတာ၊ ပြုလေပြီ။ ဝါလုကံ၊ သဲကို။ ကဒ္ဒဒေန၊ ညွှန်နှင့်။ မဒ္ဒယိတွာန၊ နယ်၍။ စတုဒ္ဒါရံ၊ လေးတံခါးရှိသော။ မဟာရမ္မံ၊ နန္ဒလုံး ၄မ္ဘ ၊ လျှော်ဘွယ်ရှိသော။ ဂူဟံ၊ လိုဏ်ကို၊ ကခရ၊ ပြု၏။ ဗုဒ္ဓရူပဘွား ဘုရားဆင်းတုကိုလည်း။ ကာရယေ၊ ပြု၏။ ကာရယိတွာန၊ ပြုပြီး၍။ ဝနပုဒပေ့ဟိစ၊ တောပန်းတို့ဖြင့်ရင်း။ ဝနဖလေဟိစ၊ တောသစ်သီးတို့ဖြင့်ရင်း။ ပူဇေမိ၊ ပူဇော်၏။ ပူဇယိတွာန၊ ပူဇော်ပြီး၍ ဝန္ဒိတွာ၊ ရှိခိုးပြီး၍ ပတ္ထဲ နဏ္ဍ၊ ဆုတောင်းခြင်းကိုလည်း။ အဟံ၊ သည်။ အကာသိံ၊ ပြု၏။

တေနပုညဝိပါကေန၊ ထိုသို့သောဂေါင်းမူအားဖြင့်။ မနုဿကာယာ၊ လူပြည်မှ။ စဝိတွာ၊ စုတေခဲ့၍။ ဒေဝဂေလောကမှီ၊ နတ်ပြည်၌၊ ရတမ္ဘ၊ မွေ့ လျော်ဘွယ်ရှိသော။ ကနကဝိမာနေ၊ ရွှေဗိမာန်၌။ နိဗ္ဗတ္တိ၊ ဖြစ်လေပြီ။ စကဝတ္တိ၊ စက္ကြဝဠာတမင်း အဖြစ်သည်။ အသီတိသတ္တက္ခတ္တုံ၊ ခုနှစ်ရှစ်ကြိမ်။ အဟံ၊ သည်။ အဟောသိံ၊ ပြီ။ ဝိပုလံ၊ ဒေသ။ ပဝေဿရဇ္ဇံ၊ ကို။ ဂဏနတော၊ ဖြင့်။ အာသခ်ံ၊ ယော၊ မဟရတ္ဘက်နှင်သည်၊ အဟောသိ၊ ဖြစ်ပြီ။ သော ဝဏ္ဏ မယော၊ ဒ္ဌရှိဖြင့်ပြီးကုန်သော။ ပဓာနိ ဘဒမ္ဘ၊ ပဓာန်ခြုံးသည်တိုင်ရှိကုန်သော။ ဝိဟာရကေ၊ ကျောင်းတို့ကို။ ကာရာပေတွာ၊ ပြုဦး၍၊ သဟာသ ကုဋ္ဌ ၊ ရေန၊ တဆောင်သော အကွက်ဖြင့်။ နာနာဝိဓိ တမဏ္ဍိတေ၊ အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်စွာ တန်ဆာဆင်ကုန်သော။ စတုဏ္ဏသီတိ သဟဿာနိ၊ ရှစ်သောင်း လေးကောင်ကုန်သော။ ဝိဟာရကေ၊ ကျောင်းတို့ကို။ ကာရာပေတွာ၊ ၍။ ပဏ္ဍာသာ ၊ လ၊ သစ်ရွက်, သစ်ခက် မိုးသော သခ်မ်းကျောင်းတို့ကို။ ကရောန္တဿ၊ ပြုသောသူအား။ ဖလံ၊ အကျိုးကို။ သောဠသိံ၊ တဆယ်, ခြောက်စိပ်စိပ်၍။ ကလံ၊ တစိပ်မျှ။ နဂ္ဃတိ၊ မတူနိုင်ရာ။

ဧကဘဝနဿ ဘဝ ၊ ဧကတဝန်ကျောင်းတော်နှင့် တူကုန်သော။ ရတနမယေ၊ ရတနာဖြင့် ပြီးကုန်သော။ စတုရာသီတိ သဟဿာနိ၊ ရှစ်သောင်း လေးဆောင်ကုန်သော။ ဝိဟာရကေ၊ ကျောင်းတို့ကို။ ကတ္ဝေ၊ ကမ္ဘ ၊ ပတ်လုံး။ ယေ၊ ဘကြင်သူတို့သည်။ ကာရာပေတွာ၊ ပြုဦး၍။ တေ၊ ထိုသူတို့သည်။ စတုဒီသဿ အရပ်လေးမျက်နှာ ,လ ၊ သော။ သံဃဿ၊ အား။ ဝိဟာရကေ၊ ကျောင်းတို့ကို။ နိယျာတေယ္ယ၊ ဆောင်နှင်းအံ့။ ဧကဂူဟံ၊ တခုသော လိုဏ်ဂူကို။ ကာရေန္တဿ၊ ပြုသောသူအား။ သေဋ္ဌသိံ၊ တဆယ်, ခြောက်စိပ် စိပ်

၍။ ကလံ၊ တစိပ်ကိုမျ၊။နဂ္ဃတိ၊မထိုက်။ စတုရာသီတိ၊လဟာဆာနီ၊ ရှစ်သောင်း လေးထောင်ကုန်သော။ ဗုဒ္ဓရူပကေ ဘုရားဆင်းတုတို့ကို။ ကာရိတေ၊ပြုအံ့။ ကေဂူဟံ၊ တခုသော လိုဏ်ဂူကို။ ကရောန္တသ၊ ပြုသောသူအား။ သောဌသိ၊ တဆယ့်ခြောက်စိပ် စိပ်၍။ ကလံ၊ တစိပ်ကိုမျ။ နအဂ္ဃတိ၊ မထိုက်။ ယာဝ တာ၊ အကြင်မျှလောက်။ သဗ္ဗကမ္မေန၊ ခပ်သိမ်းသော ကောင်းမှုဖြင့်။ဂူဟ ဓမ္မိကေ၊ ဥမင်လိုဏ်ခေါင်း တို့ကို။ ကရောန္တေန၊ ပြုသဖြင့်။ ကေဂူဟံ၊တခု သော လိုဏ်ခေါင်းကို။ ကရောန္တသ၊ ပြုသောသူအား။ အရဟတ္တံ၊ ရဟန္တာ အဖြစ်သို့။ ပါပုဏန္တိ၊ ရောက်ကုန်၏။ မယ္ဟံ၊ ငါ၏။ ကိလေသာ၊ကိလေသာ တို့ကို။ စျာပိတာ၊ ပယ်ရကုန်ပြီ။ သဗ္ဗေဘဝါ၊ ခပ်သိမ်းသော ဘဝတို့ကို။ သမူဟတာ၊ ကောင်းစွာပယ်အပ်ကုန်ပြီ။ နာဂေါ ဣဒေ၊ ဆင်ပြောင်ကဲ့သို့။ ဗန္ဓနံ၊ နှောင်ဖွဲ့ခြင်းကို။ ဆေတ္တာ၊ ဖြတ်၍။ အနာသဝေါ၊ အာသဝေါကင်း သည်ဖြစ်၍။ ဝိဟရာမိ၊ နေရ၏။ မေ၊ ငါ၏။ အာဂတာ၊ လားခြင်းကား။ သ္ဘာဂတံ၊ ကောင်းသော လာခြင်းသည်။ အသိ၊ ဖြစ်၏။ ဗုဒ္ဓသေဋ္ဌဿ၊ မြတ်စွာဘုရား၏။ သန္တိကေ၊ အထံ၌၊ တိသောဝိဇ္ဇာ၊ သုံးပါးသောဝိဇ္ဇာတို့ သည်။ အနုပ္ပတ္တာ၊ အစဉ်ရောက်၏။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သာသနံ၊ အဆုံးအမတော်ကို။ ကတံ၊ လိုက်နာရပြီ။ (နောက်ဂါထာအနက်ပေးမြဲ)။

ဤတဏှာက်ရာဘုရား ရှေလက်ထက်တော်ဝယ်၊ သူ့ဆင်းရဲ တယောက်သည် သဲနှင့်ညွှန်ကိုနယ်၍ လိုဏ်ဝ လေးမျက်နှာရှိသော ဘုရားဆင်းတုနှင့် တကွ သော ဘုရားဓမ္မာင်းဓာတ်ကို ပြုခဲ့ဘူး၏။ မျှားစွာသော ကမ္ဘာပတ်လုံး အပါယ်မလားဘဲလျှင်ဖြစ်၍၊ ငါတို့ မြတ်စွာဘုရား ရှေလက်ထက်တော်တွင် ကောသမ္ဗီပြည်၌ ဃောသက သူဌေးသားဖြစ်လာ၍ နောက်ဆုံး၌ အကျွတ် တရားကို ရသွားသော၁ဝတ္ထုနှင့်တကွ ဂါထာတို့ပေတည်း။

သဲလိုဏ်ဂူနှင့်တကွ ဘုရားရုပ်ပွားတော် ဖြိုစုရသော အကျိုးပြီး၏။

စာပေပိဋကတ်ကို ရေးသားပြု စုလှူဒါန်းရသော အကျိုးကိုပြပေအံ့

သဗ္ဗညူ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူဆဲ အခါ။ အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားသို့ ကပ်လေ၍၊ အရှင်ဘုရား အကြင်ဒါယကာသည် သာသနာတော်၏ မူလ ဖြစ်သော ပိဋကတ်စာပေတို့

ကိုမိမိကိုယ်တိုင်သော်လည်း ရေး၏။ သူတပါးကိုသော်လည်း ရေးစေ၏။ ထိုသို့ရေးရသော အကျိုးသည် အဘယ်သို့ ရရှိသနည်ဟု မေးလျှောက်၏၊ မြတ်စွာဘုရားလည်း ဤသို့မိန့်တော်မူ၏။ သာရိပုတ္တရာ အကြင် သူသည် ပိဋကတ်တော်ကို မိမိကိုယ်တိုင်သော်လည်းရေး၏။ သူတပါးကိုသော်လည်း ရေးစေ၏။ ထိုသို့ရေး၍ လူရဘော ဒါယကာတို့သည် သိကြားမင်းအဖြစ်သည်လည်း အကြိမ်များစွာဖြစ်ရာ၏။ စကြဝတေးမင်း၏ အဖြစ်သည်လည်း အကြိမ်များစွာ ဖြစ်ရာ၏။ ဗြဟ္မာမင်း၏ အဖြစ်သည်လည်း အကြိမ်များစွာ ဖြစ်ရာ၏၊ ယုတ်သောအားဖြင့်ကား တလုံးသော အကွာရာကို ရေးရသော အကျိုးသည် အတိုင်းမသိရာ။ ကမ္ဘာရှစ်သောင်း လေးထောင် တိုင်အောင် ကြီးမြတ်သော ချမ်းသာကို အာဥာခံစားရ၍ ကမ္ဘာ ရှစ်သောင်း လေးထောင်တိုင်အောင် စကြဝတေးမင်း ဖြစ်ရာ၏။ ကိုးသန်းတိုင်အောင် ပဒေသရာဇ်မင်း ဖြစ်ရာ၏။ ပုဏ္ဏား ပညာရှိ အဖြစ်သည်လည်း ကိုးသန်း တိုင်အောင် ဖြစ်ရာ၏။ သူဌေးကြီး အဖြစ်သည်လည်း ကိုးသန်း တိုင်အောင် ဖြစ်ရာ၏။ သူကြွယ် အဖြစ်သည်လည်း ကိုးသန်း တိုင်အောင် ဖြစ်ရာ၏။ အာဂ၊သစိုး အဖြစ်သည်လည်း ကိုးသန်းတိုင်အောင် ဖြစ်ရာ၏။ စတုမဟာရာဇ်နတ် အဖြစ်သည်လည်း ကိုးသန်း၊တာဝတိံသာနတ် အဖြစ်သည်လည်း ကိုးသန်း၊ ယာမာနတ်၊ တုသိတာနတ်၊ နိမ္မာနရတီနတ်၊ ပရနိမ္မိတ ဝသဝတ္တီနတ်၊ ထိုနတ်တို့၏ အဖြစ်သည်လည်း ကိုးသန်းတိုင်အောင် ဖြစ်ရာ၏။ ဤသို့လျှင် ကြီးစွာသော စည်းစိမ်ချမ်းသာကို ခံစားဦး၍ နတ်ပြည်မှစုတေ ခဲ့သော်၊ လူပြည်၌ဖြစ်သောအခါလည်း ပဋ္ဌသိလ သီတင်းနှင့် ပြည့်စုံရာ၏။ အလွန်မြတ်သော ကုသိုလ်ကောင်းမှုကိုပြု၍ ဘုရားလောင်း ဖြစ်ရာ၏ဟု အကျဉ်းအားဖြင့် ဟောတော်မူ၏။ ဤသို့အကျဉ်းကို ဟောတော်မူပြီး၍ အကျယ်ကိုဟောပြန်လိုသောကြောင့်၊

အဒ္ဓေ မဟဒ္ဓနေ ဇာယတေ၊ ကုလေ ဥတ္တမေ ဒလိဒ္ဓေပိ။
သိန္ဒကုလေ နဇာယတေ၊ ဟီနနန သဟ သံဝေါသော။ ။
နစဟောဟိ ကုဒါစနံ၊ ဥတ္တမေန သံဝါသော။
ပိဋကတ္ထယကာရကော၊ ပဋ္ဌကလျာဏ သမ္ဘဒ္ဓေ။ ။
နဘဝေ ဟီနသမ္ဘဝေါ၊ သဏ္ဌာ ဝါစော ဖရုသာ ဝါစော။
သမ္ဘိန္နလကွာဏသမ္ဘဒ္ဓေ၊ သဗ္ဗကာမသမိဒ္ဓိကော။ ။

ဒုဂ္ဂတိ နာဘိဇာနေယျ၊ ပိဋ္ဌကတ္တယကာရကာ။
ဒ္ဝေကုလေဥပပဇ္ဇရေ၊ ခတ္တိယပြဟ္မဏေ။ ။
ဗဟုဂ္ဂတ္တုံ ဧကဝတ္ထုံ၊ ရာဇာစ ဧတုဒီပေ ။
ပဒေသရဇ္ဇံ ဝိပုလံ၊ ဂဏနတော အသင်္ခယာ။ ။
ဆကာမာဝစရာ၊ ဒေဝရာဇာနော ဗဟုဂ္ဂတ္တုံ။
ဒါနာဒီနိစ ပုညာနိ၊ ကရောန္တာ ဗောဓိမုတ္တိရော။ ။
ဟောတိ သဗ္ဗဂ်သမ္ပတ္တေ၊ တိဒေလာကပူဇိတော ဝရော။
အဂ္ဂရာကေမကဠ္ဠ၊ ဗုဒ္ဓရူပံ သမံသိယာ။ ။
တသ္မာဟိ ကျော်ဝေါ ပေါ်သော၊ သမ္ပတ္တိ အတ္ထမတ္တနော။
လိကေ္ခယ္ယ ပိဋ္ဌကတ္တယံ။ ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ ယေကေစိ ပနဿာ၊ အကြင် လူတို့သည်။ သာသနာမူလ၊ သာသနာတော်၏ အမြစ်ဖြစ်သော။ ပိဋကတ္တယံ၊ ပိဋကတ် သုံးပုံကို။ လိကွန်ခြေ၊ ရေးသားကုန်ရာ၏။ ဝေဠေနုဿာ၊ ထိုလူတို့သည်။ အဇ္ဇ၊ ကြွယ်ဝသော။ မဟာဒ္ဓနေ၊ ဥစ္စာများသော။ ဥတ္တမ၊ မြတ်သော။ ကုလေ၊ အမျိုး၌။ ဇာယတေ၊ ဖြစ်ကုန်ရာ၏။ ဒလိဒ္ဒေ ပိ၊ သူဆင်းရဲအမျိုး၌။ နဇာယတေ၊ ပဖြစ်ကုန်။ ဟီနကုလေ၊ ယုတ်သောအမျိုး၌။ နဇာယတေ၊ မဖြစ်ကုန်ရာ။ ဟီနေန၊ ယုတ်သောလူနှင့်။ သဟ၊ တကွ။ သံဝါသော ပေါ်ခဲ့ သော ဘော်ခြင်းသည်။ ကုဒါစနံ၊ တရံတဆစ်မျှ။ နစဟောတိ၊ ဖြစ်လည်း ဖြစ်ရာ။ ဥတ္တမေ မနေ၊ မြတ်သောသူနှင့် သာလျှင်။ သံဝါသော၊ ပေါ်ခဲ့ သော ဘော်ခြင်းသည်။ ဟောတိ ဖြစ်၏။ ပိဋကတ္တယကာရကာ၊ ပိဋကတ်ကို ပြုစုသော ဒါယကာသည်။ ပဋ္ဌကလျှာ သဗ္ဗနေ၊ ကောင်းခြင်း ဝါးပါးနှင့် ပြည့်စုံ သည်။ ဘဝေ၊ ၏။ ဟီနသမ္ဘဝေ ။ ယုတ်သောကိုယ်၏ အဖြစ်ဖြင့်။ နဘဝေ၊ မဖြစ်ရာ။ သကျပ ။ စ ၊ ပြေပြစ်သမ်မှု့ သော စကားသည်လည်း။ ဘဝေယျ၊ ၏။ ဖရုသ ဝါစော၊ ကြမ်းကြုတ်သော စကား ရှိသည်။ နဘဝေ၊ ဖြစ်ရာ။ ပိဋကတ္တယကာရကော၊ ပိဋကတ်ကို ပြုစုလျှက်ဒါန်းသော ဒါယကာ သည်။ သဗ္ဗလက္ခဏသမ္ပန္နော၊ ခပ်သိမ်းသော လက္ခဏာနှင့် ပြည့်စုံသည်။ သဗ္ဗကာမသမိဒ္ဓိကော၊ ခပ်သိမ်းသောကာမဂုဏ်နှင့် ပြည့်စုံသည်။ ဘဝေ၊ ၏။ ပိဋကတ္တယကာရကော၊ ပိဋကတ်ကို ပြုစုလျှက်ဒါန်းရသော ဒါယကာသည်။

ဒုဋ္ဌတိ၊ အပါယ်လေးပါးကို။ နာဘိဇာဝနယျ၊ မသိရာ။ ပိဋကတ္တယဒါယ ကော၊ ပိဋကတ်ကို လှူဒါန်းပြုစုလှူဒါန်းရခြင်း ဒါယကာသည်။ ခတ္တိယ ကုလေစ၊ မင်းအမျိုးဌာဝင်း။ ပြဟ္မဏကုဋုမ्बေစ၊ ပုဏ္ဏားအမျိုးဌာဝင်း။ ဒွေ ကုလေ၊ နှစ်ပါးအမျိုးဌာ။ ဥပပဇ္ဇရေ၊ ဖြစ်ရာ၏။ စတုဒီပေ၊ လေး ကျွန်းလုံးကို အစိုးရသော။ စက္ကဝတ္တိရာဇာ၊သည်။ ဗဟုကဘုတ်ရှိ၊ အကြိမ်များ စွာ။ ဘဝေ၊ ဖြစ်ရာ၏။ ဝိပုလံ၊ သော။ ပဒေသရဇ္ဇံ၊ ပဒေသရာဇ်, ကေရာဇ် မင်းအဖြစ်သည်။ ဂဏနတော၊ အားဖြင့်။ အသင်္ခ်ယော၊ မရေတွက်နိုင် သည်။ ဘဝေ၊ ဖြစ်၏။ ဆကာမဝစရာ၊ နတ်ပြည်ခြောက်ထပ်ကို အစိုးရ သော။ ဒေဝရာဇာနော၊ နတ်မင်းကြီး၏အဖြစ်သည်။ ဗဟုကဘုတ္တုံ၊ အကြိမ် များစွာ။ ဘဝေ၊ ဖြစ်၏။ ဒါနဝဒီနီ၊ အလှူအစရှိကုန်သော။ ပုညာနိ၊ ကောင်းမှုတို့ကို။ ကရောဒန္တော၊ ပြုသောသူသည်။ သဗ္ဗဂံသမ္ပတ္တေ၊ ခပ်သိမ်း သော အင်္ဂါနှင့် ပြည့်စုံသော။ တိဒေလောကူဇီတော၊ သုံးပါးသောလူတို့သည် ပူဇော်အပ်သော။ ဝရော၊ မြတ်သော။ ဗောဓိအင်္ဂုရော၊ ဘုရားလော်ငင်း သည်။ ဟောတိ၊ ဖြစ်၏။ တသ္မာဟိ တသ္မာဝေ၊ ထို့ကြောင့် သာလျှင်။ ပဏ္ဍိတော၊ ပညာရှိသော။ အတ္တနော၊ မိမိ၏။ အတ္ထံ၊ အကျိုးစီးပွားကို။ သမ္မသဏ်-သမ္မသဏခန္တော၊ ကောင်းစွာမြင်သော။ ပေါသော။ ယောကျားသည်။ ပိဋကတ္တယံ၊ ပိဋကတ်စာပေကို။ လိကေ္ခယျ၊ လက္ခဏ်ကြေး ပေးချပြုစုရာ၏။ အက္ခရကေမေကဒ္ဓ၊ တလုံးတလုံးသောအက္ခရာကို ရေးချလှုပ်သောအကျိုး သည်လည်း။ ဗုဒ္ဓရူပံ၊ ဘုရားဆင်းတုတဆူကို ကိုးကွယ်ရသော အကျိုးနှင့်။ သမံ၊ တူသည်။ သိယာ၊ ဖြစ်ရာ၏။ ဤသို့လျှင် ပိဋကတ်ပြုစုရသော အကျိုး ကို မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာအား ဟောတော်မူဦး၍ ရှေး အတိတ်ကို ဆောင်တော်မူပြန်၏။

ချစ်သား သာရိပုတ္တရာ၊ ငါဘုရားသည် လွန်လေပြီးသော ပေါရာဏ ဂဂါတမ ဘုရားလက်ထက်တော်၌ မြတ်စွာဘုရားခမည်းတော် သုဒ္ဓေါဒန မင်း၏အမတ်ဖြစ်သော အခါ၊ သာသနာတော်၏ မူလဖြစ်သော ပိဋကတ် သုံးပုံကို အနှစ်ငါးထောင် တည်စိမ့်သော်ငါ အလွန်မျှားစွာသော ပူဇော် ခြင်းဖြင့် ရေးသားပူဇော်စေ၏၊ ပေါရာဏဂဂါတမ ဘုရားရှင် သည်လည်း ငါ့အားဗျာဒိတ်စကားကို ကြားတော်မူ၏။

ဤအမက်သည် ဤသို့သောပိဋကတ်ကိုရေးသားမှု ပူဇော်ရသောအကျိုးအားကြောင့် နောင်လောကအခါ ဒီပင်္ကရာဘုရား လက်ထက်တော်၌ ဗျာဒိတ်ရလတံ့ဟု ကြားတော်မူ၏။ ထိုသပါရာဏသခင်ကား ဘုရားရှင်၏ မယ်တော်, ခမည်းတော်, အလုပ်အကျွေး, လက္ခဏာ, လက်ဝဲရံ, ဗောဓိပင်, အသက်တော်, ဘွားတော်မူသော ပြည်တို့သည်ကား ငါတို့ဘုရားရှင်နှင့် အမည်ဘူးသတည်း။ ဒီပင်္ကရာဘုရားရှင်လည်း ပေါရာဏဂေါတမ ဘုရားရှင် မိန့်တော်မူသည်အတိုင်း ငါတို့ဘုရားရှင် အခလောင်း သုဒေမခေါ ရှင်ရသေ့ကို ဗျာဒိတ်ပေးတော်မူ၏။

ငါတို့ဘုရားအလောင်း အမတ်ကြီးကား အသက်အတိုင်းနေ၍ ဈာန်လွန်ခဲ့သော် ပဋကတ်ပြုစုရသော အကျိုးအားကြောင့် တာဝတိံသာနတ်ပြည်၌ ဖြစ်မလေ၏။ နတ်၏အသက်အတိုင်းနေ၍ ထိုနတ်ပြည်မှစုတခဲ့သော် ကပ္ပိလဝတ်ပြည်၌ ဂျာတိသုမင်း၏ စန္ဒာဒေဝီမည်သော မိဖုယားဝမ်း၌ ပဋိသန္ဓေယူတော်မူ၏။ ဆယ်လစေ့ပျော်ပြီးမှ ဘွားမြင်တော်မူ၏။ ဘွားတော်မူသောခဏ၌ ရတနာမိုးရွာပေ၏။ ဗြဟ္မာမင်းလည်းရွှေထီးတော်ထောင်ဖြင့်ပူဇော်လာ၏။ သိကြားမင်းလည်း ခပ်သိမ်းသော ရတနာ ခပ်သိမ်းသော ပန်းတို့ဖြင့် ပူဇော်လာ၏။ တာဝတိံသာ နတ်မင်းလည်း အဝတ်ဟန်ဆာတို့ဖြင့် ပူဇော်လာပေ၏။ ရက္ခစိုးနတ်တို့လည်း ပန်း, သစ်သီးတို့ဖြင့် ပူဇော်လာ၏။ ဘုမ္မစိုးနတ်တို့လည်း ရွှေအိုး, ငွေအိုးတို့ဖြင့် ပူဇော်လာကုန်၏။ နဂါးတို့သည် ရတနာခုနစ်ပါးတို့ဖြင့် ပူဇော်လာ၏။ ဟိမဝန္တာတောတွင်နေသောခြင်္သေ့လည်း သားအမေါင်းရံခြံလျက် ခစားလာကုန်၏။ ဗြဟ္မာမင်းလည်း နံနက်အခါ ခစားလာကုန်၏။ သန်းခေါင် အခါ၌ကား ခြောက်ထပ်သော နတ်တို့သည် ခစားလာကုန်၏။ မိုးသောက်ယံ၌ကား ဘုမ္မစိုးနတ်တို့သည် ခစားလာကုန်၏။ ရက္ခစိုးနတ်တို့ကား နံနက်-နေ့အဘို့အခါ၌ ခစားလာကုန်၏။ နဂါးမင်းကား-နံ့သာရည်ဖြင်းပြည့်သော ရတနာအိုးတို့ဖြင့် ပူဇော်လာကုန်၏။ မြေကမ္ဘာတွင်ရှိကုမ္ပကျွန်းမှ နတ်သမီးနှင့်တူသော ကောင်းခြင်း ငါးပါးနှင့် ပြည့်စုံသော နတ်သမီးကညာ ရောက်လာကုန်၏။ တိမ်ထွဋ်ကြားမှ ခပ်သိမ်းသော တန်ဆာဆင်သော ပြင်းကောင်းရတနာ ရောက်လာပကုန်၏။ ဆဒ္ဒန်အိုင်မှ ပုလဲအဆင်နှင့်တူသော ဆင်ဖြူရတနာ ရောက်လာပေကုန်၏။ ဗြဟ္မာမင်းကား ပတ္တမြားပြားသာဒ် ခုနစ်ဆောင် ဘန်ဆင်းလာပေကုန်၏။ နဂါးမင်းကား

ရတနာ ခုနစ်ပါးဖြင့် ပြီးသော ပြာသာဒ်ခုနစ်ဆောင်ကို ဘန်ဆင်းလာပေကုန်၏။ ဇမ္ဗူကျွန်း အပြင်၌ ပဒေသရာဇ်မင်းကြီးသည် ငါးဆောင်သော ရွှေပြာသာဒ်တို့ကို ဆောက်လုပ်ကြပေကုန်၏။ ပြာသာဒ်၏ ထက်ဝန်းကျင်မှ ဆယ်ယူဇနာရှိသော အရပ်၌ ရွှေအိုးတို့သည် ပေါက်လာကုန်၏။ ထိုရွှေအိုးတို့၏ အကြား အကြားတို့၌ ရွှေ, ငွေ, အသီး, အပွင့် တို့ကို ဆောင်ကုန်သော ပဒေသာပင် (၃)၏ အကေ, အရွက်, အသီး ကိုသည် နတ်၏ စည်စောင်းညှင်း အသံကဲ့သို့ မြည်ကုန်၏။ ထိုပဒေသာပင်တို့၌ သူကိုယ်စီ အသုံးအဆောင် အဝတ်အနှီဆောတို့သည် ဆွဲလျက် ပေါက်ကုန်၏။ ပြာသာဒ်ထက်ဝန်းကျင်၌ ရတနာ ခုနစ်ပါးနှင့် ပြီးသော တံတိုင်းတို့သည် မြေက ပေါက်ပေကုန်၏။ ထိုရတနာတံတိုင်းတို့ကိုရံ၍ ဆင်ဌယ်တံတိုင်း ခုနစ်ထပ် ပေါက်ပေကုန်၏။ ထိုတံတိုင်းကိုရံ၍ ခြင်္သေ့ရုပ်တို့သည်လည်း ပေါက်ပေကုန်၏။ တံခါးတို့၏ အလယ်ကား နတ်တို့၏ စည် စောင်းညှင်း မောင်း ခရာသံ အသံကဲ့သို့ မြည်ကုန်၏။ ရေကန် ရှစ်သောင်းလေးထောင် ပေါ်ပေကုန်၏။ တံတိုင်းအတွင်း မြေတို့သည် ရွှေသဲအတိဖြစ်ကုန်၏။ တံတိုင်းကိုရံ၍ ရွှေဖြင့်ပြီးသော ခွေးရုပ်တို့သည် ပေါက်ကုန်၏။ အလွန်ကြောက်မက်ဘွယ် ရှိကုန်၏။ ရွှေဖြင့် ပြီးသော နွားရုပ် တို့သည်လည်း ရှစ်သောင်းလေးထောင် ပေါက်ပေကုန်၏။ ရွှေဖြင့် ပြီးသော ကျွဲရုပ်တို့သည်လည်း ရှစ်သောင်းလေးထောင် ပေါက်ပေကုန်၏။ ရွှေဖြင့်ပြီးသော တန်ဆောနှာ မျှလောက်သော အလျားအနံ ရှိသော ဧရင်တို့သည် ပေါက်ကုန်၏။ မဏိမေခလာအမည်ရှိသော သမုဒ္ဒရာစောင့် နတ်သမီးသည် ရှစ်သောင်းလေးထောင်သော ရွှေလှေတို့ကို မိမိတန်ခိုးအားဖြင့် ဘန်ဆင်းလေ၏။

ထိုအခါ၌ ဘုရားလောင်းကား ခပ်သိမ်းသော ရတနာ, ခပ်သိမ်းသော ကာမဂုဏ်တို့နှင့် ပြည့်စုံလျက်၊ စကြာမင်းစည်း စိမ်နှင့်တူသော ဂုဏ်စိမ်ကို ခံစားတော်မူလျက်၊ ကပ္ပိယဝတ် အမည်ရှိသော ပြည့်၌ အသဒိသအာဒိစ္စ အမည်ရှိသော မယားဇ၏ သမီးဖြစ်သော သုဒ္ဓိအမည်ရှိသော နတ်သမီးကို ထို ဘုရားအလောင်းအား ဆောင်နှင်း၏။ ဘုရားအလောင်းကားထိုသိကြားဇ၏ သမီးကို မိဖုယားကြီးအရာ၌ထား၏ ခပ်သိမ်းသော တန်ဆာ တို့ဖြင့် တန်ဆာ ဆင်အပ်ကုန်သော ရှစ်သောင်း လေးထောင်သော နတ်သမီးတို့ကို ခြံရံ၍ ပြဟ္မာမင်း၏ ကိုယ်ကဲ့သို့သော ကိုယ်ရှိသော စွမ်းပကား ခွန်အား

နှင့် ပြည့်စုံကုန်သော တထောင်သော သားတို့သည် ရှိကုန်၏။ ထိုတထောင်သော သားတို့တွင် အချို့သောသားတို့ကား ဥတ္တရကုရုကျွန်း၊ အပရဂေါယာကျွန်း၊ ပြုပ္ပါဝိဒေဟကျွန်းသို့သွား၍ မင်း၏အမှုကို ပြုကုန်၏။ အချို့သော သားတို့ကား နတ်ပြည်သို့သွားကုန်၏။ အချို့သောသားတို့က ဟိမဝန္တာသို့ သွားကုန်၏။ အချို့သောသားတို့ကား ဇမ္ဗူဒီပါကျွန်း အပြင်၌ အထူးထူးသောအမှုကိုပြုကြကုန်၏။ အချို့သောသားတို့ကားအဘထံ၌နေ၍ ဥစ္စာကိုပွားစေကုန်၏။ နတ်တို့မှဖြစ်သောအစာ လူတို့၌ဖြစ်သော အစာတို့ကိုကား တဓထောင်သော ရွှေအိုးတို့ဖြင့် အထူးထူးသော အရပ်လေးမျက်နှာမှ ပို့လာပေကုန်၏။ နတ်၏အဝတ် လူ၏အဝတ်တို့ကို ရှစ်သောင်းပေါ်ထောင်သော ရွှေပန်းတောင်းတို့ဖြင့် အပြည့် ပို့လာပေကုန်၏။ နတ်ယာဉ် လူယာဉ်တို့ကိုလည်း ရှစ်သောင်းပေါ်ထောင် ပို့လာပေကုန်၏။ ဤသို့လျှင် လူသားဖြစ်သော ဘုရားအလောင်းသည် နတ်၏ စည်းစိမ်ချမ်းသာကို ခံစားရသည်ကား၊ ပေါရာဏဂေါတမဘုရားလက်ထက်တော်၌ သုဒ္ဓေါဒနမင်း၏ အမတ်ဖြစ်၍ ပိဋ္ဌကတ်ကို ရေးသားပြုစုဘူးသော အကျိုးအားဖြင့် စံစားတော်မူရ၏။

ဤသို့လျှင် ;မြတ်စွာဘုရားကား၊ လက္ခဏာရုံဖြစ်သော ရှင်သာရိပုတ္တရာအား ပိဋ္ဌကတ်ပြုစုရေးသားရန်သော အကျိုးကို ဟောတော်မူသဖြင့် ဇာတ်တော်ကို ဆောင်ထောက်မူဦး၍ နောင်ဇာတ်တော်ကို ပေါင်းတော်မူ၏။

ထိုအခါ၌ ဥတ္တရကုရုကျွန်းမှ ဆောင်ခဲ့သော မိန်းမရတနာသည်ကား၊ ယခုအခါ ခေမာအမည်ရှိသော ရဟန္တာမိန်းမ ဖြစ်လေ၏။ ထိုအခါ သုဇနီသာ မိဖုယားသည်ကား၊ ယခုအခါ ဥပ္ပလဝဏ်ရဟန္တာမဖြစ်လေ၏။ ထိုအခါ ဘုမ္မစိုးနတ်သည်ကား၊ ယခုအခါ သီဝလိမထေရ် ဖြစ်လေ၏။ ထိုအခါ နဂါးမင်းသည်၊ ယခုအခါ အာနန္ဒာဖြစ်လေ၏။ ခြင်သေ့မင်းကား၊ ယခုအခါ အနုရုဒ္ဓါ ဖြစ်လေ၏။ ရုက္ခစိုးနတ်မင်းကား၊ ယခုအခါ အရှင်မဟာကဿပဖြစ်လေ၏။ သိကြားမင်းကား၊ အရှင်မောဂ္ဂလာန်ဖြစ်လေ၏။ ဗြဟ္မာမင်းကား၊ အရှင်သာရိပုတ္တရာ ;ဖြစ်လေ၏။ ဂျာသိန္ဓမင်းကား၊ သုဒ္ဓေါဒနမင်းကြီး ဖြစ်လေ၏။ စန္ဒာဒေဝီမိဖုယားကား၊ ယခုအခါ မယ်တော်သီရိမာယာ ဖြစ်လေ၏။ မဏိမေခလာ နတ်သမီးကား၊ ယခုအခါ မိထွေးတော် ဂေါတမီ ဖြစ်လေ၏။ သုဒ္ဓိနီမိဖုယားကား၊ ယသော်ဓရာမိဖုရား ဖြစ်လေ၏။

အသင်သ အာဒီစွမင်းကား၊ ငါဘုရားလျှင်တည်းဟု ဇာတ်ဘော်ကိုပေါင်း၍ ဟောပြတော်မူ၏။ သစ္စာလေးပါးကို ပြခဲ့တော်မူလေ၏။ တရားနာပရိသတ်တို့သည် အကျွတ်တရားကို ရကုန်၏။

ဤသို့လျှင် ပိဋကတ်တော်ကို ရေးသားပြုစုပူဇော်ရသော အကျိုးသည် များစွာသော အဖြစ်တို့၌ မပျောက်နိုင်သော လူမင်းစည်းစိမ်ကို ခံစားတော်မူဦး၍၊ အဆုံးစွန်သော ကိုယ်တော်၏အဖြစ်၌ ဘုရားဖြစ်တော်မူ၏။ များစွာသောဝေနေယျ သတ္တဝါတို့ကို ချွတ်တော်မူဦး၍ နိဗ္ဗာန်ချမ်းသာကို ခံစားတော်မူ၏။ ထို့ကြောင့် ချမ်းသာသုံးပါးကို အလိုရှိသော အစီးအပွားကိုမြင်သော ပညာရှိသော သဒ္ဓါလက္ခဏာနှင့် ပြည့်စုံသော ရဟန်း, ရှင်, လူတို့သည် ပိဋကတ်တော်ကို ကိုယ်တိုင်သော်လည်း ရေးရာ၏။ တပါးသော လူတို့ကိုသော်လည်း ရေးစေရာ၏၊ နှိုးဆော် ချီးပင့် တိုက်တွန်းကျူးရာ၏။ သူတပါးပြုသော်လည်းညီညီကုသိုလ် ပါဝင်ရာ၏။ ပိဋကတ်သုံးပုံ လုံးကိုပင် မစွမ်းနိုင်သော်လည်း တပုံကိုသော်လည်း ပြုစုကိုးကွယ်ရာ၏။ တကျမ်းမျှကိုသော်လည်း ပြုစုကိုးကွယ်ရာ၏။ ပေတို့ဖြင့်ရေး၍ ရုတ်တရက် မစွမ်းနိုင်လျှင် မြတ်စွာဘုရား ဟော်ကြားတော်မူသော ပါဠိတော် အဋ္ဌကထာ ဋီကာဇာတ် ဝတ္ထုစသည်တို့ကို ပုံနှိပ်လုပ်ဆောင်ကြသော ပိဋကတ် စာအုပ်တို့ကို သော်လည်း တတ်စွမ်းနိုင်သမျှ ပသန္နစေတနာဖြင့် လှူဒါန်း ဝေငှ ပူဇော်အပ်သူပေသည်ဟု အဓိပ္ပါယ် လာချေသည်။

စကားချပ်။ ။ယခင် ပြဆိုခဲ့သော ဇာတ်ဘော်ပေါင်း စကားရပ်များမှာ ဘေမိ ဇာတ်တော် စသည်တို့၌ သိကြား မင်းသည် အနုရုဒ္ဓါဖြစ်ကြောင်းအတွေ့, အမြင်, အကြား, ဒိဋ္ဌ, သုတ များစွာပင်ရှိပါသည်။ယခုဒါနဖလုပွတ္တိကျမ်းမှာဇာတ်ပေါင်းအမြောက်ပါသော အချက်များမှာသိကြားမင်းသည်၊ ရှင်မောဂ္ဂလာန် ဖြစ်လာကြောင်းများ နှင့်တွေ့ရှိရာ၊ သံသယကင်းရှင်းစေခြင်းငှါ ၎င်းကျမ်း မူမှန်မူကောင်းများကို ကောင်းစွာ ထုတ်ကြည့်ရာ၊ ရပြီးသော ပထမမူနှင့် ထပ် ထူ မ ခြား သိ ကြား မင်း သည် ရှင် မော ဂ္ဂ လာန် ဖြစ်ကြောင်းများကိုသာ တွေ့ရှိပါသည်။ အ နု ရု ဒ္ဓါ ဖြစ်ကြောင်းကိုဇင်းကျမ်းအစောင်စောင်တို့၌ပင်မလာမရှိပါသဖြင့်၊ ဇင်းမူ အတိုင်းပင် ပုံနှိပ်လုပ်ဆောင် လိုက်ပါသည်။ ။ဤကား စကားထူးဖြစ်ပါ၏။ ဆင်ခြင်ရန်ကြားချပ် ထည့်သွင်း၍ မှာထားလိုက်ပါသည်။

စာပေပိဋကတ် ပြုစုလှူဒါန်းရသောအကျိုး ပြီး၏။

ဒါန၏အကျိုးကိုပြဆိုပေအံ့

အစမထင်သော သံသရာဝဋ္ဋ အပါယ်ဆင်းရဲ၊ ဒုဂ္ဂတိဆင်ရဲ၊ မွတ်သိပ်သောဆင်းရဲ၊ ချစ်သောသူနှင့် ကွေ့ကွင်းရသောဆင်းရဲ၊ မချစ်သော သူနှင့် ပေါင်းဘော်ရသော ဆင်းရဲ၊ ဇာတိ, ဇရာ, ဗျာဓိ, မရဏ ဟူသော ဆင်းရဲဘေးကို ကြောက်ကုန်သော အကြင် ရဟန်း, ရှင်, လူ တို့သည် ဒါန, သီလ, ဘာဝနာတို့ကို အားထုတ်ကုန်ရာ၏။ ဒါနကား၊ အာမိသဒါန, ဓမ္မဒါန ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် 'အာမိသဒါနကား' သုတ္တန်နည်းအားဖြင့်ဆယ်ပါး၊ ဝိနည်းအယူအားဖြင့် လေးပါးအပြားရှိ၏။ အဘိဓမ္မာ နည်းအားဖြင့်လည်း ၎င်းပါးအပြားရှိ၏။ သုတ္တန်နည်းအားဖြင့် ဆယ်ပါးဟူသော်ကား ဆွမ်းဟူသော အလှူလည်း တပါး, အဝတ်ဟူသော အလှူလည်းတပါး, အဝတ်, ပုဆိုး ဟူသော အလှူလည်း တပါး, ယာဉ်ဟူသော အလှူလည်းတပါး, ပန်းဟူသောအလှူလည်းတပါး, နံ့သာဟူသောအလှူလည်းတပါး, နံ့သာပြောင်းဟူသောအလှူလည်းတပါး, ပတိုင်ညောင်စောင်း အစရှိသော အိပ်ရာ ၎င်ရာ ဟူသော အလှူလည်း တပါး, ကျောင်းသက်နှီး ဟူသော အလှူလည်းတပါး, ဆီမီးဟူသော အလှူလည်း တပါး, ဤဆယ်ပါးသောအလှူသည်ကား 'သုတ္တန်နည်း၌ လာသော ဒါနဝတ္ထုအပြား ဆယ်ပါးတည်း။ ဤဆယ်ပါးမှ ကြွင်းသော အလှူတို့ကား လျော်သောအားဖြင့် သင်္ဂဟပြုယူရာ၏။ ထို့ကြောင့် ဆရာကြီးတို့သည်

အန္နံပါနံ ဝတ္ထုံယာနံ၊ မာလာဂန္ဓံ ဝိလေပနံ။
သယျာဝတ္ထုံ ပဒီပေါစ၊ ဣမေဒသဒါနဝတ္ထု ဟူ၍ဆိုကုန်၏။

'ဝိနည်း၌ လာသော ဒါနဝတ္ထုလေးပါး ဟူသော်ကား' သက်နှီးဟူသော ဒါနအလှူလည်းတပါး, ဆွမ်းဟူသောအလှူလည်းတပါး, ထောပတ်, ဆီပျား, တင်လဲ, ဆီ အစရှိသော ဆေးဟူသော အလှူလည်းတပါး, ပတိုင်ညောင်စောင်း အိပ်ရာ, နေရာဟူသောအလှူလည်းတပါး, ဤလေးပါးကား ဝိနည်း၌လာသော အလှူလေးပါးတည်း။ ဤလေးပါးမှ ကြွင်းသော ဝတ္ထုတို့ကိုလည်း လျော်သောအားဖြင့် သင်္ဂဟပြု၍ သွင်းအပ်၏။ ထို့ကြောင့် ဝိနည်းပိဋကတ်တော်၌ စီဝရံပိဏ္ဍပါတာဒိ၊ ပစ္စယသယနံ။ ဒေဒယျဥ္စဘူဒေတသု။ ဝိပ္ပသန္နေန စေတသာ ဟူ၍လာ၏။ 'အဘိဓမ္မာ၌ ဒါနဝတ္ထုလေးပါး

သော်ကား"အဆင်း ဟူသော အလှလည်းတပါး, အသံ ဟူသော အလှလည်း တပါး, အနံ့ ဂန္ဓာရုံ ဟူသော အလှလည်းတပါး, အာဟာရ ဟူသော အလှလည်း တပါး, ဤသို့အားဖြင့် လေးပါးအပြားရှိ၏။ အဆင်း ဟူသော အလှလည်း ကား- အဆင်းလှသောပန်း၊ အဆင်းလှသောပုဆိုး၊ ရွှေမြက်ပါး၊ အဆင်းလှ သော ထီး, တံခွန်၊ အဆင်းလှသော ဆေးဝရား အလှတို့ကို ဆိုလိုကုန်၏။ အသံဟူသော အလှသည်ကား စည်ဒမပင်း၊ ခေါင်းဒလောင်း၊ ကြေးစည်း ကျောက်စည်၊ စောင်း၊ နဲ၊ ခယာ၊ လင်းကွင်း အစရှိသော အသံသည် အသံ ဟူသော အလှမည်၏။ အနံ့ကောင်းသော နန်းနံ့သာပြောင်းအာရှိ သည်ကား၊ အနံ့ ဟူသော ဂန္ဓာရုံအလှမည်၏။ ပျားတင်လဲ ထောပတ် ကိုအုန်းသီး ကြံ အစရှိသော အလှသည်ကား အရသာဟူသော အလှမည်၏။ ဆေးဝါးပါး ပါး ဟူသော အလှသည်လည်း အရသာအလှမည်၏။ အဇတ္ထဒကောင်းသော နှုးညံ့ သော ပုဆိုး, မွေ့ရာ, ကမ္ဗလာ, အိပ်ရာ, ပန်ရာ ဟူသော အလှသည်ကား အဇတ္ထဟူသော အလှမည်၏။ တရားတော်ခြင်း၊ စာပေကျမ်းဂန်သင်ကြား ခြင်း၊ တရားနာဝိမ်ဿသောဌာ ကြေးခြေကြာ်ခြင်း၊ အလှူပေးသော အခါ အနု မောဒနာခံခါခြင်း၊ မသဒ္ဓါသောသူကို သဒ္ဓါအောင် ဆုံးမ ပြောဆိုခြင်း၊ ရတနာသုံးပါးအား မကြည်ညိုသောသူတို့ကို ကြည်ညိုအောင် ဆုံးမခြင်း၊ အလှူခံတို့ကို သူအားခွဲပေခြင်း၊ သူ့အသက်ကို မသတ်ဘဲ လွှတ်ခြင်းအစရှိ သည်တို့ကား ဟရုံးဟူသော အလှမည်၏။ ထို တရုံးဟူသော အလှသည် ကား အလှခပ်သိမ်းဟူ၏ကာ အကျိုးကြီးမြတ်၏။ ထို့ကြောင့် မြတ်စွာဘုရား သည်။ "သဒ္ဓါနံ ဓမ္မဒါနံ ဇိနာတိ" ဟူ၍ ဟောတော်မူ၏။ ထို ဒါန အကျိုးကို မြတ်စွာဘုရားသည် အဘယ်သို့ ဟောတော်မူသနည်းဟူမူကား-

ဒါနံ သဂ္ဂဿ သောပါနံ၊ ဒါနံ ပါဒေထယျ.မုဘ္ဘမုံ။
ဒါနံ ဥဒုဂတံမဂ္ဂံ၊ ဒါနံ မောက္ခပဒံ ဝရံ။ ။

ဒါနံ ဣဿရသမ္ဘူတံ၊ ဒါနံ ဘောဂေ ဥပဋ္ဌိတံ။
ဒါနံ အတ္ထာနုရက္ခဏ္ဍ၊ ဒါနံ သုခပဝတ္တနံ။ ။

နတ္ထိ စိဇ္ဇ ဗဿနမ္ပိ၊ အပ္ပကာနမ္ပိ ဒကွိဏာ။
တထာဂတော ဝါ သမ္ဗုဒ္ဓေ၊ အထ ဝါ တဿ သာဝကေ။ ။

သဒ္ဓါ စိတ္တေပသန္နေန၊ ရတနာနံ ပူဇံ ကရုံ။
ဇာတိဒေဝ မနုဿေသု၊ လဒ္ဓဘောဂါ အသင်္ခ်ယာ။
အသင်္ခ်ယေ လဘိတ္ဝာန၊ ဝရုံ နိဗ္ဗာနံ ပါပုဏိ။ ။

အပ္ပကမ္မိ ကတံ ပုညံ၊ ဖလံ ဟောတိ မဟပ္ဖလံ။
မဟာပုညံ ကရောန္တဿ၊ ဖလံ ဟောတိ အနပ္ပကံ။ ။

ဟူ၍ ဟောတော်မူ၏။ ဒါနံ၊ အလှူသည်ကား။ သဂ္ဂဿ၊ နတ်ပြည်၏။ သောပါနံ၊ စောင်းတန်းလှေခါးဖြစ်ပေ၏။ ဒါနံ၊ဒါနသည်ကား။ ဥဿုံမံ၊ မြတ်သော။ ပါထေယျံ၊ ရိက္ခာထုပ်လည်းဖြစ်ပေ၏။ ဒါနံ၊ဒါနသည်ကား။ ဥဇုဂတံမဂ္ဂံ၊ ခရီးဖြောင့်လည်း ဖြစ်ပေ၏။ ဒါနံ၊ဒါနသည်ကား။ ဝရံ၊ မြတ်သော။ မောက္ခပဒံ၊ မဂ်,ဖိုလ်,နိဗ္ဗာန်၏ အကြောင်းဖြစ်၏။ ဒါနံ၊ ဒါနသည်ကား။ဣဿရိယသမ္ပတ္တိ၊အစိုးရခြင်းကို ဖြစ်စေတတ်၏။ဒါနံ၊ဒါနသည်ကား။ ဘောဂေ၊ စည်းစိမ်ချမ်းသာတို့ကို။ ဥပဋ္ဌိကံ၊ ဖြစ်စေတတ်၏။ ဒါနံ၊ကား။ အတ္တာနုရက္ခဏ၊ မိမိကို စောင်မတတ်၏။ ဒါနံ၊ သည်ကား။ သုခပဝတ္ထုနံ၊ ချမ်းသာကို ပွားစေတတ်၏။ တထာဂတေ၊ လာခြင်းကောင်းတော်မူခသော။ သမ္မုဒ္ဓေ ဝါ၊ မြတ်စွာဘုရားခ၌ရင်း။ အထ၊ ထိုမှတပါး။ တဿ၊ ထို ဗြတ်စွာဘုရား၏။ သာဝကေ ဝါ၊ တပည့်သားတော်၌ရင်း။ စိတ္တေ၊ စိတ်သည်။ ပသန္နမ္ပိ၊ ကြည်ညိုသည်ရှိသော်။ ဒက္ခိဏာ၊ အလှူသည်။ အပ္ပကာနာမ၊ နည်းသောမည်သည်။ နတ္ထိ၊ မရှိ။ သဒ္ဓါစိတ္တေ ပသန္နေန၊သဒ္ဓါကြည်ညိုသောအားဖြင့်။ ရတနာနံ၊ ဘုရား ဟူသောရတနာ၊ တရားဟူသောရတနာ၊ သံဃာ ဟူသော ရတနာသုံးပါးတို့အား။ပူဇံ၊ ပူဇော်ခြင်းကို။ကရုံ၊ပြု၏။ တေ၊ထိုပူဇော်ရသောသူတို့သည်။ ဇာတိဒေဝမနုဿေသု၊ နတ်၏အဖြစ်, လူ၏အဖြစ်တို့၌။ လဒ္ဓဘောဂါ၊ ရအပ်သော စည်းစိမ်ချမ်းသာတို့သည်။ အသင်္ခ်ယာ၊ မရေတွက်နိုင်ကုန်။ အသင်္ခ်ယေ၊ မရေတွက်နိုင်ကုန်သော။ ဘောဂေ၊ စည်းစိမ်ချမ်းသာတို့ကို။ လဘိတ္ဝာန၊ ရဦး၍။ ပစ္ဆိမဘ၊ အဆုံးစွန်သောဘဝ၌။ ဝရုံ၊ မြတ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပါပုဏိ၊ ရောက်၏။ ကတံ၊ပြုအပ်သော။ ပုညံ၊ ကောင်းမှုသည်။ အပ္ပကမ္ပိ၊ အနည်းငယ်မျှ မပြောပလောက်သော်လည်း။ ဖလံအကျိုးကား။ မဟပ္ဖလံ၊ ကြီးသော အကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။ မဟာပုညံ၊ မျှားမြတ်သော ကုသိုလ် ကောင်းမှုကို။ ကရောန္တဿ၊ ပြုသောသူအား။ အနပ္ပကံ၊ကြီးကျယ်မျှားပြားသော။ ဖလံ၊ အကျိုးသည်။

ဟောတီ၊ ဖြစ်၏။ ဤသို့လျှင် မြတ်စွာဘုရားသည် ဒါန၏အကျိုးကို ဟော ပြောတော်မူ၏။ ထိုကြောင့်သာလျှင် သဒ္ဓါယုံကြည်စွာ ဒါန ဟူသော အလှူ ကောင်းမှုကို ကြိုးစားအားထုတ်ကုန်ရာ၏ ၊

ဒါနအကျိုးပြီး၏။

သီလ၏အကျိုးကိုပြဆိုပေအုံ

တနည်းသော်ကား၊ ဒါနသည် သလော်လှေနှင့်တူ၏၊ ထိုသင်္ဘောလှေ သည် ပဲ့တက်, လင်းယဉ်တိုင်, လင်းယဉ်ရွက်, လင်းယဉ်ကြိုး မရှိသော် မသွား ဘိသကဲ့သို့ ဒါနဟူသော အလှူသည်ကား မဂ်ဖိုလ်နိဗ္ဗာန်ဟူသော လိုရာဆုကို မရနိုင် ဟူသောကြောင့် သီလကိုလည်း ဆောက်တည်ရာ၏။ထို သီလကား - သမာဒါနသီလ, သမ္ပတ္တသီလ, သမုစ္ဆေဒသီလ အားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ဘုရားရှေးတော်ဦးရင်း၊ ရဟန်းသံဃာတော်တို့ ရှေးတော်ဦး ရင်း ဆောက်တည်သော သီလသည်ကား သမာဒါန သီလမည်၏။သီလကို မဆောက်တည်ဘဲ ဝတ္ထုနှိုးလတ်သော် မလွန်ကျူးမူ၍ ကြည်ဖြူရှင်ခြင်း သည်ကား သမ္ပတ္တသီလ မည်၏။ မဂ်ဖိုလ်မျိုးသောပုဂ္ဂိုလ်တို့၏ သီလသည် ကား သမုစ္ဆေဒသီလမည်၏။ သောတာပန် ပုဂ္ဂိုလ်သည်ကား ဤကြက်ကို သင်သတ်ဘိလော၊ မသတ်မူကား သင်၏အသက်ကို ချက်ချင်းဟူ၍ဆိုသော်လည်း မိမိအသက်ကိုသော်ကား စွန့်လေရာ၏၊ သူ့အသက်ကို မသတ်ပေရာ။သေရည် နှင့် ရေကိုဖျော်၍တိုက်သော်လည်း ရေသာဝင်ရာ၏။သေရည်မဝင်ရာ။ဤသို့ ဖြစ်ခြင်းသဘောသည်ကား မေ့တာသီဒ္ဓိတည်း။ တနည်းသော်ကား-ဘဝ်ကွ သီလ၊ သာမဏေသီလ၊ ဂဟပတိ သီလ အားဖြင့် သုံးပါးအပြားရှိ၏။ ထို သုံးပါးတို့တွင် ဘိက္ခုသီလ ဟူသော်ကား စတုပါရိသုဒ္ဓိသီလတည်း။ "စတု ပါရိသုဒ္ဓိသီလ ဟူသော်ကား" ပါတိမောက္ခသံဝရသီလ, ဣန္ဒြိယသံဝရ သီလ, ပစ္စယသန္နိဿိတသီလ, အာဇီဝပါရိသုဒ္ဓိသီလတို့တည်း။

ပါတိမောက္ခသံဝရသီလ ဟူသည်ကား-အာပတ်ခုနစ်ဖုံမှ စင်ကြယ်သော သီလတည်း။ အာပတ်ခုနစ်ဖုံတွင်လည်း ပါရာဇိကလေးပါး၊ သင်ဃာဒိသိသ် တေရသမှ စင်ကြယ်သော် သီလမပျက်။ အထက်ငါးဖုံသည်ကား အကျင့်မျှ သာ ပျက်သည် သီလမပျက်။

ဂ္ဂန္ဒြိယသံဝရသီလ ဟူသည်ကား စက္ခုဂ္ဂန္ဒြေ, အစရှိသော ခြောက်ပါးသော ဂ္ဂဒန္ဒြေကိုစောင့်ခြင်းတည်း။ မိန်းမ အစရှိသော ရူပါရုံကို စက္ခုပသာဒနှင့် သော်မူလည်း တပ်သောစိတ်ဖြင့် သဏ္ဌာန် လေ့လာခြင်း, အစရှိသော အင်္ဂါကြီးငယ်တို့ကို တစိမ့်စိမ့်မကြည့်ဘဲ တပါးသို့ မျက်နှာ လွှဲဘိသကဲ့သို့ ကျင့်ခြင်းသည် စက္ခုဂ္ဂန္ဒြေကိုစောင့်သည် မည်၏။ သီချင်းအသံ အစရှိသည် ကြားသော်လည်း ယောကျ်ား အသံလော, မိန်းမ အသံလောဟု သီချင်း၏ အသံ အခြင်းအရာကိုမှ မရှာဘဲလျှင် သည်းခံနိုင်ခြင်းသည် သောတိန္ဒြေကို စောင့်သည်မည်၏။ ဃာနိန္ဒြေ, အစရှိသည်တို့၌လည်း ဤနည်းတူယူလေကုန်။

ပစ္စယသန္နိဿိတ သီလ ဟူသော်ကား-သက်နှံ အစရှိသော ပစ္စည်းလေးပါးကိုသုံးစွဲခြင်းဖြင့် ပစ္စဝေက္ခဏာ ဆင်ခြင်ခြင်းသည် ပစ္စယသန္နိဿိတ သီလမည်၏။ ထို့ကြောင့် ရဟန်းတော်, သာမဏေတို့သည် သက်နှံ၀တ်တိုင်း, ၀တ်တိုင်းဆင်ခြင်ရာ၏။ ဘာဇဉ် ငါးပါးကို သုံးဆောင်ရသော အခါ၌လည်း အလုပ်တိုင်း, အလုပ်တိုင်း ဆင် ခြင် အောက်မေ့ရာ၏။ ကျောင်း၌လည်း သီတင်းသုံးနေဆဲအခါ၌ ဆင်ခြင်ရာ၏။ အိပ်ရာ-နေရာကိုလည်း အိပ်တိုင်း နေတိုင်း ဆင်ခြင် အောက်မေ့ရာ၏။ ကုမ်း, လက်ဘက်, ဆေးတို့ကိုလည်း သုံးဆောင်တိုင်း ဆင်ခြင်ရာ၏။ မှဆင်ခြင်သော် ဂ္ဂဏ ပရိဘောဂ၌တည်၏။ အာပတ်လည်း သင့်၏။

အာဇီ၀ပါရိသုဒ္ဓိသီလ ဟူသည်ကား-ကုလဒူသက, အနေသန တို့ကို မပြုဘဲ သလုံးမြင်းခေါင်းဖြင့်ရင်း၍ရသောပစ္စည်းဖြင့်အသက်မွေးမြူခြင်းကို ဆိုလိုသည်။ ကုလဒူသက ဟူသည်ကား- ဒါယကာ တို့အား ပန်းပေးခြင်း၊ သစ်သီး ပေးခြင်း၊ ဒန်ပူပေးခြင်း၊ ကသယ်မှုန့်ပေးခြင်း၊ ငါးပေးခြင်း၊ မြေပေးခြင်း၊ အစေအပါးခံခြင်း၊ ဒါယကာ တို့၏ သားမြေးတို့ကို ချီပိုးခြင်း၊ ဆေးပေးခြင်း၊ ဆေးကုခြင်း၊ မကျန်းမမာရှိလျှင် မေးမြန်းခြင်း စသည်တို့ကို ဆိုလိုသည်။ ရေသော်ကား မျှားလှ၏။ ။အနေသန ဆိုသည်ကား-ရှေ့, ငွေကိုခံခြင်း၊ ရှေ့, ငွေကို ရောင်းဝယ်ခြင်း၊ ကုန်စသည်သွယ်ခြင်း၊ ကြွေး, မြီ ချခြင်း, ဈာန်မဂ်ဖိုလ်ကိုမရှာဘဲ ရ၏ဟု ပြောဟောခြင်းကို ဆိုသည်။

သာမဏေတို့ သီလ ဟူသည်ကား—ဒသသီလ ဆယ်ပါးကို ဆိုသည်။ ထို ဆယ်ပါးသော သိက္ခာပုဒ်တို့တွင် အောက်ငါးပါး၌ တပါးပါး ပျက်ကွက်

သော် သာမဏေသိက္ခာမှကျ၏။ ထို့ကြောင့် လိုင်,ပြန်ရု၏။ လိုင်ပြန်, ဟူသော်ကား ရဟန်း၏ အဝတ်ကိုပယ်၍ သကလဝန္ဓဟု ဓာင်ပြန်၍ တဘန် သာမဏော ပြုသည်ကို ဆိုသည်။ သာမဏေတို့အား အောက်ငါးပါးသော သီလသည် ရဟန်းပဉ္စင်းထို့မှာ ပါရာဇိကလေးပါးနှင့်တူ၏။ ပဉ္စင်းတို့မှာ မူကား ပါရာဇိကရောက်လျှင် တဘန် ပဉ္စင်းမဖြစ်နိုင်ပြီ ။ သာမဏေတို့မှာ မူကား-တဘန် သာမဏော၏ အဖြစ်ကိုရနိုင်ပြန်၏။ အထက်ငါးပါးသီလတွင် တပါးပါးပျက်ခဲ့မူကား လိုင်မပြန်ဘဲ သဂ်န်းအဝတ်ဖြင့်ပင်လျှင် သရဏကုံ သီလကို ခံယူရ၏။

ဂဟပတိ သီလ ဟူသည်ကား—လူတို့၏သီလကို ဆိုသည်။ လူတို့၏ သီလ ဟူသည်ကား-ပဉ္စသီလ, အဋ္ဌသီလကို ဆိုသတည်း။ ပဉ္စသီလဟူသော်ကား-သူ၏အသက်ကိုမသတ်ခြင်း၊ သူ၏ဥစ္စာကို မခိုးယူခြင်း၊ သူ၏ သားမယားကို မလွန်ကြူးခြင်း၊ မုသားမဆိုခြင်း၊ သေရည်သေရက် မသောက်ခြင်းကို ဆိုသတည်း။ ဤ ပဉ္စသီငါးပါးကို ငါသည် ပဉ္စသီလကို ဆောက်တည်ပါ၏ ဟူ၍ တပြိုင်နက် ဆောက်တည်သည်ရှိသော် တပါးပျက်လျှင် ငါးပါးလုံး ပျက်၏။ ပါဏာတိပါတာ ဝေရမဏိ၊ အဒိန္နာဒါနာ ဝေရမဏိ၊ကာမေသု မိစ္ဆာစာရာ ဝေရမဏိ၊ မုသာဝါဒါ ဝေရမဏိ၊ သုရာဒမရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိ ဟူ၍ အသီးသီး ဆောက်တည်သည်ရှိသော်တပါးကိုလွန်ကြူး မိလျှင် သိက္ခာပုဒ်တခုသာပျက်သည် ကြွင်းသော သိက္ခာပုဒ်သည် တည်၏။

အဋ္ဌသီလ ဟူသော်ကား သူ၏အသက်ကို မသတ်ခြင်းလည်း တပါး၊ သူ၏ဥစ္စာကို မခိုးယူခြင်းလည်းတပါး၊ကာမဂုဏ်ကို မမှီဝဲသည်လည်းတပါး၊ မုသား မဆိုသည်လည်း တပါး၊ သေရည် သေရက် မဇသောက်ခြင်းလည်း တပါး၊ နေလွဲ,ညစာ မစားခြင်းလည်း တပါး၊ ကခြင်း,သီခြင်း,တီးမှုတ်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊ တန်ဆာဆင်ခြင်းတို့ မပြုသည်လည်း တပါး၊ ကော်ဇော,ကမ္ဗလာ,အုံးမွေ့ရာ ဟူသော မြတ်သောနေရာ၊ ပဘိုင်, ညောင်စောင်း, အင်းပျဉ်, သလွန်, ပလ္လင် ဟူသော မြင့်သောအိပ်ရာ နေရာ၌ မအိပ်မနေခြင်းလည်း တပါး၊ ဤသည်ကား- အဋ္ဌင်္ဂသီလ ဥပုသ်တည်း။ လူတို့ကား ထို့ထက်တိုး၍ ဆောက်တည်လိုပြန်သော်၊ ဒသသီလကိုလည်း ဆောက်တည်အပ်၏။ ဤကား အကျဉ်းမျှသာ ပြဆိုလိုက်သည်။ ဒါနမရှိသောသူကား အဆင်းလှသဖြင့် အနှံ့မရှိသော မဟာလှေခါးပန်း

နှင့်တူ၏။ သီလမရှိသောသူကား အပင်ကြီးကာမျှသာ အနှစ်မရှိသော လက်ပံပင်နှင့်တူ၏။ ထို့ကြောင့် သံသရာဘေးကို ကြောက်သော ရဟန်း, ရှင်, လူတို့သည် သီလကိုအားထုတ်၍ဆောက်တည်ရာ၏။ လေကြေအရပ်သို့ တယူဇနာတိုင် မွှေးနိုင်သော သရက္ခန် နံ့သာသည်ကား လေညာအရပ်သို့ လက်တလုံးမျှသော်လည်း မမွှေးနိုင်။ သီလဟူသော အနံ့သည်ကား လေကြေ, လေညာ, အောက်, အထက် အရပ်ဆယ်မျက်နှာ တိုင်အောင် မွှေးလေ၏။ ထို့ကြောင့် ဆရာကြီးတို့သည် ဤသို့ဆိုကုန်၏။

သာသနေ ကုလပုတ္တာနံ၊ ပတိဋ္ဌာ နတ္ထိ ယံ ဝိနာ။
အာနိသံသ ပရိစ္ဆေဒံ၊ တာသံသီလသ ကော ဝဒေ။ ။
ဂန္ဓော ယမုနာစာပိ၊ သရဘ္ဂေ သရသတိ။
နိန္နာဘာဝါ စိရဝတိ၊ ဗဟိ ဝါ ပိ မဟာနဒီ။ ။
နသက္ကောန္တိ ဝိသောဒေတုံ၊ တံ သီလံ ဣဓ ပါဏိနံ။
ဝိသေသဓယတိ သတ္တာနံ၊ ယံ ဝေ သီလဗလံ မလံ။ ။
နတံ သဗ္ဗလဟာ ဝါတာ၊ မာပိစဟရိစန္ဒနံ။
နေဝ ဟာရဏ မဏ္ဍိယော၊ နစ ဗန္ဓတိ ရဏ္ဍကုံ လာ။ ။
နသမန္တိ ဝ သတ္တာနံ၊ ပရိဒ္ဓာဟံ သုရက္ခိတံ။
ယံ သမေတိ ဣဒံ အရိယံ၊ သီလံ အစ္ဆန္တ သီသလံ။ ။
သီလဂန္ဓသမော ဂန္ဓော၊ ကုတော နာမ ဘဝိဿတိ။
ယဿ သမံ အနုဝါတေ၊ ပတိဝါတေ စ ဝါယတိ။ ။
သဗ္ဗါ ရောဟန ဟေ ပါ ဏိ၊ အည်ံ သီလသမံ ကုတော။
ဒ္ဓါ ရုံ ဝါ ပနံ နိ ဗ္ဗာန၊ နဂရဿ ပဝေ သနေ။ ။
သောဘေန္တိ ဣဓ ဆုဇာနေ၊ မုတ္တာ မဏိ ဝိဘူ သိတာ။
တထာ သောဘန္တိ ယတိနော၊ သီလဘူ သနဝိဘူ သိတာ။ ။
အတ္တာ နုဝါဒါ ဒိဘယံ၊ ဝိဒ္ဒံ သယတိ သဗ္ဗသော။
ဇနေတိ ကိတ္တိ ဟာ သဉ္စ၊ သီလံ သီလဝတံ သာဒါ။ ။
ဂုဏာနံ မလဘူ တသ၊ ဒေါ သာနံ ဗလ ဒါ သိနော။
ဣတိ သီလဿ ဝိညေယ္ယ၊ အာနိသံသ ကထာ မုခန္တိ။ ။
ဟူ၍ ဆိုတော်မူကုန်၏။

သာသနေ၊ သာသနာတော်၌။ ကုလပုတ္တာနံ၊ အမျိုးသားတို့အား။ ယံ သီလံ၊ အကြင်သီလကို။ ဝိနာ၊ ကြင်ဘိ၍။ ဝတိဋ္ဌာ၊ ဆောက်တည်ရာသည်။ နတ္ထိ၊မရှိ။ တဿ သီလဿ၊ ထိုသီလ၏။ အာနိသံသပရိဝစ္ဆဒံ၊ အကျိုးဆက်၏ အပိုင်းအခြားကို။ ကော၊ အဘယ်သူသည်။ ဝဒေ၊ ဆိုနိုင်အံ့နည်း။ ဂင်္ဂါ၊ ဂင်္ဂါအမည်ရှိသော။ သရဿတိ စာပိ၊ မြစ်သည်ရင်း။ ယမုနာ'ယမုနာအမည် ရှိသော။ သရဿတိ စာပိ၊ မြစ်သည်ရင်း။ သရဘူ ဝ၊ သရဘူအမည်ရှိသော။ သရဿတိ စာပိ၊ မြစ်သည်ရင်း။ အစိရဝတီ၊ အစိရဝတီအမည်ရှိသော။ နိန္နာ ဘာဂါ ပိ၊ မြစ်သည်ရင်း။ မဟီ၊ မဟီအမည်ရှိသော။ မဟာနဒီ ဝ ပိ၊ မြစ် သည်ရင်း။ ဣဓ၊ ဤလူ့ပြည်၌။ ပါဏိနံ၊ သတ္တဝါတို့၏။ မလံ၊ အညစ်အကြေး ကို။ ဝိဓေသေတုံ၊ စင်ကြယ်သန့်ရှင်းစိမ့်သောငါ။ နသက္ကောန္တိ၊ မတတ် နိုင်ကန်၏။ (ရာဂ, ဒေါသ, မောဟဟူသောမြူကို မြစ်ကြီးငါးစင်းဟူရှိသော ရေတိုဖြင့် ဆေးသော်လည်း၊ မစင်နိုင်ကုန်ရာဟူလိုသည်။) ဣဓ၊ ဤလူ့ပြည်၌။ ပါဏိနံ၊ သတ္တဝါတို့၏။ ယံ သီလဇလံ၊ အကြင်သီလ တည်းဟူသောရေသည်။ အတ္ထိ၊ရှိ၏။ တံ သီလဇလံ၊ ထိုသီလတည်းဟူသောရေသည်။ သတ္တာနံ၊ သတ္တ ဝါတို့၏။ မလံ၊ အညစ်အကြေးကို။ ဝေဓေကဒ္ဓေန၊ အကယ်မလွဲသဖြင့်။ ဝိဓေသေဓယတိ၊ စင်ကြယ်စေတတ်၏။ ဣဓ၊ဤလူ့ပြည်၌။ သတ္တာနံ၊ သတ္တဝါ တို့၏။ ပရိဠာဟံ၊ ပူပန်ခြင်းကို။ သဇလဇာ၊ ရေနှင့်တကွ ဖြစ်ကုန်သော။ ဝါတာ၊ လေတို့သည်။ နသမနိ၊မငြိမ်းစေနိုင်ကုန်။ ဟရိစန္ဒနံ စာပိ၊ စန္ဒကူး နီသည်လည်း။ နသမန္တိ၊ မငြိမ်းစေနိုင်ကုန်။ ဟာရဏာမဏိယော၊ ပုလဲသွယ် ပတ္တမြားတို့သည်လည်း။ နေဝ သမန္တိ၊ မငြိမ်းစေနိုင်ကုန်။ စန္ဒတိရဏဂုံလာ၊ လရောင်လင်းသော အညွှန့်တို့သည်လည်း။ မာပိ သမန္တိ၊ မငြိမ်းစေနိုင်ကုန်။ သုရကို့တံ၊ကောင်းစွာစောင့်အပ်သော။ အရိယံ၊ဖြူစင်စွာသော။ အစ္ဆဋ္ဌသီတ လံ၊ စင်စစ်ချမ်းမြေ့စေနိုင်သော။ ယံ သီလံ၊ အကြင်သီလသည်။ အတ္ထိ၊ရှိ၏။ ဣဒံ၊ ဤသီလသည်။ ဇ သမေတိ၊ ငြိမ်းစေ၏။

သီလဂန္ဓသမော၊ သီလဟူသောအနံ့နှင့်တူသော။ ဂန္ဓောနာမ၊ အနံ့မည် သည်ကား။ ကုဓော၊ အဘယ်မှာ။ ဘဝိဿတိ၊ ဖြစ်လတံ့နည်း။ ယောသီလ ဂန္ဓော၊ အကြင်သီလဟူသော အနံ့သည်။ အနုဝါတေစ၊ လေကြေအရပ်သို့ ၎င်း။ ပတိဝါတေစ၊ လေညာအရပ်သို့၎င်း။ သမ်၊ အညီအမျှ။ ဝါယတိ၊ လိုင်၏။ သီလသမ်၊ သီလနှင့်တူသော။ အညံ၊ တပါးသော။ သဂ္ဂါရောဟန

သောပါဏ်၊ နတ်ပြည်သို့ တက်အုံ့သော စောင်းတန်း လှေကားမည်သည်။ နတ္ထိ၊မရှိ။ နိဗ္ဗာန နဂရသီ၊ နိဗ္ဗာန်တည်းဟူသော ပြည်ကြီးသို့။ ပဝေသနေ၊ ဝင်ခြင်းဌ။ သီလသမံ၊သီလနှင့်တူသော။ အည့်၊ တပါးသော။ ဒုါရံ၀ါပန၊ တံခါးမည်သည်။ နတ္ထိ၊မရှိ။ မုတ္တာမဏိ၀ိဘူသိတာ၊ ပုလဲ ပတ္တမြား တန်ဆာ ဆင်ကုန်သော။ ရာဇာနော၊ မင်းတို့သည်။ သောဘန္တေ ဣဝ၊ တင့်တယ်ကုန် သကဲ့သို့။ သီလဘူသနဝိဘူသိတာ၊ သီလဟူသော တန်ဆာဖြင့် တန်ဆာဆင် ကုန်သော။ ယတိနော၊ ရဟန်းတို့သည်။ တထာ၊ ထို့အတူ။ သောဘန္တိ၊ တင့်တယ်ကုန်၏။ သီလံ၊ သီလသည်။ သတ္တာနုဝါဒါဒိဘယံ၊ မိမိကိုယ်ကို စွပ်စွဲခြင်း အစရှိသောဘေးကို။ သဗ္ဗသော၊ ခပ်သိမ်းသော အခြင်းအရာ အားဖြင့်။ ဝိဒ္ဓံသယတိ၊ ဖျက်ဆီးတပ်၏။ သီလံ၊သည်။ သီလ၀တံ၊ သီလ ရှိသောပုဂ္ဂိုလ်တို့၏။ ကိတ္တိဟာသဉ္စ၊ ကျော်စောဝမ်းမြောက်ခြင်းကိုလည်း။ သဒါ၊ အခါခပ်သိမ်း။ ဇနေတိ၊ ဖြစ်၏။ ဂုဏာနံ၊ ဂုဏ်ကျေးဇူးတို့၏။ မလဘူတယာ၊ အညစ်အကြေး ဖြစ်ခြင်းကိုဌင်း။ ဒေါသာနံ၊ အမျက်ဒေါသ တို့၏။ ဗလဒေါသိနော၊ အားကိုဖျက်ဆီးခြင်းကိုဌင်း။ ဣတိ၊ ဤသို့။ သီလဿ၊၏။ အာနိသံသကထာမုခံ၊ အကျိုးစကား အမြွက်မျှကို။ ဝိညေယ္ယံ၊ သိအပ်၏။

ဤသို့လျှင် အကျိုးမျှားလှသော ဒါန,သီလဌင်းနှစ်ပါးကို သံသရာဘေး ကြောက်သော မိမိကိုယ်ကို ချစ်မြတ်နိုးသော ရဟန်း,ရှင်,လူ တို့သည်၊ ရခဲ့ စ္ဓာသော ဒုလ္လဘကို ပညာမျက်စိဖြင့်ရှု၍ လုလ္လနှင့်တကွ အားထုတ်ရာ၏။ ဒုလ္လဘလေးပါး ဟူသော်ကား လူ၏အဖြစ်ကို အလွန်ရခဲ၏၊ ဘုရားဖြစ်တော် မူသော ကာလကိုလည်း အလွန်ရခဲလှပေ၏၊ နဝမခဏနှင့် ပြည့်စုံခြင်းကို လည်း အလွန်ရခဲပေ၏၊ သူတော်ကောင်းတို့၏ တရားကိုလည်း အလွန်ရခဲ၏။ ထို့ကြောင့် ရှေးဆရာကြီးတို့သည်-

> မနုဿတ္တံ ဒုလ္လဘံ၊ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော။
> ဒုလ္လဘာ ခဏသမ္ပတ္တိ၊ ဧမ္မသ၀နံ ဒုလ္လဘံ။ ။

ဟူ၍ မိန့်ဆိုကုန်၏။ မနုဿတ္တံ၊ လူ၏အဖြစ်သို့။ ဒုလ္လဘံ၊ ရခဲ၏။ ဗုဒ္ဓုပ္ပါ ဒေါ၊ ဘုရားဖြစ်သောကာလကို။ ဒုလ္လဘော၊ ရခဲ၏။ ခဏသမ္ပတ္တိ၊ နဝမ ခဏနှင့်ပြည့်စုံခြင်းကို။ ဒုလ္လဘာ၊ ရခဲ၏။ ဧမ္မသ၀နံ၊ သူတော်ကောင်းတို့

ဝေးကို နာရခြင်းသည်။ ဒုလ္လဘံ၊ရခဲ၏။ ဤသို့ကျမ်းဂန်လာရကား၊လူ၏ အဖြစ်ကို ရခဲ၏။ ရခဲသည်ကို အဘယ်သို့ သိရသနည်းဟူမူကား၊ အကြင်နိုင်ငံ ဗြဟ္မာ့ပြည်နှင့် ငါတို့လူပြည်သည် အလွန်ဝေးလှစွာ၏။ အထူ တယူဇနာ, အလျားအနံလည်း တယူဇနာရှိသော ကျောက်ဖျာကို ထို ဗြဟ္မာ့ပြည်က ချလိုက်သည်ရှိသော် လေးနှစ်နှင့် လေးလလေးရက်မှမြေသို့ ကျ၏၊ထိုသို့ ဝေးလှစွာသော အရပ်ကသည် တစင်းသောအပ်ကို မြေကစိုက်ထား၍ တစင်းသော အပ်ကို အထက် ဗြဟ္မာ့ပြည်က ချလိုက်သည်ရှိသော် ထို အပ်သွားနှစ်စင်းသည်ကား တိုက်ရိုက်မလွဲ ထိခိုက်ရာ၏။ ထိုထက် လူ၏အဖြစ်ကို ရခဲသည်ဟု ကျမ်းဂန်၌ လာ၏။ ထို့ကြောင့် လူအဖြစ်ကို ရသည်ကား- အဟုတ်အဟတ်သော ကုသိုလ်ကံကြောင့် ရသတည်း။ ရခဲလှစွာသော လူ၏ အဖြစ်ကို ရတုံပါသော်လည်း၊ ဘုရားပွင့်တော်မူသောကာလနှင့် ကြုံကြိုက်ဘို့ ရာလည်း အလွန်ခက်ခဲလှ၏။ အဘယ်သို့ သိအပ်သနည်းဟူမူကား၊ သုံးနှစ်တိုင်အောင် ထွန်လေပြီးသော နွားထွန်ထမ်းပိုးတို့ကို ထက်ခြမ်းခွဲ၍တခြမ်းစီ ထားပြီးလျှင် ထိုနွား, ထွန်းတုံး, ထွန်တန်,ထမ်းပိုးကြီး, ထမ်းပိုးကြိုး တို့ကို လည်း တခြားစီဝှက်၍ ထားအံ့၊ မိုးယံးကြီး သည်းထန်စွာရွာ၍ ထို နွား,ထမ်းပိုး,ထွန်တုံး,ထွန်တန်,ထမ်းပိုးကြီး,ထမ်းပိုးကြိုး တို့သည် ဂဂ်ါမြစ်သို့ မျောသဖြင့် ဂဂ်ါမြစ်ကသည် သမုဒ္ဒရာသို့ ဆင်းလေ၏၊ ထိုသမုဒ္ဒရာ၌ရေ၏အဟုန်ဖြင့် ယခင် ဝှက်ထားအပ်သော ထမ်းပိုးခြမ်းခွဲ ထမ်းပိုးကြီးကြိုး စသည်တို့သည် လူစုပ်သကဲ့သို့ တပ်မိရာ၏။ အနှစ်တရာမှ တခါ တခါသာပေါ်လာသော စူဠဇာတိရှိသောလိပ်၏ လည်ကိုသော်လည်း ကျောက်ဝင်းမီဘွယ်ရာရှိ၏။ ထို့ထက် သာသနာတော်တွင်း၌ ကြုံကြိုက်ဘို့ အလွန်ရခဲလှစွာ၏- ဟု မြတ်စွာဘုရားသည် ဟောတော်မူပေ၏။ ရခဲလှစွာသော မြတ်စွာဘုရား သာသနာတော်၌ နဝမခဏနှင့်ပြည့်စုံခြင်းသည် အလွန်ရခဲသည်၊ ရခဲသည် အဖြစ်ကို အဘယ်သို့ ဘုရားဟောတော်မူသနည်း ဟူမူကား -

ပစ္ဆိမ္ဘဝေ အရူပိနော၊ ဝိတလိဂ်ါ အသညာ ဘဝေ။
မိစ္ဆာဒိဋ္ဌိ တိရစ္ဆာနော၊ ပေတော နေရယိကောပိစ။
ဣမေ အဋ္ဌလက္ခဏာဝုတ္တာ၊ ဗုဒ္ဓေနာ. ဒိစ္စပဒ္ဓုနာ။ ။

ဟူ၍ ဟောတော်မူ၏။ ပစ္ဆိမ္ဘဝေ၊ မဇ္ဈိမဒေသမှတပါး သောပစ္ဆိမဘုရင် အရပ်၌ ဖြစ်သော်ရင်း။အရူပိနော၊နာမ်သာရှိ၍ ရူပ်မရှိသောအရူပလောကသုံး၌

ဖြစ်သော်၎င်း။ ဝိတ္တလင်္ကာ၊ မိခင်ဝမ်းတွင်းက ကာဏ်းသော, နားပင်းသော, အ သော, ရူးသော, ချည့်ခသောသူ၎င်း။ အသည်ကော၊ ရုပ်သာရှိ၍ နာမ်မရှိသော အသည်သတ်ဘုံ၌ဖြစ်သော်၎င်း။ မိန္ဒာဘ်ဌ ၊အယူမှားသော သူ ဖြစ်သော်၎င်း။ တိရစ္ဆာန်နာ၊ တိရစ္ဆာန်ဘုံ၌ဖြစ်သော်၎င်း။ ပေတာ၊ ပြိတ္တာဘုံ၌ ဖြစ်သော်၎င်း။ နေရယိကာ်ဘ၊ ငရဲကြီးရှစ်ထပ်၌ဖြစ်သော်၎င်း။ ဤမေ၊ ဤအရပ်တို့ကို။ အဌလကွဏာ၊ အဌလက္ခဏာ ဟူ၍။ အာဒီစ္စဗန္ဓုနာ၊ နေမင်း၏ အဆွေဖြစ်တော်မူသော။ ဗုဒ္ဓေန၊မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောခဲတော်မူအပ်၏။ ဤ ရှစ်ပါးသော အရပ်တို့သည်သာ မဂ်ဖိုလ် နိဗ္ဗာန် ရအံ့သော အရပ် မဟုတ်သောကြောင့် "အရပ်ပြစ်ရှစ်ပါး" မည်ကုန်၏။ မဟာကုသိုလ်စိတ်ရှစ်ခုမျှသာရကောင်းသောကြောင့် အဌလက္ခဏာမည်၏။

ထိုရှစ်ပါးသောအရပ်တို့၌ ဖြစ်လေသော သူတို့သည် သာသနာတော် အတွင်း ဘုရားဖြစ်သောကာလနှင့် ကြုံကြိုက်ပါသော်လည်း စျာန်မဂ်ဖိုလ် ရအံ့သောအကြောင်းကို ပိတ်ပင်တတ်သောကြောင့် နဝမခဏနှင့် ပြည့်စုံ သည် မမည်။ ထိုလေးပါးသော ဒုလ္လဘဘ၌သော်လည်း သူတော်ကောင်းတို့ တရားကို နာရ,ကြားရမည် အလွန်ရခဲ၏။ သာသနာတော် တွင်း၌လည်း ဖြစ်စေ၊ သောတာပန်နှင့်လည်းပြည့်စုံစေ၊ သဒ္ဓါခြင်းနှင့်လည်း ပြည့်စုံစေ၊ မြတ်စွာဘုရားကိုသော်၎င်း၊ တပည့်သား သံဃာ တို့ကိုရင်း ဖူးတွေ့ရစေ ယင်းသို့သော အကြောင်းတို့နှင့် ပြည့်စုံမှ တရားဟောခဲ့ကို နာကြားရသည်။ သာသနာပအခါနှင့် တွေ့ကြုံနေပါလျှင် တပုဒ်,တဂါထာမျှ နာရ ကြားရ ဘို့ရာ အလွန်ရခဲ၏။ ဘုရား,တရား,သံဃာ ဟူသော နာမပညတ်ကိုမျှသော်လည်း ကြားရဘို့ရာ အလွန်ရခဲလှ၏။ ဤအရာ၌ ငါတို့ မြတ်စွာဘုရား အဓလေ့ငင်းတော် ဖြစ်သော ဓမ္မသုန္ဒရမင်းကို မှီ၍ သိကုန်၏။

သီလအကျိုး ပြီး၏။

ဓမ္မသုန္ဒရမင်းကြီးအကြောင်း

ငါတို့ဘုရားအဓလေ့ငင်းတော် ဓမ္မသုန္ဒရမင်းသည် ကဿပမြတ်စွာဘုရား လွန်တော်မူသော သာသနာတော်၏ အဆုံး၌ မင်းဖြစ်ခဲ့ပါ၏။ ကဿပ ဘုရားပွင့်တော်မူ၍ ပရိနိဗ္ဗာန်ဝင်တော်မူလေပြီ ဟူသော စကားကိုမျှသာ ကြားတော်မူရ၏။ ၎င်း ကဿပဘုရား ဟောတော်မူသော တရားတပုဒ်,

တဂါထာမျှကို ဟောပြောတတ်ခဲသောသူ မရှိ။ တနေ့သဒ္ဓ မင်းကြီးသည် ဘုရား တရားတော်ကို နာချင်လှ၍ တရားတော်ကို ဟောတတ်သော တစုံ တယောက်သောသူသည် ရှိလေတန်၏ဟု အသပြာသောထောင်ထုပ်ကို ဆင်ထက်ခွတင်၍ ကဿပဘုရား ဟောတော်မူသော တရားကို ဟောဘတ်သော သူရှိသော် ငါ့အား ဟောပါကုန်၊ ဤအသပြာ တသောင်းကို ယူပါကုန်ဟူ၍ မောင်းကြေးနင်းခတ်၍ လည်စေကုန်၏။ တတ်သောသူ မရှိသော ကြောင့် တယောက်သောသူမျှ 'ငါ ဟောတတ်၏၊ ငါ ဟောမည်ဟူ၍' ထိုဥစ္စာတသောင်းထုပ်ကို ယူမည့်သူထွက်ပေါ်မလာသောကြောင့်၊ နန်းတော် သို့သာ ပြန်လာပြန်၏။ ပြန်လာလျှင် မင်းကြီးလည်း လက်မလျှော့ဘဲ ဤသို့ကြေငြာပြန်၏။ ရတနာသုံးပါးသည် အဘိုးအနုဂ္ဃတန်သည် ဖြစ်သော ကြောင့် နည်းမသေး၍ မရရှိသည်ဟု တသောင်းထပ်၍ ပေးပြီးလျှင် ယခင် နည်း လှည့်လည်စေပြန်၏။ မရပြန်လျှင် ခုနစ်ရက်တိုင်အောင် အသပြာ တသောင်းကို တိုး၍-တိုး၍ ပေးပြီးလျှင် အသပြာတသောင်းတို့ဖြင့်၊ ပေး၍ ရှာစေသော်လည်း ဟောမပြောနိုင်သူ မတွေ့သဖြင့်၊ မင်းကြီးလည်း သြော်- ငါ၏မင်းအဖြစ်သည် အစွယ်မရှိသော ဆင်နှင့်တူ၏။ အနှစ်မရှိသောလက်ပံ ပင်နှင့်တူ၏။ ဘုရားဟောတော်မူသော ဂါထာတပုဒ်ကိုမျှ မကြားမနာရ သဖြင့် မင်းစည်းစိမ်ကို ခံစားရခြင်းသည် အဘယ်အကျိုး ရှိမည်နည်းဟု မှူးမတ်တို့ကိုခေါ်၍၊ အမတ်ကြီးတို့ သင် အမတ်ဘို့သည် ငါမျှသက်သို့ ပြည်မှုရွာမှုတို့ကို စိုရင်ရစ်ကြရမည်။ ငါမူကား ကဿပဘုရား ဟောတော်မူ သော တရားတော်ကို ဟောတတ်သောသူကို ရှာဦးမည်။ တရားတော်ကို မနာရဘဲဖြင့် ငါ မပြုနိုင်ဟု မှူးမတ်တို့အား ပြည်ကိုအပ်နှင်းခဲ့၏။ ကိုယ် တော်တည်းသာ နန်းတော်မှ ဆင်းသက်၍ သွားတော်မူလေ၏။

ဘုရားလောင်း၏ တန်ခိုးအားဖြင့် အလျားယူဇနာ မခြောက်ဆယ်၊ အနုံ ယူဇနာငါးဆယ်၊ အစောက် ယူဇနာ ရှစ်ဆယ့် ငါးယူဇနာရှိသော လယ် ခေါင်ရမ်းပန်းအဆင်းနှင့်တူသော ဗုဒ္ဓမ်းကဲ့သို့ အသွင်နှင့် နှုးညံ့စွာသော သံကြားနေရာ ကမ္မလာ ကျောက်ဖျာတည်၊ ခက်ထခြောသော အပေါ်ဖြင့် အခြင်းအရာကိုပြပေ၏။ အဘယ့်ကြောင့် ထိုကျောက်ဖျာသည် သိသနည်း ဟူမူကား၊ သံကြားမင်းသည် ကျောက်ဖျာစောင့်သော နတ်သားကို၊ ဟယ် နတ်သား ငါသည် အများကိစ္စကို စီရင်သောကြောင့် အခါခပ်သိမ်း သတိ

ပြု၍ မကြည့်ရှုနိုင်ဖြစ်သည်။ လူ့ပြည်ဝယ် ဘုရား အလောင်းတော် တို့အား တစ်ုတခုသောအကြောင်းကြောင့်ကြောင့်ကြဗျာပါရရှိသေးသော် ငါ့အား ပြောလေးဟု မှာထား မိန့်တော်မူသောကြောင့်၊ ထိုနတ်သား၏ အစွမ်းဖြင့် သိနိုင်၏။ နတ်သားလည်း တပါးသောကိစ္စမရှိပြီ၊ ငါတို့ ဘုရားအလောင်း တော် မင်းကြီးသည် တရားတော်ကို နာချင်လှသော ဆန္ဒတော်ဖြင့် မင်း၏ စည်းစိမ်ကိုစွန့်၍ နန်းတော်မှ ဆင်းသက်တော်မူပြီးလျှင် တောတွင်းသို့ ဝင် သည်ကိုမြင်၍၊ သိကြားမင်းကို သိစေလိုသောငှါ၊ သိကြားမင်း ထိုင်သော ကျောက်ဖျာကို တင်းမာ အောင် ဘန်ဆင်းပေ၏။ သိကြား မင်း လည်း ကျောက်ဖျာတင်းမာလျှင် အကြောင်းကား အဘယ်သို့နည်း။ ငါတည်း- သိကြားအဖြစ်မှ ရှေ့လိုသလော။ ယင်းသို့မဟုတ်မူကား၊ လူ့ပြည်၌အလောင်း တော်တို့ဝယ် ကြောင့်ကြဗျာပါရ ရှိသလောဟု မိမိအာယုသင်္ခါရကို ကြည့် လတ်သော် မကုန်သေးသော အဖြစ်ကိုမြင်၍၊ လူ့ပြည်သို့ ကြည့်လတ်သော် ဘုရားအလောင်းတော် ဓမ္မသုန္ဒရမင်းသည် ကဿပဘုရားဟောတော်မူသော တရားတော်ကိုနာချင်လှ၍ တိုင်းပြည်ထီးနန်းကိုစွန့်လွှတ်ပြီးလျှင် တဖယောက် ထည်းထည်းဖြင့် တောအရပ်သို့ ဝင်လေသည်ကို မြင်လေ၍ သိကြားမင်း သည် ငါ့မနေကောင်းချေ၊သွားမည်ဟုအကြံပြု၍ လူ့ပြည်သို့ သက်ဆင်းလာပြီးလျှင်၊ ထိုမင်း၏အလိုကို စမ်းအံ့ဟု သိကြားမင်း၏အသွင် ကိုစွန့်၍ ငတ်လှစ္ဆသော ဘီလူး၏ အသွင်ကိုယူ၍ မင်းသွားသောခရီး၌ ရင် ဆိုင်ကြို၍ မင်းကြီးရှေက ရပ်နှင့်၏။ မင်းအပါးသို့ ရောက်လျှင် အရှင်မင်း ကြီးကား အခြေအရံမပါဘဲ တယောက်ထည်းထည်း အဘယ်အရပ်သို့ သွား မည်နည်းဟု မေး၏။ မင်းကြီးလည်း ဘီလူး ငါသည် လူ့ပြည်ဝယ် ကဿပ ဘုရား ဟောတော်မူလတ်သော တရားတော်ကို ဟောတတ်သူကို အသပြာ တထောင်ထုပ်နှင့် ခုနစ်ရက်တိုင်အောင် ရှာ၍မရသောကြောင့်၊ တရားဟော တတ်သူကို ရလို-တွေ့လိုသည်ဖြစ်၍ အရှာသွားမည်ဟု ဆိုပေ၏။

ထိုအခါ ဘီလူးက မင်းကြီး-ငါကားစိုးစဉ်းမျှဟောတတ်၏ဟု ဆိုပေ၏။ ဟောတတ်သော် ငါ့အားသင် ဟောပါလောဟုတောင်းပန်၏။ ဘီလူးကား၊ မင်းကြီး ငါသည် ယခုတော်မှတ်သည် ဖြစ်သောကြောင့် မဟာနိုင်သေး၊ မင်း ကြီး၏အသားကို စားပါရစေဦးဟု ဆိုပေ၏။ မင်းကြီးလည်း ငါ့အသား ကို အလျင်စားဘိသော်၊ အဘယ်သို့တရားနာရပါအံ့နည်း၊ တရားတော်ကို

သာလျှင် ဟောပါဦး၊ ဟောရှုပြီးလျှင် ငါ၏အသားကို စားလောဟု ဆို၏။ ဘီလူးကလည်း သင်၏အသားကို မစားရဘဲနှင့် ငါတရားမဟောနိုင်ဟု ဆိုပြန်၏။ ထိုအခါ မင်းကြီးကား၊ ယင်းသို့သော်လျှင် ငါလည်းတရားနာရအောင် ငါ့အသားကိုလည်း သင်စားရအောင် အခြောင်းတခုကိုသာ ကြံလောဟု ဆို၏။ ဘီးလူးလည်း ကောင်းပြီဟု မင်းကိုစုံစမ်းအုံ့ဟု မိမိဘန်ခိုးအားဖြင့် အသူတရာမျှလောက် အစောက်ရှိသော ကမ်းပါးကို အဆင်းထည့်၍ မင်းကြီးမူကား သည်အထက်ကို တက်လော။ ငါမူကား ခံတွင်းဖြင့် အောက်ကခံ၍တရားဟောပေအုံ့။သင်ကား ငါ၏ခံတွင်းသို့ခုန်ဆင်းရမည်ဟု ဆိုပေ၏။ ဘုရားအလောင်းလည်း ကောင်းပြီဟု အသက်ကို မငဲ့ကွက်ဘဲ တရားကိုသာ နှလုံသော ဆန္ဒအား ကြီးစတော်မူလျှ၍၊ ထိုကမ်းပါးထက်သို့ တက်လေ၍ ဟောပါလောဟု ဆိုပြီးလျှင် ဆင်းလေ၏။ ထိုအခါ သိကြားမင်း၏ တန်ခိုးအားဖြင့် မနာကြင်ဘဲ၊ ဝါဂွမ်းလွင့်သကဲ့သို့ အသာလွင့်၍ကျလာ၏။ သိကြားမင်းလည်း တရားမဟောဘဲ တိတ်တိတ်ပင် လက်ခါးဖြန့်၍ ခံလင့်၏။ ဘုရားအလောင်းကို လက်ဖြင့်အသာပိုက်၍ နတ်ပြည်သို့ပင် တက်လေ၏။ နတ်ပြည်သို့ရောက်မှ ဘီလူးမဟုတ် သိကြားမင်းမှန်း သိနိုင်တော်မူ၏။

ဤအရာတွင် ငါတို့ဘုရားလောင်းသည်လူ၏အဖြစ်ဖြင့် နတ်ပြည်သို့ရောက်လေသည်ကား သုံးကြိမ်ရောက်၏။ သုံးကြိမ်ဟူသော်ကား (နေမိမင်း ဖြစ်သောအခါလည်း ကိုယ်တိုင်ရောက်၏။ မန္ဒာတ်မင်း ဖြစ်ခဲ့သောအခါလည်း ရောက်၏။ တာဝတိံသာ နတ်ပြည်ကိုလည်း ထက်ဝက်ပိုင်လေ၏။ သိကြားမင်း သုံးကျိပ် သုံးယောက်တို့ထက်အသက်လွန်၍ နေရ၏။ သေမင်းခေါ်ခါ လူ့ပြည်သို့ ကျလာပြန်၏။ ထိုမင်းသည် ဥယျာဉ်ဌပင် အနီးစွေရောက်၏။ ဓမ္မသုန္ဒရမင်းအဖြစ်ဌလည်း ရောက်၏။) ဘုရားအလောင်းကား နတ်ပြည်သို့ရောက်၍ သိကြားမင်းမှန်း သိပြီးလျှင် သိကြားမင်းအား ကဿပဘုရားဟော တော်မူသော တရားတော်ကို ဟောပါလောဟု တောင်းပန်၏။ သိကြားမင်းလည်း ကောင်းပြီဟု ဝန်ခံ၍ တရားဟောပလွင်ထက်ဌ ထက်ဝယ်ဖွဲ့ခဲ့၍ တရားဟော ယပ်ကိုကိုင်လျက်၊ မင်းကြီး ကဿပဘုရားဟော တော်မူသော တရားတော်ကို စိုးစဉ်းမျှမှတ်မိ ချေသည်ဟူ၍ အောက်ပါ ဂါထာကို ဟောပေ၏။

အနိစ္စာ ဝတ သခ်ၢရာ၊ ဥပ္ပါဒဝယ ေမ့ၿိဒနာ။
ဥပ္ပဇ္ဇိတ္ဝါ နိရုဇ္ဈန္ဒိ၊ ေတသံ ဝူပသေမာ သုခေါ။ ။

မဟာရာဇ၊ မြတ်သောမင်းကြီး။ သခ်ၢရာ၊ ပြုပြင်အပ်သော အကျိုးတရား တို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဝတ၊ စင်စစ်ကား။ ဥပ္ပါဒဝယခမ့ၿိနော၊ ဖြစ်တတ်, ယျက်တတ်သော သဘောရှိကုန်၏။ ဥပဇ္ဇိတ္ဝာ၊ ဖြစ်ဦး၍။ နိရုဇ္ဈန္ဒိ၊ ချုပ်တတ်ကုန်၏။ ေတသံ၊ ထိုသခ်ၢရတရား တို့၏။ ဝူပသေမာ၊ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည်။ သုခေါ၊ ချမ်းသာရာ၏။ မင်းကြီး ဤ တရားတော်၏ အဓိပ္ပါယ်ကား၊ ကာမဘုံ, ရူပဘုံ, အရူပဘုံတည်းဟူသော အကျဉ်းအားဖြင့် သုံးဘုံ၊ အကျယ်အားဖြင့် သုံးဆယ်တဘုံ၌ ကျင်လည်ကုန်သော သတ္တဝါတို့အား ဒုက္ခမှကပါး သုခမည်သည်မရှိ၊ အဘယ်သို့ မရှိသနည်းဟူမူကား-

ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော။
မရဏံပိ ဒုက္ခံ အပ္ပိယေဟိ၊ သမ္ပယောေဂါ ဒုက္ခော။ ။

ပိယေဟိ ဝိပ္ပယောေဂါ ဒုက္ခော၊ ယမ္ပိစ္ဆံ နလဘတိ။
တံပိ ဒုက္ခံ ပဉ္စုပါဒါ နက္ခန္ဓာပိ ဒုက္ခာ။ ။

ဇာတိပိ၊ အမိဘမ်ားဌ အဘန်တလဲလဲ ပဋိသန္ဓေ နေရခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲ၏။ ဇရာပိ၊ အိုရခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲ၏။ ဗျာဓိပိ၊ နာရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။ မရဏံပိ၊ သေရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။ အပ္ပိယေဟိ၊ မခြစ်မနှစ်လိုသော သူတို့နှင့်။ သမ္ပယောေဂါ၊ အတူတကွပေါင်းဆောက်နေရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။ ပိယေဟိ၊ ခြစ်လိုသောသူတို့နှင့်။ ဝိပ္ပယောေဂါ၊ ကွေကွင်းရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။ ယံပိစ္ဆံ၊ အကြင်အလိုကို။ နလဘတိ၊ မရ။ တံပိ၊ ထိုသို့အလိုကို မရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။ ပဉ္စုပါဒါ နက္ခန္ဓာပိ၊ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့သည်လည်း။ ဒုက္ခာ၊ ဆင်းရဲကုန်၏။

မင်းကြီး-ဤသို့ ဆင်းရဲခြင်း ငြိမ်းရာသည်ကား၊ နိဗ္ဗာန်သာတည်းဟု ကဿပမြတ်စွာဘုရား ဟော်ကော်မူသောတရားတော်ကို ဤမျှသာ ငါကြား လိုက်ရပါသတည်းဟု ဟောပေ၏။ သိကြားမင်းလည်း မင်းပြုပြန်ပါဦး

လောဟ ကောင်းပန်၏ နတ်တို့၏ ပန်းနှံသာတို့ဖြင့် ပူဇော်ပြီးလျှင် ပြည်သို့ပြန်ခေ၏။ ဘုရားလောင်းကား လူတို့၏ နေ့ရက်ဖြင့် ၇ ရက်ကြာတော်မူလေ၏။ မင်းကြီးလည်း ကရားနင့်သီစွာမင်းပြု၏ အသက်အတိုင်းနေပြီးလျှင် ခန္ဓာပြောင်းခဲ့သော် နတ်ပြည်၌ဖြစ်တော်၏။ ဤသို့ ငါတို့ဘုရားလောင်း ဓမ္မသုနရမင်းလည်း အသက်ကိုဝန်မှ ကရားတော်ကို နာကြားရသည်ကို နှလုံးပိုက်၍ အကြင်ဒါယကာတို့သည် ကရားတော်ကို ရိုမလေးမြတ်စွာနာရာ၏။ ဤသို့လျှင် မင်းကြီးသည်း တရားတော်ကို နာရပြီးသော် ဒုလ္လဘတရားလေးပါးကို နှလုံးသွင်း၍၊ သံသရာဘေးကို ကြောက်သော ရဟန်း,ရှင် လူတို့သည် မကောင်းမှုကိုပယ်၍ ကောင်းမှုကိုသာ အားထုတ်ကုန်ရာ၏။ ရဟန်းတို့သည်လည်း ပရိယတ္တိ,ပဋိပတ္တိ နှစ်ပါးကို အားထုတ်ကုန်ရာ၏။ ဝတ်ကြီးဝတ်ငယ်ကို ဖြည့်ကျင့်ကုန်ရာ၏။ ဒုက္ခ၏ ဘေးပယ်ကို ဆေးကြောကုန်ရာ၏။

ဓမ္မသုနရမင်းကြီးအကြောင်း ပြီး၏။

နဝဂ်သီလခံယူဆောက်တည်နည်း

စကြာဝဠာတောင်ကြီးတို့သည်၊ စကြာရတနာဆောက်ကြောင်း တောင်းမှန်စွာ ဖေါ်ပြ၍ရှေ့ပါအပ်သော နဝဂ်ဥပေါသထသီလ၏ ပေးနည်း-ခံယူနည်းများကို၊ နုပနိသဒ်အာဂုံတို့၏ ပါဠိတော်၌လာသည်အတိုင်းရေးသားပြဆိုပေ အုံ့။

နဝဂ်ဥပေါသထသီလကို ခံယူ ဆောက်တည် လိုသော သူတို့သည် ရှေးဦးစွာ

ဗုဒ္ဓံ ဘဂဝန္တံ ဝိသေသရတေန သဟ၊ နဝဂ်သမ္ပန္နာဂတံ ဥပေါသထသီလံ ခမ္မံ သောတုမိ၊အနုဂ္ဂဟံ ကတ္တာ သီလံ ဒေထ မေ ဘဝန္တု။ ။
(ဒုတိယမျိုး၊ တတိယမျိုး ဆက်ဆို။)

နမောတဿ နှင့် သရဏဂုံ သုံးကြိမ်စီ ဆိုရမည်။ ထို့နောက်မှ--

(၄) ပါဏာတိပါတာ ဝေရမဏီ။
(၂) အဒိန္နာဒါနာ ဝေရမဏီ။

(၃) အပြိုဟ္ဗူစရိယာ ဝေဂရမဏိ။
(၄) မုသာဝါဒါ ဝေဂရမဏိ။
(၅) သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေဂရမဏိ။
(၆) ဝိကာလဘောဇနာ ဝေဂရမဏိ။
(၇) နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေဂရမဏိ။
(၈) ဥစ္စာသယန မဟာသယနာ ဝေဂရမဏိ။
(၉) မေတ္တာသဟဂတေန စေတသာ ပါဏာတိပါတေသု ဖရိတ္ဝာ ဝိဟရဏံ သမာဒိယာမိ၊

တိသရဏေန သဟ နဝင်္ဂ သမ္မန္နာဂတံ ဥပေါသထ သီလံ သာဓုကံ ကတ္ဝာ အပ္ပမာဒေန သမ္မာဒေထ။ ။

အနက်ကား။ ။ဘဒန္တေ၊ အရှင်ဘုရား။အဟံ၊ အကျွန်ုပ်သည်။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ နဝင်္ဂ သမ္မန္နာဂတံ၊ အင်္ဂါကိုးပါးနှင့် ပြည့်စုံသော။ ဥပေါသထသီလံ၊ ဥပုသ်, သီလ မည်သော။ ဓမ္မံ၊ အကျင့်မြတ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။ ဘဒန္တေ၊ အရှင်ဘုရား။ မေ၊ အကျွန်ုပ်အား။ အနုဂ္ဂဟံ၊ အစဉ်ချီးမြှောက် ထောက်ပံ့သည်ကို။ ကတ္ဝာ၊ ပြုတော်မူ၍။ သီလံ၊ နဝင်္ဂ ဥပေါသထ သီလကို။ ဒေထ၊ ပေးတော်မူပါ အရှင်ဘုရား။ ။(ဒုတိယမျိုး၊တတိယမျိုးနမောတဿ၊ သရဏဂုံ သီလ ခံရိုး အနက်တို့ကား၊ လွယ်ပြီးဖြစ်၍ အထူးကိုယာ ရေးတော့အုံ)။ ။မေတ္တာသဟဂတေန၊ မေတ္တာနှင့်တကွဖြစ်သော။ စေတသာ၊ စိတ်ဖြင့်။ ပါဏာတိပါတေသု၊ ပါဏဟုဆိုအပ်သော ဇီဝိတိန္ဒြေရှိသော သတ္တဝါတို့၌။ ဖရိတ္ဝာ၊ ပြန့်နှံ့၍။ ဝိဟရဏံ၊ နေခြင်းကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။ ။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ နဝင်္ဂသမ္မန္နာဂတံ၊ အင်္ဂါကိုးပါးနှင့် ပြည့်စုံသော။ ဥပေါသထ သီလံ၊ ဥပုသ်သီလကို။ သာဓုကံ၊ ကောင်းစွာ။ ကတ္ဝာ၊ ခံယူဆောက်တည်ခြင်းကို ပြု၍။ အပ္ပမာဒေန၊ မမေ့မလျော့ခြင်းနှင့်တကွ။ သမ္မာဒေထ၊ ပြည့်စုံကြစေကုန်လော။ ဤကား–နဝင်္ဂဥပေါသထသီလကို ပြဆိုသော အခန်းတည်း။

‘နိုဂုံး’

ပစ္စုပ္ပန် စီးပွားဖြစ်စိမ့်သောဌာ၊ အပါဒါန်ကျမ်းဌ်လာသော အလ္လ၏ အကျိုးသည် ပါဠိသာရှိ၍ အနက် မရှိသောကြောင့်၊ ခပ်သိမ်းသော သူတို့ မသိနိုင်ဖြစ်နေပါ၍၊ သိသာလွယ်အောင် ဥာဏ်သတ္တိ ရှိသည့်အလျောက် ဝဏ္ဏသွားနှင့်တကွ ဂါထာတို့၏ အနက်ကို ကြံဆ၍၊ ထည့်စွက်အပ်သော အရာရာတို့ဌ် ယုတ္တိနှင့်သင့်အောင် ထည့်သွင်း၍ စက္ကိန္ဒာဘိ အမည်ရှိသော ညောင်ကန်ဆရာတော်ဘုရားကြီး သည်၊ ရေးသားပြုပြင် စီရင်အပ်သော “ဒါနဖလုပ္ပတ္တိကျမ်း” ကား၊ ဤတွင်ပြီးဆုံး နိဂုံးကမ္ဘတ်–မင်ရေးသတ်လိုက်ပါသတည်း။

ဒါနဖလုပ္ပတ္တိကျမ်း ပြီး၏။

ဝံသာနုဦးဖျိုင်စာအုပ်ဆိုင်မှ ရနိုင်သော စာအုပ်များ

- မဟာဗုဒ္ဓဝင်ကျမ်းများ၊
- ပခုက္ကူ ဓမ္မာစရိယကျမ်း၊
- သီလဖလုပ္ပတ္တိကျမ်း ဆရာတော် ဦးဗုဒ္ဓရေး၊
- ဘာဝနာဖလုပ္ပတ္တိကျမ်း၊
- ဂုဏ်တော်ပေါင်းချုပ် ဘုရားရှိခိုး အမျိုးမျိုး၊
- ပရိတ်တော် ၃၉ သုတ်၊
- ဘုရားကိုးဆူ ပူဇော်နည်း စာဘမ်း ဆရာဦးစိန်ဖေ၊
- လောကီမှတ်ပုံ နည်းမျိုးစုံ၊
- သူငယ်နာ ယတြာကုထုံးကျမ်းနှင့် ပဂိုဏ္ဏက ဆေးကျမ်း၊
- ရေစက်ချ ဆုတောင်း အမျိုးမျိုး၊
- နတ်လမ်းညွှန် အဖြေဦးကာ၊
- ငရဲဆိုတာ တကယ်လား၊
- စနစ်သစ် မူလတန်း၊ ငယ်+လတ်+တန်း (ပုဇ္ဆာဖြေစုံ)
  အရှင် တိလောက၊
- မာတိကာ ဓာတုကထာ လက်ဆောင် အရှင်တိလောက၊
- အထက် အောက် ယမက လက်ဆောင်၊ အရှင်တိလောက
- ပဋ္ဌာန်းလက်ဆောင်၊ အရှင်တိလောက

ဈေးနှုန်း မှန်ကန်စွာဖြင့်
နယ်မှအမှာစာများကို
ပို့ပေးဖြင့် တင်ပို့ပါသည်။